www.burmeseclassic.com

ရှုခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြစေဖို့

# ရှုခင်း ရှာဖော်

ရှုခင်းနှင့်ရသစုံမဂ္ဂဇင်း

VOL (E) , N0 ( 27 )

၂၀၁၃ ခုနှစ်၊ မတ်



ရှုခင်း
ရှုခင်း
ရှုခင်း
ရှုခင်း


သရုပ်ဆောင် - မြမြူကျော်သိန်း
ဓာတ်ပုံ - ကိုရဲမြင့်လွင်

www.burmeseclassic.com

www.burmeseclassic.com

# "အဋ္ဌကထာကြေးပိဋကတ်တော်ကို ပြုလုပ်လှူဒါန်းဒါနပြုကြပါစို့"

ဗဟန်းမြို့နယ်၊ ကျောင်းတော်ရာရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း ကြေးပိဋကတ်ဆရာတော် ဘဒ္ဒန္တဉာဏ (သာသနာ့ဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဓမ္မစာဆိုတော်)မှ ဦးဆောင်စီစဉ်၍အဋ္ဌကထာကြေးပိဋကတ်တော်တစ်ဆူပြုလုပ်လှူဒါန်းနိုင်ရန် စတင်ဆောင်ရွက်နေပါပြီ။



"ကျွန်ုပ်တို့သည် လူ့ဘဝရောက်ချိန်တွင် ကောင်းမြတ်သော သာသနာအကျိုးပြု ကုသိုလ်ကောင်းမှုပြုလုပ်သင့်ကြသည်"ဟု ယုံကြည်ကြ၍ သာသနာတော် အဓွန့်ရှည် တည်တံ့ရေအောင် မြတ်စွာဘုရား၏ ပါဠိပိဋကတ်ကျမ်းစာတော်မြတ်တို့ကို ကြေးပိဋကတ်ပြုလုပ်လှူဒါန်းထားကြပြီးဖြစ်ပါသည်။ ယခုတဖန် အဋ္ဌကထာကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းမည်ဖြစ်ပါသောကြောင့် ပါဝင်လှူဒါန်းလိုသော အောက်ပါလိပ်စာအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သိစေအပ်ပါသည်။

အဋ္ဌကထာကြေးပိဋကတ်တော်(၁)ချပ်ကို ၂၆၀၀၀/-)ကျပ်နှုန်းဖြင့်လှူဒါန်းနိုင်ပါသည်။

အဋ္ဌကထာကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရာဌာန

- မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ကြားတောရ ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ **(ရေခဲဆိုင်မှတ်တိုင်ဆင်းပါ)**
- ဖုန်း–၅၄၈၈၀၅၊ ၀၉၅၁–၉၅၂၀၆

ဒေါ်အေးအေးခန့်

www.burmeseclassic.com

www.burmeseclassic.com

# ရှုမဝထောင့်

မှုခင်းနှင့်ရသပုံပြင်များ

VOL(E),NO(27), ၂၀၁၃ ခုနှစ်၊ မတ်လ

## "ကဗျာရှုထောင့်"

- အဖျောက်မြေ-ဝေ ာင်ဆွေမွန် ၈
- ဒွေးကြည်-စလေး ၉
- သားလတ် ၁၀
- မိုးစက်ငယ် ၁၁

## "ကာတွန်းရှုထောင့်"

- ရွှေကိုဦး၊ မြင့်သန်း (မင်္ဂလာဒုံ)၊ စည်သူကျော်

## "ဥပဒေရှုထောင့်"

- မောင်ညာဏ်ရှင် (ဥပဒေ) ၁၅

## "မှုခင်းပဟေဠိရှုထောင့်အမှတ်စဉ် (၆၄)"

- မောင်ငြိမ်းသူ (ကြို့ပင်ကောက်) ၂၁



BURMESE CLASSIC .com

## "မှုခင်းဝတ္ထုတို/ရှည်ရှုထောင့်"

- အောင်မင်း (ယက္ကန်းမြေ)
  (လူမိုက်ကကျွန်တော်) ၃၀
- ခင်ဦး (ပုတီးကုန်း)
  (မရှိတာထက် မသိတာခက်) ၃၆
- ဇေယျရွှေ
  (မောဟာရမ္မက်) ၄၄
- ရှစ်ခွင်ကျော်(ဖောင်တော်သီ)
  (မီးပွားရေးလား စီးပွားရေးလား) ၅
- တွင်းကြီးသားတင်ဝင်းဦး
  (အမှောင်နဲ့အမည်း) ၅
- မောင်မောင်စိန်လင်း (နတ်မောက်)
  (ပိုးချိတ်ပုဆိုးနဲ့ကတ္တီပါဖိနပ်) ၆
- ကြီးမြင့်နိုင် (လှိုင်ကော်)
  (မယားပါသမီး) ၇
- တင်ထွန်း (စက်မှု-၂ ငြိမ်း)
  (နွတ်ကြောင့်သေ) ၈
- သင်းသင်းလှိုင် (တပ်ကုန်း)
  (အပူပေါ်အပူဆင့်) ၈
- မော်ဝန်းအုန်းမြတ်
  (မာယာကွန်ရက်မှရုန်းထွက်ခြင်း) ၉

www.burmeseclassic.com

www.burmeseclassic.com


- မောင်မောင်မြင့် (ဥသာမြို့သစ်)
  (ဘွဲ့ဝတ်စုံနဲ့ အမျိုးသမီးစာတ်ပုံ----) ၁၀၉
- စိုး (မှုဆယ်)
  (ဆားပုလင်းနေမင်းခေါင်နှင့်---) ၁၁၉
- တက္ကသိုလ်ကိုဌေး(ဖြူး) ဝတ္ထုရှည်စ/ဆုံး
  (အချစ်ကြွေး) ၁၃၀

"ရသမှုခင်းဝတ္ထုတို"

- သိန်းဇော် (ရွှေလီဦး)
  (ကျီစယ်စကား၏အများတစ်ချက်) ၁၄၅

"ဆောင်းပါးရှုထောင့်"

- ဆူးသစ်
  (သူစိမ်းတွေပြောတဲ့သူတို့အကြောင်း-၂) ၁၅၁

"နှလုံးသားရှုထောင့်"

- ဟန်နီ (တောင်ကြီး)
  (အဆုံးသတ်အိပ်မက်) ၁၅၇

"ဖြောင့်ချက်နှလုံးသား"

- တာဝန်ခံအယ်ဒီတာရဲ့သုံးသပ်ချက် ၁၆၃

- မိုးစက် (ဥပဒေ)
  (မွေးတဲ့ပန်းနဲ့ဝေးခဲ့ရတဲ့ဆွေးကြမ္မာ) ၁၆၅

"ရုပ်ရှင်ရှုထောင့်"

- ကျော်ဇေယျဟိန်း (ဒေါပုံ)
  (ဝဠ်ကြွေး) ၁၆၉

"စာအုပ်စင်ရှုထောင့်"

- ကိုကြီးထူး ၁၇၂

"ဗေဒင်ရှုထောင့်"

- တက္ကသိုလ်စိုးမိုးနိုင် ၁၇၇


www.burmeseclassic.com

www.burmeseclassic.com



# ချစ်တတ်ကြစေ

အဖျောက်မြေ မောင်ဆွေမွန်

- ဆောင်းသော် ဆေးပုံတီးလို့
မြူညိုတည်းတဲ့ နှင်းညီနောင်။

- ထင်းကျွင်း ပုလွေသံနှင့်
ညည်းချက်မှန် ဝါးလက်ခုပ်က
သုတ်သုဝ်ကွယ် အမီလိုက်တယ်
သိုက်မြိုက်စုံအောင်။

- ဦးရွှေရိုး---နှင့်
ဒေါ်မိုးအကရယ်က
တစ်မျိုးပေါ့ မျိုးဂုဏ်ဆောင်
မိုးတုန်အောင်ကွယ့်---လိုက်ဖက်မနေး။

- အလှ မညှိုးပါ
မြန်မာ့ရိုးရာ အမွေနှစ်မို့
မသွေချစ်ပါ ရာသက်လုံးပဲ့
အရိုးပေါ်မှာ အရွက်မဖုံးရအောင်
ကွယ်တို့ရေ---သုံးကြကွယ့်လေး။ ။



www.burmeseclassic.com

www.burmeseclassic.com



# ရှုပ်သေရေစီး

ဌေးကြည် (စလင်း)



- မြစ်ရေများ
  စီးသွားခဲ့ပြီ။
- ပန်းပွင့်များ
  ကြွေသွားခဲ့ပြီ။
- ငှက်ငယ်များ
  ပျံသွားခဲ့ပြီ။
- အိပ်မက်များ
  ခြားနားခဲ့ပြီ။
- နာရီများ
  ရွေ့လျားခဲ့ပြီ။
- ရာသီများ
  ဝေ့ဝါးခဲ့ပြီ။
- သက်မဲ့ သက်ရှိ ဩ
  စသည့်များစွာ
  အရာဝတ္ထု၊ တစ်ခုမချန်
  ဖောက်ပြန် ဖြစ်ပျက်၊ ဆုတ်တက်လှုပ်ရှား
  စီးမျောသွားကြ၊ ပြောင်းလဲရလည်း
  မာနပင်စည်၊ ခိုင်ကျည်ထွားကျိုင်း
  အတ္တ ကျေးကျွန်၊ နှံ့မှာ နစ်မြုပ်
  အကျွန်ုပ်သာ
  ဘာမှမဟုတ်၊ ကကြိုးရှုပ်ပြီး
  ကျောက်ရုပ်ပမာ၊ ကမ်းစပ်မှာ။ ။



www.burmeseclassic.com

www.burmeseclassic.com



# ဖေဖော်ဝါရီ ဆယ့်သုံးဖွား

သားလတ်




✸ မြန်မာတွေအတွက်
ကမ္ဘာမြေက မွေးဖွားပေးခဲ့တယ်
မြင့်မြတ်တဲ့ သွေးတွေနဲ့ လူတစ်ယောက်ကို။

✸ အကြောက်တရား မသိဘူး
နောက်ထပ် တစ်ယောက်ဖွားဖို့ မရှိဘူး
သူ့လိုလူသားတစ်ယောက်
(မြန်မာရာဇဝင်မှာတော့---)
တစ်ခေါက်တည်းသိရုံနဲ့
မှတ်သားလောက်တယ်။

✸ ရိုးသားတယ် နိုးကြားတယ်
ပြီးတော့ ကြိုးစားတယ်။
မျှတတယ် သမာသမတ်ကျတယ်
ပြီးတော့ တည်ကြည်တယ်။
ရဲရင့်တယ် သတ္တိရှိတယ်
ပြီးတော့ လုပ်ရဲတယ်။
ထက်မြက်တယ် အစွမ်းရှိတယ်
ပြီးတော့ ဦးဆောင်တယ်။
မွေးဖွားတယ် ရှင်သန်တယ်
ပြီးတော့ သေရဲတယ်။

✸ သူမွေးဖွားတာ တိုင်းပြည်အတွက်
သူရှင်သန်တာ တိုင်းပြည်အတွက်
သူသေဆုံးတာ တိုင်းပြည်အတွက်။

✸ "ဆယ့်သုံး ဖေဖော်ဝါရီ"တဲ့
တကယ့်အဆုံး မြေမဟာ ပထဝီမှာ
ဝေဆာစွာ မြည်တင်ရိုက်ဟည်း
အာဇာနည်တို့ရဲ့ စံကိုက်ကြီးကြီးနဲ့
အချိန်မှန်ကိုက်ပြီး ပေါ်ထွက်လာသူ။

✸ မြန်မာပြည်သူတွေ မျှော်လျက်ရှိတုန်း
ဖုံးနေတဲ့ တိမ်အခင်းကို နှိမ်ခွင်း
ပြီးမှ နေရောင်လို **'ထိန်လင်း'**လာသူ။

✸ မြန်မာပြည် အမှောင်လမ်းကနေ
လွတ်လပ်ရေး အရောင်သန်းဖို့
**'အောင်ဆန်း'**ဆိုပြီး ထွန်းတောက်လာသူ။

✸ လွတ်လပ်ရေးရဲ့ ဗိသုကာ
ကျွန်တော်တို့ရဲ့ ပိတုမဟာ
သူသာ ကျွန်တော်တို့ရဲ့ အလင်း
သူသာ ကျွန်တော်တို့ရဲ့ သခင်
သူ့ကို မမြင်ရတော့ပေမယ့်
(ဖေဖော်ဝါရီ ဆယ့်သုံးရောက်ရင်)
သူဟာ ကျွန်တော်တို့ရင်မှာ
အစဉ် ပြန်မွေးဖွားတယ်။ ။



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်တော့မှ မရေးနိုင်တော့တဲ့ ကဗျာတစ်ပုဒ်

မိုးပက်ငယ်

♥ အရဏ်ဦးရဲ့ လတ်ဆတ်အေးမြခြင်းအလှ
မေမေ့မျက်ဝန်းအကြည့်မှာ ထာဝရရှိတယ်။

♥ အနုပညာဆန်ဆန် အပြုံးတစ်ပွင့်
အရည်အသွေးပြည့် နားလည်ခွင့်လွှတ်မှု
အင်္ဂတေနိုင်မာလွန်းလှတဲ့ ပေါင်းကူးတံတားလေးဟာ
မားမားမတ်မတ် ရပ်တည်တတ်တဲ့ မေမေ ဖြစ်တယ်။

♥ မုန်တိုင်းကို မမှု လေပွေဆိုလည်း ဂရုမပြု
ကြောင်းကျိုးအပ်စပ် ဆီလျော်အောင် ခြယ်သတတ်သူ
သစ္စာတရားတို့ရဲ့ မဏ္ဍိုင်
အလှတရားတို့ရဲ့ စံပြ
တန်ဖိုးတိုင်းတာလို့ မရနိုင်တာ မေမေဖြစ်တယ်။

♥ တစ်ခါတစ်ရံ နန်းဆန်ဆန်
တစ်ခါတစ်ရံ မဟုတ်မခံ မာထန်ထန်
စွမ်းဆောင်ရည်ပြည့်လျှံနေတဲ့ စစ်သူကြီးပမာလည်း
ကာကွယ်စောင့်ရှောက်မှု အသခြေ
ဆောင်းရေအိုင်နှယ် နွေးထွေးစေတဲ့
ကောင်းခြင်းတကာတို့ရဲ့ အရှင်သခင်ဟာ
မေမေဖြစ်တယ်။



♥ အကြွယ်ဝဆုံးသော မေတ္တာ ကရုဏာ
အကြင်နာဆုံးသော မြတ်နိုးခြင်းများစွာနဲ့
ပိုင်နိုင်စွာ သက်စွန့်ပြိုင် ချစ်နိုင်တဲ့
တုနှိုင်းမဲ့ အလင်္ကာ တေးသွားတစ်ပုဒ်
ဂမ္ဘီရ အဖွဲ့တွဲအလှပိုင်ရှင်
နိမိတ်ပုံတို့ရဲ့ ယုတ္တိဗေဒ သဘာဝစစ်စစ်
မေမေဟာ---
ဘယ်တော့မှ ဖော်ပြနိုင်စွမ်းမရှိတဲ့ ကဗျာကောင်းတစ်ပုဒ် ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှယ်ထောင့်




www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှယောင်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှယောင့်




www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေရေးရာအမေးအဖြေ

မောင်ဉာဏ်ရှင် (ဥပဒေ)

**မေး။** အမှုတစ်မှု မေးပါရစေ။ ဦးမြဝင်းက ဒလမြို့နယ်၊ ကျွန်စစ်သားရပ်ကွက်နေ ဒေါ်အေးကြည်ထံက မြေကွက်နဲ့အိမ်ကို ငွေကျပ်သိန်း(၇၀)နဲ့ အရောင်းအဝယ်စာချုပ်ချုပ် သက်သေများရှေ့တွင် ဝယ်ယူခဲ့တယ်။ ဒေါ်အေးကြည်က ဆက်လက်နေထိုင်ခွင့်ပြုရန် မေတ္တာရပ်ခံလို့ ဦးမြဝင်းက ခွင့်ပြုခဲ့တယ်။ ဒေါ်အေးကြည်က သတ်မှတ်တဲ့ရက်တွင် ဖယ်ရှားမပေးတဲ့အပြင် မြေကွက်တစ်ခြမ်းကို ဦးကြည်ဆိုသူကို ရောင်းချခဲ့လို့ ဦးမြဝင်းက ရုံးခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့တယ်။ ဦးမြဝင်းက ချေးငွေအပေါ် အတိုးအရင်းတွက်ချက်ထားတဲ့စာရင်းကို သက်သေခံအဖြစ် ဒေါ်အေးကြည်က တင်ပြထားတယ်။ ချေးငွေအတိုးအရင်းနဲ့စာရင်းကို သက်သေ ဒေါ်ခင်မိုးရဲ့ထွက်ချက် ဥက္ကဋ္ဌ ဦးခင်သောင်း၊ ဒေါ်အေးကြည်တို့ရဲ့ မြေကွက်တစ်ခြမ်းကို ဝယ်ယူထားသူ ဦးကြည်က ထွက်ဆိုထားပါတယ်။ အမှုအခြေအနေ ဘယ်လိုဖြစ်လာနိုင်သလဲပြောပြပါဆရာ။

**မောင်သန်းနိုင်၊ ဒလမြို့။**

**ဖြေ။** ဦးမြဝင်းဟာ ဒေါ်အေးကြည်ထံမှ ငွေချေးထားတဲ့ အရင်းနဲ့အတိုးငွေကို မြေနဲ့အိမ် အရောင်းအဝယ်စာချုပ် ပြုလုပ်ထားခြင်းသာဖြစ်ကြောင်း ပေါ်လွင်နေတယ်။ သက်သေခံအရောင်းအဝယ်စာချုပ်တွင် အလျား ၅၀ပေ × အနံ ၅၀ပေရှိ မြေကွက်လို့ ဖော်ပြထားပေမယ့် ဒေါ်အေးကြည်အား လူမှုရေးအရ နေထိုင်ခွင့်ပြုထားတဲ့ စာချုပ်တွင် ၂၅ပေ × ၅၀ပေရှိ မြေကွက်နဲ့ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားတဲ့အိမ်လို့ ဖော်ပြထားတာ တွေ့ရမှာဖြစ်တယ်။ စာချုပ်အရဆိုရင် ဒေါ်အေးကြည်က ဦးမြဝင်းအား ရောင်းချစဉ်ကပင် မြေကွက် ၂၅ပေ × ၅၀ပေရှိ မြေကွက်တစ်ကွက်တည်းသာ ရောင်းချခဲ့ကြောင်း ပေါ်ပေါက်နေတယ်။ ဦးမြဝင်းအား မရောင်းချမီကပင် မူလမြေကွက်ရဲ့ တစ်ဝက် ၂၅ပေ × ၅၀ပေကို ရောင်းချထားပြီးဖြစ်ကြောင်း ဦးမြဝင်းသိပြီးဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ဒါ့ကြောင့် ဦးမြဝင်း စွပ်စွဲသလို တရားခံ ဒေါ်အေးကြည်ဟာ ရောင်းချတဲ့အခြမ်း မြေကွက်ကို ဦးကြည်အား ရောင်းချပြီးမှ မြေကွက်နှစ်ကွက်စလုံးကို ဦးမြဝင်းက ဒေါ်အေးကြည်ထံ ရောင်းတဲ့စာချုပ်အရ အိမ်ဂရန်အပေါင်ထား၍ ငွေချေးခြင်းသာ ဖြစ်ကြောင်း ပေါ်လွင်နေတယ်။ ဦးမြဝင်းဟာ မြေနဲ့ အိမ်ကို အမှန်တကယ် ငွေပေးချေ၍ ဝယ်ယူခဲ့ခြင်း မဟုတ်ဘဲ ဒေါ်အေးကြည်ထံမှ ရရန်ရှိတဲ့ အတိုးအရင်းငွေများကို ဒေါ်အေးကြည်က ပြန်လည်မပေးဆပ်နိုင်လို့ မြေနဲ့အိမ် အရောင်းအဝယ် စာချုပ်ချုပ်ဆိုခြင်းသာဖြစ်တယ်လို့ ကောက်ယူနိုင်ပါတယ်။ ဒါ့ကြောင့် ဒေါ်အေးကြည်ဟာ ဦးမြဝင်းထံက ငွေများကို မရိုးမဖြောင့်တဲ့ သဘောနဲ့ လိမ်လည်ရယူကြောင်း ပေါ်ပေါက်ခြင်းမရှိဘဲ ငွေချေးယူခြင်းသာ ဖြစ်ပါတယ်။ ဒီအခြေအနေတွင်



www.burmeseclassic.com

www.burmeseclassic.com



တရားခံ ဒေါ်အေးကြည်အား စွဲချက်မတင်ဘဲ လွှတ်ရမှာသာဖြစ်ပါတယ်။

**မေး။** သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်၊ သံသုမာလမ်းပေါ်တွင် အဆောက်အအုံတည်ရာ မြေငှားဂရမ်စာချုပ် အရ ဦးမြအောင် အမည်ပေါက် ပိုင်ဆိုင်ပါတယ်။ ဦးမြအောင်က ဦးသန်းထိုက်ကို ပြန်လည်ရုပ်သိမ်းခွင့်မရှိတဲ့ အထူးကိုယ်စားလှယ်လွှဲစာကို လက်မှတ်ရေးထိုး ပေးခဲ့တယ်။ ဦးမြအောင်နဲ့ ဒေါ်ခင်နုတို့ဟာ လင်မယားဖြစ်တယ်။ ဦးသန်းထိုက်က ဦးတင်ယုဆိုသူကို အိမ်နဲ့မြေရောင်းချခဲ့တယ်။ အိမ်နဲ့မြေ ဝယ်ယူသူ ဦးတင်ယုက ဦးမြအောင်နဲ့ ဇနီး ဒေါ်ခင်နုကို မတွေ့မမြင်ဖူးဘူး။ ဦးမြအောင်က အိမ်နဲ့မြေရောင်းချရာတွင် ဇနီးဖြစ်သူ ဒေါ်ခင်နု က သဘောမတူကြောင်း ပြောတယ်။ ဒီတရားမမှု ဘယ်လိုဖြစ်လာနိုင်သလဲ ရှင်းပြပါဆရာ။

ဦးမျိုးမြင့်၊ တာမွေမြို့။

**ဖြေ။** ဦးမြအောင်နဲ့ ဒေါ်ခင်နုတို့ လင်မယားဟာ မြန်မာလူမျိုး ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများ ဖြစ်ကြတယ်။ အချင်းဖြစ် အိမ်နဲ့ မြေကွက်ဟာ ဦးမြအောင်အမည်ပေါက်ဖြစ်ပေမယ့် ဒီပစ္စည်းများဟာ လက်ထက်ပွားပစ္စည်းများဖြစ်လို့ လင်မယားနှစ်ဦးအတူ ပိုင်ဆိုင်ကြတယ်။ မြန်မာဗုဒ္ဓဘာသာ လင်မယားတို့ဟာ လင်မယားနှစ်ဦးပိုင်ပစ္စည်းကို လင်ကဖြစ်စေ၊ မယားကဖြစ်စေ မေတ္တာဖြင့်ပေးကမ်းရာတွင် ထိုသို့ ပေးကမ်းခြင်းကို ကျန်ခင်ပွန်းဖြစ်သူက အတိအလင်းဖြစ်စေ သဘောသက်ရောက်စေခြင်းဖြင့်ဖြစ်စေ၊ သဘောတူပါက ထိုသူရဲ့ အကျိုးခံစားခွင့် ရှိတဲ့အစုပါ အတည်ဖြစ်တယ်လို့ ဆုံးဖြတ်သင့်တယ်။ ဒီလိုကောက်ယူ ဆုံးဖြတ်မှသာ လင်မယားနှစ်ဦးပိုင် ပစ္စည်းကို ရောင်းချခြင်း ပေါင်နှံခြင်းတို့နဲ့ ပတ်သက်လို့ တရားရုံးများက အစဉ်တစ်စိုက် ကျင့်သုံးလာခဲ့တဲ့မှုများနဲ့ ညီညွတ်ကိုက်ညီပေလိမ့်မယ်။ (၁၉၃၅၊ မတစ၊ ၁၇၆)

(၁၉၃၂၊ မတစ၊ ၁၅၉၊ ၁၆၄)အမှုတွင် အောက်ပါအတိုင်း လမ်းညွှန်ထုံးဖွဲ့ထားတာရှိတယ်။ "လင်မယားနှစ်ဦး၏ မခွဲဝေရသေးသော နှစ်ဦးပိုင်လက်ထက်ပွား ပစ္စည်းများကို တစ်ဦးဦးက ကျန်တစ်ဦးဦး၏ သဘောတူညီချက်အရ မဟုတ်ဘဲ ပစ္စည်းတစ်ရပ်လုံးကို ရောင်းချခွင့်မရှိချေ။ ရောင်းချလျှင်လည်း ၎င်းပိုင်ဆိုင်ခွင့်ရှိနိုင်သည့် အချို့ဝေစုအတွက်သာ အတည်ဖြစ်နိုင်သည်။ ဤအခြေအနေမျိုး၌ ဝယ်သူ အနေဖြင့် ပစ္စည်းလက်ရောက်ရလိုမှု (Suit For Possession) စွဲဆိုခွင့်မရှိပေ"

ဒါကြောင့် မြန်မာလူမျိုး ဗုဒ္ဓဘာသာ ကိုးကွယ်သူ လင်မယားတို့၌ တစ်ဦးဦးက လက်ထက်ပွားပစ္စည်းကို ရောင်းချရာတွင် ကျန်ခင်ပွန်းဖြစ်သူက အတိအလင်းဖြစ်စေ၊ သဘောသက်ရောက်ခြင်းဖြင့်ဖြစ်စေ၊ သဘောတူညီပါက သူ့ရဲ့အကျိုးခံစားခွင့်ရှိတဲ့ အစုပါ အတည်ဖြစ်တယ်။ တစ်ဦးဦးက ကျန်တစ်ဦးဦးရဲ့ သဘောတူညီချက်မရှိဘဲ ပစ္စည်းတစ်ခုလုံးကို ရောင်းချခဲ့လျှင် သူပိုင်ဆိုင်ခွင့်ရှိတဲ့ အချိုးအတွက်သာ အတည်ဖြစ်တယ်။ ကျန်ခင်ပွန်းသည် ပိုင်ဆိုင်ခွင့်ရှိတဲ့ ဝေစုအတွက် တရားမဝင်ဘူး။

ဒါကြောင့် ဦးမြအောင်ရဲ့ ကိုယ်စားလှယ် ဦးသန်းထိုက်က ဦးတင်ယုအား အချင်းဖြစ်မြေနဲ့ အိမ်ကို သက်သေခံစာချုပ်ဖြင့် ရောင်းချခြင်းဟာ ဒေါ်ခင်နုအကျိုးခံစားခွင့်ရှိတဲ့ ဝေစုနဲ့ စပ်လျဉ်းလို့ အတည်မဖြစ်တဲ့အတွက် စာချုပ်ဟာ တရားမဝင်ဘူး။ ဦးမြအောင်က ဦးတင်ယုသို့ အချင်းဖြစ်အိမ်နဲ့ မြေမှတ်ပုံတင်စာချုပ် ချုပ်ဆိုပြီး လက်ရောက်ပေးအပ်ခြင်း မပြုနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



**မေး။** မြို့နယ်ရဲတပ်ဖွဲ့မှူး ထုတ်ပေးတဲ့ လောင်းကစားအိမ်ရှာဖွေဝရမ်းဖြင့် ဒုရဲအုပ် ကျော်ဦးခေါင်းဆောင်တဲ့ ရဲတပ်ဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးက အဖွဲ့ဝင် ဦးကံထူး၊ ဦးမြင့်ဌေး၊ ဒေါ်ရီဆွေတို့နဲ့အတူ ဟင်းလုတ်ပင်ရွာနေ မဇာဇာနေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အိမ်သာအတွင်းနဲ့ အိမ်သာခန်းအတွင်းမှ တရားမဝင် နှစ်လုံးထီလောင်းကစားတဲ့ စာရွက်စာတမ်းများနဲ့ ငွေ ၈၈၀၀/-ကျပ်ကို သိမ်းဆည်းရမိလို့ မဇာဇာအား လောင်းကစားပုဒ်မ ၁၅(က)အရ အရေးယူခဲ့တယ်။ အဲဒီနေ့ကပဲ မစန်းစန်းနေအိမ် ဈေးဆိုင်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ပစန်းစန်းနေအိမ်အတွင်းတွင် လောင်းကစားပစ္စည်း ဘာမှ မတွေ့ရပါဘူး။ မစန်းစန်းနဲ့အတူနေ ညီမ မဇာဇာထံမှသာ တွေ့ရ၍ အရေးယူခဲ့ခြင်းဖြစ်ပါတယ်။ အင်းစိန်မှုခင်းတပ်ဖွဲ့မှ ပြန်ကြားချက်အရ စာရွက်စာတမ်းများပေါ်ရှိ လက်ရေးလက်မှတ်နဲ့ တရားခံရဲ့ လက်ရေးလက်မှတ်တူညီနေကြောင်း ပြန်ကြားထားတယ်။ အမှု ဘယ်လိုဖြစ်လာနိုင်သလဲ ပြောပြပါဆရာ။

**မောင်အာယု၊ တာပ်ကုန်းမြို့။**

**ဖြေ။** မှုခင်းတပ်ဖွဲ့ရဲ့ ပြန်ကြားချက်အရ ခဲ့စာရွက်စာတမ်းများပေါ်ရှိ လက်ရေးလက်သားနဲ့ မဇာဇာရဲ့လက်ရေးလက်သား နမူနာတူညီကြောင်း ပြန်ကြားထားတဲ့အတွက် မဇာဇာအပေါ် ပြစ်မှုကျူးလွန်ခြင်း ရှိမရှိ ကြည့်ရမှာဖြစ်တယ်။ ထင်မြင်ချက်တို့ဟာ လွဲမှားနိုင်ပါတယ်။ လက်ရေးကို နှိုင်းယှဉ်စစ်ဆေးတဲ့ သိပ္ပံပညာဟာ လက်ဗွေပုံစံကို နှိုင်းယှဉ်စစ်ဆေးတဲ့ သိပ္ပံပညာလောက် တိကျအောင်မြင်သေးတာ မဟုတ်ဘူး။ ဒါပေမယ့် အခုအမှုတွင် ရဲစခန်းက ဒုရဲအုပ် ကျော်ဦး ဦးဆောင်တဲ့အဖွဲ့ဟာ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲ့ လောင်းကစားဝရမ်းဖြင့် ဝရမ်းအမည်ပါသူ ဒေါ်စန်းစန်းရဲ့နေအိမ်သို့ ရှာဖွေရာ အိမ်ထဲတွင် ဘာမှမတွေ့ရဘဲ ဒေါ်စန်းစန်းနဲ့ အတူနေတဲ့ ညီမ မဇာဇာအိမ်သာတက်ပြီးနောက် ရှာဖွေရာ အိမ်သာခွက်နဲ့ တစ်ဆက်တည်း ကော်ပိုက်အတွင်းမှ သက်သေခံချဲထီနဲ့ ပတ်သက်တဲ့ စာအုပ်များ၊ စာရွက်များတွေ့ရှိပြီး နေအိမ်ခန်း ပိုက်ဆံအိတ်ထဲမှ ငွေ ၈၈၀၀/-ကျပ် ရှာဖွေတွေ့ရှိတယ်။ စာရွက်ပေါ်ရှိ ရေးသားချက်များမှာ တရားခံ မဇာဇာရဲ့ လက်ရေးဖြစ်ကြောင်း လက်ရေးပါရဂူရဲ့ ပြန်ကြားချက်တွင် တွေ့ရတယ်။ လက်ရေးပါရဂူရဲ့ ထင်မြင်ချက်တစ်ခုတည်းအပေါ် အပြစ်ပေးရန် မလုံလောက်ပေမဲ့ အိမ်သာကော်ပိုက်အတွင်းမှ တွေ့ရတဲ့ ချဲထီနဲ့ပတ်သက်တဲ့ သက်သေခံစာရွက်စာတမ်းများမှာ မဇာဇာရဲ့ ပစ္စည်းများသာ ဖြစ်တယ်လို့ ဆိုရမှာဖြစ်တယ်။ တရားခံ မဇာဇာ အိမ်ဟာ လောင်းကစားပြုလုပ်တယ်လို့ သတင်းအရ ရှာဖွေတဲ့အခါ ချဲနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းများမှာ မဇာဇာရဲ့ ပစ္စည်းများသာဖြစ်တယ်လို့ ဆိုရမှာဖြစ်တယ်။ တရားခံ မဇာဇာအိမ်ဟာ လောင်းကစားပြုလုပ်တယ်လို့ သတင်းအရ ရှာဖွေတဲ့အခါ ချဲနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းများ မဇာဇာရဲ့နေအိမ်မှ တွေ့ရှိရခြင်းများဟာ ဆက်စပ်နေတဲ့ သက်သေခံ အထောက်အထားများ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

၁၉၈၆ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၀(က)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားတယ်။ "မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ထီ (သို့မဟုတ်) ထီကဲ့သို့ အခြားကံစမ်း ကစားနည်းတစ်ခုခုတွင် စီမံခန့်ခွဲသူအဖြစ်လည်းကောင်း၊ လောင်းကြေးလက်ခံသူအဖြစ်လည်းကောင်း၊ ဒိုင်အဖြစ်လည်းကောင်း ဆောင်ရွက်ခြင်း (သို့မဟုတ်) ထိုသို့ ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးဆောင်ရွက်ခြင်း မပြုရ"လို့ ဆိုထားတယ်။ မဇာဇာဟာ ဒီဥပဒေပုဒ်မ ၁၀ကို ချိုးဖောက်ခြင်း ရှိမရှိ စိစစ်ဖို့လိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအမှုတွင် မဇာဇာ အိမ်သာတက်ပြီးနောက် အိမ်သာပိုက်အတွင်းမှ တွေ့ရတဲ့ ချဲထီလောင်းကစားရာတွင် အသုံးပြုတဲ့ပြေစာ၊ ဖြတ်ပိုင်းဘောင်ချာစာအုပ်ပေါ်ရှိ လက်ရေးဟာ မဇာဇာရဲ့လက်ရေးဖြစ်တယ်။ မဇာဇာရဲ့ အစီအမံနဲ့ ထားရှိတဲ့ပစ္စည်းဖြစ်ကြောင်း ကောက်ယူနိုင်တယ်။ မဇာဇာ အိမ်သာတက်ပြီးနောက် အိမ်သာပိုက်အတွင်းမှာ တွေ့ရတဲ့ ချဲနဲ့ပတ်သက်တဲ့ စာရွက်စာ... ငွေများတွေ့ရလို့ဖြစ်နိုင်တယ်လို့ ဆိုလိုနိုင်ပါတယ်။ ဒါကြောင့် မဇာဇာဟာ လောင်းကစားဥပဒေပုဒ်မ ၁၀(က)ပါ ပြဋ္ဌာန်းချက်ကို ချိုးဖောက်တဲ့အတွက် ပုဒ်မ ၁၅(က)ကို ကျူးလွန်တယ်လို့ ယူဆနိုင်ပါတယ်။

**မေး။** ဥပဒေ ပြဿနာ မေးပါရစေဆရာ။ အမှုမှာ ရန်ကုန်မြို့၊ လသာမြို့နယ်နေ ဦးခင်ဝင်းဟာ ဘိုကလေးစျေးလမ်းနေ ဦးငွေအောင်ထံက တိုယိုတာဖစ်စတာကားကို ဝယ်ယူ၍ နှစ်ပတ်ခန့်စီးပြီး ရင်းနှီးသူ ကိုဝင်းသိထံသို့ ပြန်လည်ရောင်းချပေးရန် ပုဇွန်တောင် မြို့နယ်နေ မရီးတော်စပ်သူ မဝါဝါနေအိမ်၌ သက်သေ ကိုအောင်ဝင်းရှေ့တွင် ပေးအပ်လိုက်ရာ အရောင်းအဝယ်မဖြစ်သေးကြောင်း တစ်ကြိမ်တွေ့၍ ပြောခဲ့တယ်။ အဲဒီနောက်တော့ မတွေ့တော့ဘဲ ထွက်ပြေးတိမ်းရှောင်သွားတယ်။ အဲဒီနောက်တော့ ကိုဝင်းသိအား အရေးယူပေးရန် ဦးခင်ဝင်းက **အမှုဖွင့်** တိုင်ကြားခဲ့တယ်။ သက်သေခံကားနဲ့ ပတ်သက်ပြီး နောက်ဆုံးကားဝယ်ယူ ပိုင်ဆိုင်သူ ဦးခင်ဝင်း၊ ရောင်းချပေးရန် အပ်နှံခြင်းခံရသူ **ကိုဝင်းသိ**၊ နောက် ကားဝယ်ယူထားသူ ဦးတင်ညွန့်တို့ သက်သေခံ ကားလက်ဝယ်ထားခွင့် လျှောက်ထားကြရာ ဘယ်သူ့အာမခံဖြင့် လက်ဝယ်ထားခွင့်ရှိမလဲ ဆရာ။

**ဦးမြတ်ကျော်၊ ပုဇွန်တောင်မြို့။**

**ဖြေ။** ကားဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးခင်ဝင်းဟာ တရားခံ ကိုဝင်းသိအား ကားကိုအရောင်းခိုင်းခဲ့တဲ့အတွက် ကိုဝင်းသိဟာ ဦးခင်ဝင်းကိုယ်စား ကားရောင်းပိုင်ခွင့်ရှိသူဖြစ်တယ်။ ဦးတင်ညွန့်ဟာ ကိုဝင်းသိထံမှ တစ်နည်းအားဖြင့် ရောင်းချပိုင်ခွင့်ရှိသူထံမှ တန်ရာတန်ကြေးပေး၍ သဘောရိုးဖြင့် ဝယ်ယူသူ ဖြစ်တယ်လို့ သက်သေခံကားကို လက်ဝယ်ထားခွင့်ရှိသူဖြစ်တယ်လို့ ဆိုရမှာဖြစ်တယ်။

ဦးခင်ဝင်းကိုယ်တိုင်က ကားကိုအရောင်းခိုင်းလိုက်ခြင်း ဖြစ်တာကြောင့် ကိုယ်စားရောင်းသူဟာ ရောင်းပိုင်ခွင့်ရှိသူဖြစ်သွားလို့ အဲဒီလူထံမှ သဘောရိုးဖြင့် တန်ရာတန်ကြေးပေး ဝယ်ယူသူဟာ ကားကိုလက်ဝယ်ထားခွင့်ရှိသူမှာ မြင်သာတဲ့အချက်ဖြစ်တယ်လို့ ဆိုရမှာဖြစ်တယ်။

ဒါကြောင့် ထွက်ပြေးနေသူ တရားခံ အပြစ်ရှိတယ်လို့ ယူဆနိုင်တယ်ဆိုရုံနဲ့ မူလပိုင်ရှင်ဟာ သက်သေခံပစ္စည်းကားကို လက်ဝယ်ရှိသွားမှ မဟုတ်ဘူး။ အမှုမှာလည်း စစ်ဆေးခြင်း မရှိသေးတဲ့ အမှုဖြစ်လို့ နောက်ဆုံးလက်ဝယ်ထားခွင့်ရှိသူဟု ဆိုနိုင်သူအား တရားရုံးက ခံဝန်ဖြင့် အပ်ထားခြင်းဟာ အမှန်ကန်ဆုံးဖြစ်မယ်လို့ ယူဆပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**မေး။** ဆရာ ကျွန်တော့်သား မောင်ကျော်လှက ၁၅နှစ်အရွယ် မခင်ထွေးကို ခိုးပြေးသွားလို့ မခင်ထွေးရဲ့ ဖခင် အုပ်ထိန်းသူ ဦးအောင်ကျော်က အမှုဖွင့်တိုင်ကြားလို့ အဖမ်းခံရတယ်။ မခင်ထွေး အသက် (၁၅)နှစ်ဆိုပေမယ့် အမှုတွင် ဆရာဝန်ရဲ့ ထွက်ချက်အရ မခင်ထွေးရဲ့ အသက်မှာ ၁၅နှစ်နဲ့ ၁၇နှစ်ကြားရှိပြီး ၁၆နှစ်အောက်ဖြစ်ကြောင်း အတိအကျ မပြောနိုင်လို့ ထွက်ဆိုထားပါတယ်။ နောက်ပြီး မခင်ထွေးရဲ့ အနေအထားမှာ အရွယ်ရောက်ပြီးသူတစ်ဦးကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုရှိကြောင်း ထွက်ဆိုထားတယ်။ မခင်ထွေးဟာ ဦးအောင်မကျော်ရဲ့သမီး အရင်းလည်း မဟုတ်ပါဘူး။ ဆေးရုံမှ မခင်ထွေး (၁၀)လသမီးအရွယ်တွင် မွေးစားခဲ့တာပါ။ မခင်ထွေး အသက်နဲ့ ပတ်သက်ပြီး တိကျတဲ့ အထောက်အထားလည်း မရှိပါဘူး။ ကျွန်တော့်သား အမှု ဘယ်လိုဖြစ်လာနိုင်သလဲ ပြောပြပါဆရာ။

ဦးသက်ထွန်း၊ ပဲခူးမြို့။

**ဖြေ။** တရားခံ မောင်ကျော်လှအား စွဲဆိုတဲ့ပုဒ်မမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ဖြစ်တယ်။ ပုဒ်မ ၃၆၃နဲ့ ပတ်သက်လို့ ပြစ်မှုနိုင်တဲ့ အချက်တွင် အဓိကအချက်မှာ အသက် ၁၆နှစ်အောက် ဖြစ်ရမယ့်အပြင် ဥပဒေနဲ့အညီ အုပ်ထိန်းသူရဲ့ သဘောတူညီချက်မရှိဘဲ သွေးဆောင်ခေါ်ယူသွားခြင်း ဖြစ်ရမယ်။ ဒါ့ကြောင့် မိန်းကလေးရဲ့ သက် ၁၆နှစ်ဖြစ်ပါက မိန်းကလေးရဲ့သဘောဆန္ဒဟာ အဓိက မကျဘဲ အုပ်ထိန်းသူရဲ့ သဘောဆန္ဒကိုသာ အဓိကကျမှာဖြစ်တယ်။ ဒီအမှုမှာ မခင်ထွေးရဲ့ အုပ်ထိန်းသူမှာ တရားလို ဦးအောင်ကျော်ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ တကယ်လို့ မခင်ထွေးရဲ့ အသက် ၁၆နှစ်အထက် ဖြစ်ပါက ဦးအောင်ကျော်ရဲ့ဆန္ဒအရေးပါခြင်း မရှိတော့ဘူး။ မခင်ထွေးဟာ အောင်ကျော်လှရဲ့နောက် ခိုးရာလိုက်ပြေးခြင်းဖြစ်တဲ့အတွက် ဒီအမှုမှာ အဓိကထားကြည့်ရမှာက မခင်ထွေးရဲ့ အသက် (၁၆)နှစ်အောက် ဖြစ်တယ်၊ ဒါမှမဟုတ် (၁၆)နှစ်အထက်ဖြစ်တယ်ဆိုတဲ့ အချက်ပဲဖြစ်တယ်။

မခင်ထွေးဟာ ဦးအောင်ကျော်ရဲ့ သမီးအရင်းမဟုတ်ဘဲ ဆေးရုံမှာ (၁၀)လသမီးအရွယ်တွင် မွေးစားခြင်းဖြစ်တယ်။ ကျောင်းထားစဉ်က ပေးခဲ့တဲ့ မွေးသက္ကရာဇ်မှာ ဘာအထောက်အထားမျှ မရှိကြောင်းလည်း တွေ့ရတယ်။ သက်သေခံ ဥပဒေပုဒ်မ ၃၅အရဆိုရင် ပြည်သူ့ဝန်ထမ်းက မှတ်တမ်းမှတ်ရာအဖြစ် ရေးသွင်းခြင်းဖြစ်လျှင် အမှုတွင် စပ်ဆိုင်တဲ့အကြောင်းခြင်းရာ ဖြစ်တယ်လို့ သတ်မှတ်နိုင်ပါတယ်။ ကျောင်းဝင်မှတ်တမ်းမှတ်ရာဟာ ပြည်သူ့ဝန်ထမ်းက ရေးသွင်းချက်ဖြစ်လို့ အမှန်ဆိုနိုင်ပေမယ့် မတိမကျ မသေချာတဲ့ မွေးသက္ကရာဇ်ကို ရေးသွင်းရေးမှတ်ထားခြင်းကြောင့် ဒီရေးသွင်းထားချက်ဟာ အမှန်လို့ သတ်မှတ်ပါက သက်သေခံဥပဒေပုဒ်မ ၃၅ရဲ့ အနှစ်သာရကို ထိခိုက်နိုင်ပါတယ်။

ဆရာဝန်ရဲ့ ထင်မြင်ချက်အရဆိုရင်လည်း မခင်ထွေးရဲ့အသက်မှာ ၁၅နှစ်မှ ၁၇နှစ်အကြားရှိကြောင့် ခန့်မှန်းထားတာတွေ့နိုင်တယ်။ ဆရာဝန်ရဲ့ အတွေ့အကြုံနဲ့ ဆေးသိပ္ပံပညာအရ ခန့်မှန်းခြင်းဖြစ်တယ်။ ဆရာဝန်ရဲ့ ခန့်မှန်းထင်မြင်ချက်ယူဆချက်သာဖြစ်လို့ သက်သေခံဥပဒေပုဒ်မ ၃၅ပါ အများပြည်သူနဲ့ ဆိုင်တဲ့အမှတ်အသားပါ အချက်ကို လွှမ်းမိုးနိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ အများပြည်သူဆိုင်ရာ မှတ်စာတမ်းဖြစ်လို့ အမှန်ကောက်ယူပါက တရားမျှတမှန်ကန်မှုမယ့် အလုပ်းကွာဝေးနေပေလိမ့်မယ်။ ဆရာဝန်ရဲ့ ထင်မြင်ယူဆချက်နဲ့ မှုမှာ မခင်ထွေးအား မျက်မြင်တွေ့ရှိတဲ့ တရားသူကြီးရဲ့ ထင်မြင်ယူဆချက်ကို အလေးဂရုပြုရမှာ ဖြစ်တယ်။

မောင်ဉာဏ်ရွှင်(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

# ဆုငွေများချီးမြှင့်မည့်
# မှုခင်းပဟေဠိအစီအစဉ်
# အမှတ်စဉ် (၆၄)

(၁) မေးခွန်းနံပါတ် (၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် ငါးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၂) မေးခွန်းနံပါတ် (၁/၃/၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် သုံးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၃) မေးခွန်းနံပါတ် (၁/၂/၃) ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် နှစ်သောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၄) မေးခွန်းနံပါတ် (၄)ခုစလုံးအတွက် အနီးစပ်ဆုံး အဖြေမှန်သူများအား ဆုငွေကျပ် သုံးထောင်နှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

**အဖြေမှန်သူတစ်ဦးထက် ပိုမိုခဲ့ပါက ကံစမ်းမဲစနစ်ဖြင့် ချီးမြှင့်ပေးပါမည်။**




www.burmeseclassic.com

www.burmeseclassic.com

# ပဟေဠိ (၆၄)

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)



အတွင်းရေးမှူးမလေးကြောင့် ခေါင်းချင်းဆိုင်ခဲ့ရတဲ့
ကုမ္ပဏီပိုင်ရှင်နှစ်ဦးရဲ့ ဇာတ်လမ်းတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



## ပဟေဠိ (၆၄)

မောင်ငြိမ်းသူ
(ကြို့ပင်ကောက်)

(၁)

"တောက်"

"ဂျင်ပေါ်ကငုံးကို တံတွေးစဉ်တာလောက် နာကြည်းတာ မရှိဘူးကွာ"

"ပြောစမ်းပါဦး။ မင်းက ဘာကို ဘယ်လောက် နာကြည်း နေတာလဲ"

"ငါ့ အတွင်းရေးမှူး မလေး နှင်းဆီခိုင်ကို နာကြည်း နေတာကွ"

"ဘာကြောင့်လဲ"

"ငါ့ကို သိန်း တစ်ထောင် ငွေညှစ်နေတယ်ကွာ"

"ဘာ သိန်း တစ်ထောင်ဟုတ်လား။ ဟုတ်ရဲ့လား ခင်မောင်သော်"

"သိပ်ဟုတ်၊ သိပ်သေချာနေလို့၊ ငါ အဲဒီသေနာမကို အသေသတ်ချင်နေတာကွ။ ငါ့ အားနည်းချက်ကို အခွင့်ကောင်းယူပြီး ငါ့ကို ငွေညှစ်နေတဲ့ ကျား သစ်ရိုင်းမကွ"

ငွေညှစ်နေသည်ဟု သောစကားကိုကြားလိုက်ရသော ဦးစိန်လှကျော်သည် ကိုယ်တိုင်လည်း ငွေညှစ်ခံနေရသဖြင့် စိတ်ဝင်စားသွားလေသည်။

ဦးခင်မောင်သော်နှင့် ဦးစိန်လှကျော်တို့ သူငယ်ချင်း နှစ်ဦးက ကုမ္ပဏီပိုင်ရှင် မန်နေဂျင်းဒါရိုက်တာများ ဖြစ်ကြပြီး လုပ်ငန်းချင်း ဆက်စပ်နေကြလေရာ အမြဲတမ်း ထိတွေ့ဆက်ဆံနေခဲ့ကြသည်။ စီးပွားရေး လုပ်ငန်း၏ အဓိကသော့ချက်များမှလွဲ၍ ကိုယ်ရေးကိုယ်တာကိစ္စရပ်များ၊ လူမှုရေး ပြဿနာများကို ဆီဒိုးနား ဟိုတယ်ရှိ သီးသန့်ခန်းမှာသာ တွေ့ဆုံဆွေးနွေးညှိနှိုင်းလေ့ရှိကြသည်။

ယနေ့ ညတွင်လည်း သူတို့ သူငယ်ချင်းနှစ်ယောက် တွေ့ဆုံနေကျ ဆီဒိုးနားဟိုတယ်၏ သီးသန့်ခန်းတွင် ချိန်းဆိုတွေ့ဆုံဆွေးနွေးနေကြသည်။

စားပွဲပေါ်ရှိ ဘလူးလေဘယ်လ် ပုလင်းမှာလည်း သုံးပုံတစ်ပုံသာ ကျန်တော့သည်။ မြည်းစရာ ဖွယ်ဖွယ်ရာရာတွေလည်း အနည်းငယ်စီသာ ကျန်တော့သည်။

ဦးစိန်လှကျော်က ဦးခင်မောင်သော်ကို မေးသည်။

"သူငယ်ချင်း မင်းရဲ့ အတွင်းရေးမှူးမက နှင်းဆီခိုင် ဆိုတဲ့အတိုင်း မင်း ဆူးစူးနေပြီလား။ ဘယ်လို ငွေညှစ်တာလဲ





www.burmeseclassic.com

www.burmeseclassic.com



ကွ''

''ရှင်းရှင်းလေး ပါကွာ။ ငါအထင်သေးမိတာလဲ ပါတယ်ကွ။ တောကတက်လာတဲ့ မိဘမဲ့ တစ်ကောင်ကြွက်ပါ။ ကိုယ့်ဒူးကိုယ်ချွန်ပြီး ကြိုးစားလာတာ၊ ဘွဲ့မရပေမယ့် ဘာသာသုံးမျိုးကျွမ်းကျင်တယ်။ ကွန်ပျူတာလဲ ကျွမ်းကျင်တယ်။ ငယ်ရွယ်နုပျိုပြီး ခန္ဓာကိုယ်အချိုးကျ၊ ရုပ်ရည်လှပတယ်။ ငါက အစမ်းတစ်လခန့်ပြီး သဘောကျတာနဲ့ ငါ့ကိုယ်ရေးအတွင်းရေးမှူး ခန့်လိုက်ဘယ်။ ငါ ထင်ထားတာထက် သွက်လက်ထက်မြက်နေလို့ ငါ့ ကွန်ရက်ထဲမှာ ဆွဲနှစ်လိုက်တယ်။ ဒါပေမယ့် အဲဒီ ကွန်ရက်ထဲမှာ နစ်မြုပ်သွားရသူက သူမဟုတ်ဘူး။ ငါ ဖြစ်နေတယ်ကွာ''

''ရှင်းအောင် ပြောစမ်းပါကွာ''

ဦးခင်မောင်သော်က ရိဝေဝေနှင့် ရှင်းပြသည်ကို ဦးစိန်လှကျော်က နားမလည်သောကြောင့် ပြန်လည်မေးမြန်းသည်။

''မင်းကလဲ ဝါသနာတူ ဓာတ်သိချင်းမို့ ရှင်းပြဖို့ လိုသေး



လို့လားကွ။ ငါ့ ကာမကွန်ရက်ထဲမှာ ရုန်းမထွက်နိုင်ဘူးလို့ အထင်သေးခဲ့တာ။ အခုတော့ ကျောချမှ ဓားပြမှန်း သိလိုက်ရတာကွ။ သူနဲ့ ငါ တစ်ပတ်တစ်ခါ တိတ်တိတ်ပုန်းဆက်ဆံခဲ့တဲ့ လျှပ်ရှားမှု ဓာတ်ပုံတွေ၊ ငါ့အသံတွေ၊ သူ့အသံတွေကို ငါမသိအောင် ကြိုတင်ကြံရွယ် ရိုက်ကူးဖမ်းထားပြီးမှ ငါ့ကို ငွေကျပ်သိန်းတစ်ထောင်ပေးရမယ်။ မပေးရင် အဲဒီပုံတွေနဲ့ အသံတွေကို အင်တာနက်မှာ တင်လိုက်မယ်တဲ့ကွာ။ သူငယ်ချင်းရာ ငါ့ကို ကူညီပါဦးကွာ။ တော်တော်ရက်စက်တဲ့ ဘီလူးမပဲကွ''

ဦးခင်မောင်သော်က ရှင်းပြပါမှ ဦးစိန်လှကျော်က စာနာစိတ်ဖြင့် စဉ်းစားကာ ပြန်လည်၍ မေးမြန်းပြန်ပါသည်။

''အဲဒီ ကောင်မလေးက ဘယ်သူလဲကွ''

''နှင်းဆီခိုင်ဆိုတဲ့ နာမည်ပဲ သိတယ်ကွာ''

''ဟုတ်ပြီ သူက မင်းဆီမှာ ရှိသေးလား''

''ရှိတာပေါ့ကွ။ မြွေပွေးခါးပိုက် ပိုက်ထားရသလို ဖြစ်နေရတာ။ ငါသူ့ကို အလုပ်ကထုတ်ပစ်ချင်လို့ ကြံစည်နေတာကွ''



www.burmeseclassic.com

www.burmeseclassic.com



''သူ့ ဓာတ်ပုံ မင်းဆီမှာ ရှိလား''

''ရှိတယ်''

''ပြစမ်းပါဦး''

ဦးခင်မောင်သော်က သူ့လက်ကိုင်ဖုန်းထဲမှ နှင်းဆီခိုင်၏ ဓာတ်ပုံကို ပြလိုက်လေရာ ဦးစိန်လှကျော် ပါးစပ်အဟောင်းသားဖြစ်သွားကာ စိတ်ကို မထိန်း ချုပ်နိုင်ဘဲ ကြိမ်းမောင်းဆဲဆို လိုက်သည်။

''ဟင်ဗိုင်းနာမ၊ မိန်းမပျက်မ၊ မြွေဟောက်မ၊ ငါ့ဆီက ငွေညှစ်နေတာ အားမရလို့၊ ငါ့သူငယ်ချင်းဆီမှာ လာပြီး ငွေညှစ်နေတာကိုး''

''ဘာ ဒီကောင်မက မင်းဆီက ငွေညှစ်နေတဲ့ မြွေဟောက်မ ဟုတ်လား''

ဦးစိန်လှကျော်၏ စကားကြောင့် အံ့အားသင့်သွားရသူက ဦးခင်မောင်သော်။ ထို့ကြောင့် ဦးခင်မောင်သော်က ပြန်လည်၍ မေးခွန်းထုတ်သည်။

''နေစမ်းပါဦး နှင်းဆီခိုင်ကမင်းနဲ့ ဘယ်လိုပတ်သက်ခဲ့လို့လဲ''

''လွန်ခဲ့တဲ့ တစ်နှစ်ကျော်က ငါ့ဆီမှာ ငါ ကိုယ်ရေးအတွင်းရေးမှူး လုပ်နေရင်းက ငါ့ အပျော်မယားဖြစ်ခဲ့တဲ့ ရိုစ်ပင်စီယာ သူပဲပေါ့ကွာ။ အဲဒီမြွေဟောက်မက သူကြိုတင်ကြံရွယ်ထားတဲ့အတိုင်း ရုပ်သံတွေဖမ်းပြီး ငွေညှစ်နေလို့ ငါ လျော်ကြေးသိန်း (၅၀၀)ပေး အလုပ်ထုတ်ပစ်ခဲ့တဲ့ အယုတ်တမာမကွ။ အခုတော့ မင်းဆီ ရောက်နေပါရောလားကွာ''

သူငယ်ချင်း နှစ်ယောက် ဘာလူးလေဘယ် တစ်ပုလင်းကုန်သည်အထိ နာကြည်းချက်ကိုယ်စီဖြင့်ရင်ဖွင့်တိုင်ပင် ညှိနှိုင်းနေခဲ့ကြလေသည်။

နောက်ဆုံး ညှိနှိုင်း သဘောတူညီချက်ကတော့ ''ရိုစ်ပင်စီယာ (ခ) နှင်းဆီခိုင်'' ကို လက်စဖျောက် ရှင်းလင်းပစ်ကြရန်ပင် ဖြစ်သည်။

(၂)

ရုပ်ပျက် ဆင်းပျက်သေဆုံးနေသော မိန်းမငယ်လေး၏အလောင်း။

အလောင်းမှာ ဒဏ်ရာတွေက ဗရပွ။

မည်သည့် လက်နက်ကြောင့် ရရှိသည့် ဒဏ်ရာတွေမှန်း ရဲတပ်ဖွဲ့ဝင်များပင် မခန့်မှန်းနိုင်။

ဆေးမှတ်တမ်း ထွက်လာတော့ ဓားဒဏ်ရာတွေရော၊ ကားဖိကြိတ်ဒဏ်ရာတွေပါ ရောထွေးနေသည်ဟုယူဆမှတ်တမ်းတင်ထားသည်။

ရဲအုပ် သက်မောင်နှင့် နယ်ထိန်းအဖွဲ့ကလည်း နှင်းဆီခိုင်နေထိုင်သည့် အဆောင်ပိုင်ရှင်အပါအဝင် အခန်းနီးချင်းတွေကိုလည်း ပိုက်စိပ်တိုက် လေ့လာစုံစမ်းခဲ့သည်။

နှင်းဆီခိုင်နှင့် အရင်းနှီးဆုံး အခန်းဖော် မော်မော်သင်းကိုအနီးကပ် အလေးထားစုံစမ်းခဲ့ရာ နှင်းဆီခိုင်နှင့် ဘဝတူပင်ဖြစ်သည့်အပြင် ဦးစိန်လှကျော်နှင့်ဦးခင်မောင်သော်တို့ နာမည်တွေပါလာခဲ့ကြသည်။

ဦးခင်မောင်သော်နှင့် ဦးစိန်လှကျော်တို့နှစ်ဦး၏ ကိုယ်ရေး ကိုယ်တာများကို လေ့လာစုံစမ်းသောအခါနှင်းဆီခိုင်သည် နှစ်ဦးစလုံး၏ အငယ်အပျော်မယားအဖြစ် လှုပ်ရှားခဲ့မှုများကဘူးပေါ်သလိုပေါ်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သံသယ တရားခံများအဖြစ် ဦးခင်မောင်သော်ရော ဦးစိန်လှကျော်ကိုပါ သတ်မှတ်ထားလိုက်ကြသည်။

(၃)

ရဲအုပ် သက်မောင်၏ရင်ထဲတွင် နှင်းဆီခိုင်၏ မွေးဖွားရာ ဇာတိမှ ရန်ကုန်သို့ရောက်ရှိခဲ့ပုံကိုနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းထိန်တို့အား လေ့လာစုံစမ်းစေခဲ့သောအခါ နှင်းဆီခိုင်နှင့်မော်မော်သင်းတို့ နှစ်ဦးသည် တစ်မြို့တည်းသား၊ ဇာတိတူသူငယ်ချင်းများ ဖြစ်ကြကြောင်း ဆယ်တန်း အောင်ခဲ့ကြသော်လည်း ပညာဆက်လက် သင်ကြားရန်အခက်အခဲ ကြုံတွေ့နေကြချိန်တွင်မာမီစိုး(ခ) အလှဖန်တီးရှင် မိန်းမလျာကြီးက ခေါ်ယူ စောင့်ရှောက်ထားခဲ့ကြောင်း သင်တန်းမျိုးစုံတွင် ငွေကြေးအကုန်အကျခံကာ ပညာမျိုးစုံသင်ပေးနေခဲ့ကြောင်း၊ မာမီစိုးထံတွင် နှင်းဆီခိုင်၊ မော်မော်သင်းတို့လို လုပကြော့ရှင်း အရည်အချင်းပြည့်စုံသူ (၁၀)ဦး ကျော်ရှိကြောင်း၊ မာမီစိုး၏ လေ့လာစုံစမ်းချက်အရ စေလွှတ်ခဲ့သောကုမ္ပဏီများတွင် ကုမ္ပဏီပိုင်ရှင်၏အတွင်း ရေးမှူးနေရာများရရှိအောင် အစွမ်းကုန်ကြိုးစားဖြားယောင်းစေခဲ့ကြကြောင်း၊ အတွင်းရေးမှူးဘဝမှ အပျော်မယားအဆင့်သို့ ကူးလာစေခဲ့ကြပြီး ပိုင်ပြီဟု ယူဆရချိန်တွင် အနည်းဆုံး ငွေကျပ် သိန်း(၁၀၀၀)ပေးရန် မပေးပါက အရှက်တကွဲ ကိုယ်ကျိုးနည်း ဖြစ်စေရမယ်ဟု ခြောက်လှန့်ငွေညှစ်နေကြကြောင်း၊ ထိုကာမထောင်ချောက် ငွေညှစ်ဂိုဏ်းခေါင်းဆောင်မှာမာမီစိုး (ခ) ဦးစိုးသီဟဖြစ်ကြောင်း သိခဲ့ရသည်။

ဦးစိုးသီဟက မာမီစိုးအလှဖန်တီးရှင်ဟု နာမည်ခံပြီး ဒုစရိုက်လုပ်ငန်းများကို မှောင်ခိုလုပ်ငန်းသဖွယ် လုပ်ကိုင်စားသောက်နေထိုင်သူဖြစ်သည်။ သူ့ဒုစရိုက်လုပ်ငန်းက လူမှောင်ခိုလုပ်ငန်းအပြင် ပြည်ပနိုင်ငံများမှကုန်ပစ္စည်းများကို အကောက်ခွန်မဲ့ တင်သွင်းနေသူလည်း ဖြစ်သည်။

ယခု နှင်းဆီခိုင် သေဆုံးရခြင်းမှာလည်း မာမီစိုးကို သံသယ တရားခံအဖြစ် သတ်မှတ်လိုက်ရပြန်သည်။

သံသယ တရားခံ သုံးဦးရှိလာပြီဖြစ်သော်လည်းတရားဝင် အဓိကတရားခံအဖြစ်ကိုကားလုံးဝဖော်ထုတ်နိုင်ခြင်း မရှိသေးပေ။

ရဲတပ်ဖွဲ့ဝင်များ ခေါင်းခဲနေချိန်တွင် နှင်းဆီခိုင်၏ သူငယ်ချင်း အခန်းဖော် မော်မော်သင်းပါ၊ နှင်းဆီခိုင်လိုပင် အသတ်ခံခဲ့ရပြန်သည်။ ဆေးမှတ်တမ်းကလည်း နှင်းဆီခိုင် နည်းတူပင်။

သည်သို့ဆိုလျှင် လူသတ်တရားခံက တစ်ဦးတည်းဟု ယူဆ၍ ရသည်။

သို့သော် သဲလွန်စကိုကား ရှာဖွေ၍ မရကြသေး။

(၄)

ရဲအုပ် သက်မောင်က "မအိပ်မနေ အသက်ရှည်၊ မေးပါများ စကားရသည့် မောင်ပေါက်ကျိုင်းထုံး"နှလုံးမူကာ အမာခံသတင်းပေးများနှင့် လေ့လာစုံစမ်းခဲ့ရာ သဲလွန်စတစ်စကို ရခဲ့သည်။

ထိုသဲလွန်စက နှင်းဆီခိုင်တို့၏ အဆောင်ပိုင်ရှင် ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကေသီဝင်းပင် ဖြစ်သည်။

ဒေါ်ကေသီဝင်း၏ နောက်ကြောင်းကို စုံစမ်းလိုက်သောအခါတစ်ချိန်က ပြည့်တန်ဆာခေါင်း ဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် မာမီစိုး၏ အစီအစဉ်ဖြင့် အဆောင်ပိုင်ရှင်အဖြစ် ဟန်ဆောင်နေခြင်းဖြစ်ကြောင်း သိခဲ့ရပြန်သည်။

သည်သို့ဆိုလျှင် မာမီစိုးသည် သံသယတရားခံဘဝမှ အဓိကတရားခံဖြစ်လာနိုင်စရာရာခိုင်နှုန်းများလာလေသည်။

ရဲအုပ် သက်မောင်ကိုယ်တိုင်ပင် အသွင်ယူ လေ့လာ စုံစမ်းခဲ့ရာမှ နောက်ထပ်လူသတ်မှု တစ်မှုကျူးလွန်ခါနီးတွင် အဓိက တရားခံကို ဖမ်းဆီးရမိခဲ့ပါတော့သည်။

(၅)

အဆောင်မှ အခန်းဖော်နှစ်ဦး ရှေ့ဆင့်နောက်ဆင့် အသတ်ခံလိုက်ရသောအခါ အဆောင်ပါနာမည်ပျက်လာသည်။ အဆောင်ပိုင်ရှင် ဒေါ်ကေသီဝင်းပါ တုန်လှုပ် ချောက်ချားလာသည်။

သူမနှင့် အနီးကပ် နေထိုင်လာသူ မြမာလာကိုပင် အိမ်မှာ အဖော်အဖြစ် ခေါ်ထားရသည်။ တစ်နေ့တွင် ဒေါ်ကေသီဝင်းက မာမီစိုးကို အရေးဆိုလာရင်းကအချေအတင် စကားများခဲ့ကြတော့သည်။ ထိုအချိန်တွင် မြမာလာက ဒေါ်ကေသီဝင်း၏ အိပ်ခန်းထဲတွင် ငြိမ်ကုပ်နားထောင်နေသည်

"ကေသီဝင်း နင် ငါ့အကြောင်း သိတယ်နော်။ ငါ့ကို အများက မိန်းမလျှာကြီး အခြောက်ကြီးလို့ ထင်နေအောင် အယောင်ဆောင်ထားပေမယ့် ငါဟာ ယောကျ်ားစစ်စစ်ဆိုတာ နင် အပါအဝင် နင့်သမီးတွေ အားလုံး အသိပဲ မဟုတ်လား"

"သိပါတယ် မဏ္ဍပ်တိုင် တက်ပြမနေပါနဲ့။ ရှင် အသုံးချဖို့ ကျွန်မက လူရှာပေးနေတာလဲ ရှင့်အမြင်ပဲ။ အခုတော့ ကိုယ်မွေးတဲ့ ကြက်ကလေးတွေကို ချက်စားရက်တာတော့ ရှင် ယုတ်မာလွန်းတယ်"

"ဘာ ငါက ယုတ်မာတယ် ဟုတ်လား။ ယုတ်မာတာ မဟုတ်ဘူး။ငါနဲ့ နင့်ရဲ့နောင်ရေး စိတ်အေးသွားအောင် နှုတ်ပိတ်ပေးနေတာ သိရဲ့လား။ အဲဒီကောင်မတွေက ငါ့ကို အာခံလာကြတယ်။ ကွယ်ရာမှာ ရည်းစားတွေ ကိုယ်စီထားပြီး ရှောင်ပြေးကြဖို့လုပ်နေတာ နင်သိရဲ့လား။ ရှောင်ပြေးတာနဲ့တို့လုပ်ရပ်တွေ အကုန်ပေါ်သွားမှာပဲ။ ဒါကြောင့် အချိန်မီ နှုတ်ပိတ်ပစ်လိုက်တာ"

"ရှင်ဟာ ရက်စက်လွန်းတယ်။ သမီးချင်း မစာနာဘူး။ ရှင်ကိုယ်တိုင် အားရအောင် အသွေးအသားကို ဝါးမျိုတယ်။ အားရအောင် ဝါးမျိုပြီးတော့ သူတို့ကို တည်ကြက်လို အယောင်ပြ၊ ထောင်ချောက်ဆင်ပြီး ငွေညှစ်တယ်။ အဆီအသား ဝါးမျိုပြီး ငွေဝယ်ကျွန်တွေလို ခိုင်းစေခဲ့တယ်။ နောက်ဆုံးမှာ လူစိတ်မရှိဘဲ ရက်ရက်စက်စက် သတ်ပစ်တယ်။ ကျွန်မလဲ ဒီမှာ မနေတော့ဘူး"

"ဘာ ဒီမှာ မနေတော့ဘူး ဟုတ်လား။ ဟား--ဟား--ဟား နင် ဒီမှာ မနေရတော့ပါဘူး ကေသီဝင်း၊ နှင်းဆီခိုင်တို့ မော်မော်သင်းတို့လိုပဲ အသေဆိုးနဲ့ သေရစေမယ် စိတ်ချနေ၊ ပြောနေ ကြာတယ်ဟာ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



သေစေရမယ်''

ဦးစိုးသိဟက သူ့ဘောင်းဘီအိတ်ထဲမှ ဓားမြှောင်ကိုထုတ်ကာ ဒေါ်ကေသီဝင်း၏ ရှေ့မှောက်သို့ တရွေ့ရွေ့ဖြင့် ချဉ်းကပ်လာသည်။ ဒေါ်ကေသီဝင်းက ညှပ်ခန်းထဲမှ နောက်သို့ တဖြည်းဖြည်း ဆုတ်လာသည်။ ပါးစပ်ကလည်း တောင်းပန်သည်။

''ရှင်မှားမယ်နော်။ ရှင်ကျွန်မကို သတ်ရင် ရှင်လဲသေရမှာပဲ''

''နင် သေခါနီးလို့ ကယောင်ကတမ်း ပြောမနေနဲ့။ နင့်ကို ဟောဒီဓားနဲ့ ထိုးသတ်ပြီး ကားနဲ့ ထပ်ကြိတ်ဦးမယ်။ ဒဏ်ရာတွေ ဗရပွနဲ့ သေစေရမယ်။ ကဲ ပြောနေတာ ကြာတယ်။ သေပေတော့''

''ဟိတ် မသေချင်ရင် ဓားမြှောင်ချလိုက်ပါ မာမီစိုး။ တစ်အိမ်လုံးကို ဝိုင်းထားပါပြီ။ မာမီစိုးရဲ့ မင်းသား ခေါင်းစွပ်လဲ ပြုတ်ကျသွားလို့ ဘီလူးရုပ်လဲ ပေါ်လာပါပြီ''

ရဲအုပ် သက်မောင်၏ အော်ဟစ် ခြိမ်းခြောက်သံက မာမီစိုးကိုထိတ်လန့်သွားစေကာ ခြေလှမ်းတန့်သွားသည်။ ရဲအုပ်သက်မောင်ကို ကြောင်၍ကြည့်နေစဉ်မှာပင် ဒေါ်ကေသီဝင်း၏ အိပ်ခန်းအတွင်းမှ မြမာလာက မာမီစိုး၏ အရှိုက်ကို တဟုန်ထိုး ကန်ကျောက်လိုက်ရာ မာမီစိုး သတိလစ်သွားလေတော့သည်။

''တာဝန် ကျေပွန်ပါတယ် ညီမလေး မြမာလာ''

''ရဲမေပဲ ဗိုလ်ကြီးရယ်၊ ဒီလောက်တော့ တာဝန်ကျေပွန်ရမှာပေါ့''

''မြမာလာက ဟမ်းဖုန်းနဲ့ အချက်ပေးကတည်းက ဒီအိမ်ကို ဝိုင်းထားပြီးသားပါ''

''မာမီစိုးနဲ့ ဒေါ်ကေသီဝင်းတို့ အချေအတင်ပြောဆိုနေကြတဲ့ အသံတွေကို ဖမ်းထားပါတယ် ဗိုလ်ကြီး''

''အဲဒီ သက်သေခံတွေရော သက်ရှိသက်သေခံတွေပါ အထောက်အထား ပြည့်စုံနေပြီဆိုတော့ မင်းသားခေါင်းစွပ်ထားတဲ့ ဘီလူးယုတ်မာကြီး မာမီစိုးဟာ ဥပဒေစက်ကွင်းထဲ သက်ဆင်းရမှာ သေချာပြီပေါ့ မြမာလာရေ''

''ဗိုလ်ကြီးကို တစ်ခုမေးပါရစေ။ ကျွန်မကို ဒီအဆောင်မှာနေခိုင်းပြီး ဒေါ်ကေသီဝင်းနဲ့ အနီးကပ် ပေါင်းသင်းခိုင်းတာဟာ ဘာအကြောင်းကြောင့်လဲဟင်''

''ဒီအဆောင် နေသူနှစ်ဦးဟာ ကုမ္ပဏီပိုင်ရှင် နှစ်ဦးကိုငွေညှစ်ကြရင်း အသတ်ခံကြရတော့ဒီအဆောင်နဲ့ ပတ်သက်ရမယ်လို့ စဉ်းစားမိတယ်။ ဒါကြောင့် ဒီအဆောင်ပိုင်ရှင် ဒေါ်ကေသီဝင်းရဲ့နောက်ကြောင်းကို လိုက်ရင်းက မာမီစိုးနဲ့ ဆက်စပ်နေတာကို သိလာရတယ်။ နောက်ဆုံးမှာ ဒေါ်ကေသီဝင်းကိုပါ နှုတ်ပိတ်မှာ ကြိုသိနေလို့ မြမာလာကို ဒေါ်ကေသီဝင်းရဲ့ ဘေးနားမှာ လူယုံအဖြစ် နေစေခဲ့တာပေါ့''

''တော်ပါပေတယ် ဗိုလ်ကြီးရယ်''

''ရဲအတွေ့အကြုံက စကားပြောတာပေါ့ ညီမလေးရယ်''

**မောင်ငြိမ်းသူ**
**(ကြို့ပင်တောက်)**



www.burmeseclassic.com

www.burmeseclassic.com



# ဆုငွေချီးမြှင့်မည့် မှုခင်းပဟေဠိ

အမှတ် (၆၄)အတွက် အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

မေးခွန်းနံပါတ် (၁) ဝတ္တုလေးရဲ့ ခေါင်းစဉ်ကို အနှစ်သာရရှိရှိ ဘယ်လိုပေးရင် ကောင်းမလဲ?

မေးခွန်းနံပါတ် (၂) တရားခံကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် သဲလွန်စတွေက ဘာတွေလဲ?

မေးခွန်းနံပါတ် (၃) သည်မှုခင်းဖြစ်ပေါ်ရခြင်းရဲ့ အကြောင်းအရင်းတွေက ဘာတွေလဲ?

မေးခွန်းနံပါတ် (၄) ဒီမှုခင်းဝတ္ထုတိုကို ဖတ်ပြီး ဘာတွေ သင်ခန်းစာယူသင့်သလဲ?

အဖြေလွှာများကို သီးခြားလျှောက်လွှာဖြင့် ဖြေဆို၍ မှုခင်းရှုထောင့်ရာသစုံမဂ္ဂဇင်းရုံး (အမှတ်၉၆၊ မဟာသုခလမ်း၊ ကျိုက်ဝော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့)သို့ ၁၀ပမူ၍ (၁၀-၃-၂၀၁၃)နေ့ နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် ဖြေဆိုကြရာ၌ အဓိကအချက်ကို လိုတိုရှင်းသာ ဖြေကြပါ။ ကျိုးကြောင်းဖော်ပြချက်ကို ရှည်လျားစွာ ရေးသားထားပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

**မှတ်ချက်**

၁။ ဆုငွေရရှိသူများသည် နိုင်ငံသားမှတ်ပုံတင်နှင့်အတူ မှုခင်းရှုထောင့်ရာသစုံမဂ္ဂဇင်းရုံး တည်ရှိရာ နေရာတွင် ကိုယ်တိုင်လာရောက် ထုတ်ယူနိုင်ပါသည်။



www.burmeseclassic.com


www.burmeseclassic.com

# HURRICANE

## RESTAURANT & KTV

- ထူးကဲ၍ အရသာရှိသော စားဖွယ်ရာမျိုးစုံနှင့်
- မြန်မာဘီယာ၊ စည်ဘီယာ၊ အဖျော်ယမကာများနှင့်အတူ
- မြူးကြွဟစ်ကြွေး သံစဉ်တေးများ၏ ဖျော်ဖြေတင်ဆက်မှုများနှင့်တကွ
- တစ်နေ့တာ ပင်ပန်းနွမ်းနယ်သမျှတွေကို
- HURRICANE RESTAURANT & KTV မှ


ထာဝစဉ် ကြိုဆိုဖိတ်ခေါ်လိုက်ပါတယ် .......




အမှတ်(၇၄)၊ လေးထောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း – ၅၇၉၀၂၆

www.burmeseclassic.com

www.burmeseclassic.com



အောင်မင်း
(ယက္ကန်းမြေ)

# လူမိုက်က ကျွန်တော်

တရားရုံးမှာ ယုံယုံကြည်ကြည် အာမခံခဲ့သူ
ပြစ်ဒဏ်ကျခံရတဲ့ ဇာတ်လမ်းတစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com



## "လူမိုက်က ကျွန်တော်"

အောင်မင်း
(ယက္ကန်းမြေ)

(၁)

ကျွန်တော့် နာမည်က အောင်ဖော်ပါ။ သပြေကုန်းရွာ တစ်ရွာလုံး ကျွန်တော့်ကို မသိတဲ့လူ မရှိပါဘူး။ ကျွန်တော့် အသက်က (၄၂)နှစ်၊ မိရိုးဖလာ လယ်အလုပ်ပဲ လုပ်ပါတယ်။ အတန်းပညာကတော့ ရွာက မူလန်းအဆင့် အောင်ရုံပဲ တက်ခဲ့ရပါတယ်၊ ကျောင်းက စထွက်ကတည်းက မိဘတွေရဲ့ လယ်အလုပ်ကိုပဲ ဝင်လုပ်တယ်၊ မိဘတွေရဲ့စကားကို မြေဝယ်မကျ နားထောင်တယ်၊ အသက် (၂၀) မှာ တစ်ရွာတည်းနေတဲ့ "နှင်းမြ"နဲ့ အိမ်ထောင်ကျတယ်။ "နှင်းမြ"ကိုလည်း ကျွန်တော့် အစွမ်းအစကြောင့် ရတာမဟုတ်ဘူး။ မိဘတွေက ပေးစားလို့ ရခဲ့တာ။ ကျွန်တော့်အစွမ်းနဲ့ဆို ဝေးသေး။ ဒါပေမယ့် ကျွန်တော့်မှာလည်း မိန်းကလေးတွေ အားကိုးချင်လောက်တဲ့ ဂုဏ်ပုဒ်တွေရှိပါတယ်။ အရက်မသောက်တတ်ဘူး။ မိန်းမ မလိုက်စားတတ်ဘူး။ လောင်းကစားဆိုရင် ဝေးဝေးရှောင်ခဲ့တဲ့သူပါ။ အလုပ်ကိုလည်း ကြိုးစားတဲ့ သားအလိမ္မာ လူရိုးလူအလေးဆိုတော့ မတော်တရော်တွေနဲ့ တွေမှာကို မိဘတွေက စိတ်ပူပြီး နှင်းမြနဲ့ နေရာချပေးတာ။ နှင်းမြကလည်း အလိမ္မာ အိမ်ပါတဲ့ ဇနီးကောင်းတစ်ယောက်ပါ။

ကျွန်တော်နဲ့ နှင်းမြ အိမ်ထောင်ကျပြီးတဲ့နောက် ကျွန်တော်အလုပ်ကို နှစ်ဆတိုးကြိုးစားတယ်။ သားတစ်ယောက်၊ သမီးတစ်ယောက် ရလာတော့ ကျွန်တော့်အိမ်ရဲ့ စီးပွားရေးဟာ မတောင့်မတာ မကြောင့်မကြတဲ့ အခြေအနေကို ရောက်လာတယ်။ ကျွန်တော့်ဘဝမှာလည်း မကောင်းတဲ့အရာ မှန်သမျှကို ဝေးဝေးက ရှောင်ကြဉ်ပြီး သာယာချမ်းမြေ့တဲ့ မိသားစု ဘဝလေးကို ပိုင်ဆိုင်ထားတဲ့ သူတစ်ယောက်ဆိုပါတော့။ အဲဒီအထိတော့ ကျွန်တော် မမိုက်သေးဘူးနော်။ ဒါပေမယ့် ဇာတ်လမ်းက ဒီနောက်မှ စလာမယ်။

ကျွန်တော့်မှာ အားနည်းချက်တစ်ခု ရှိတယ်ဗျ။ ဒါကတော့ တစ်ဖက်သားကို အလွန်အားနာတတ်ခြင်းပဲ။ ရွာထဲမှာ ကျွန်တော်ႏ ကတောက်ကဆ ဖြစ်ဖူးတဲ့သူ၊ ဗိုလ်ို့ တစ်ယောက်မှ မရှိဘူးလို့ ပြောလို့ရတယ်။ လူတိုင်းနဲ့ သင့်မြတ်အောင်နေတယ်။ မွေးရာပါ ပရဟိတ စိတ်ဓာတ်ကြောင့် လူတိုင်းကို ကူညီတယ်၊ ရိုင်းပင်းတယ်။ ဒါကြောင့်မို့ ရွာရဲ့ သာရေး၊ နာရေးတွေမှာ ကျွန်တော်မပါရင် ပွဲမစည်ဘူးလို့တောင် ပြောကြတယ်။ နေရာတိုင်းမှာ အောင်ဖော်ဆိုတဲ့ နာမည်အစား ချစ်စနိုးနဲ့ အောင်ကြီးလို့ပဲ ခေါ်ကြတော့တာပေါ့။

အိမ်က ဇနီးအလှ မနှင်းမြကလည်း အသွင်တူလို့ အိမ်သူဖြစ်တယ်ဆိုတဲ့ စကားအတိုင်းပဲ ကျွန်တော်က ဘူးဆိုရင် နှင်းမြက ဖရုံမသီးတတ်တဲ့ ပါရမီဖြည့်ဖက်ပေါ့။ ဒါပေမယ့် သူမကတော့ ကျွန်တော့်ကို အမြဲတမ်းပြောတဲ့ စကားတစ်ခွန်းရှိတယ်ဗျ။

"ကိုအောင်ဖော် စေတနာဟာ လူတိုင်းနဲ့ မတန်ဘူးရှင့်" တဲ့ ကျွန်တော်ကလည်း တစ်ခွန်းတည်းပဲ ပြန်ပြောခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



“အေးပါ နှင်းမြရယ် ငါနားလည်ပါတယ်” ပေါ့။

ကျွန်တော် လူမိုက်တစ်ယောက် ဖြစ်စေခဲ့တဲ့ ဇာတ်လမ်းကို နိဒါန်းရေးသူက ရွာတောင်ပိုင်းက ခင်ထားရဲ့ ယောက်ျား ဖိုးထူး။ ခင်ထားဆိုတာ ကျွန်တော်နဲ့ ဆွေမျိုးမကင်းဘူး။ စပ်မယ်ဆိုရင် ကျွန်တော်ရဲ့တူမ သုံးလေးဝမ်းကွဲတော်မှာပေါ့။ ဖိုးထူးက ကျွန်တော်တို့ သပြေကုန်းရွာသား မဟုတ်ဘူး။ အထက်အညာ ကျေးရွာကလို့တော့ ပြောတာပဲ။ ရွာကို အညာဒေသထွက် ပစ္စည်းလေးတွေ လာရောင်းရင်း ခင်ထားနဲ့ အကြောင်းဆက်ပြီး ပေါင်းဖက်မိကြတာ။ ကောင်လေးက အသောက်အစား မကင်းဘူး။ ယမကာလေး အာခံတွင်းထဲ ရောက်သွားရင် “ဘယ်ခွေးမှ လူမထင်၊ ဇမ္ဗူဒိတ်တစ်လွှား ငါသာလျှင် ယောက်ျား” ဆိုပြီး လက်မ တစ်ထောင်ထောင် လုပ်တတ်လွန်းလို့ ပတ်ဝန်းကျင် အိမ်တွေနဲ့ သဟဇာတ မဖြစ်ဘူးလို့လည်း သိရတယ်။

အဲ ပြဿနာစတဲ့နေ့က ကျွန်တော်တို့နေတဲ့ရွာ မြောက်ပိုင်းမှာ အသုဘရှိတော့ ပိုကာဝိုင်းလေး ဘာလေး ဖြစ်တာပေါ့။ ဖိုးထူးက ညနေပိုင်းကတည်းက ဒီဝိုင်းကို ရှူးကြောင် မူးကြောင်နဲ့ ရောက်နေတာ။ ည(၉)နာရီကျော်လောက်ကျတော့ ဖိုးထူးတစ်



ယောက် ပိုကာဝိုင်းကနေ သူနေတဲ့ ရွာတောင်ပိုင်းကို ပြန်တယ်။ ရေချိန်ကိုက်နေပြီဆိုတော့ လမ်းတစ်လျှောက်မှာ သီချင်းအော်ဆိုလိုက်၊ ဘယ်အချိန် ဘယ်ကာလ ကမှန်းမသိတဲ့ မကျေနပ်တဲ့သူတွေကို မကြားဝံ့ မနာသာဆဲဆိုလိုက် လုပ်နေတော့တာပေါ့။ ဒီမှာတင် ရွာလယ်ပိုင်းက ဦးထွန်းမောင်ရဲ့ အိမ်ရှေ့အရောက် ဦးထွန်းမောင်က အိမ်ခြံတံခါးအပိတ် သွားတွေ့တယ်။ ဦးထွန်းမောင်ကလည်း ခြံဝင်းတံခါးပိတ်နေရာက အမြင်မတော်တော့ ဖိုးထူးကို လှမ်းပြီးဆုံးမလိုက်မိရာက ဦးထွန်းမောင်နဲ့ ငြိတော့တာပဲ။ နောက်ဆုံး ဦးထွန်းမောင်ကို ဆဲဆို ရမ်းကားရုံတင်မကဘူး၊ အနားမှာရှိတဲ့ ခြံတိုင်တစ်ချောင်းနဲ့ ရိုက်လိုက်တာ ခေါင်းကိုထိပြီး ဦးထွန်းမောင်တစ်ယောက် အဲဒီနေရာမှာတင် ပုံကျသွားတယ်။ အိမ်ထဲက လူတွေနဲ့ အိမ်နီးနားချင်းတွေ အသံကြားတော့ ချက်ချင်းရောက်လာပြီး ဆွဲကြ ခွဲကြတော့ ပြီးသွားတယ်။ ဦးထွန်းမောင်ကိုတော့ ချက်ချင်းဆေးရုံကို ပို့လိုက်ရပါလေရော။ ဒီတော့ ဦးထွန်းမောင်ရဲ့ အသိုင်းအဝိုင်းက မကျေမနပ်ဖြစ်ပြီး ဖိုးထူးကို ရဲစခန်းမှာ အမှုဖွင့်ကယ်။ ရဲစခန်းက ဖိုးထူးကို မကြားဝံ့ မနာသာဆဲဆိုတာရယ်။ ဦးထွန်းမောင်ကို ရိုက်လို့ အပြင်းအထန် နာကျင်စေမှုတွေနဲ့ တရားရုံးကို တရားစွဲ တင်ပို့တော့တာပေါ့။

ဖိုးထူး တရားရုံးတက်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ့်နေ့က မနက်အစောကြီး ကျွန်တော် လယ်တဲကို သွားမယ့် ဆဲဆဲအချိန် ခင်ထား ကျွန်တော့်ဆီ ရောက်လာတယ်။ သူမက "ဦးလေး မသွားပါနဲ့ဦး"လို့ မေတ္တာရပ်ခံတော့ ခဏထိုင်ပြီး သူမ ပြောစကားကို နားထောင်ရတယ်။ သူမ ယောက်ျားဖိုးထူး တရားရုံး တက်ရမယ့်ကြောင်း တရားရုံးမှာ ဖိုးထူးကို အာမခံ မယ့်သူ မရှိတဲ့အကြောင်း၊ အာမခံမရရင် သူမယောက်ျား အချုပ်ထဲမှာ အနေဆင်းရဲ၊ အစားဆင်းရဲနှင့် မျက်နှာငယ်ရတော့မယ့်ကြောင်း ဆွေမျိုးတွေက သူမကို ပစ်ထားကြတဲ့အကြောင်းကို မျက်ရည်လေး တစမ်းစမ်းနဲ့ ကျွန်တော့်ကို ရင်ဖွင့်တယ်။ အဓိက,ကတော့ ကျွန်တော်က သူမယောက်ျားဖိုးထူးကို တရားရုံးမှာ လိုက်ပြီး အာမခံပေးဖို့ပါပဲ။

ခင်ထား ပြောတာတွေလည်း မှန်သင့်သလောက်တော့ မှန် တယ်။ သူမမှာ မွေးချင်းတစ်ယောက်မှ မရှိတဲ့အပြင် မိဘနှစ်ပါးစလုံးလည်း မရှိကြတော့ဘူး။ ဦး လေးအရင်း၊ အဒေါ်အရင်းတွေ ရှိကြပေမယ့် ဖိုးထူးကို ကြည့်မရလို့ ပစ်ထားကျတာ။ ဒီလောက် ဆိုးတဲ့သူ နောင်ကြဉ်ပြီး မှတ်သွားအောင် ဆိုတဲ့ သဘော။ ဒီတော့ ခင်ထားရဲ့ တိုက်စစ်မြားဦးက ကျွန်တော့်ဆီ လှည့်လာတာပေါ့။ အင်းလေ ခင်ထားက တူမဆိုတော့ ဖိုးထူး ကိုလည်း တူတစ်ယောက်လို သဘောထား ရတာပေါ့။ အားငယ်သူကို အားပေးရမယ်။ ဒုက္ခရောက်နေတဲ့ သူကိုတော့ တတ်နိုင်သလောက် ကူညီရတော့ မယ်လေ။ ငြင်းရမှာလည်း အားနာတယ်။ ဒါကြောင့်မို့ ဖိုးထူး ဆိုးခဲ့တာ၊ ပေခဲ့တာတွေကို ခဏထားလို့ တူမဖြစ်သူ ခင်ထား စိတ်ချမ်းသာ ရလေအောင် တရားရုံးတော်မှာ ဖိုးထူးကို အာမခံဖို့အရေး ခင်ထားနဲ့ လိုက်ခဲ့ တယ်။

တရားရုံးမှာ တရားသူကြီးက ကျွန်တော့်ကို အတန်တန် မေးပါတယ်။ ဖိုးထူးကို ရုံးတော်က ချိန်းဆိုတဲ့နေ့မှာ ရောက်လာ စေဖို့ ကျွန်တော်တို့ကလည်း အရောက်ပို့ပေးဖို့ ပျက်ကွက်ခဲ့ရင် ဖိုးထူးကို တရားခံပြေးနဲ့ အရေး ယူသလို အာမခံတဲ့ ကျွန်တော်နဲ့ ခင်ထားကိုလည်း အာမခံ ခံဝန် ဖောက်ဖျက်မှုနဲ့ ဥပဒေကြောင်း အရ အရေးယူမယ်ဆိုတာတွေပါ။ ကျွန်တော်လည်း ဖိုးထူးကို ရုံး တော်က ချိန်းဆိုတဲ့နေ့ကို တက် ရောက်ဖို့နဲ့ ပျက်ကွက်လို့ ရုံးတော် ကို အရောက်မပို့နိုင်ရင် အရေး ယူခံပါမည်အကြောင်း ဝန်ခံလက် မှတ် ထိုးပေးခဲ့ပါတယ်။ ဒီတော့ ဖိုးထူးလည်း ရုံးတော်မှာ အာမခံ နဲ့ ရွာကိုပြန်ရောက်လာပြီ ဆိုပါ တော့။

(၂)

အဲဒီနောက် ကျွန်တော် တို့ လယ်သိမ်းချိန်ဆိုတော့ လယ် တဲမှာပဲ အလုပ်တွေ လက်မ လည်အောင် လုပ်နေရတယ်။ ဒါ ကြောင့်မို့ ရွာကို မပြန်ဖြစ်ဘူး။ တစ်လလောက် ကြာသွားတယ် ထင်ပါတယ်။ တစ်နေ့က ညနေ ပိုင်းမှာ လယ်တဲကို နှင်းမြတစ် ယောက် ရေးကြီးသုတ်ပျာနဲ့ ရောက်လာတယ်။ ကျွန်တော် နွားတွေ သိမ်းနေတဲ့အချိန်ပေါ့။ နှင်းမြက ရောက်ရောက်ချင်း ကျွန်တော့်ကို "အကိုကြီးတော် ဆောင်ကြီး ကိုအောင်ဇော် ရှင့် ကို ဒီစာလေးလာပေးတာ" တဲ့



www.burmeseclassic.com

www.burmeseclassic.com





ခန့်တဲ့ လေသံနဲ့ စာကိုလှမ်းပေးတယ်။ ကျွန်တော် စာကို လှမ်းယူရင်း နှင်းမြ မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ နှင်းမြရဲ့ မျက်လုံးတွေထဲမှာ ခံပြင်းဒေါသထွက်နေတဲ့ အရိပ်အရောင်တွေနဲ့ စိုးရိမ်စိတ်တွေ ပြည့်လျှမ်းနေတဲ့ အရိပ်အရောင်တွေ ရောပြွမ်းနေတာကို တွေ့လိုက်ရတယ်။

စာကိုဖတ်ကြည့်လိုက်တော့ ကျွန်တော် ခေါင်းနားပန်းကြီးသွားတယ်။ တရားရုံးက ကျွန်တော့်ကို ဆင့်ခေါ်တဲ့စာ။ ဖိုးထူး တစ်ယောက် တရားရုံးတက်ဖို့ သုံးလေးကြိမ် ပျက်ကွက်နေတဲ့အတွက် အာမခံခဲ့တဲ့ ကျွန်တော့်ကို ဆင့်ခေါ်တာ။ ကျွန်တော်ရွာကို ချက်ချင်းပြန်၊ ရွာတောင်ပိုင်းက ဖိုးထူးတို့ လင်မယားနေတဲ့ အိမ်ဘက်ကို လိုက်သွားပြီး စုံစမ်းလိုက်တော့ ကြားရတဲ့သတင်း စကားဟာ နားဝမှာ အပြင်းဖျား သွားသလို ပါပဲဗျာ။ ဖိုးထူးတို့ လင်မယား အိမ်မှာ မရှိတော့ဘူး။ အိမ်နီးချင်းတွေကို မေးကြည့်တော့ သူတို့ဘယ်အချိန်က အိမ်ကိုပစ်ပြီး ထွက်သွားကြမှန်း မသိကြဘူး။ ခင်ထားရဲ့ဦးလေး၊ အဒေါ်အရင်းတွေဆီကို သွားမေးတော့လည်း မသေချာ၊ မရေရာတဲ့ အဖြေသာ ရခဲ့ရတယ်။ ကျွန်တော်ဟာ ''ထိုင်နေရင် အကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ'' ဆိုသလို ဖြစ်နေပါပြီ၊ ဖိုးထူးက သူ့ရွာကို ပြန်သွားတယ်ဆိုပြီး လိုက်သွားရအောင်လည်း သူ့ကို အညာသားဆိုတာသာ သိထားတာ။ ဘယ်အရပ်၊ ဘယ်ရွာဘာမှန်း တိတိကျကျ ဘယ်သူမှ မသိ။ သူတို့လင်မယား ရွာမှာနေကတည်းက ကောက်စိုက်လိုက်၊ ပျိုးနုတ်လိုက်နဲ့ ကြုံရာကျပန်းလုပ်ကိုင် စားသောက်တဲ့သူတွေ။ အစကတ^^းက ဖိုးထူးကို သိပ်မယုံချင်ခဲ့ပေမယ့် တူမဖြစ်သူ ခင်ထားရဲ့ မျက်နှာကို ငဲ့ပြီး တရားသူကြီး ရှေ့မှောက်မှာ သူ့အတွက် အာမခံပေးခဲ့တယ်။ အခုတော့ ဘယ်လိုက်လို့ လိုက်ရှာရမှန်းမသိ။ ဘာသတင်း အစအနမှလည်း မရ။ ကျွန်တော့်အဖြစ်က ''မျောက်သစ်ကိုင်း လွတ်သလို'' ပေါ့ဗျာ။

ရွာထဲကဆို ကျွန်တော့်ကို ဝိုင်းပြောနေကြပြီ။ ''အောင်ကြီး၊ ဒီကမ္ဘာမှာ မင်းလောက်မိုက်တဲ့ကောင် မရှိတော့ဘူး''တဲ့။ ဟုတ်ပါတယ် ကျွန်တော်ဟာ လူမိုက်တစ်ယောက်ဆိုတာ အခုမှ ကိုယ့်ကိုယ်ကိုယ် သတိထားမိတော့တယ်။ ကျွန်တော့်ထက် မိုက်တဲ့သူတောင် ကျွန်တော့်လောက် မိုက်မယ် မထင်ပါဘူး။ ဘာမှ အခြေအမြစ်မရှိတဲ့ ဖိုးထူး။ ရေချိန်ကိုက်လာရင် မိုက်ရူးရဲဆန်စွာ လက်သွေးချင်တဲ့ ဖိုးထူး။ လူကြီးသူမတွေရဲ့ အမြင်မတော်ဆိုဆုံးမမှုကို လက်မခံဘဲ လက်တုံ့ပြန်တတ်တဲ့ ဖိုးထူး။ ဒီလိုလူ



www.burmeseclassic.com

www.burmeseclassic.com





တစ်ယောက်ကို ကျွန်တော်ဆိုတဲ့ ငနဲသားက ပဲကြားစေ့လောက်တောင် မစဥ်းစားဘဲ တရားသူကြီး ရှေ့မှောက်မှာ သူ့အတွက် ရုံးတော်ကို မပျက်မကွက် လာရောက်ပါစေရမယ်လို့ အာမခံပြီး ခံဝန်လက်မှတ် ရေးထိုးပေးခဲ့သူ။ အခုတော့ ဖိုးထူးတစ်ယောက် အမှုကို ရင်မဆိုင်ဘဲ ပြေးလေပြီ။ သူပြေးလို့ သူ့ကို တရားခံပြေး အဖြစ်နဲ့ အရေးယူမှာကနောက်။ လောလောဆယ် အာမခံခဲ့တဲ့ ကျွန်တော့်မှာတော့ "မျောက်မီးခဲ ကိုင်မိသလို" ဖြစ်နေပြီ။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့်ဇနီး နှင်းမြမှာလည်း မျက်ရည်နှင့်မျက်ခွက်။ နှင်းမြကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားခဲ့တဲ့ ကျွန်တော်။ အခု နှင်းမြ စိတ်ဆင်းရဲနေရပြီ။

နှင်းမြ ကျွန်တော့်ကို ပြောခဲ့တဲ့ စကားတစ်ခွန်းဟာ ဒီတစ်ကြိမ်တော့ ကျွန်တော့်ရင်ကို စူးစူးနင့်နင့် ထိမှန်ခဲ့တာ။ ကိုယ်ချင်းစာ တရားလေးနဲ့ စေတနာထားခဲ့မိသူ တစ်ယောက်အတွက် ခင်ထားနဲ့ ဖိုးထူးရဲ့ ရိုက်ချက်က အသက် ထွက်လောက်ပါတယ်။

ကျွန်တော့်အမေ ပြောဖူးတဲ့ စကားတစ်ခွန်း ရှိပါတယ်။ "ငါ့သား ကိုယ်ကလွဲရင် ကိုယ့်ဒူးတောင် သိပ်မယုံရဘူး"တဲ့။ ခင်ထားနဲ့ ဖိုးထူးကို ယုံလိုက်မိတဲ့ ကျွန်တော်၊ ငြင်းရမှာလည်း အားနာ၊ "မဖြစ်တန်ကောင်းပါဘူး" လို့ ပေါ့ဆစွာ တွေးယူလိုက်မိတဲ့ ကျွန်တော့်ရဲ့ မှားယွင်းမှု။

အခုတော့ နောင်တတရားတွေကို ရင်ဝယ်ပိုက်ပြီး တရားရုံးက ပေးအပ်လာမယ့် အပြစ်ဒဏ်ကို ကျေနပ်စွာ ခံယူရုံမှတစ်ပါး ကျွန်တော့်မှာ ရွေးချယ်စရာ လမ်းမရှိတော့ပါဘူး။

တကယ်တော့ ဒီဇာတ်လမ်းမှာ ဖိုးထူးကို အာမခံခဲ့တဲ့ ကျွန်တော်သည်သာလျှင် လူမိုက် တစ်ယောက်ပါ။

"လူမိုက် က ကျွန်တော်" ပေါ့ဗျာ။

(ပြစ်မှုကျူးလွန်သူများကို တရားရုံးတွင် လိုက်လံအာမခံပေးတတ်သူများ သတိပြုဆင်ခြင်နိုင်ရန် အတွက် ဤဝတ္ထုတိုအား ရေးသားလိုက်ရပါသည်)

**အောင်မင်း**

**(ယက္ကန်းမြေ)**



www.burmeseclassic.com

www.burmeseclassic.com



ခင်ဦး
(ရတီးကျုန်း)

ဒေါင်းစိန်တို့
သတ်လိုက်တဲ့
စံသိန်းရဲ့
တတ်လမ်းတစ်ပုဒ်

# ရှိတာတက်
# အသိတာသက်တယ်



www.burmeseclassic.com

www.burmeseclassic.com



## ''မရှိတာထက် မသိတာခက်တယ်''

ခင်ဦး (ပုတီးကုန်း)

တစ်နေ့သော ညနေခင်း နှင်းမှုန်တို့ အုံ့ဆိုင်းနေချိန်၊ မှုန်ပျပျ နေရောင်ခြည်က အနောက်ဘက်မှ အားယူထိုးဆင်းလျက် နှင်းထုကို မဖောက်နိုင်။

ဆောင်း၏ ဘုရင်က 'နှင်း'မို့ နေမင်းကိုအံတုရဲနေရှာသည်။ ရေးတေးတေးမြင်ရသော မြေမာလမ်းကလေးပေါ်၌ ဈေးသည်မကြီး ဒေါ်သူဇာ တစ်ယောက် အမြန် လျှောက်ရင်း အိမ်ပြန်နေရှာသည်။ အအေးဓာတ်ကြောင့် ခေါင်းဖုလုပ်လာသော ပုဆိုးပိုင်းကိုဖြန့်၍ခြုံလိုက်သည်။ ကုန်များ လုံးဝမရှိတော့သော တောင်းဗလာကို ခါးစောင်းတင်လျက် သုတ်ခြေတင်နေတော့သည်။

ရွာကြီးလည်း မဟုတ်၊ ရွာငယ်လည်းမဟုတ်၊ တိုးတက်စပြုနေသော ရွာလေးတစ်ရွာအတွင်း ဒေါ်သူဇာတို့ သားအမိမှာ မသိသူ ရှားလှသည်။ လင်သားမရှိ။ သမီးတစ်ဦးနှင့်သားတစ်ဦးကို ရိုးသားစွာလုပ်ကိုင်ကျွေးမွေးနေသည့် မိခင်ကောင်းကြီး တစ်ဦးဖြစ်သည်။ မုဆိုးမတစ်ဦးပင်ဖြစ်လင့်ကစား သားသမီးများ အပေါ် ထားရှိသော မိဘမေတ္တာ ရည်မှန်းချက်ကြီး၍ ပညာတတ်များအဖြစ် မိမိရင်သွေးများကို ဖြစ်လာစေလိုသော ဆန္ဒဖြင့် နေ့မအား ညမအား စီးပွားရှာလျက်ရှိသည်။

တုံး တုံး တုံး

ဒေါက် ဒေါက် ဒေါက်

ရှုးရဲ ရှူး ရှူးရဲ ရဲ ရှူး

ဤသို့သော အသံများက ကန်နှစ်ဆင့်ရွာကလေး၏ ဂီတသံသာများအလားနေ့စဉ်မြည်နေသည်။ တစ်ရွာလုံးသည် ကြေးပန်ထိမ်လုပ်ကိုင်စားသောက်ကြ၍ တူသံ၊ ဖားဖိုသံများ တညံညံ စည်ကားလှပေသည်။ စီးပွားရေးပြယုဂ်ဖြစ်၍ ထိုအသံများ တိတ်ဆိတ်နေလျှင် ထိုရွာလည်း စီးပွားရေး ကျဆင်းလာကြောင်း သိရသကဲ့သို့ အသံဗလံများ ဆူညံနေပါက ကြေးပန်းထိမ်အလုပ်ကောင်းနေကြောင်းသိရသည်၊ ဒေါ်သူဇာမှာ ထိုပန်းထိမ်တို့၏ အာဟာရဖြည့်တင်းရေးအတွက် ကျေးရူးရှင်ကြီးဖြစ်ပေသည်။ မြို့သို့ တက်၍ ဟင်းရွက်ဟင်းသီး၊ မုန့်ပဲသရေ ကာ၊ အဝတ်အထည်တို့ကိုဖြန့်သည်။ ပန်းထိမ်မှထွက်သောလက်ကောက်၊လက်စွပ်၊ ဆွဲကြိုးစသည့်ပုံဆန်းလေးများကို မြို့မှ ကုန်သည်များထံ ဆက်သွယ် ရောင်းချပေးတတ်သည်။

''ဟေ့ မသူဇာရေ ဒီနေ့ အထည်ဆန်းတွေ ပါတယ်ကြားလို့ ဝင်ပါဦး''

တစ်နေ့တွင် မြို့မှအပြန် ရွာလယ်မှ ဒေါ်ခင်နွဲ့က ဒေါ်သူဇာအားလှမ်း၍ ခေါ်လိုက်သည်။

''ဟုတ်ပါ့တော် နွေဝတ်လေးတွေလေ''

''ဟယ် ကိုက်ထိုးတွေ ပါလား၊ တစ်ကိုက်စတွေက ဘယ်ဈေးလဲ''

''တစ်ကို ၁၅၀၀ိ/- ကျပ်ပါ''

'အဆင်လေးတွေက မဆိုးပါဘူး။ တစ်စတော့ရွေးထားဦးမယ်''

'အို နှစ်စတော့ယူထားပေါ့ မနွဲ့ရဲ့''

ကျွန်မက မနက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



လောက်မှာ မြို့ကိုသွားမလို့စိတ်ကူးထားတယ်။ မြို့မှာကုန်စည်ပြပွဲရှိတယ်တဲ့။

''အေး စပြီ။ ဆိုင်တွေဆောက်နေကြလေရဲ့။ ဖွင့်တဲ့ဆိုင်လဲဖွင့်နေပြီ။ ကျွန်မလဲ အလှကုန်ပစ္စည်းလေးတွေ သွားဝယ်မလို့''

''အောင်မယ် ညည်းက အလှအပဆင်ဦးမလို့လား''

''ဟယ် ငါ့သမီးလေး ဘွဲ့ယူသွားမှာလေ၊ ငါလဲလှလှလေးလုပ်သွားရမှာပေါ့။ ဒါမှငါ့သမီးလေးမျက်နှာမငယ်ရမှာပေါ့''

''ဟယ် တော်လိုက်တာ ညည်းသားကတော့ ရွာရိုးကိုးပေါက် လျှောက်ပြီး အရက်သောက်နေတာပဲတွေ့တယ်''

''ဘမျိုး ဘိုးတူပေါ့ဟယ်၊ ဖခင်ကြီးလဲ သူ့ဘဝကို မူးယစ်ဆေးဝါးက အနိုင်ယူသွားတာသူအသိသားပဲ၊ အမြဲဆုံးမပါတယ်။ ငါးရာ့ငါးဆယ်နိပါတ်တော်လာ သူရာ မေရယကံ ထိုက်လို့ ဒုက္ခဆင်းရဲ ကြုံတွေ့ရတဲ့ပုံ၊ ရာဇဝင်တွေ ဘုရားဟောတဲ့ အကြောင်းတွေကို အလျဉ်းသင့်သလို ငါလဲ ပြောဆိုဆုံးမပါတယ်။

''မူးယစ်ဆေးဝါးကြောင့်ဖြစ်လာရတဲ့ ရောဂါဝေဒနာတွေနဲ့ ပတ်သက်လို့ ကျန်းမာရေးစာစောင်တွေမြို့ကနေပြီးဝယ်လာ ဖတ်ခိုင်းပေါ့။ ကိုယ်ကလဲ ဖတ်ပြပေါ့''

''အင် ဘုန်းကြီး စာချဖြစ်နေတာ၊ အရက်စွဲရင်ဘာမှ ဆိုဆုံးမလို့ မရတော့ဘူး။ သူတို့စိတ်ထဲမှာ ချက် ချက် ချက်ဆိုတဲ့ စက္ကန့်နဲ့ အချိန်တိုင်းမှာ အရက် အရက် အရက်လို့ပဲ တွေးနေကြတာ။ အာသာ ဆန္ဒတွေရှိနေကြတာ''

''ဟုတ်မှာပါလေ တဖြည်းဖြည်းဆွဲဆောင်ပေါ့ဟယ်''

သားဖြစ်သူ 'စံသိန်း' လေး၏ အကြောင်းကို မိခင်ဖြစ်သူ ဒေါ်သူဇာမှာ အသိဆုံးဖြစ်၍ သားအကြောင်းပြောတိုင်း နှလုံးအိမ်တစ်ခုလုံး ပြုတ်ကျမတတ်ခံစားရသည်။ သားလေး၏ စိတ်ဆန္ဒရမ္မက်သည် အရက်သာဖြစ်နေသည်ကို နေ့စဉ် မြင်တွေ့ရသူ မိဘတစ်ဦးအတွက် ရတက်မအေးနိုင်ရှာပေ။

မိဘကို သနားညှာတာမှုမရှိ။ ကိုယ်ချင်းစာနာမှုကင်းဝေးကာ အရက်ဖိုးအတွက် မိခင်ကြီးကို နေ့စဉ် လက်ဝါးဖြန့်သည်။ ချွေးအလိမ်းလိမ်းဖြင့် ပေကျံနေသော ဘော်လီအိတ်ကပ်ကြားမှ ငါးရာတန်လေးသည် ညနေစောင်းတိုင်း ထွက်လာမြဲပင်။

''အမေ့ရာ ငါးရာတည်းပဲလား''

ထိုစကားကို ကြားရတိုင်း မောပန်းလာသော ဈေးသည်မ မျက်နှာကို မထောက်၊ မိမိလုပ်စာမရှိဘဲ တောင်းရက်သည့်သားကို ရှုံ့မှုန်းစွာကြည့်ရင်း အသံမဲ့ နာကြည်းမှုများကား နေ့စဉ် နှလုံးသား၌ ရစ်ပတ်နေပေသည်။

''တောင်းဆိုး ပလုံးဆိုးသာ ပစ်ရိုးရှိတယ်။ သားဆိုး သမီးဆိုးကိုပစ်ရိုးမရှိ''

ထိုစကားကား မှန်နေပါသည်။ မည်မျှခံစားမှုကြီးပါစေ၊ တစ်နေ့ကောင်းလာနိုးနှင့် မျှော်ကိုးရင်းမျှော်မှန်းနှစ်သိမ့်နေရပြန်သည်။

''သား အရက်ကို မဖြတ်နိုင်ရင်နည်းနည်းချင်းလျှော့



www.burmeseclassic.com

www.burmeseclassic.com



လျှော့သောက်၊ ကျန်းမာရေးချို့လာမယ်''

ချော့ချော့ မော့မော့ ပြောရင်း ငွေကိုသုံးရာကျပ်သာ ပေးမိသည်။ ချော့လိုက်ကြမ်းလိုက်၊ လူးလိုက်လှိမ့်လိုက်ဖြင့် အမျိုးမျိုးနည်းနာသုံးကြည့်သော်လည်း အချိန်တန်လျှင် အရက်ဆိုင်သို့သာ ခြေလှမ်းဆဲပင်ဖြစ်သည်။

ဒေါ်သူဇာမှာ မိမိစိတ်ခန္ဓာ လုံးပါးပါးလျှင် သမီးငယ်လေးနှင့်မိသားစု စားဝတ်နေရေး ပညာရေးအတွက် ချို့တဲ့လာမည်စိုး၍ အားတင်းကာတောင့်ခံထားရပြန်သည်။

'အမေ ဘွဲ့ယူရင် ဝတ်ဖို့ အင်္ကျီနဲ့လုံချည် ချုပ်ထားဦးနော်''

ဒေါ်သူဇာမှာ မိမိသမီးလေး ဘွဲ့ကိုတက်ရောက်ယူစေချင်သည်။ အများနည်းတူခံစားစေချင်သည်။ နိုင်ငံအတွက် သားသမီးကောင်း ရတနာတို့၏ ဂုဏ်ဒြပ်နှင့်အလှကျက်သရေကို ဒေါ်သူဇာမြင်လိုလှသည်။ မိမိယောကျ်ားလက်ထက်ကတည်းက သိမ်းဆည်းထားခဲ့သော စိန်နားကပ်လေးကို ပေါင်ရန် မခင်နွဲ့တို့ အိမ်သို့အပြေးလာခဲ့သည်။

''မခင်နွဲ့ရယ် ငါ့ကို ကူညီမှုလေး တစ်ခုလောက်တော့ ပေးပါအေ''

''ဘာလဲ ပြောပါ သူငယ်ချင်း အချင်းချင်းပဲ''

''ငါ့ စိန်နားကပ်လေး တစ်ခုရှိတယ်။ သူ့အဖေနဲ့ညားစဉ်ကတည်း လက်ဖွဲ့ပစ္စည်းအဖြစ်ရထားတာ။ ငါ အမြဲသိမ်းထားခဲ့တာ၊အခုသမီးလေးဘွဲ့ယူဖို့ ရှစ်သောင်းလောက် ငွေလိုချင်တယ်။ ညည်းက အတိုးချေးစားသူ မဟုတ်ပေမယ့် ငါ့ နားကပ်ကလေး ယူထားပြီး ရှစ်သောင်းလောက် ထုတ်ပေးပါ။ အတိုးလဲပေးမှာပါ။ အဲဒီ အကူအညီပေးမယ်ဆိုရင် ညနေကျရင် ငါ နားကပ်ကလေး ယူခဲ့မယ်''

''ဩော် မသူဇာရယ် ရပါတယ်။ အတိုးမယူပါဘူး''

ဒေါ်သူဇာမှာ ဝမ်းသာလွန်း၍ ချက်ချင်းပင် ထပြန်ရန် ဟန်ပြင်လိုက်သည်။

'ဟင် ပြန်တော့မလား၊ ရေနွေးလေးသောက်ရင် လက်ဖက်လေးမြည်းရအောင်နေပါဦးဟယ်'

ဒေါ် သူဇာမှာ မိမိအိမ်လေးဆီသို့ ပြန်ပြေးလာပြီး အိပ်ခန်းလေးထဲသို့ပြေးဝင်လိုက်သည်။ မိမိတို့လင်မယားလက်ထပ်စကဝယ်ထားသော သံသေတ္တာဟောင်းလေးမှသော့လေးကိုဖွင့်လိုက်သည်။ ယင်းအထဲမှ မိမိလင်သားအင်္ကျီ၊ ပုဆိုး၊ တဘက်ကလေးများ စုပုံရာ အပုံလေးအောက်မှ ယွန်းသေတ္တာလေးကို ဆွဲထုတ်လိုက်သည်။ မြတ်မြတ်နိုးနိုး ခင်တွယ်နှစ်သက်ရသော သေတ္တာလေးအား တယုတယ အဖုံးဖွင့်လိုက်သည် ကတ္တီပါ အိတ်အနီလေးကို ဆွဲယူလိုက်သည်။

''ဟင် စိန်နားကပ်လေး မရှိတော့ပါလား''





www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူဇာမှာ အိတ်အနီလေးကို ဆွဲ၍ ပြေးထွက်လာတော့သည်။

“သမီးရေ သမီးလုပ်ပါဦး အမယ်လေးလုပ်ကြပါဦး”

“ဟင် အမေ အမေ ဘယ်လိုဖြစ်တာလဲ”

ဒေါ်သူဇာမှာ အော်၍ငိုပါတော့သည်။ စိန်နားကပ်လေး သိမ်းထားသည်မှာ နှစ်ပေါင်းနှစ်ဆယ်နီးပါးရှိပြီဖြစ်သည်။ တစ်ခါတစ်ရံမျှ ထုတ်မကြည့်ခဲ့။ ယခု ရှာသည့်အခါ မတွေ့တော့ကြောင်း ပြောကာ ငိုလေတော့သည်။

“ဒီစိန်နားကပ်လေးကိုပေါင်ပြီး သမီးလေးဘွဲ့ယူဖို့လုပ်ရမှာ အခုတော့ မယူနိုင်တော့ဘူးရှင့်”

ဒေါ်သူဇာမှာ အိမ်ဘေးမှ မိတ်ဆွေများကို ပြောလည်းပြော ငိုလည်းငိုလျက်ရှိရာ အိမ်၌ဆူညံနေ၍ သားဖြစ်သူမှာ ပြန်ပြေးလာသည်။ အရက်ဆိုင်မှ ပြန်ပြေးလာ၍ တွေတွေလေးဖြစ်နေရှာသည်။

‘အိမ်မှာ ဆူနေတာပဲ။ ဘာဖြစ်ပြန်ပြီလဲဗျာ’’

“ဟဲ့ ငါ့စိန်နားကပ်ပျောက်လို့”

“ဗျာ– အမေ့စိန်နားကပ် အဲဒါ စိန်နားကပ်”

ထိုသို့ မျက်လုံးကြီး အပြူးသားနှင့်ပြန်မေးရာ တရားခံမှာ သားဖြစ်နိုင်ကြောင်း သမီးရော မိခင်ကြီးပါ သိသွားလေသည်။

‘ဟင် နင် နင် ငါ့ဟာလေးကို ခိုးသွားတာ၊ နင် သေချာတယ် နင်တရားခံပဲ”

“ဒီမှာ မောင်လေး နင်ဟာ မကောင်းတဲ့အလုပ်ကိုထပ်ခါထပ်ခါလုပ်တော့ ရှာကျွေးရတဲ့မိခင်ကြီးမှာ အလူးအလဲခံနေရရှာတယ်။ အမေ မင်္ဂလာ စဆောင်ကတည်းကဝတ်ပြီးသိမ်းဆည်းထားခဲ့တဲ့ အဲဒီ စိန်နားကပ်ကို နင်မို့ ခိုးရက်တယ် မောင်လေးရယ်၊ မိုက်လှချည့်လားဟယ်၊ နင့်ကို အရက်ဖိုးမှန်မှန်ပေးနေရက်နဲ့”

မောင်လေး လုပ်သူမှာ အမေကို လုံးဝစကားပြန်မပြောနိုင်ဘဲ ခေါင်းကြီးငုံ့နေပါတော့သည်။

“ဟုတ်ပါပြီ ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းပဲ၊ နင်ခိုးရင် ခိုးတယ်ပေါ့ ပြောစမ်းသား”

ထိုအခါ အရက်သောက်ထားသူ သားငယ် စံသိန်းမှာ မရမ်းရဲပေ၊ ခေါင်းကြီးကိုသာငုံ့လျက် ပေခံနေသည်။

“ဖြန်း ဖြန်း ဖြန်း”

မိခင်ကြီးမှာ လက်ဝါးကြမ်းကြီးဖြင့် သား၏ ကျောပြင်အား တရစပ်ချပစ်လိုက်သည်။

‘မိုက်လိုက်တာ၊ နင်ခိုးပြီးဘာလုပ်လဲပြောစမ်း။ပြောစမ်း’

‘သား ဖဲပေါင်ရိုက်မိပါတယ်။ သား ပြန်ရှာပေးပါ့မယ်’

“ဟင် နင် ဖဲပါ ရိုက်နေပြီလား၊ ပြန်ရှာရအောင် နင့်ဝင်ငွေတစ်ပြားရှိလို့လား၊ ဒီစိန်နားကပ်ကို ဘယ်လောက်နဲ့ ရောင်းလိုက်လဲပြော”

ထိုသို့ပြောစဉ် စံသိန်းမှာ မျက်ရည်များ ကျလျက် မိခင်ကြီးအား မော့ကြည့်ရင်း မေးလိုက်သည်။

“အဲဒါ ဘယ်လောက်တန်လဲအမေ”

“ဟေ ငါ့စိန်နားကပ်က ရေးစိန်၊ အကောင်းစားပဲ



www.burmeseclassic.com

www.burmeseclassic.com



အနာအဆာ လုံးဝမရှိဘူး၊ အရည်ကောင်းလွန်းလို့ အနည်းဆုံးနှစ်သိန်းခွဲလောက်တန်တယ်''

''ဗျာ''

မျက်လုံးကြီး ပြူးကာ မတ်တတ်ရပ်ရင်း အံ့ဩ တုန်လှုပ်နေသော သားကိုကြည့်ရင်း မိခင်ကြီးမှာ သား၏ ပခုံးကို ကိုင်လှုပ်ကာ မေးလိုက်ပြန်သည်။

''နင် ဘယ်လောက်ရလဲ ပြောစမ်း''

''ဟို ဟို အဲဒါစိန်အစစ်လား''

''ဟင် စိန်အစစ်ဟုတ်၊ ဒုက္ခပါပဲ၊ နင် ဘယ်လောက်နဲ့ ရောင်းပစ်လဲ၊ ဟင်းရွက်ကန်စွန်းဈေးနဲ့ ရောင်းပစ်ပြီထင်တယ်''

''ကျွန်တော့်ကို ပြောတော့ ကျောက်ကြီးဖယ်ထုတ်ပြီး ရွှေချည်းချိန်တာ ၄ပဲသား ပဲရတယ်တဲ့၊ ကျောက်တွေက ရှုရှားစိန် အပေါစားတွေ၊ တစ်ရာနှစ်ရာပဲရမှာတဲ့၊ လွှင့်ပစ်ရမှာတဲ့။ အဲလိုပြောပြီး ၄၀၀၀ဝိ/-လေး သောင်းကျပ်ပေးလိုက်တယ်''

''ဘုရား ဘုရား''

ဒေါ်သူဇာမှာ လက်နှင့်နဖူးကိုပုတ်ရင်း ယိုင်လဲကျသွားသည်။

❀❀❀❀❀

မြို့မရဲစခန်း၌ ဒေါ်သူဇာမှာ မျက်ရည်လည်ရွဲနှင့် သောကထုပ်ကြီး ပိုက်ကာ ရောက်ရှိနေရှာသည်။

''ခင်ဗျား သားက ရွာကျော်ကြီးရွာက ဒေါင်းစိန်ဆိုတဲ့ ဖဲသမားကိုသတ်ပြီးထွက်ပြေးနေတာ သုံးလလောက်ရှိပြီ။ ခင်ဗျား မသိဘူးလား''

''ကျွန်မရဲ့ သားပျောက်နေတာသုံးလရှိပါပြီ၊ သူလူသတ်တယ်ဆိုတာ အခုမှကြားရတာပါ။ ကျွန်မသားလေးက လူရိုးပါရှင်။ လူမသတ်ဝံ့ပါဘူး။ ကျွန်မ ဘယ်လို ယုံရမှာလဲရှင်''

> **ကျွန်မ သားလေးက လူရိုးပါရှင်။ လူမသတ်ဝံ့ပါဘူး။ ကျွန်မ ဘယ်လို ယုံရမှာလဲရှင်**

ဒေါ်သူဇာမှာ လူသတ်သည်ဆို၍ သားအတွက် ခေါင်းနားပန်းကြီးသွားကာ ကတုန်ကယင်နှင့် ပြောရှာသည်။

'ကဲ တပ်သား မောင်ဆင့်ရေ စံသိန်းကို ခေါ်ထုတ်ခဲ့''

အချုပ်ခန်း အတွင်းမှ လက်ထိတ်တန်းလန်းနှင့်စံသိန်းမှာ မျက်နှာငယ်လေးဖြင့် ထွက်လာရာ ဒေါ်သူဇာမှာ သားအား ပြေး၍ ဖက်လိုက်သည်။

''အမယ်လေး သားလေးရယ် အမေ မမြင်ရက်ပါလား။ ဖြစ်ရလေသားရယ်၊ မင်းမင်း ဒီအဖြစ်မျိုး ဖြစ်ရတယ်လို့ကွာ'

စံသိန်းမှာ မိခင်ကြီး၏ ပူဆွေး သောကကို မြင်ရာ မျက်ရည်မထိန်းနိုင်ဘဲ သူပါရော၍ ငိုပါတော့သည်။

''အမေရယ် သားမှားမိပါတယ်၊ သား သား''



www.burmeseclassic.com

www.burmeseclassic.com



"မင်း မင်း တကယ် လူသတ်ခဲ့တာလား သားရယ်"

"ဟုတ်ပါတယ် အမေ သားက အရက်၊ ဖဲ၊ အခုလူပါ သတ်မိပြီ။ သားက အမေ့အပေါ် မကောင်းခဲ့သလို သားရဲ့ပတ်ဝန်းကျင်ကြီးမှာလဲ မကောင်း ဖြစ်ခဲ့ရပါပြီ"

"ဖြစ်ရလေ သားရယ်၊ အမေ ဆုံးမနေတဲ့ကြားက ပိုး ဖလံမျိုး မီးကိုတိုးခဲ့တာကိုး။ မင်း အဖေလဲ လူရိုးလူကောင်း အ မေလဲ ရိုးရိုးသားသားနဲ့လုပ်ကိုင် ကျွေးမွေးခဲ့ပါရက်နဲ့ သား မိုက် လိုက်တာ သားရယ်"

"ကဲ အမှုစစ် အရာရှိ လာပြီ၊ မင်းအမှန်အတိုင်းပြောပြ ပေါ့"

စခန်းမှူးကြီးနှင့် အမှု စစ် အရာရှိတို့ ရုံးခန်းအတွင်းဝင် လာရာ အားလုံးက အရိုအသေ ပြုပြီး စံသိန်းအား စတင် စစ် ဆေးပါတော့သည်။

'မင်း ဒေါင်းစိန်ကိုဘာ ကြောင့် သတ်ခဲ့တာလဲ"

"ဒီလိုပါ ဆရာ၊ ဒေါင်း စိန်ဟာ စိန်အစစ်ကို အတုလို့ လိမ်ပြီး ညာခဲ့တယ် ဆရာ ဒါ ကြောင့်"

❀❀❀❀❀

ရွာကျော်ကြီး ရွာစပ်၌ လူငယ်တစ်ဦးမှာ ခပ်သုတ်သုတ် လျှောက်နေသည်။ ရွာနောက် ဖေး ခြံစည်းနား ကပ်လျှောက်၍ ယိုင်လဲယိမ်းလိုက်နှင့် ထိန်းကာ လျှောက်နေပုံရသည်။ ပုဆိုးတို တိုဝတ်ကာ ရုပ်အင်္ကျီခပ်ပွပွဝတ် ထားသည်။ ခါးကိုခဏခဏစမ်း နေပုံရသည်။ လက်နက်တစ်ခုခု ပါလာပုံရသည်။ ထိုသူမှာ လူ ကောင်း မဖြစ်နိုင်ချေ။ ယင်း နောက်ရွာတဲရှိ အသုဘအိမ်၏ နောက်ဖေးပေါက်မှ ချောင်းဝင် လာသည်။ လူစည်ကားနေ၍ သူဝင်လာသည်ကို အလေးမ ထားမိကြချေ။ အသုဘအိမ်၌ ဖဲ ဝိုင်း တစ်ဝိုင်းသည် စည်ကား နေရာ ညဥ့်သည် တစ်စထက် တစ်စ နက်လာသည်ထိ ဖဲဝိုင်း မဖြုတ်သေး၊ မိုးလင်းပေါက် ချ မည့် ပုံပေါ်နေသည်။

"ဒေါင်းစိန်ကွ၊ ဒေါင်း စိန်ကို လာမစမ်းနဲ့လေ"

အနိုင်ရနေသော ဒေါင်း စိန်မှာ ဖဲဝိုင်းအလယ်၌ ခန့်ခန့် ကြီးထိုင်ကာ ဖဲနိုင်နေသည်။ ပါး စပ်မှလည်း ဟောင်ဖွာဖွာနှင့် ပြောဆိုနေသည်။ ဖဲဝိုင်း၌ဖဲချသူ ငါးဦးသာထိုင်ကျနေချိန် စံသိန်း မှာ အ... ...ဟစ်ခုမှ ထွက်လာ သည်။

"ဘယ်လိုလဲဗျ၊ ဒေါင်း စိန်ရဲ့ ခင်ဗျားရဲ့ ကလိမ်ကကျစ် အောက်မှာ ဖဲဝါသနာရှင်တွေ အညာမိခံနေရပါလားဗျ"

'ဩော် စံသိန်းကိုး၊ မင်းက ငါ့ အကြောင်း ဘယ် လောက်သိလို့ ဝေဖန်နေရတာ လဲ၊ မင်းမှာ ပေါင်စရာ နှံစရာ ရောပါရဲ့လားကွ'

'ပါ ပါတယ်ဗျာ'

"ရော့"

"အင့်"

'ဟာ၊ ဓားနဲ့ထိုးတယ် ဟ၊ ပြေးကြ၊ ပြေး"

စံသိန်းမှာ ခါးကြားမှ အသွား ၈ လက်မခန့်ရှိ ဓား မြှောင်ကိုထုတ်ကာ ဒေါင်းစိန်၏ နံရိုးကြားသို့ကပ်၍ ထိုးစိုက်လိုက် သည်။ ယင်းနောက် ဆက်ခါ ဆက်ခါဖြင့်။

ဖဲဝိုင်းအပျက် ဒေါင်း စိန်၏ခန္ဓာကိုယ်ပေါ်၌ ဖဲချပ်များ ဖုံးကာသွေးအလိမ်းလိမ်းပေ...သေ



www.burmeseclassic.com

www.burmeseclassic.com



# ထိုအသံကြောင့် မိခင်ကြီးမှာ သားဆီပြေးလာပြီး ဖက်ကာငိုပြန်သည်။

နေရှာပြီဖြစ်သည်။ ဖဲသမားများ ကြက်ပျောက်ငှက်ပျောက်ပျောက် ကုန်ကြသည်။ စံသိန်းလည်း နောက်ဖေးခြံစောင်ရင်းမှအမှောင် ထဲသို့ တိုးဝင်ပျောက်ကွယ်သွား သည်။

⁂⁂⁂

“အေး မင်းဝန်ခံချက် လက်မှတ်ထိုးပေါ့ကွာ။ မင်းအ တွက် သက်သေက သက်ရှိ လူ လေးဦးပဲ မိထားပြီ။ သူတို့က လောင်းကစားမှုနဲ့ အရေးယူ ထားပြီ၊ မင်းရဲ့ ဓားမြှောင်ကို အိမ်နောက်ဖေး မြောင်းထဲက ချုံပုတ်အတွင်းက ရထားပြီ၊ သက်ရှိသက်မဲ့ သက်သေအခိုင် အလုံနဲ့ အမှုကို စွဲချက်တင်ပြီး ရုံးတော်မှာ တင်ရတော့မှာပေါ့ ကွာ’

စံသိန်းမှာ ဝန်ခံချက် လက်မှတ်ရေးထိုးစဉ် မိခင်ကြီး အားလှမ်းကြည့်ရာ မိခင်ကြီးမှာ လက်တကာကာနှင့် ငိုကြွေးနေ ရှာသည်။

“မိဘတွေဟာ ရွာ ကျွေးရုံမက သူတို့သားသမီးတွေ ရဲ့ သောကအပူတွေနဲ့ အသက် ရှင်သန်နေရတာသနားစရာပဲဗျာ”

စခန်းမှူးက ဒေါ်သူဇာ ကိုလှမ်းကြည့်ရင်းအမှုစစ်အရာရှိ အား တီးတိုးပြောလိုက်သည်။

“ကဲ စံသိန်းကို ပြန် ထည့်လိုက်’

ထိုအသံကြောင့် မိခင် ကြီးမှာ သားဆီ ပြေးလာပြီး ဖက်ကာ ငိုပြန်သည်။

“သားလေးရယ် ငါ့ သားလေး အမေ့စကား နားမ ထောင်ခဲ့လို့အခုလိုဖြစ်ရတာ၊ ငါ့ သားလေး ဒုက္ခရောက်ရပြီ။ အမေ မကြည့်ရက်ပါဘူး သား ရယ်”

“အမေ သား မှားပါ တယ်၊ သားကို ခွင့်လွှတ်ပါလို့ မပြောချင်တော့ပါဘူး။ အမေ ကျန်းမာအောင်နေပါ။ မမလဲ အမေ့ကိုပြုစုမှာပါ။ သားအရက် ကြောင့် သားပိုပြီး မှားခဲ့တာပါ။ သားအရက်ကို တအားမုန်းတီး သွားပါပြီ အမေ။ သားရဲ့ မကျေ နပ်ချက်ကို အရက်ကပိုပြီးတိုက် တွန်းခဲ့တာပါ။ အမေ့ကို သား ကန်တော့ခဲ့ပါတယ်”

စံသိန်းမှာ အရက်ကို မုန်းတီးပါပြီ ဟုပြောချိန် အရက် နာကျနေပြီဖြစ်သည်။ အမှုကို ရင်ဆိုင်ပြီး ထောင်ဒဏ် တစ် သက်တကျွန်းကျချိန် ထောင်ထဲ ၌ကြာကြာပင်မနေရ၊ အရက်နာ ဖြင့် အသက်ဆုံးရှုံးခဲ့လေသည်။ လူငယ်တစ်ဦး၏ ရင်နာဖွယ်ကြွေ လွင့်မှုကြောင့် ဒေါ်သူဇာမှာ လုံး ပါးပါးကာ သူလည်း မကြာမီ သား၏ နောက်ဘဝသို့ လိုက်ပါ သွားရှာတော့သည်။

ဖြစ်ရပ်ဆိုးမှ နာကျင် ခြင်း ဝေဒနာကို ပိုက်ကာလူ့ဘဝ ၌ ကောင်းမွန်စွာရှင်သန်ကျန်ရစ် ခဲ့သောနမဖြစ်သူ ‘မတင်တင်ရီ’ မှာ ရွာ၏အလယ်တန်းကျောင်း ၌ အလယ်တန်းပြဆရာမလေး အဖြစ် ရွာ၏အကျိုးကို သယ်ပိုး ထမ်းရွက်နေပေတော့သည်။

ခင်ဦး
(ပုတီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com



ဇေယျရွှေ

# မောဟရမ္မက်

တဏှာရမ္မက်အတွက်
မယားကို
အသေသတ်မိသူရဲ့
ဇာတ်လမ်းတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



## "မောဟရမ္မက်"

**ဇေယျရွှေ**

ဆိတ်ကွယ်ရာ အရပ်တွင် တစ်ယောက်တည်း နေရတိုင်း အတွေးတို့သည် အလိုလိုရောက်လာတတ်သည်။ အတွေးဟူသည် စိတ်ကိုနယ်ချဲ့ခြင်းပင်။ အတွေးတွင်နယ်စည်းမခြား။ ပစ္စက္ခကိုလည်းတွေ့မည်။ အတိတ်အကြောင်းလည်းပါမည်။အနာဂတ်ကို လိုချင်မှုဖြင့် မျှော်တွေးမည်။ ဤသည်ကား စိတ်၏နယ်ပယ်တည်း။ အချို့က အတွေးကျယ်သည်ဟုဆိုသည်။ ကျယ်သည်ဆိုခြင်းမှာ ချဲ့ခြင်း၏ ဟိတ်ကြောင့်ဖြစ်သည်။ အင်းဝခေတ်ရှင်မဟာသီလဝံသ၏ ဆုံးမစာတွင် "ကျယ် လျှင်ကားချဲ့၊ ပဲ့လျှင်ဖဲ့လော့၊ ကျပ်လျှင်သပ်ပင်း၊ ချောင်လျှင် ထွင်းလော့" ဟုပါရှိသည်။ ကျယ်လိုလျှင် ချဲ့ပါ။ စကြဝဠာ အပြင်ဘက်ရောက်လည်းမဆုံးသေး။ ပဲ့ချင်လျှင်တော့ ဖဲ့ရပေလိမ့်မည်။ ကျပ်ချင်လျှင်မူ သပ်သာရိုက်သွင်းပါလေ။ ချောင်ချင်လျှင်တော့ ထွင်းမှရမည်သာ။

ရဲအချုပ်စခန်းတွင် တစ်ယောက်တည်း အချုပ်ကျခံနေရသော ထွန်းမောင်တစ်ယောက် အိပ်မပျော်တိုင်းအတွေးဆိုသည့် စိတ်၏အလုပ်သည် နေရာယူနေတော့သည်။ စက်တင်ဘာလ၏ ပထမပတ်၊တော်သတင်းလဆန်းစအခါ၊ မုန်တိုင်းအလီလီကြောင့် မိုးမပြတ်သည့် မွန်ပြည်နယ်၏ အခါသမယ၊ မိုးလေးတဖွဲဖွဲဖြင့် စိမ့်စိမ့်လေးအေးနေသည်။ ထွန်းမောင်အတွက် တွေးစရာက အတိတ်ဖြစ်စဉ်က ပြန်ခရသည်။

ထွန်းမောင် အသက် (၂၅) အရွယ်လောက်က အဖြစ်အပျက်များ။ 'ထွန်းမောင်' ထွန်းမောင် အရွယ်ရောက်လာတော့ မိန်းကလေးတစ်ဦးနှင့် အမေက နေရာ ချပေးချင်သည်။ သို့သော် ထွန်းမောင်ကမကြိုက်။ ရေစက်ဆိုသည်ကားရှိသည်။ ရှေးကအတူပြုခဲ့ဖူးသော ကုသိုလ်။ ဆုတောင်းခဲ့ဖူးသော ပဌနာသည် ယခုဘဝတွင် ဒိပါကဆိုသည့်အကျိုးဆက် ဖြစ်တတ်သည်။ အိမ်ထောင်ရေး၊ အချစ်ရေးကို စိတ်မဝင်စားခဲ့။ ဘူးဖယောင်းသည် ဖြစ်ရပ်ကကြုံလာကျဲသော၊ ... ကလေး ... 

မောင် တွေ့တော့ ရင်ခုန်သွားသည်။ အသက်ကတော့ (၂၀) ပင်ပြည့်ဟန်မတူသေး။ ရုပ်ရည်ကအချောအလှကြီးမဟုတ်သည့်တိုင်၊ ကြည့်ကောင်းရှုပျော်အနေတော်၊ အသားအရေက မဖြူမညို။ သူ့စိတ်ထဲမှာ ချစ်စရာတစ်တုံးတစ်ခဲလေးဟု ထင်သည်။

သူကလေးနှင့် တွေ့တော့လည်း ဖွဲ့မိရှာသည်။ ဖိုသံပေး၍ချစ်ရေးဆိုရန် ခြေဦးလေးက မိန်းကလေးသိသို့သာ။

ထွန်းမောင်နှင့် ချိုအေးဆိုသည့် မိန်းကလေးတို့ ရေးရေစက်က ဆုံပေပြီ။

"ကဲ ... ချိုအေး ...

လိုက်ခဲ့တော့ ..."

ထွန်းမောင်နှင့် ချိုအေး ခိုးရာ လိုက်ပြေးကြတော့သတဲ့။ ထွန်းမောင်နှင့်ချိုအေးတို့ချစ်ကြိုက်ကြ၊ ညားကြပြန်တော့လည်း ကြားမလေးလွှ ပေးသည့်ထင်ပါရဲ့။ ချစ်ကြင်စမှုသည် နှစ်ပေါင်းများစွာ ကာလမှာပင်တစ်ယောက် ... ထွန်း ဆိုသည့်တည်းလည်း ... လာလျှင် ကျန်တစ် ... ချို ဆိုသည့် တဲ့ ... မောင်းသံကလေး ... ဒီ



www.burmeseclassic.com

www.burmeseclassic.com



တော့ .....

"ထွန်းမောင် ... ထွက်လာခဲ့ ..."

အစောင့်တာဝန်ကျ ရဲကခေါ်သဖြင့် အတွေးပြတ်သွားသည်။ အချုပ် တံခါးဝရောက်တော့ -

"လက်ပေးကွာ .."

ထွန်းမောင် လက်တစ်စုံ လှမ်းပေးတော့ 'ဂျောက်'ခနဲ ကျွမ်းကျင်လိုက်သည့်လက်ထိတ်ခတ်အတတ်။

" လိုက်ခဲ့ "

စခန်းမှူး ရုံးခန်းကိုရောက်သောအခါ ...

"ထွန်းမောင် ရောက်ပြီ"

အမှုတွဲများ ဟိုလှန်ဒီလှန်နှင့်အလုပ်များနေသောစခန်းမှူး ရဲအုပ် ခင်မောင်ညိုက ထွန်းမောင်ကို မကြည့်ဘဲ ...

"ထိုင်ကွာ ထွန်းမောင် မင်းဝန်ခံတော့မှာလား .. ငါ့ဆီမှာအထောက်အထားတွေစုံနေပြီကွ"

"ကျွန်တော် မသတ်ရပါဘူးဆရာ .. လှေကားထိပ်က ပြုတ်ကျပြီး၊ ကျောက်ပြားနဲ့ခေါင်းရိုက်မိလို့ သေသွားတာပါ၊ ကျွန်တော်မလိမ်ပါဘူး ဆရာရယ်"

"ကောင်းပြီလေ .. ကဲ .. ရဲဘော် .. ထွန်းမောင်ကို အချုပ်ထဲပြန်ထည့်လိုက်ကွာ ."

"ဟွန်း .. အတွေးကောင်းတုန်း ဒိန်းဒေါင်းက ဖျက်သေး ..."

ထွန်းမောင် တစ်ယောက် ညည်းတွားလိုက်သည်။

မုတ္တမ စခန်းမှူးရဲအုပ် ခင်မောင်ညိုသည်၊ ညဉ့်နက်နေသည့်တိုင် မအိပ်နိုင်သေး။ အမှုတွဲနှစ်ခုကို ဟိုအမှုတွဲလှန်လိုက်၊ ဒီအမှုတွဲလှန်လိုက်နှင့် အလုပ်များနေသည်။ လွန်ခဲ့သော နှစ်လကျော်က သေမှုသေခင်းတိုင်သွားသည်။ နှစ်စဉ် အမှတ် ၂/၂၀၀၈ က တစ်မှု၊ မကြာသေးခင်ကမှ သူကိုယ်တိုင်တရားလိုပြု၍ ပထမသတင်းပေးတိုင်ချက်ဖွင့်သွားသော (ပ)၂၀၇/၂၀၀၈၊ ပုဒ်မ ၃၀၂ လူသတ်မှုတစ်မှု၊ သူသည် သေမှုသေခင်း ၂/၂၀၀၈ ကိုအစမှစပြီး ပြန်ဖတ်နေသည်။

ဖွန်လ (၂၈)ရက်နံနက် ၂နာရီ စနေနှုပြက္ခဒိန်ကို ကြည့်လိုက်တော့ နယုန်လဆုတ် ၁၀ ရက်၊ ရယက-ရာအိမ်မှူးဦးအေးမြင့်တို့ ညဉ့်အချိန်မတော် စခန်းသို့ရောက်လာပြီး သေမှုသေခင်းတိုင်ကြားသည့် အဖြစ်က သူ့အပိုင် အောင်ဖေယျမြို့သစ် (၂) လမ်းတွင် ဒေါ်ချိုအေး ဆိုသူမှာ ဦးခေါင်းတွင်ပြင်းထန်ဒဏ်ရာရ၍ သေဆုံးနေကြောင်း၊ အိမ်ရှေ့ အတက်လှေကားထိပ်မှ လိမ့်ကျပြီး လှေကားရင်းရှိ ကျောက်ပြားနှင့် ဦးခေါင်း ဆောင့်၍ ဒဏ်ရာရကြောင်း၊ သူ့ခင်ပွန်း ထွန်းမောင် ပြော၍ သိရကြောင်း၊ ထွန်းမောင်ကိုယ်စား အမှုတိုင်ရန် ရောက်လာခြင်း ဖြစ်ကြောင်းသိရသည်။

တာဝန်မှူး တပ်ကြပ်ကြီး တင်ဦးက အမှုဖွင့် ရေးသွင်းမည့်အလုပ်-

"ကဲ .. ဆရာတင်ဦး . နောက်မှ အမှုဖွင့်ဗျာ . ကျွန်တော်တို့ အခင်းဖြစ်နေရာကို ချက်ချင်းသွားရအောင်"

မှောင်မည်းနေသော လမိုက်ညဘွင် မိုးကလေးတဖွဲဖွဲ

"ဘယ်အချိန်ဖြစ်တာလဲ.. ဦးအေးမြင့် ."

"ည ၉ နာရီခွဲလောက်ကပါ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ အခုမှ လာတိုင်ရတာလဲ ••"

"ကျွန်တော်သိသိချင်း လာတိုင်တာပါ ဗိုလ်ကြီး ••"

အခင်းဖြစ် အိမ်တွင် ရဲယက အဖွဲ့ဝင်တချို့နှင့် အိမ်ရှင်ထွန်းမောင်ကို တွေ့ရသည်။

"ဆရာတင်ဦး အိမ်ဖေါ်က လူတွေကို ဆင်းခိုင်းဗျာ"

စခန်းမှူး ရဲအုပ်ခင်မောင်ညိုသည် အိမ်နှင့်ပတ်ဝန်းကျင်ကို လေ့လာသည်။

"ဒီနေရာမှာပဲ ကျပြီး ဒဏ်ရာရသွားတာ •••"

ထွန်းမောင့် မိန်းမ ချိုအေးပြုတ်ကျ၍ဒဏ်ရာရသည်ဆိုသောလှေကားမှ ကျောက်ပြားကို အသေအချာကြည့်သည်။ ကွန်ကရစ်ကျောက်ပြားဖြစ်ပြီး နှစ်ပေခွဲပတ်လည်ခန့်ရှိသည်။ ဖုန်သလဲမှအစ ရှင်းနေသည်။ သွေးစသွေးနဘာမျှမတွေ့။ အိမ်က (၄)ပေခန့်မြင့်သော ပျဉ်ထောင်ပျဉ်ခင်းတစ်ထပ်အိမ်ကလေးသန့်သန့်ပြန့်ပြန့်ရှိသည်။

လှေကားထစ်များကို တစ်ထစ်ချင်းမီးထိုး၍ကြည့်သည်။ သန့်ရှင်းနေသည်။ သဲလွန်စဘာမျှမရှိ။ အိမ်ကပြင်ကို လွန်လျှင် အိမ်ရှေ့ခန်း၌ သေဆုံးသူ၏ အလောင်းကိုတွေ့သည်။အလောင်းမှာ ဦးခေါင်းတွင် ပြင်းထန်သော ဒဏ်ရာတစ်ချက်ရှိပြီး၊ သွေးတွေ ပေကျံနေသည်။ သေဆုံးသူ၏ အင်္ကျီမှာလည်း သွေးတွေက မနည်း။ သတိထားကြည့်လိုက်တော့ အလောင်း၏အနီးအနားတွင်သွေးစက်နှစ်စက်တွေ့သည်။ ထိုသွေးစက်မှအစပြု၍ စေ့စေ့စပ်စပ်ရှာကြည့်သောအခါ၊ အိမ်နောက်ဖေးအဝင်တံခါးဝနားတွင် သွေးစက်တစ်စက်၊ ထိုသွေးစက်ကအိမ်နောက်ဖေးဆောင်သို့ညွှန်ပြနေသည်။

ရဲအုပ် ခင်မောင်ညိုသည်စေ့စပ်သေချာသူဖြစ်သည်။ နောက်ဖေးမီးဖိုခန်းကို အကဲခတ်၍ကြည့်သည်။ ပန်းကန်စင်အနီးအနား ဗျာအစွန်းတွင် သွေးစက်များ၊ ထိုသွေးစက်နှင့် တစ်ပေခန့်အကွာတွင် နံရံတွင်ထောင်ထားသည့် သံတူရွင်းတစ်ချောင်း သံတူရွင်းကို သေချာကြည့်တော့ သွေးတွေ ပေကျံနေသည်။

"ကဲ ဆရာတင်ဦး ဒီသံတူရွင်းကို သက်သေခံအဖြစ် သိမ်းဗျာ "

လက်ဗွေရာ မထင်အောင် စနစ်တကျ သိမ်းဆည်းသည်။ ၎င်းနောက် ထွန်းမောင်ဝတ်ထားသည့် အဝတ်အစားများကို အကဲခတ်ကြည့်ရာအင်္ကျီပေါ်တွင် သွေးစက်မတွေ့ရသော်လည်း အောက်ဝတ်ပုဆိုးတွင် သွေးစတွေတွေ့သည်။ ထိုအဝတ်အစားများကိုလည်း အဝတ်အစားသစ်များနှင့် လဲလှယ်၍ယူခဲ့သည်။

"ကဲ ••• အချိန်ကလဲ မှောင်နေတယ်၊ အိမ်ပေါ်ကိုတယ်သူမှ မတက်ကြနဲ့၊ ဦးအေးမြင့်တို့ စခန်းလိုက်ပြီး တိုင်ချက်ဖွင့်ဗျာ"

ရဲတပ်ဖွဲ့ဝင် နှစ်ယောက်အစောင့်ထားခဲ့ပြီး ပြန်ခဲ့ကြသည်။ နံနက်(၃)နာရီခွဲတွင် သေမှုသေခင်း ၂/၂၀၀၈ကို ဖွင့်ခဲ့ကြသည်။





www.burmeseclassic.com

www.burmeseclassic.com



အမှုအခင်းနှင့်ပတ်သက်လာလျှင် ဝိရိယလွန်ကဲသောရဲအုပ်ခင်မောင်ညိုသည် အလင်းရောင်ရသည်နှင့် တပ်ကြပ်ကြီး တင်ဦးနှင့် ရဲအချို့ကို ခေါ်ကာ အခင်းဖြစ်နေရာသို့ ရောက်သွားကြသည်။ ရယက လူကြီးများကိုခေါ်ပြီး ဓာတ်ပုံမှတ်တမ်းနှင့်တကွ သဲလွန်စရှာဖွေသည်။ လှေကားရင်း ကျောက်ပြားနှင့် လှေကားထစ်များ တစ်ပုံ၊ ကပြင်နှင့်အိမ်အဝင်၊ အလောင်းအနေအထား၊ အလောင်းနားတွင် တွေ့ရသော သွေးစက် နှစ်စက်၊ အခန်းဝင် သွေးစက်၊ မီးဖိုချောင်နှင့် ပန်းကန်စင်ရှိ သွေးစက်များ၊ သံတူရွင်းကို အနေအထားတကျ ပြန်ထားပြီး မှတ်တမ်းပုံကအစ မလစ်ဟင်းရအောင် ရိုက်ကွက်ရှာ၍ ပုံယူသည်။ ဒဏ်ရာကို သေချာကြည့်သောအခါပြင်းထန်သော ဒဏ်ရာဖြစ်သည်။

ရဲဆေးစာနှင့်တကွ အလောင်းကိုဆေးရုံပို့ပြီးထွန်းမောင်နှင့်တကွ သက်သေများကို ရုံးခန်းသို့ခေါ်ပြီး စစ်ဆေးခြင်း၊ စစ်ချက်မှတ်တမ်းယူခြင်းများ ပြုထားသည်။ ထွန်းမောင်မှတစ်ပါး အခြားမျက်မြင်သက်သေမရှိ။ ထွန်းမောင်အပြောအရကျန်သက်သေများက ထွက်ဆိုကြသည်။ လှေကားမှကျ၍ ဦးခေါင်းတွင် ဒဏ်ရာရပြီး သေဆုံးကြောင်း သေမှုသေခင်းဖွင့်သည်။ သို့သော် ထွန်းမောင်ကိုတော့ခရီးထွက်ခွင့်မပေး၊ ရယကအစောင့်ကြည့်တာဝန်ဖြင့် လွှဲထားလိုက်သည်။

ထွန်းမောင်တစ်ယောက် အိပ်မည်စဉ်းစားလိုက်၊ အိပ်မပျော်နိုင်လိုက်ဖြစ်နေသည်။ ဒီတော့ အတွေးကဆက်ရန်ရှိ ချေသေး ...

ထွန်းမောင် မချိုနဲ့ အပေးအယူသင့်ပြီးနေလာသည့် အိမ်ထောင်သက်က ရင့်လာချေပြီ။ စုဆောင်းမိသည်ကား သားသုံးယောက်နှင့်အောင်ဇေယျမြို့သစ်ကအိမ်လေးတစ်လုံး၊ ထွန်းမောင် အလုပ်ကား လက်သမား လက်သမားဆိုတော့ လွှ၊ တူ၊ ဆောက်၊ ရွှေဘော် စသည်များနှင့် ဖြတ်လိုက်၊ ထွင်းလိုက်၊ ရိုက်လိုက်၊ ရွေလိုက်နှင့်ချွေးထွက်မှ ဗိုက်ပြည့်သည့်အလုပ်။ ဒီတော့ အပန်းဖြေစရာအဖြစ် ယမကာလေး စွက်လာသည်။ ဇနီးသည်ချိုအေးကလည်း မယားဝတ္တရား မပျက်၊ပြုစုခြင်း၊ ချက်ကျွေးခြင်း၊ ပြု၏။ သဗ္ဗာလီညောင်စောင်းမှာ နှစ်ဦးအတူ အိပ်စက်၍ သာယာသော အိမ်ထောင်ရေး ..

သို့သော်လည်း ပေါ့လေ

လွန်ခဲ့သော (၆) လလောက်က တစ်မျိုးတစ်ဖုံပြောင်းလဲလာသည်။ ထွန်းမောင်တစ်ယောက် အလုပ်ခွင်မှ မောပန်းလာပြီး စားသောက်ပြီးလို့ အချိန်တန်တော့ ဆောင်တော်ကူးသည်ဆိုလျှင် ဇနီးသည်၏အပြုအမူက ပြောင်းလဲလာသည်။

"ကဲ ကိုထွန်း ရှင်တစ်ယောက်တည်း အေးအေးဆေးဆေးအိပ် ကျွန်မတော့ ဘုရားခန်းမှာပဲ အိပ်တော့မယ်"

ခေါင်းအုံးနှင့် စောင်လေးယူကာ ထွက်သွားသည်က နေ့တိုင်းလိုလို၊တစ်ခါတစ်ခါတော့လည်း–

"ကိုထွန်းရယ် ဘုရားခန်းမှာတရားအားထုတ်ရင်း အိပ်ချေတော့"

ဆိုပြီး အခန်း တံခါးပိတ်ထားတတ်သည်။ ကဲ ... ထွန်းမောင်အတွက်အခက်တော့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချေပြီ။

ထွန်းမောင် အရက်ပိုသောက်လာသည်။ သား သုံးယောက် ရှိသည့်အနက် အကြီးဆုံးသားက ကားစပယ်ယာခေါ် ယာဉ်နောက်လိုက် အလုပ်ဖြင့် ခရီးထွက်နေသည်။ အလတ်ကောင်က စားသောက်ဆိုင်တစ်ဆိုင်တွင်ညဥ့်အိပ်ညဥ့်နေ စားပွဲထိုး။ အငယ်ဆုံးက ပဥ္စမတန်းကျောင်းသား။ လင်မယား အေးအေးချမ်းချမ်း နေရမယ့်အစား ခပ်တန်းတန်းလေးဖြစ်လာသည်။

ထွန်းမောင် စဉ်းစားလာရသည်။ ဒီမိန်းမ တခြားတစ်ယောက်နဲ့များ ...။ တွေးသင့်သောယောကျ်ားတိုင်းရဲ့အတွေး။ စောင့်ကြည့်သည်။ လေ့လာသည်။ အိမ်အဝင်အထွက် ဘယ်ယောကျ်ားမျှမရှိ။ အိမ်သူချိုအေးက အိမ်ပြင်ထွက် အရပ်မလည်။ ဒီတော့ အတွေးကျပ်သည်က ခင်ပွန်းဖြစ်သူ ထွန်းမောင် ...။

**ထွန်းမောင် စဉ်းစားလာရသည်။**
**ဒီမိန်းမ တခြားတစ်ယောက်နဲ့များ...။**
**တွေးသင့်သောယောကျ်ားတိုင်းရဲ့အတွေး။**

အရက်ကိုပို၍သောက်လာသည်။ မကြာမကြာ ကတောက်တဆ စကား များလာသည်။ လင်နဲ့မယား လျှာနှင့်သွားလို့ ဆိုကြသည် မဟုတ်လား ...။

ထွန်းမောင်သည် ဇနီးဖြစ်သူချိုအေး၏ အနေစိမ်းမှုအပေါ် အတွေးတလွဲဖြစ်နေသည်။ 'ငါ့မယား သူတစ်ပါးနဲ့ ဖောက်ပြန်နေပြီလား ..'။ မိမိနှင့်ဆက်ဆံမှုကို ငြင်းဆန်နေသည့်ချိုအေးအပေါ်အထင်လွဲလာသည်။ အိမ်ယာတည်ထောင်သည့်လူ့ဘောင်ကား အရှုပ်အထွေးများလှသည်။ ချစ်ကြ၍ပဲယူယူ၊ မနှစ်သက်လျက်ဘဲပေါင်းပေါင်း၊ အကြောင်းပေါ်လာလျှင်တော့ လင်ယောကျ်ားကလည်းချစ်သူအသစ်နှင့်ဖောက်ပြားသလို ဇနီးမယားကလည်း တစ်ပါးသူနှင့်ရည်ငံသည်။ ဒါကိုပင် "မျောက်မထားသည်"၊ "နောက်မီးလင်းသည်"ဟု လောက ဝေါဟာရ ပညတ်တည်း။

ထွန်းမောင် မယား ချိုအေးသည် မည်သူ့အားမျှ ပြောပြ၍မဖြစ်သော မိန်းမတို့၏မီးယပ်မတ်တတ်နာသည် ဖြစ်လျက်ရှိသည်။ထို့ကြောင့်လင်သားနှင့်အတူယှဉ်တွဲ၍ အိပ်စက်ခြင်းကို လုံးဝမလိုလားပေ။ ခင်ပွန်းဖြစ်သူထွန်းမောင်ကမသိ။ ကာမရမ္မက်ကြောင့် လောဘကတောင်းဆိုသည်။ မရသော် ဒေါသဖြစ်လာသည်။ ဒေါသနောက် အမှောင်ပိတ်သည်။ ထို့နောက် မောဟလိုက်လာသည်။ ယောကျ်ားတို့ မာနကထောင်လွှားလာသည်။ ဒိဋ္ဌိအမြင်လွဲလာသည်။ ဝိစိကိစ္ဆာဆိုသည့် ယုံမှားသံသယဖြစ်လာပြန်သည်။

ထို့နောက် ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စမှသည် မကောင်းမှုပြုလုပ်ရာမှာ ကြောက်ခြင်း၊ ရှက်ခြင်း ဆိုတဲ့ ဟိရီ၊ ဩတ္တပ္ပတရားတွေ ကင်းလာပါတော့သည်။ ကိလေသာတရား (၁၀) ပါးလုံးဖုံးအုပ်လွှမ်းခြုံလာသောအခါထွန်းမောင်တစ်ယောက် အသိစိတ်ကင်းပြီး အိမ်ခန်းတွင် မျက်စိကစားလိုက်သည်။ နံရံတွင် ထောင်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် လက်သမားသုံးပစ္စည်း သုံးခု၊ သံရိုက်တံကြီး၊ သံတူရွင်းနှင့် သစ်သားပေတံကြီး၊ သံတူရွင်းကို ဆွဲယူလိုက်သည်။ တတွတ်တွတ် ဆဲရေးနေသော ဇနီးသည်၏ ဦးခေါင်းကို ရိုက်ချလိုက်သည်။ တစ်ချက်တည်းသော ရိုက်ချက်က ပြင်းသည်။ ပုံလျက်ကျသွားသော ချိုအေး တစ်ယောက် မကြာခင်ပင် ဇီဝိန်ချုပ်သွားလေတော့သည်။

ကြက် သေ သေ၊ ကြောင်ကြောင်အန်းအန်း ကြည့်နေသောထွန်းမောင်တစ်ယောက် အသိစိတ်ဝင်လာသည်။သုရာမေရယက် ကျူးလွန်ပြီး ပါဏာတိပါတကံကို ကျူးလွန်လိုက်ပြန်ပါပြီ။ သူဘာလုပ်ရမလဲ ....။

သံတူရွင်းကို အိမ်နောက်ခန်းသို့ယူသွားသည်။ပန်းကန်စင်ဘေးအိမ်နံရံတွင်ထောင်ထားလိုက်သည်။ သွေးစက်တွေကျသွားသည်ကို သူမသိ။ သူ၏ အောက်ဝတ်ပုဆိုးတွင်သွေးစက်တွေ ပေကျံနေသည်ကိုလည်း မမြင်။ သံတူရွင်းတွင် သွေးပေနေသည်ကိုလည်း သတိမထားမိ။ အိမ်ရှေ့သို့ ထွက်လာသည်။

''ငါရဲ့ထံ အဖမ်းခံလိုက် ရရင်ကောင်းမလား ...''

''ထွက်ပြေးရင်ကော . အို.. မဖြစ်သေးပါဘူး ..''

''ဘယ်သူမှ တွေ့တာမှတ်လို့ ....''

ထွက်လိုက်၊ ဝင်လိုက်၊ ထိုင်စဉ်းစားလိုက်နှင့် အချိန်က သန်းခေါင်ကို ချဉ်းလာပြီ။ အိမ်ရှေ့ထွက်၍ တစ်ခုခု အကူအညီတောင်းမည်ဟု လှေကားထိပ်သို့ အရောက်တွင် ရုတ်တရက် ပြုတ်ကျမည့်အဖြစ်၊ အသိတစ်ခု ဝင်လာသည်။

ဟုတ်ပြီ .. ချိုအေး ဒီလှေကားထိပ်က ပြုတ်ကျပြီး အောက်ခံကျောက်ပြားနှင့် ခေါင်းရိုက်မိကာ သေလောက်သည်။ ဒီဒဏ်ရာကဒီအကြောင်းပြချက်နှင့် နိုင်လုံနိုင်လောက်သည်။

''လာကြပါဦးဗျို့ ... ကျွန်တော့် မယား ချိုအေး .. လှေကားထိပ်ကပြုတ်ကျလို့ ..''

သုံးကြိမ်ခန့် အော်လိုက်သည်။

ရောက်လာကြပြီ ... ရာအိမ်မှူးဦးအေးမြင့်နှင့် အိမ်နီးချင်းများ ....။

''ဘယ်လိုဖြစ်တာလဲ ကိုထွန်းမောင်''

''ချိုအေး ပြုတ်ကျပြီး အောက်ကကျောက်ပြားနဲ့ ရိုက်မိလို့ သတိလစ်နေတယ်''

''မှန်းစမ်း ... ကြည့်ကြရအောင်''

''ချိုအေး ... အသက်မရှိတော့ပါလား၊ ကိုထွန်းမောင် ဒီလိုနေလို့မဖြစ်ဘူး၊ ရဲထံသေမှုသေခင်းသတင်းပို့မှ ...''

ထွန်းမောင်သည် သူကိုယ်တိုင် ပါဝင်သရုပ်ဆောင်ခဲ့သည့် ကကွက်တစ်ကွက်ကို ပြန်ကြည့်နေရသည့်အလား။ ကွင်းကွင်းကွက်ကွက် မြင်ရင်းစဉ်းစားနေသည်။

''ထွန်းမောင် ... ထွက်ခဲ့''

တာဝန်ကျရဲက ခေါ်သဖြင့် အတွေးရပ်သွားသော ထွန်းမောင်၊ အချုပ်တံခါးဝသို့ ရောက်လာသည်။ လက်နှစ်ဖက်ပေးလိုက်လျှင် 'ဂျလောက်' ဆိုသည့် လက်ထိတ်သံနှင့်အတူ ....

ရုံးခန်းတွင် စခန်းမှူး ရဲအုပ် ခင်မောင်ညို ... ထွန်း



www.burmeseclassic.com

www.burmeseclassic.com



မောင်ကိုကြို့လျက်စောင့်နေသည်။

"ထိုင်ကွာ ...ထွန်းမောင် ...မင်း အိပ်လို့ရမယ်မထင်ဘူး ...ဒီအမှုတွဲတွေနဲ့ တစ်ညလုံးပါပဲကွာ ..."

ထွန်းမောင်ထိုင်ခုံတွင် နေရာယူလိုက်သည်။

"အရက်တက်ချိန်ရောက်ပြီး ..မင်းလဲဆာနေရောပေါ့ ...ကော်ဖီလေး သောက်လိုက်ကြရအောင် ..."

ထွန်းမောင် တကယ်ဆာနေသည်။ ညစာ စားတော့မျိုမကျခဲ့။ ကုသ၍မပျောက်ကင်းနိုင်သော ဖိဃစ္ဆဆိုသည့် ဆာလောင်သောရောဂါအတွက် အာဟာရသွင်းရန်လိုအပ်သည်။ ချပေးသောမုန့်များကိုစားပစ်လိုက်သည်။ ကော်ဖီပူပူလေးတစ်ခွက်ကလည်း အရသာရှိလေစွ။

"ဒီလူသတ်မှုမှာ သက်သေအထောက်အထားတွေတော့ နိုင်လုံနေပြီ ထွန်းမောင်။ ဓာတုဗေဒဝန်ရုံးက သေသူရဲ့ အဝတ်အစားက သွေးတွေ၊ ထွန်းမောင် အောက်ဝတ်ပုဆိုးမှာ တွေ့တဲ့ သွေး၊ကြမ်းပြင်မှတွေ့ရတဲ့ သွေးတွေ၊သံတူရွင်းက သွေးတွေဟာ တစ်မျိုး တစ်စားတည်းဖြစ်ပြီး၊ သေဆုံးသူရဲ့ သွေးတွေပဲလို့ အနိုင်အမာ ထွက်ဆိုတယ်"

စခန်းမှူးသည် ထွန်းမောင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။

"ဆရာဝန်ရဲ့ဆေးစာမှာလဲတုံးသောလက်နက်နဲ့ထိလို့ ဦးခေါင်းခွံကြေမွသွားတယ်။ ဦးနှောက်လဲ ကြေမွပြီး သေဆုံးရတာလို့ပါတယ်။ သက်သေတွေဖြစ်တဲ့ ရာအိမ်မှူး ဦးအေးမြင့်၊ ဦးတင်အောင်၊ဦးမြင့်ဦး၊ ဦးမောင်ထွန်းဦး၊ ဦးဝင်းဇော်၊ ဦးအောင်နိုင်နဲ့ဒေါ်တင်တင်ရွှေတို့ရဲ့ အစစ်ခံချက်ကလည်း ထင်ရှားနေပြီ။ မင်းဝန်ခံလိုက်တော့ထွန်းမောင်"

ထွန်းမောင်သည် ခါတိုင်းကဲ့သို့

"ကျွန်တော် မသတ်ရပါဘူးဆရာရယ်။ ကျွန်တော့်မိန်းမလေကားထိပ်ကကျပြီး သေရတာပါ"

ဆိုသည့် အပ်ကြောင်း ထပ်ထွက်ဆိုမှုမျိုးမရှိတော့။ ငြိမ်ချက်သားကောင်းနေသည့် ထွန်းမောင်။ ဒီတစ်ခါတော့ တွေဝေမှုရှိတော့။

"ဆရာ"

"ပြောပါထွန်းမောင်"

"ကျွန်တော် မငြင်းတော့ပါဘူး ဆရာ။ ကျွန်တော် ဝန်ခံပါတော့မယ်"

"ဒါ အကောင်းဆုံးပေါ့ ထွန်းမောင် ...ရာဇဝတ်ဘေးပြေးမလွတ်ဘူးကွ။ပြစ်ဒဏ်ကျခံပြီးရင် ...မင်း လူကောင်းတစ်ယောက်ဖြစ်လာမှာပါ"

ရဲထံဝန်ခံချက်၊ မြို့နယ်တရားရုံးတွင် ဖြောင့်ချက်နှင့် မှတ်တမ်းဓာတ်ပုံများ သက်သေထွက်ဆိုချက်များဖြင့် ခိုင်လုံသောအမှုတစ်ခုတည်ဆောက်ပြီးနောက် သထုံခရိုင်တရားရုံးသို့တရားခံထွန်းမောင် (၄၅) နှစ်အား တရားစွဲဆိုတင်ပို့လိုက်တော့သည်။ မုတ္တမ စခန်းမှူး ရဲအုပ်ခင်မောင်ညို၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်ကျော်မိုး၊ ရဲအုပ်တပ်ကြပ်ကြီးတင်ဦး၊ရဲတပ်ကြပ် မောင်မောင်နိုင်တို့ ကြိုးစားဖော်ထုတ်ခဲ့သည်။ မုတ္တမအောင် ဓေယျမြို့သစ်လူသတ်မှုကား အဆုံးသတ်သွားချေပြီ။

ဓေယျမြေ



www.burmeseclassic.com

www.burmeseclassic.com

# အိမ်မှားမရှာလား အိမ်မှားမရှာလား

ရှက်ခွင်ကျော်
(ရှင်တော်သိ)



နေပြန်တိုးပေးတဲ့
“ဂျမ်းဝေတော်” ဆိုတဲ့
အမျိုးသမီးရဲ့
ဇာတ်လမ်းတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



**"မီးပွားရေးလား**
**စီးပွားရေးလား"**

**ရှစ်ခွင်ကျော်**
**(ဖောင်တော်သီ)**

**ပစ္စည်းပေါင်ငွေတိုးချေး စုမဲ ပြဿနာများ ဖြေရှင်းမပေး ပါ။**

**ပုံ**
**အုပ်ချုပ်ရေးမှူး**

ကျုပ်တို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှာ A4 ဆိုဒ်စာရွက်မှာ ကွန်ပျူတာစာလုံးမည်းကြီးတွေနဲ့ ထင်သာမြင်သာရှိတဲ့ သုံးလေးနေရာမှာ ချိတ်ဆွဲထားလေရဲ့။ ဟုတ်ပါ့၊ ဒီလိုမှ ကြော်ငြာ မကပ်ဘဲ ဖွင့်ပေးလို့ကတော့ ကျုပ်တို့ရပ်ကွက်ဟာ မြို့နယ်က ညွှန်ကြားချက်တွေ ရပ်ကွက်တွင်း သာရေး နာရေး၊ အုပ်ချုပ်ရေး ဘာကိစ္စမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာ မဟုတ်ဘဲ ရုံးဖွင့်ချိန်က စပြီး ညသန်းခေါင်သန်းလွဲထိ ရုံးထိုင်ဖြေရှင်းလို့တောင် ပြတ်မှာ မဟုတ်ဘူး။

ကျုပ်တို့ ရပ်ကွက်လောက် ငွေကြေး အချေးအငှားဇာတ်ရှုပ်တဲ့နေရာ ရှိမယ်တောင် မထင်ဘူး။ အုပ်ချုပ်ရေးမှူးရုံးက အဲလိုဖြေရှင်းမပေးတော့ ကိုယ်နည်း ကိုယ့်ဟန်နဲ့ ဖြေရှင်းကြတယ်လေ။ ညနေငါးနာရီ ကျော်ပြီဆိုဖရုသဝါစာကြမ်း တမ်းတဲ့ စကားလုံးတွေမကြားဝံ့ မနာသာဆဲဆိုသံတွေကြားရပြီ။ မဖြစ်ပါဘူးဆိုတဲ့ နေ့ဟာ နှစ်ပွဲပဲ။

ကြွေးရှင်ဘက်က လူမမာ အမဲခြောက်တောင်းသလိုတငင်းငင်းနဲ့တောင်းတယ်။ ပေးရမယ့်လူဘက်ကလည်း အကြောင်းပြချက်မျိုးစုံကို ဒိုညည်းသလို ညည်းပြီး နေ့ရွှေ့ညရွှေ့နဲ့ တောင်းပန်တယ်။ ကြွေးရှင်ဘက်က လက်မခံဘူး။ တိုးတိုးတိတ်တိတ်ကနေ ကျယ်လာတယ်။ ဒေါ်ါင်းတင်မောင်းတင်ရန်တွေ့တယ်။ နောက်ဆုံးကိုယ်ထိလက်ရောက် ရိုက်ပုတ်စော်ကားလာတဲ့ အဆင့်ရောက်ရောပဲ။ ဝေသာလီ ဘီလူးဝင်တယ်ဆိုတာ ကျုပ်တို့ ရပ်ကွက်ရန်ပွဲလောက် မဆိုးဘူး ထင်တယ်။

ရန်ပွဲကတော့ ဖြစ်နေမှာပဲ။ ခုလည်း ဖြစ်မှာပဲ။ နောင်လည်း ဖြစ်နေဦးမှာပဲ။ မဖြစ်စေချင်ရင် ဘာလုပ်သင့်လဲဆိုတာ ပင်စည်ကို ခုတ်လှဲ အမြစ်ကိုတူးဖော် မြေလှန်ပစ်မှပဲ ပြဿနာရှင်းသွားမှာပါ။

ဒီနေ့ နိုင်ငံတော်က ပြည်သူတွေရဲ့ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ဖို့နည်းလမ်းမျိုးစုံ ရှာကြံနေတယ်။ အလုပ်ရုံဆွေးနွေးပွဲတွေလုပ်တယ်။ ပညာရှင်တွေရဲ့ အကြံဉာဏ်တွေကို ချေးသည်တွေကျပန်း အလုပ်သမားတွေကို ဘဏ်တိုးနှုန်းနဲ့ သုံးလ၊ခြောက်လဆိုင်း ငွေထုတ်ချေးတယ်။ဆင်းရဲတွင်း အသူရာချောက်ထဲက ဆွဲတင်နေတယ်။ စီးပွားရေးစင်မြင့်ပေါ်ကို တွန်းတင်ပေးနေတယ်။

ငွေတိုးပေးတဲ့ ကြွေးရှင်တွေဘက်က

"အခက်အခဲတွေကို ကူညီတာပါ"

"မိသားစုဒုက္ခကို မကြည့်မမြင်ရက်လို့ပါ"

ဆိုတဲ့လေသံနဲ့ပစ်ပြီး မတန်တဆအတိုးတွေနဲ့ နှိပ်ကွပ်တော့တာ။တဒုန်းဒုန်း တချိုင်းချိုင်းထုနေတဲ့ ကာလသော်င်ထုကို သာယာနာပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ငသံ အမှတ်နဲ့ ယုံစားပြီး ချေငှားလို့ ကတော့ သေပြီမှတ်။

ကျုပ်တို့ရပ်ကွက်မှာ ငွေ တိုးချေးတဲ့ပုံစံ သုံးမျိုးကို လေ့ လာမိတယ်။

ငွေတစ်ရာသုံးဆယ်တိုး။


ဒီပုံစံက သိပ်မကြာ သေးဘူး။ ဆယ်စုနှစ်လောက် တောင် မရှိသေးဘူး။ တစ်လ ပြည့်မှဆိုပေမယ့်သက်သာတယ် တော့မထင်နဲ့။ ငွေတစ်သောင်း ဆိုပါတော့သုံးလပြည့်ရင် အတိုး နဲ့အရင်း လယ်ပယ်ဖြစ်နေပြီ။ လေးလကျော်လို့ကတော့အရင်း ထက် တရိပ်ရိပ်တက်တော့တာ။

နေ့သွင်းဆိုပါတော့ ငွေ တစ်သောင်း တစ်နေ့တစ်ထောင် နဲ့ (၁၃)ရက်သွင်းဆိုတော့ (၁၃) ရက်တည်းနဲ့ သုံးထောင်အတိုးရ နေပြီ။ တစ်လနှစ်ကြိမ်လှည့်လိုက် ရင် ခြောက်ထောင်ပဲ။ သူ့ဘက် ကတောင် ၄ ရက်။ ၃၁ ရက် သတ်ဆိုရင် ၅ ရက်မြတ်သေး တယ်။ ပေးတဲ့ကြွေးရှင်ဘက်က ဒီထိအသေးစိတ်တွက်တာနော်။ ယူတဲ့ဘက်က ငွေရပြီးရောဆိုပြီး မတွက်တက်ကြလို့ လိမ့်ခံနေကြ ရတာ။

အဆိုးဆုံးကတော့ မတ် တိုးပဲ။ လူသတ်၊ဓားပြတိုက်တာ ထက်ဆိုးတယ်။

ငွေတစ်သောင်းချေး တယ်ဆိုရင် တစ်နေ့သုံးရာသွင်း။ သွင်းသွင်း သွင်းချင်သလောက် သွင်း။ မူလချေးထားတဲ့ တစ် သောင်း တစ်လုံးတစ်ခဲတည်း ပြန်မသွင်းမချင်း သွင်းရောပဲဆို တော့ ကိုးထောင်တိုး။ တစ်လ နှစ်လ၊သုံးလေးလဖြစ်ချင်လည်း ဖြစ်မယ်။နှစ်ဝက်ပဲထားပါတော့။ တစ်လကိုးထောင်နဲ့ ငါးသောင်း လေးထောင်အရင်းပါဆိုခြောက် သောင်းကျော်။ နှလုံးရောဂါအခံ ရှိလို့ကတော့ တုံးခနဲလဲသေနိုင် တယ်။ အဲဒါကြောင့် လူသတ် ဓားပြတိုက်နည်းလို့ပြောတာ။

တွက်ရေးကတော့စက် သူ့ဌေးပဲ။ ငွေတစ်သိန်း တစ်နှစ် လောက်ရင်းနှီးလိုက်ရင်ပဲ ရွှေကို ပိဿာလိုက် ဝယ်လို့ရမယ့်သ ဘော။



ကျုပ်တို့ရပ်ကွက်ဆို တာ ဆင်းရဲသားရပ်ကွက်။ ပန်း ရန်၊ လက်သမား၊ မြေတူး၊ ဆန် ထမ်း၊ ကြံထမ်း အလုပ်ကြမ်းသ မားတွေ ရှိတယ်။ ပန်း၊ ကွမ်း ရာသီသီးနှံ လက်ကားဝယ်၊ လက်လီရောင်းတဲ့ ခေါင်းရွက် ဗျပ်ထိုး ဈေးသည်တွေရှိတယ်။ တစ်နေ့လုပ်မှ တစ်နေ့စားကြရ တာ။ ပိုလျှံတဲ့လူမရှိဘူး။ ဒီကြား ထဲ အလုပ်ပန်း ရာသီပြောင်းဖျား နာပြီဆိုစိတ်ညစ်ရပြီ။ ဝင်ငွေက မရှိ။ ဆေးဖိုးကကုန်၊ ဆန်အိုးက ပြောင်၊ဖိုမှာမီးခိုးတိတ်သွားတော့ တာ။ အဲဒီတော့ ကျပ်တိုး မူးတိုး ပဲတိုးတွေ စဉ်းစားမနေနိုင်ဘူး။ ငွေရရင်ပြီးရော ဘယ်လိုနည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပဲရရ ယူရတော့တာ။

နေလို့ထိုင်လို့ ကောင်းသွားပြီ။ အလုပ်ပြန်ဆင်းနိုင်ပြီ။ နေပူစပ်ခါးမိုးရွာမရှောင် ရှာထားရတဲ့ငွေ အိမ်အပြန် သားမယားလက်ထဲလုပ်ခငွေပူအောင်မကိုင်လိုက်ရဘူး။ မတ်တိုးကြွေးရှင်လက်ထိုးအပ်လိုက်ရတော့တာ။ တစ်လနှစ်လကနေ နှစ်နဲ့ချီပြီး ဆပ်မကျေနိုင်တဲ့ကြွေး။ ကိုယ့်ထမင်းကိုယ်စား၊ ကြွေးရှင်ကို ကျွန်ခံဆပ်ရတဲ့ကြွေး စိတ်ဖိစီးပြီး သက်တမ်းမစေ့ခင် သေမယ့်ကြွေး။

ကျုပ်တို့အစိုးရက ပြည်သူတွေကို ဆင်းရဲတွင်းထဲက ဆွဲတင်တယ်။

ကြွေးရှင်တွေက ပြည်သူတွေကို ဆင်းရဲတွင်းထဲတွန်းချတယ်။

ကျုပ်စဉ်းစားရင်း စဉ်းစားရင်း ဘယ်အထိ အတွေးပေါက်သလဲဆိုတော့ ဒီလုပ်ရပ်ဟာနိုင်ငံတော်အစိုးရရဲ့စေတနာကို စော်ကားတယ်လို့မြင်တယ်။ ဟို တလောက အဖြစ်မျိုးဆိုရင် စော်ကားရုံတင် မဟုတ်တော့ဘဲ တရားဥပဒေကို ချိုးဖောက်၊ အမိန့်အာဏာကို ဖီဆန်၊ အစိုးရကို ပုန်ကန်တဲ့ သဘောလို့တောင် ပြောနိုင်တယ်။

ကျုပ်တို့ရပ်ကွက် ချောင်းကူးတံတားထိပ်မှာ ယာယီဈေးတန်းလေးရှိတယ်။ အဲဒီမှာ ရေချိုရေငန်ငါးရောင်းတဲ့ မိတူးဆိုတဲ့ ကောင်မလေးက အပျိုကြီး။ မဂျမ်းတောဆီက အရောင်းအဝယ်လုပ်ဖို့ တစ်ရာနှစ်ဆယ်တိုးနဲ့ ငွေတစ်သိန်းချေးဖူးတယ်။

တစ်လနှစ်သောင်း၊ လကုန်အတိုးသွင်းစနစ်နော။

ခြောက်လလောက်တော့ ပုံမှန်သွင်းတယ်။ နောက်လတွေကြတော့ အလုပ်အကိုင်မကောင်းလို့ ခြောက်လဆက်မသွင်းဖြစ်တာဟာ လကုန်လို့ အရင်းနဲ့ပေါင်း တစ်သိန်းနှစ်သောင်းဖြစ်။ နောက်တစ်လကုန် အဲဒီတစ်သိန်းနှစ်သောင်းအပေါ်အတိုးကဆင့် အဲလိုဆင့်သွားလိုက်တာ။ မတူးခြောက်လဆတ်တဲ့ တစ်သိန်းနှစ်သောင်းအပြင် ငါးသိန်းလောက်ကို ဖြစ်သွားတော့တာ

ဂျမ်းတော တစ်တောတည်းရှိတာ ဒါမျိုးလုပ်လို့ရရိုးလား။ မနက်ပိုင်းဈေးတန်း လူစည်ချိန် ဒေါ်င်းတင်မောင်းတင်နဲ့ ထိပ်တိုက် ရင်ဆိုင်လိုက်တယ်။

''ဟဲ့---မိတူး''

''ဘာလဲ---မိဂျမ်းတော''

''အံမာ--ကောင်မက မိုက်ရိုင်းလိုက်တာ နင်ငါ့ကို ဘယ် တုံးကဒီလိုပြောဖူးလို့လဲ''

''နင်ပြူးရင် ငါပြူးမယ် နင်မဲ့ရင် ငါမဲ့မယ်။နင်ခါးလို့ ငါမချိုတာ အဆန်းမဟုတ်ပါဘူး''

''နင့်ဟာနင် ချိုချိုခါးခါး 'ရော့' အိမ်အရောင်းအဝယ်စာချုပ် လက်မှတ်ထိုးပေး''

''အဲဒါ ငါ့ယောက်ျား အမည်ပေါက် ငါမထိုးပေးနိုင်ဘူး၊ နင်နဲ့ငါနဲ့လုပ်တဲ့အလုပ် ငါ့ယောက်ျားအပါမခံနိုင်ဘူး''

''ဒါဆို နင်ဘယ်လိုရှင်းမလဲပြော''

''ငါအစိုးရဆီက သုံးသိန်းချေးထားတယ်။ တစ်သိန်းခွဲ အပြတ်ပေးမယ်''

''ငါ့ပိုက်ဆံ ငါးသိန်းကျော်ပြီ။ ငါကျေနပ်ရမှာလား''

''မကျေနပ်ရင် နင့်သ



www.burmeseclassic.com

www.burmeseclassic.com



**နောက်ဆုံး ရယကရုံးရောက်။ ဒေါ်တိုးကလည်း အခုဆိုအခု အတိုးကိုသုံးသိန်းလျှော့ပြီး နှစ်ဆယ့်နှစ်နဲ့ ဖြတ်၊ အိမ်နဲ့ ခြံစာချုပ်ချုပ် လက်မှတ်ထိုးပေးဖို့ တောင်းဆိုတယ်။**

ဘောပဲ၊ နှင်တိုင်ရဲ့သပဆို တိုင်ချင်တဲ့ဆီတိုင်''

ဒီလိုနှစ်ဖက် အချေအနေတင်းမာပြီး ညဘက်ရောက်တော့ အပျိုကြီး မဂျမ်းတော ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို အိမ်အရောင်းအဝယ်စာချုပ်ကိုင်ပြီး သွားတယ်။ အုပ်ချုပ်ရေးမှူးနဲ့ အ ဆင်သင့်ပဲတွေ့လို့ စာချုပ်အတည်ပြု ရေးတင်ပြတယ်။ ''ကျွန်တော်အဆင်ပြေအောင် လုပ်ပေးပါ့မယ်''တဲ့။

အုပ်ချုပ်ရေးမှူး ဘာတစ်ခွန်းမှမပြောဘဲ၊ စာချုပ်ကြီးကိုင်ပြီး ပြုံးနေတယ်။ ငါးနှက ဝါးရင့်ကိုလာပတ်ကွို့မလားဆိုတဲ့ အပြုံး။ အုပ်ချုပ်ရေးမှူးရဲ့ ရယကခေတ် ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးဖြစ်တဲ့ဆရာနှစ်ယောက်ရှိတယ်။ သူတို့ပေးတဲ့ သင်ခန်းစာတွေရှိတယ်။ ဒါကိုတွေးပြီး ပြုံးတာလည်းဖြစ်မယ်။

ရယကခေတ်ပုဂ္ဂိုလ်နှစ် ယောက်တုန်းက ဒီလိုပဲ။ အလုံ ဆင်မင်းဆိပ်ကမ်းအဝင် ငါးဖမ်း သင်္ဘောတွေဆီက ငါးခြောက်၊ ဆီပေါင်း၊ ငါးလိပ်ကျောက်ခွဲ ဝယ်ရောင်းလုပ်တဲ့ မျက်ပြူးဖိုးအေးကဒေါ်တိုးဆီက တစ်ဆယ့်နှစ်ကျပ်တိုးနဲ့ ဆယ်သိန်းချေးဖူးတယ်။ လုပ်ငန်းပုံမှန်လည်ပတ်ပြီး အရောင်းအဝယ်သွက်နေတုန်းက တစ်လတစ်သိန်းနှစ်သောင်း ရက်မကျော်ဘဲ ပေးသွင်းခဲ့တာ တစ်နှစ်တိတိ။

ဒုတိယနှစ်ရောက်လာတော့ နိုင်ငံခြားသားပိုင် ဖက်စပ်သင်္ဘောတွေရဲ့ ပင်လယ်ပြင်ငါးဖမ်းကွက်မှာ မရိုးသားမှုတွေ မသမာမှုတွေ စာချုပ်ဖောက်ဖျက်တဲ့လုပ်ရပ်တွေ ငါးမျိုးတုံးအောင် ပိုက်စိပ်ဆွဲကြတာတွေ ဘူးပေါ်သလိုပေါ်တော့စာချုပ်ဖျက် လိုင်စင်သိမ်း၊ ငါးဖမ်းခွင့် တိခနဲရပ်လိုက်တော့ မျက်ပြူးဖိုးအေးဟာ မျက်ဖြူလန်တဲ့ ဖိုးအေးဘဝရောက်ရော။

သင်္ဘောသားတွေ လက်ထဲငွေကြိုပေးပြီး အပိုင်ချည် အပိုင်ချုပ်ထားတာလေ၊ အလုပ်ရပ်လိုက်တော့ ဖိုးအေးပိုက်ဆံပြန်မရှင်းနိုင်တော့ဘူးပေါ့။

ဒေါ်တိုးဘက်က စောင့်ရင်း စောင့်ရင်း တစ်နှစ်ကျော်။

နောက်ဆုံး ရယကရုံးရောက်။ ဒေါ်တိုးကလည်း အခုဆိုအခု အတိုးကိုသုံးသိန်းလျှော့ပြီး နှစ်ဆယ့်နှစ်နဲ့ဖြတ်၊ အိမ်နဲ့ ခြံစာချုပ်ချုပ် လက်မှတ်ထိုးပေးဖို့ တောင်းဆိုတယ်။ ဖြေရှင်းတဲ့ ပုဂ္ဂိုလ်တွေဘက်ကလည်း သမာဓိချိန်ခွင်နဲ့ မချိန်ဘဲ ပေါင်တိုပေါင်ရှည် လျှာကောက်တဲ့ချိန်ခွင်နဲ့ချိန်ပြီး ဒေါ်တိုးပိုင်ဆိုင်ကြောင်း တပဲဖက်သတ်ဆုံးဖြတ်ချက်ချလိုက်တယ်။

''တစ်လ အချိန်ပေးပါ''

မျက်ပြူး ဖိုးအေး တောင်းပန်တယ်။ မေတ္တာရပ်ခံတယ်။

www.burmeseclassic.com

www.burmeseclassic.com



"လူမှုရေးအရ ဆယ့်ငါးရက်ပဲလျှော့နိုင်မယ်"လို့ ဒေါ်တိုးရော ပေါင်တိုပေါင်ရှည်တွေကပါ တစ်ရစ်လျှော့တယ်။

ဆယ့်ငါးရက်စွန်း တာနဲ့မျက်ပြူးဖိုးအေးတို့ မိသားတစ်စုလုံးမရှိတဲ့ အချိန်ရွေးပြီး အိမ်တံခါးပိတ်၊ သော့ခတ်၊ ချိပ်ပိတ် "ခွင့်ပြုချက်မရှိဘဲ ချိပ်ခွာခြင်း၊ သော့ရိုက်ချိုးခြင်း၊ တံခါးဖွင့်ခြင်း အိမ်တွင်း ဝင်ရောက်ခြင်းပြုလုပ်က ထိရောက်စွာ အရေးယူမည်"ဆိုတဲ့ စာတမ်းပါ ကပ်လိုက်တယ်။

မျက်ပြူးဖိုးအေးဆိုတဲ့ ကောင်ဟာ ငနုံ ငအ ငတုံး ရေမြွေပေါ့။

တစ်လမပြည့်တဲ့ အချိန်မှာ မြို့နယ်ကဆင့်စာရောက်လို့ ရဲစခန်းရောမြို့နယ်တရားရုံးရော သတင်းပို့တော့မှမျက်ပြူးဖိုးအေးဆိုတဲ့ကောင်ဟာ လူလည်ပတ်ကား ဖျံ အဆိပ်ပြင်းတဲ့မြွေပွေး မလေးမ ခွလေးခွကို မကိုက်ဘဲ ငယ်ထိပ်တက်ပေါက်တဲ့ မြွေပွေးမှန်း သိရတော့တယ်။

ဘက်စုံ၊ထောင့်စုံ အနီးအဝေး ဓာတ်ပုံရိုက်ပြီး နေပြည်တော်အထိတိုင်တဲ့စာ၊ထည့်လိုက်ဟာ တစ်ခါတည်း ပုဂ္ဂိုလ်နှစ်ယောက်ရော၊ ဒေါ်တိုးပါ ကုန်လိုက်တဲ့ပိုက်ဆံတွေ သောက်သောက်လဲ စားပြီးတာတွေလည်း အကုန်အံထွက်။ ဒါနဲ့မပြီးသေးဘဲ အာဏာအလွဲသုံးစားမှု၊ ပိုင်နက်ကျူးလွန်မှုနဲ့ပါအုတ်ရိုးထဲ ရောက်ကုန်ပါလေရော။

"မဂျမ်းဘက်က အမှန်အကန်ဆိုရင် မြို့နယ်သွားပြီး အမှုဖွင့်လိုက်ပါ။ကျွန်တော်ကတော့ လုံးဝဖြေရှင်း မပေးနိုင်ပါဘူး"

အုပ်ချုပ်ရေးမှူး အဖြေကို မျှော်လင့်ခြင်းများစွာနဲ့စောင့် နေတဲ့ ဒေါ်ဂျမ်းတော၊ အုပ်ချုပ် ရေးမှူးရဲ့ ပြတ်သားတဲ့ စကားကြားလိုက်ရတယ်ဆိုရင်ပဲ ရင်ထဲဗလောင်ဆူပြီး အသည်းနှလုံးတွေ ဆွေ့ဆွေ့ခုန်တော့တာ ပါပဲ။

ညနေလေးနာရီ ယာယီဈေးတန်းလေး ဝယ်သူရောင်းသူစည်ကားနေတုန်း ဒေါ်ဂျမ်းတောရယ်လေ။ သူ့အမေ၊ သူ့အစ်မ၊သူ့ခဲအို၊ သူ့မောင်ညီမတွေစု ခေါပဏီတပ်ကြီးချီပြီး မိတ္ထူးကိုသွား ရိုက်တော့တာပါပဲ။ ချုပ်တဲ့လူကချုပ်၊ ဆံပင်ဆွဲတဲ့လူကဆွဲ၊ ဈေးသူဈေးသားတွေ ဝိုင်းဆွဲပေလို့ပဲ။ မဟုတ်ရင် ဘာမှမဖြစ်လောက် တဲ့ငွေနဲ့ (သူတို့ဘက်ကပါ)အသေ တောင်သတ်မလားမသိဘူး။

ညဘက်ရောက်တော့ ရုံးခေါ်ဖြေရှင်းတယ်။

"ဟုတ်ပါတယ်---လုပ်ပြီးမှ စိတ်မကောင်းပါဘူး၊ ရစရာရှိတာလဲ တစ်ပြားမှမယူတော့ပါဘူး။ လျှော်လိုက်ပါတယ်။ ဆေးဖိုးဝါးခပါ ရှစ်သောင်းပေးပါတယ်။ နောက်မဖြစ်စေရပါဘူး"

ဘုန်းကြီးခေါင်းခေါက်ပြီးမှ ကန်တော့ဆိုတာမျိုးပေါ့။

"ကျွန်မ ကျေနပ်ပါတယ်။ ကျေအေးပေးလိုက်ပါ"

တောက်---မိတ္ထူးလိုကောင်မမို့လို့ပေါ့။ မျက်ပြူးဖိုးအေးလိုကောင်နဲ့များဆို ဒေါ်ဂျမ်းဦးစီးတဲ့ ခေါပဏီတပ်ကြီး တစ်တပ်လုံး ပြိုကွဲပြီး အင်းစိန်အကျဉ်းထောင်ထဲ သုံ့ပန်းဘဝနဲ့ ရောက်ကုန်မှာ။

ရှစ်ခွင်ကျော်
ဖောင်တော်သီ



www.burmeseclassic.com


www.burmeseclassic.com

မယားခိုးမှုနဲ့ အကွက်ဆင်ပြီး အမိဖမ်းသူ

မယားခိုးမှုနဲ့ အဖမ်းခံရတဲ့ ဇာတ်လမ်းတစ်ပုဒ်

# အမှောင်နဲ့ အမည်း

တွင်းကြီးသား
တင်ဝင်းဦး





www.burmeseclassic.com

www.burmeseclassic.com



## "အမှောင်နဲ့အမည်း"

**တွင်းကြီးသား**

**တင်ဝင်းဦး**

မြို့လယ်ရှိ လမ်း တစ်လမ်းက အအေးဆိုင်မှာ ကျော်လင်းမောင် ထိုင်ရင်း ဟိုဟိုဒီဒီ ကြည့်ရင်း စီးကရက်ကို အားပါးတရ မှာရင်း လက်မှ နာ ရီကို ကြည့်လိုက်သည်။ တစ်နာရီထိုးပြီးသွားပြီ။

နေ့တိုင်း နေ့ဆိုသလို၊ ယဉ်နွဲ့မေနှင့်ဒီဆိုင်မှာဆုံနေကျ။ ပြီးတော့ လှုပ်ရှားမှုတွေ လုပ်ခဲ့ကြသည်။ လှုပ်ရှားမှုဆိုတာကတော့ သူတို့အတွက်အလုပ်၊ သူတို့အတွက် ငွေရှင်သည့်ခွင်တွေသာဖြစ်သည်။ ကျော်လင်းမောင်နှင့် ယဉ်နွဲ့မေတို့ တွေ့ဆုံပြီး ဒီခွင်တွေကိုဖန်တီးခဲ့ကြတာ နှစ်နှစ်ထဲဝင်ခဲ့ပြီ။ ဒီနှစ်နှစ်အတွင်း ယဉ်နွဲ့မေ လှုပ်ရှားပေးခဲ့လို့ သရုပ်ဆောင် ကောင်းခဲ့လို့ အူစိုစို ဝမ်းစိုစို ဖြစ်ခဲ့ပြီမဟုတ်လား။

မေ့မရသေး။ယဉ်နွဲ့မေနှင့် ခင်မင်ခဲ့တာ မေ့မရသေး။ ကျော်လင်းမောင်မှတ်မိနေသည်။ ထိုနေ့က ကြာခဲ့ပြီဖြစ်ပေမယ့် ထိုနေ့က တည်းခိုခန်း အနီးရှိ ကွမ်းယာဆိုင်မှာ ကျော်လင်းမောင် ဆေးလိပ်ဝယ်နေသည်။ ဝတ်စားထားတာကလည်း တကယ့် အပျံစား၊ ရှိုးအပြည့်နှင့် အဲဒီအချိန် ယဉ်နွဲ့မေ အနား ရောက်လာသည်။ သူမက တမင်ဝင်တိုက်လာသည်ကို ကျော်လင်းမောင် သိသည်။

"အိုး အစ်ကို ဆောရီးနော် တောင်းပန်ပါတယ်နော်"

"ရပါတယ်ဗျာ၊ ဒါတွေက ဖြစ်နေကျပါ။ ဟုတ်လား ကျေနပ်တယ်နော်"

"ကျေးဇူး"

ပြေလည် သွားသည်။ ကျော်လင်းမောင်က သူမကို ဝီကေတစ်ခု ဝယ်ပေးလိုက်သည်။ သူမဘာလဲ၊ ဘယ်လို အမျိုးအစားလဲဆိုတာ ကျော်လင်းမောင် ရိပ်မိသည်။ သိသည်။ ဝတ်စားထားတာ၊ ပြီးတော့ ပြောတာဆိုတာ၊ နောက် သူမရဲ့ မျက်လုံးတွေ သူမ လိမ်းထားသည့် အပေါစား မိတ်ကပ်ခြယ်သထားတာ။

ဒါတွေက သူမရဲ့ ဘဝအဆင့်အတန်းကို လှစ်ဟပြနေသည်လေ။

"ဒီက ... ယဉ်နွဲ့မေပါ။ အစ်ကိုအမည်က"

'ကျော်လင်းမောင်တဲ့'

နှစ်ဦးသား အပေါ်ယံအပြုံးများနှင့်မိတ်ဖွဲ့ပြီးနောက် အနီးရှိလက်ဖက်ရည်ဆိုင်မှာထိုင်ဖြစ်သည်။ ထောင်မြင် ရာစွန့်သည့်သဘော။ မယဉ်နွဲ့မေကလည်း သူ့ဘဝအကြောင်း ခရေစေ့တွင်းကျ ရင်ဖွင့်သည်။ ကျော်လင်းမောင်ကလည်း သူ့ဘဝအကြောင်း ပြောခဲ့သည်။ ခင်မင်သွားပြီးသည့်နောက် ကျော်လင်းမောင်က ယဉ်နွဲ့မေရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်သည်။ အထူးလေ့လာစရာမလို။ ယဉ်နွဲ့မေက ညဥ့်ငှက်မတစ်ဦး။ ကြေးစားတစ်ဦး အသွေးအသားကိုဈေးကစားသူ။ အချစ်ပါလို့တော့မဟုတ်။ ဝမ်းဝ ခါးလှဖို့က အဓိက။

"အဲဒီ အကြံမကောင်းဘူးလား ယဉ်နွဲ့မေ"

တစ်ရက် ကျော်လင်းမောင်က အကြံပေးခဲ့သည်။ ဒီအကြံကို နားထောင်ရင်း ယဉ်နွဲ့မေက စဉ်းစားသည်။

"အင်း ကောင်းတော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်။ ဒါပေမယ့် ဒီလုပ်ဇာတ်တွေက ရှိးနေပြီလေ။ အဖြစ်မှန်တွေကို ရဲက သိသွားရင် မြားဦးက ညီမတို့ဘက်ပြန်လှည့်လာနိုင်တယ်လေ။အဲဒါလဲ စဉ်းစားရမယ်''

''ဟာ ညီမကလဲ အဲဒီလိုသာ သရုပ်ဆောင်၊ တကယ်လို့ ညီမနဲ့အတူ နေတဲ့လူက သူ့သိက္ခာသူ့အရှက်နဲ့ဘဝအတွက် ရှုံးရောက်ဂိတ်ရောက်အဖြစ်မခံလောက်ဘူးလေ''

''အင်း ...''

ယဉ်နွဲ့မေ ဘာမျှ မပြောတော့။ တကယ်တော့ ကျော်လင်းမောင် စီစဉ်သည်က ကျော်လင်းမောင်က လူချမ်းသာထဲက သားကောင်တစ်ဦးဦး၊ အသက်ငါးဆယ်ကျော်အရွယ်တွေ ရှာမည်။ ပြီးတော့ ယဉ်နွဲ့မေနှင့်တွေ့ ဈေးစကားပြော ပြီးရင် တည်းခိုခန်းမှာသွား။ သူတို့သွားတုန်းကျမှ ကျော်လင်းမောင်က ရုပ်ဖျက်ပြီး တည်းခိုခန်းဝင်မယ်။ ဖမ်းတယ်ဆိုတာ ယဉ်နွဲ့မေက သူ့မယား၊ ဒီတော့ မယားခိုးမှုနဲ့ တရားအစွဲခံမလား၊ ဒါမှမဟုတ် လျော်ငွေပေးမလား၊ ဒါကလှည့်ကွက်၊ ရတဲ့ငွေကို တစ်ဝက်စီခွဲယူ့ ...။

''ဖြစ်ပါတယ် ညီမရဲ့၊ အမြဲတမ်းတော့ ဒီခွင်ကို ဖန်လို့မရဘူးပေါ့။ ဒါပေမယ့် သားကောင်ရဲ့ အခြေအနေကိုကြည့်ပြီး လှုပ်ရှားရုံပေါ့ ဟုတ်လား''

''အစ်ကို့ သဘော''

နှစ်ဦး ကြံစည်သည့်နောက် တစ်ပတ်ထဲမှာတော့ အသက်ကြီးကြီး သားကောင် တစ်ဦး တွေ့သည်။ ကျော်လင်းမောင်က မရှက်မကြောက်မေးသည်။ ယဉ်နွဲ့မေနှင့်တွေ့ ဈေးစကားပြောခဲ့ကြသည်။ တည်းခိုခန်းအကြောင်းမေးတော့ ထိုလူက လမ်းတစ်လမ်းထဲက သူငယ်ချင်း အိမ်ခေါ်သွားမည်တဲ့လေ။ ခွင့်ပြုလိုက်သည်။ နောက်ရုပ်ဖျက်ပြီး အတော်ကြာမှ နောက်ကလိုက်သည်။ စကားတွေ များသည်။ ပြီး ကျော်မကောင်း ကြားမကောင်းဖြစ်မည်စိုးပုံရသည်။ နှစ်သိန်းလျော်ပေးလိုက်သည်လေ။

''အမယ်လေး အစ်ကို





www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ဒေါ်တုန်းကတစ်ဦးတည်း ဟိုရောက်တော့ သူ့သူငယ်ချင်း ကပါ။ အဟင်း–ဟင်း–ဟင်း နှစ်ယောက်ကြီးများတောင်''

''ဟုတ်ပြီ ဒါကြောင့် နှစ်ပုန်းလျော်လိုက်တာကိုး''

ရသည့်ငွေ ခွဲရင်း ထို နေ့က အနားယူခဲ့ကြသည်။ အနားယူသည်က သူတို့နှစ်ဦး အ ညံ့စား တည်းခိုခန်းမှာ တွဲပြီး နှစ်ဦးသားကြည်နူးခဲ့သည်လေ။

ပွဲဦးထွက် တစ်ပွဲအပြီး နောက်ထပ်သုံးလေခွင်ဖန်ခဲ့သေးသည်။ အောင်မြင်ခဲ့သည်။ကျော်လင်းမောင်အတွက်လည်းတွက်ခြေကိုက်၊ ယဉ်နွဲ့မေအတွက် လည်း အရင်ကထက် အဆင်ပြေ''

ပြီးတော့

သူတို့နှစ်ဦး အနေဖြင့်က သွေးသားဆန္ဒကို နှစ်ဦး သဘောထားအရ တွေ့ဆုံ ပျော်ပါးခဲ့ကြသည်ကကြာခဲ့ပြီ။ နှစ်နှစ် ကျော်ခဲ့ပြီလေ။

''ဟော လာပြီ''

လမ်းမဆီ ကြည့်တဲ့အချိန် ခပ်သွက်သွက်လေးဝင်လာသူက ယဉ်နွဲ့မေ''

~~~~~

ရင်ခွင်ထဲမှီရင်း ယဉ်နွဲ့မေက သူ့ဘဝအကြောင်းပြောနေသည်။ နှစ်ဦးသား တည်းခိုခန်းတစ်ခုရဲ့ အခန်းကျဉ်းလေးထဲမှာ ဒီနေ့ အခန်းခကို ကျော်လင်းမောင်ကပေး၊ စားသောက်တာကို ယဉ်နွဲ့မေက ဒကာခံ။

''ညီမက မကွေးဘက်ကလေ။ မိဘက ဆင်းရဲတယ်။ ပညာကလဲမတတ်။ အဲဒါအခြားသူတစ်ဦးရဲ့ စကားကို ယုံစားမိပြီး ဒီကို ရောက်လာတာ''

''သြော် ...''

''အစကတော့ စားသောက်ဆိုင်မှာလေ။ မကြာပါဘူး။ မန်နေဂျာကြောင့် ဘဝပျက် တိုတိုပြောရရင် ဒီဘဝရောက်ခဲ့ရတာ အစ်ကိုရဲ့''

ကျော်လင်းမောင် မမေးမိတော့။ ယခုလည်း မနက်ခင်း ငွေတစ်ခုဖန်တီးပြီးရတဲ့ငွေနှင့် သွေးသားအလိုဖြည့်ခဲ့ခြင်းဆိုရင်မမှား။ အခုလည်း ယဉ်နွဲ့မေအကြောင်း ကျော်လင်းမောင်မမေး။ ယဉ်နွဲ့မေက သူ့ဘာသာပြောရင်း လွင့်ချွဲပြနေသည်ဟု ယူဆသည်။ ဟာကယ်တော့ ဒီဇာတ်လမ်းတွေက ရိုးအီနေပြီ။ အခု ဒီရန်ကုန်မြို့နဲ့ အခြားမြို့ပြကြီးတွေက အနှိပ်ခန်းတွေ၊ ဇိမ်ခန်းတွေနဲ့ လမ်းဘေးက ပျော်တော်ဆက် အကြွေပွင့်ပန်းတွေအားလုံး တောကမလည်မဝယ် တက်လေးသူတွေပါသည်။ လူပွဲစားတွေကြောင့် ဒီဘဝရောက်ရသူတွေပါသည်။ ငွေကြေးချမ်းသာသူတွေ ဖျက်ဆီးလို့ ဒီဘဝရောက်ရသူတွေ ပါသည်။ ပြီးတော့ ဒီအလုပ်ဒီဝါသနာကို မိမိဆန္ဒအရ တပျော်တပိုက်လုပ်တဲ့သူပါသည်။ ဒါတွေကို သိပြီးသား။

''မနက်ဖြန် ခွင်တစ်ခု

**အစကတော့ စားသောက်ဆိုင်မှာလေ။ မကြာပါဘူး။**
**မန်နေဂျာကြောင့် ဘဝပျက်**
**တိုတိုပြောရရင် ဒီဘဝရောက်ခဲ့ရတာ အစ်ကိုရဲ့**



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ဖန်မယ်နော်။ ဒီတစ်ခါ အချိုကြီးကြီးပေါ့''

ကျော်လင်းမောင်က ပြောလာသည်။ နှစ်ဦးသားမျက်နှာချင်းဆိုင်း ရင်ချင်းအပ် တစ်ဦးကိုတစ်ဦးဖက်ထားရင်း တစ်ဦးနှင့် တစ်ဦးကြည့်နေသည်က ရှူးရှူးစိုက်စိုက်။

''အစ်ကို့ သဘော အစ်ကို့အတွက်ဆိုရင် ဘာမဆို ...''

ယဉ်နွဲ့မေက တိုးညင်းစွာ ပြောလာသည်။ ကျော်လင်းမောင်က ဖျံတကာ့ဖျံ တစ်ကောင်ပေမို့ မိန်းကလေးတွေရဲ့



အထာကိုသိနေသည်။ ယဉ်နွဲ့မေ စကားမဆုံး သူမရဲ့ ပါးပြင်လေးကို တစ်ချက် နမ်းရှိုက်လိုက်သည်။

လမ်းပေါ်မှာ ကျင်လည်နေသည့် သူတို့ နှစ်ဦးအတွက်ကတော့ ရင်ခုန်စရာ မမေ့နိုင်စရာ ဖြစ်လာမည့် စစ်မှန်သည့်ချစ်ခြင်းရဲ့ သက်သေဆိုတာတွေမရှိ။ ငွေကိုသွေးသားနှင့် ရှာမည်။ ပြီးတော့ နှစ်ဦးသား သွေးသားကို ဖြေသိမ့်မည်ဆိုသည့် သဘော။

ယခုလည်း ....။

~~~~~

တက္ကစီကား ခပ်ညစ်ညစ် ခပ်နုတ်နုတ်လေး တစ်စီး၊ မြို့ထဲက မြို့ပြင်ကို မောင်းနေသည်။ မြို့ထဲနှင့်ဝေးသည့်နေရာ ရှိခပ်ညံ့ညံ့ ဈေးပေါ်ပေါ် တည်းခိုခန်းဆီသွားနေသည်မှန်း ယဉ်နွဲ့မေ သိသည်။ ကားဆရာသည် သူ့ကားအိုလေးကို ကားသစ်တွေ အကြားမှနေ၍ သတိနှင့် မောင်းနှင်နေသည်။

ယခု ယဉ်နွဲ့မေတို့ စီးလာသည့်ကားမှာ ဘေးမှန်တွေမပါ။ သံချေးတွေပင်တက်နေပြီ။ စီးရတာပင်ရှက်စရာကောင်းနေသည်။ သံရည်ကျိုစက်ကပင် လက်မခံသည့် ကားတစ်စီး။ သူမဘေးမှာ ထိပ်ပြောင်ပြောင်နှင့် လူကြီးက သူမရဲ့ ခါးလေးကို ကျစ်ကျစ်ပါအောင် ဖက်ထားရင်း ပြုံးနေသည်။ ထိုလူ့ဆီမှ အကောင်းစား ရေမွှေးနံ့က တသင်းသင်း။

''ကိုယ့် ကားနဲ့ဆိုရင် လူတွေ သိသွားမှာစိုးလို့ ဒီကားစီးရတာ ညီမရဲ့''

''ဟုတ်လား''

''အင်း အင်းလေ လူမသိဖို့က အရေးကြီးတယ်လေ''

ပြောရင်းထိုလူက သူမကိုပြုံးရင်း အားမလိုအားမရဟန်နှင့် ခါးကိုဖျစ်ညှစ်နေသည်။ ထိုလူက ဘောင်းဘီအနက်ခပ်ပွပွ အဖြူရောင် လက်တို စွပ်ကျယ်အကောင်းစားနှင့် အသားကဖြူသည်။ ဥပဓိရုပ်က ခပ်ကောင်းကောင်း။ လက်ထဲမှာတော့ ပိုက်

[illegible]ကစ်လုံး ကိုင်ထားပြီး [illegible]ည်း အကြီးကြီး။

''ငါးနာရီ[illegible]်ဆိုရင် ရပါပြီ''

''ဟုတ်ကဲ့''



www.burmeseclassic.com
~~~~~

www.burmeseclassic.com



''ကိုယ့် အမျိုးသမီးက ကျန်းမာရေးမကောင်းဘူးလေ''

''ဟုတ်--နောက် လို အပ်ရင် ပြောပါ။ ညီမ အဲဒီအ နားမှာ အမြဲရှိပါတယ်။ ဦးကိုလဲ မှတ်ထားပါ့မယ်။ ဖြစ်နိုင်ရင် တို့ ကိုလိပ်စာ ဒါမှမဟုတ် ဖုန်းနံ ပါတ်ပေးပါလား။ ညီမဖုန်းဆက် မယ်လေ''

ယဉ်နွဲ့မေ စကား ကြောင့် ထိုလူ တွေဝေနေသည်။ ပေးသင့် မပေးသင့် စဉ်းစားနေ သည့် သဘော။

''ရုံးလိပ်စာတော့ ပေး လို့မရဘူးလေ။ တော်ကြာပြဿ နာတွေ တက်ကုန်မယ်။ ဖုန်းနံ ပါတ်တော့ ပေးထားမယ် ဟုတ် ပြီးလား''

ထိုလူကပြောရင်း ဖုန်း နံပါတ် ရေးပေးသည်။

''ဦးက အနှိပ်ခန်းတွေ ဘာတွေ မသွားဘူးလားဟင်''

''ဟာ သွားတာပေါ့၊ နှစ်ပတ်တစ်ကြိမ်တော့သွားတယ် လေ။ မဆိုးပါဘူး။ ကောင်မ လေးတွေက အပြုအစု သိပ် ကောင်းတယ် သိလား''

ထိုလူက ရယ်သည်။

**တံခါးပိတ်သံက**
**မတိုး မကျယ်။**
**တံခါးပိတ်ပြီးသည့်**
**ယဉ်နွဲ့မေရဲ့**
**နံ့ချည်နေသည့်**
**ခန္ဓာကိုယ်လေးကို**
**ကျော်လင်းမောင်က**
**ထွေးပွေ့ရင်း ပါးပြင်ကို**
**တစ်ချက်နမ်းလိုက်ပြီး၊**
**ရူးရဲစွာ**
**ကြည့်နေမိသည်။**

ယဉ်နွဲ့မေပါ ရောယောင်ပြီး ရယ်ဖြစ်သည်။ မကြာမီ မြို့ပြင် သို့ ရောက်ခဲ့ပြီ။ ကားလေးက လမ်းချိုးတစ်ခုထဲ ဝင်သည်။ တည်းခိုခန်းရှေ့ ကားရပ်သည်။ ထိုလူက ကားခရှင်းပေးအပြီး နှစ်ဦးသား တည်းခိုခန်းထဲဝင်ခဲ့ သည်။

''နှစ်ယောက်အိပ် တစ်ခန်း။ အကောင်းဆုံးအခန်း ပေး''

''ဟုတ်ကဲ့ ရပါတယ် ဆရာ''

ကောင်လေးက အခန်း နံပါတ်နှင့်အခန်းသော့ကိုပေးပြီး ကျန်တစ်ဦးက အခန်းရှိရာ အ ပေါ်ထပ်ကို လိုက်ပြသည်။ အ ခန်းကမဆိုး။ နှစ်ယောက်အိပ် ခုတင်နှင့် မွေ့ရာနှင့်ပြီးတော့ လေပန်ကာတစ်လုံး။

နှစ်ဦးသား အခန်းထဲ ဝင်လိုက်သည်။တံခါးပိတ်လိုက် သူက ယဉ်နွဲ့မေ။

~~~~~

တံခါးကို ယဉ်နွဲ့မေ ပိတ်လိုက်သည်။

တံခါးပိတ်သံက မတိုး မကျယ်။ တံခါးပိတ်ပြီးသည့် ယဉ်နွဲ့မေရဲ့ နံ့ချည့်နေသည့် ခန္ဓာကိုယ်လေးကို ကျော်လင်း မောင်က ထွေးပွေ့ရင်း ပါးပြင် ကို တစ်ချက်နမ်းလိုက်ပြီး၊ ရူးရဲ စွာ ကြည့်နေမိသည်။

အခန်းထဲမှာတော့ နှစ် ယောက်အိပ်ခုတင်သေးရှိ လေ ပန်ကာလေး တစ်ခုက တဝန် ကျွေ့ လည်ပတ်ပြီး အေးမြ အောင် ပြုလုပ်နေသည်။ စုံတွဲ



www.burmeseclassic.com
~~~~~

www.burmeseclassic.com



တွေ ကျင်လည်ရာ၊ အခန်းထဲမှာတော့ အနံ့အသက်မျိုးစုံ။ ဆေးလိပ်တိုအချို့၊ ကွမ်းသွေးစက်အချို့နှင့် တစ်သျှူးစအချို့က အခန်းရဲ့နိမ့်ကျမှု သရုပ်ကို ပြသနေသည်။

နှစ်ဦးသား ခပ်ညှိုညှိုခင်းထားသည့် ခပ်ထူထူမွေ့ရာပေါ် ဘေးချင်းယှဉ်ပြီး ထိုင်လိုက်ကြသည်။တစ်ဦးလက်ကိုတစ်ဦး ခပ်တင်းတင်းဆုပ်ကိုင်ထားသည်။

နေ့ခင်းပိုင်းက ယဉ်နွဲ့မေတစ်ယောက် သူဌေးတစ်ဦးနှင့် ဒီတည်းခိုခန်းကအပေါ်ထပ်မှာ တွေ့ခဲ့သည်။ ကျော်လင်းမောင်က တည်းခိုခန်းနှင့် မနီးမဝေးရှိ ဘီယာဆိုင်မှာထိုင်၊ ဘီယာမော့ရင်း စောင့်နေခဲ့သည်။ သုံးနာရီအကြာ ယဉ်နွဲ့မေတို့အတွဲထွက်လာပြီးနောက် သူဌေးဖြစ်သူပြန်သွားသည်။ ကြိုတင်ချိန်းထားသည့်အတိုင်း ယဉ်နွဲ့မေက ဘီယာဆိုင်မှာ လာ၊ ကျော်လင်းမောင်နှင့်တွေ့။

ပြီးတော့ အနိုးဆုံးတည်းခိုခန်းအောက်ထပ်ရှိ အညံ့ဆုံး ဈေးအပေါဆုံး တစ်ခန်းငှား။ နှစ်ဦးသားတွေ့. . .။

"ဘယ့်နှယ်လဲ ညီမတော်တော် ပင်ပန်းသွားပြီးလား ဟင်'

"အဟင်းဟင်း. . ."

ဟု ရယ်သံနှင့် အစချီရင်း ခပ်ရှက်ရှက်မျက်နှာလေးငုံ့ရင်း အတွေ့အကြုံကို ပြောရှာသည်။ အဓိကတော့ ကျော်လင်းမောင် သိချင်တာက ငွေဘယ်လောက်ရခဲ့သလဲဆိုတာလဲ သိချင်တာ။

"မုန့်ဖိုးလဲ ပေးသွားတယ်လေ"

ဖြေရင်း ငွေသုံးသောင်းခန့်ကိုပြသည်။ ကျော်လင်းမောင်က တစ်သောင်းယူလိုက်သည်။ ယဉ်နွဲ့မေ ဘာမျှမပြော။ အရင် လူတွေနှင့်တုန်းက တစ်ဝက်ခန့် ယူခဲ့သည်လေ။ ပြီးတော့ ယဉ်နွဲ့မေရဲ့ဘဝက ဘဝကိုရင်းပြီး ရသည့်ငွေကို တစ်ဝက် ပေးခဲ့ရုံသာမက လိုအပ်သည့်အချိန် ခုလို အချိန်မျိုးတွေဆိုရင်လည်း သူမရဲ့ ဘဝကို ကျော်လင်းမောင် လက်ထဲ ထိုးအပ်ထားခဲ့သေးသည်လေ။ ဒီပေးဆပ်မှုတွေက ကြာခဲ့ပြီပဲ။

"အစ်ကို မလောက်သေးရင် ထပ်ယူလေ"

ယဉ်နွဲ့မေက ပြောသည်။ ခေါင်းခါသူက ကျော်လင်းမောင်။

"ရပါပြီ ညီမရယ်။ ညီမမှာလဲ အခက်အခဲရှိနေမှာ အမှန်ပဲလေ။ ညီမက ပိုက်ဆံလဲပေး၊ ဘဝလဲပေးဆိုတော့"

"ချစ်တာကိုး"

ယဉ်နွဲ့မေက ပြောရင်း ကျော်လင်းမောင် ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်သည်။သူတို့နှစ်ဦးစလုံးရဲ့ ရင်ထဲမှာတော့ အသွေးအသားရဲ့တောင့်တမှုဆန္ဒတွေက မုန်တိုင်းထန်နေသည်က အသေအချာ။

~~~~~

"တံခါးဖွင့်"

"ဒုန်း ဒုန်း ဒုန်း"

အသံတစ်သံနှင့်အတူ တံခါးကို တဒုန်းဒုန်းထုသံကြားရသည်။ ပြီးတော့ ယောကျ်ားသားတွေရဲ့ အသံများကိုလည်း ကြားနေရသည်။ အခန်းထဲရှိ ကျော်လင်းမောင်နှင့်ယဉ်နွဲ့မေတို့ နှစ်ဦးစလုံး အဝတ်အစားများကို ကပျာကယာဝတ်လိုက်ကြသည်။ ပြီးသည်နှင့် အသံများကိုနားစွင့်သည်။



www.burmeseclassic.com
~~~~~

www.burmeseclassic.com



"တံခါးဖွင့်လို့ ပြောနေတယ်နော်"

"ဖွင့်စမ်း... ဖွင့်"

"ဒုန်း--ဒုန်း--ဒုန်း"

"အသံတွေက အပြိုင်..."

"ဘယ်သူတွေလဲ အစ်ကို - ဟင်"

"မသိဘူး။ ဘာလို့လဲတော့မသိဘူး ညီမရယ်"

ပြောရင်းနှင့် တံခါးဖွင့်လိုက်သည်။

"ဟင် ..."

"ဟာ ..."

ကျော်လင်းမောင်နှင့် ယဉ်နွဲ့မေတို့နှစ်ဦးစလုံး အထိတ်တလန့်ဖြစ်သွားရချေပြီ။ ကြည့်စမ်း။ အရပ်သား လေးငါးဦး၊ ရဲသုံးဦး၊ စခန်းမှူးတစ်ဦး အပါအဝင် ယဉ်နွဲ့မေရဲ့ လင်ဖြစ်သူ ကိုကျော်ခင်..."

မှန်သည်။ ယဉ်နွဲ့မေရဲ့ ချစ်လင် ကိုကျော်ခင်။

"နွဲ့ခင် နွဲ့ခင် နင် နင် တကယ်မိုက်မဲတဲ့မိန်းမ တယ်ငါလေ"

ကိုကျော်ခင်က ပြောရင်း၊ ဒေါသတကြီးနှင့်ဇနီးဖြစ်သူကို ရိုက်နှက်ဖို့ပြေးအလာ အနီးရှိတာဝန်ရှိသူကဆွဲထားသည်။

"ဟိုလူကို လက်ထိတ်ခတ်"

စခန်းမှူးက ကျော်လင်းမောင်ကိုမေးငေါ့ပြရင်းပြောသည်။

"ဗျာ..."

ကျော်လင်းမောင် မျက်လုံး ပြူးသွားသည်။ ရှေ့ကနေ ပိတ်ရပ်နေကြသည်မို့ ကျော်လင်းမောင်ထွက်ပြေးလိုစိတ်တွေ မအောင်မြင်နိုင်တော့။တွေးဆဲမှာပင် သူ့ လက်အစုံမှာတော့ စတီးလ် လက်ထိတ် တစ်စုံက နမ်းရှိုက်နေခဲ့ပြီ။

"ဘယ်လိုလဲ ပြည့်စုံ (ခေါ်) ကျော်အေးသက် (ခေါ်) ကျော်လင်းမောင်"

စခန်းမှူးက ပြောလာသည်။ ဒီတော့ ယဉ်နွဲ့မေက ကျော်လင်းမောင်ကို စွေခနဲတစ်ချက် ကြည့်သည်။ ကိုကျော်ခင်ဆိုသူကတော့ အံကြိတ်ထားရင်း အခဲမကျေဖြစ်နေဆဲ။ကျော်လင်းမောင် နားမလည်နိုင်တော့။

"ဒီမှာ ကျော်လင်းမောင် အမည်နဲ့တည်းခိုနေတယ်

**ကျော်လင်းမောင် မျက်လုံးပြူးသွားသည်။ ရှေ့ကနေ ပိတ်ရပ်နေကြသည်မို့ ကျော်လင်းမောင် ထွက်ပြေးလိုစိတ်တွေ မအောင်မြင်နိုင်တော့။**

ဆိုတာ သတင်းရတယ်။ ပြီးတော့ ဒီက မနွဲ့ခင်ရဲ့ယောကျ်ား ကိုကျော်ခင်က တိုင်ချက် ဖွင့်ထားတာတွေရယ်ကြောင့် ဖမ်းရတာပဲ ကိုကျော်လင်းမောင်"

ဒီအထိ ကျော်လင်းမောင် နားမလည်သေး။

"ဒီမယ် ဒီက ကိုကျော်ခင်က လူရိုးတစ်ဦး မခင်နွဲ့ဆိုတာ တရားဝင်မယားတစ်ဦးပါ။ ရိုးရိုးသားသားနဲ့ လင်သားက လုပ်ကိုင် ကျွေးနေတဲ့ ကြားကဟောဒီက မခင်နွဲ့က အမည်သုံးလေးခုနဲ့ ဒီအလုပ်တွေကို ပျော်ပိုက်နေတယ်တဲ့။ အဲဒီ လင်ဖြစ်သူက လူသူမကြားအောင်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမပေမယ့် မရဘူးတဲ့။ အဲသလိုနဲ့ သူ့မိန်းမအကြောင်းစုံစမ်းရင်းနဲ့ ဒီကနေ့ မြို့ထဲကနေလူတစ်ဦးနဲ့တည်းခိုခန်းတစ်ခန်းဆီထွက်သွားတယ်ဆိုတာ တက္ကစီသမားဆီက သိရတယ်လေ။ ခင်ဗျားတော့ မယားခိုးမှုနဲ့ အမှုရင်ဆိုင်ရလိမ့်မယ် ကိုကျော်လင်းမောင်''

''ဗျာ''

ကျော်လင်းမောင် မျက်လုံးတွေ ပြာဝေသွားသည်။ ရပ်ကွက်တာဝန်ရှိသူတွေ၊ ရဲတွေ အပါအဝင်၊ အားလုံးအခန်းထဲ ထွက်ခဲ့ပြီး ရဲစခန်းကိုလာခဲ့ကြသည်။ ရဲစခန်းရောက်တော့ အချုပ်ခန်းထဲ ဝင်လိုက်ရသူက ကျော်လင်းမောင်။

အတော်ကြာမှ စခန်းမှူးက အနားလာရပ်သည်။

''တိုင်ချက်ဖွင့်တော့မယ် ကျော်လင်းမောင်''

ကျော်လင်းမောင် ဘာမှ မပြောနိုင်တော့။ တကယ်တော့ ယဉ်နွဲ့မေနှင့်တွေ့စဉ်က အိမ်ထောင်မရှိ၊ အပျိုဟုပြောခဲ့သလို မိဘကို ဘဝနှင့် ရင်းပြီးလုပ်ကျွေးနေသည်ဟုပြောခဲ့သည်လေ။ ခုတော့ တရားဝင်လင်ယောကျ်ားနှင့်တဲ့။ ကျော်လင်းမောင်က ယဉ်နွဲ့မေကို အသုံးချသားကောင်တွေရှာ၊ သူ့မယားပါဟု အလိမ်အညာတွေနှင့်ပျော်ပါးသူဆီက ငွေအလျော်ယူ။ ပြီးတော့ တစ်ဝက်ဆီသုံးခဲ့သည်က လေးငါးခြောက်ကြိမ်။ ယခုတော့ ယဉ်နွဲ့မေဆီက ဘဝနှင့် ရင်းခဲ့သည့်ငွေနှင့်သွေးသားဖြေသိမ့်ဆဲမှာပင် ယဉ်နွဲ့မေ(ခေါ်)နွဲ့ခင်ရဲ့ တရားဝင် လင်သား လိုက်လာပြီး တကယ်အဖမ်းအဆီးခံရပေပြီ။

လည်လွှန်းတဲ့ဘီး ချေးသင့်ပြီလား။

ခေါင်းတုံးပေါ် ထိပ်ကွက်ခံခဲ့ရပြီလား။

''ဆရာ မယဉ်နွဲ့မေကဘာပြောသလဲဟင်''

''ဘာပြောရမှာလဲ ကိုကျော်လင်းမောင်။ တစ်ဖက်ကလူက တရားဝင်လင်ဗျာ့။ ဒီတော့ အမှုဖွင့်ဖို့ ခေါင်းညိတ်ရတာပေါ့''

''ဟင်. . .''

''ခင်ဗျားဗျာ . . . ခင်ဗျားမှာလဲ မိန်းမရှိတယ်၊ သားသမီးရှိတယ်။ အဲသလိုရှိပါရက်နဲ့ သူများအိမ်သားနဲ့ ပျော်ပါးရတယ်လို့''

ဌာနမှူးက ပြောရင်း ပြန်သွားသည့် အခါမှာတော့ ကျော်လင်းမောင်ခမျာ မှိုင်တွေရင်း ကျန်ခဲ့သည်။ တကယ်တော့ မိမိ ဇနီးကို ကုမ္ပဏီမှာ လုပ်သည်ဆိုပြီး လိမ်ခဲ့သည်။ ပြီးတော့ ငွေကို လွယ်လွယ်ရသည့် အလုပ်တွေ လုပ်ခဲ့သည်။ အမည်တွေ အမျိုးမျိုးသုံးခဲ့သည်လေ။

ခုတော့. .

မတင်းတိမ်နိုင်သောအသွေးအသား ဈေးကစားကွက်မှာတော့ ကျားရှေ့မှောက်ရက်လဲကျခဲ့ပြီ။ ဘာပဲဖြစ်ဖြစ် အမှောင်နဲ့ အမည်းတို့ ဆုံခဲ့ပြီဆိုရင်တော့ လုံးဝအမှောင်အတိကျတော့မည်ဆိုတာ မတွေးခဲ့သည့်ကျော်လင်းမောင်နှင့် မယဉ်နွဲ့မေတို့ နှစ်ဦးအတွက်ကတော့. ။

သောကတွေနှင့် ရင်ဆိုင်ရပေဦးမည်ကအမှန်. . ။

**တွင်းကြီးသား**

**တင်ဝင်းဦး**





www.burmeseclassic.com


www.burmeseclassic.com

# တောင်ပေါ်သား ဟိုတယ်











အမှတ်(R-1)၊ ဂန္ဓမာလမ်း နှင့် (၆)လမ်းထောင့်၊ မင်္ဂလာဥယျာဉ်မြို့တော်အိမ်ယာစီမံကိန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ။

ဖုန်း - ၂၉၂၉၉၂၊ ၂၉၆၇၄၆၊ ၂၉၉၂၆၇၊ ၂၀၅၇၅၄၊ ၂၀၅၄၀၄၊ ၂၀၅၇၇[illegible]

www.burmeseclassic.com

www.burmeseclassic.com

သိန်း(၁၆၀၀)ဖိုး ဖောက်ထွင်းမှုကြီး ပေါ်ပေါက်လာရတဲ့
ဇာတ်လမ်းတစ်ပုဒ်



# ပိုးချိတ်ပုဆိုးနဲ့ ကတ္တီပါဖိနပ်

## မောင်မောင်စိန်လင်း
(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com



# "ပိုးချိတ်ပုဆိုးနဲ့ ကတ္တီပါဖိနပ်"

**မောင်မောင်စိန်လင်း**

**(နတ်မောက်)**

(၁)

"ဂွတ်မောနင်း ဆရာ"

"မောနင်း ဂမ်းဆာဂျင်ကြီး"

"စောစောစီးစီး ရှိုးစမိုး အပြည့်နဲ့ပါလား ဆရာ"

"မင်းကြီးက ကျွန်တော်ကိုင်တဲ့ ဖောက်ထွင်းမှု ဒီလ ပေါ်ရင်ပေါ် မပေါ်ရင် (ဖျာလိပ်) လို့ ကြိမ်းထားတယ် ဆရာကြီး၊ ဒါကြောင့် စောစောစီးစီး လှုပ်ရှားရမယ် ဆရာကြီးရေ"

ရဲအုပ် ကျော်စိန်လင်းသည် ဖောက်ထွင်း၊ ဆိုးခိုး၊ လုယက်၊ တိုက်ခိုက်၊ ခါးပိုက်နှိုက်၊ ပြစ်မှုဖြင့် ထောင်မှထွက်လာကြသူများနေထိုင်ရာ မြို့နယ်၊ ရပ်ကွက်များသို့ နေ့စဉ်သွားလာလှုပ်ရှားနေသည်။ ပုံစံအမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် သားပုလင်း လုပ်ရသည်မှာ ရဲတာဝန်တစ်ရပ်ဖြစ်သည်။

"ဟာ ဆရာကျော်စိန်လင်းပါလား"

"လာ ဆရာကျွန်တော်တို့ ဝါးတီးရှိတယ်"

မြို့နယ်ရဲတပ်ဖွဲ့မှ (နယ်ထိန်းအင်ချုပ်ဒုရဲအုပ်ထွန်းထွန်း) နှင့် တပ်ဖွဲ့ဝင်များသည် ဒံပေါက်ထမင်းကျွေးမည့် (ရွှေစင်ငွေစင်မင်္ဂလာခန်းမကြီး)သို့ ခေါ်ဆောင်ကြသည်။ ဘာလက်ဖွဲ့ပစ္စည်းဘာမျှမပါသော်လည်း ချောင်ကျသောနေရာတွင် သတို့သားဘက် မိဘဆွေမျိုးများက ဖက်လှဲတကင်း၊ လှိုက်လှိုက်လှဲလှဲကြိုဆို ဧည့်ခံကျွေးမွေးကြသည်။

မြို့နယ်၏ မျက်နှာဖုံးမိဘများ၏ သတို့သား၊ သတို့သမီးများ၏မင်္ဂလာပွဲကြီးဖြစ်သည့်အားလျော်စွာ အလွန်စည်ကားသိုက်မြိုက်လှသည်။ သူ့ထက်ငါ ဝတ်ကောင်းစားလှများ ဝတ်ဆင်ကြသည်။ စိန်ရွှေ၊ ရတနာများလည်း အပြိုင်အဆိုင်ဆင်ကြသည်။ ခကတ်တို့၊ ဘောင်းဘီတို့ လယ်ပတိုက်တို့ဖြင့် အလှချင်းပြိုင်နေကြသော လှပျိုဖြိုးများမှာလည်း သူ့ထက်ငါ အပြိုင်အဆိုင်။

ဤသို့ စည်ကားလှသောအချိန်တွင်မင်္ဂလာခန်းမကြီးသို့ တက္ကစီကားတစ်စီးရောက်ရှိလာသည်။ ကားပေါ်မှ ဆင်းလာသော ပုဂ္ဂိုလ်မှာ ချိတ်ပုဆိုး၊ စိန်ကတ္တီပါဖိနပ် စီးထားကာ တောက်တောက်ပြောင်ပြောင်ဖြင့် ဝိုင်းဝန်း ကြည့်နေကြသည်။ ကြိုဆိုကြသည်၊ ဧည့်ခံသူများက အပြိုင်အဆိုင် နေရာပေးကြသည်။ ဧည့်ခံ ကျွေးမွေးကြသည်။

ရဲအုပ် ကျော်စိန်လင်းသည် သည်မြင်ကွင်းကို အတော် စိတ်ဝင်စားနေသည်။ စိတ်ဝင်စားဖွယ်ရာ အချက်အလက်များက ပြည့်နှက်နေသည်။ (လူမှာအဝတ် တောင်းမှာအကွပ်) ဆိုသည့်စကားပုံမှာ အဝတ်အစား လှပစွာ ဝတ်ဆင်ခြင်းနှင့် လူကို တင့်တယ်စေသည်။ လှပစေသည် ဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။

သို့ရာတွင် ရဲအုပ်ကျော်စိန်လင်း၏ မြင်ကွင်းတွင်တွေ့ရသော ပိုးချိတ်ပုဆိုး၊ ပိုးချိတ်ကဘီ၊ စိန်ကတ္တီပါ ဖိနပ် စီး



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင် လာကြသည့် ဇနီး မောင်နှံတို့၏ဝတ်စား ဆင်ယဉ် ပုံမှာ (ခါးတောင်ကျိုက်တခြား ဖင်တခြား)ဆိုသကဲ့သို့ ဖြစ်နေသည်။ ရဲမျက်လုံးတွင် သံသယ မကင်းသောဝတ်စား ဆင်ယင်မှု ဖြစ်နေသည်။ ပိုးချိတ်ပုဆိုး၊ ပိုးချိတ်ထဘီတို့၏ တန်ဖိုးမှာ တစ်ထည်လျှင်(၃) သိန်း(၄)သိန်း တန်သော တန်ဖိုး ကြီးအထည် များဖြစ်သောကြောင့် ဖြစ်သည်။ ဒီလို ပိုးချိတ်ပုဆိုး၊ ထဘီတို့ကို သူဌေးကြီးများ၊ ဝန်ကြီးများ၊ ဒီဂျေအယ်ဒီကြီးများတို့ ဇနီး မောင်နှံများသာဝတ်လေ့ရှိသော ကြောင့် ဖြစ်သည်။ သူတို့ကို ကြည့်ရသည်မှာ ပုံမလာပန်း မလာဖြစ်နေသည်။

"ကဲ ဆရာ ကျွန်တော် တို့ လစ်ကြမယ်"

"ဟုတ်ကဲ့ ဆရာထွန်း ထွန်း ပြန်ကြရအောင်"

မင်္ဂလာပွဲကြီးသို့ ဝါးတီး ဖွင့်ကြသော ရဲအုပ်ကျော်စိန် လင်း နယ်ထိန်းအင်ချုပ် ထွန်း ထွန်းတို့အဖွဲ့ မင်္ဂလာခန်းမကြီးမှ ပြန်လာခဲ့ကြလေသည်။

"ကဲ ဆရာထွန်းထွန်း ကျေးဇူးပဲ၊ ကျွန်တော်တော့ ဆက်လက်လှုပ်ရှားလိုက်ဦးမယ်"

"လေးစားပါတယ် ဆ ရာ"

ရဲအုပ် ကျော်စိန်လင်း သည် ပိုးချိတ်ပုဆိုး၊ ထဘီ စိန် ကတ္တီပါဖိနပ်ဝတ် စုံတွဲကို ဆား ပုလင်းလုပ်ရန် ဆုံးဖြတ်လိုက် သည်။ သူတို့အပြန် သူတို့ နောက်သို့ လိုက်ပြီးလေ့လာရန် ဆုံးဖြတ်လိုက်သည်။

(၂)

မင်္ဂလာ အခမ်းအနား ကြီးက မကြာမီအချိန်စေ့ ပြီးစီး တော့မည်ဖြစ်သည်။ မင်္ဂလာပွဲ ပရိသတ်များ အလျှိုအလျှို ပြန် ကြလေပြီ၊ ဦးပိုးချိတ်ပုဆိုး+ ဒေါ်ပိုး ချိတ်ထဘီ–စိန်ကတ္တီပါ ဖိနပ်စီးတို့လည်း ပြန်လည် ထွက်ခွာလာကြသည်။ ခန်းမ ရှေ့ရှိ တက္ကစီကားပေါ်သို့ ခန့် ညားစွာ တက်ရောက်ကြသည်။ အိမ်သို့ ပြန်ကြသည်။

ရဲအုပ် ကျော်စိန်လင်း သည် သူတို့နောက်သို့ တက္ကစီ ကားဖြင့် နောက်ယောင်ခံပြီး လိုက်သွားသည်။ သူတို့အိမ်ကို သိလေပြီ။ သူတို့အကြောင်း လေ့ လာစုံစမ်းရန် ပတ်ဝန်း ကျင်သို့ ရဲမျက်လုံးဖြင့် ကြည့် လိုက်သည်။ သူတို့အိမ် တည်ရှိ ရာ ရပ်ကွက်၏ ထောင့်စွန်း လေးတွင် (သောက်သောက်လဲ) ဆိုသည့် ဆိုင်ကလေးကို တွေ့ ရသည်။ ထိုဆိုင်တွင် ဂျမ်ဘိုရမ်၊ ဝီစကီ အစုံရသည်။ ဒေသထွက်လတ်လတ်ဆတ်ဆတ် ငါးရှဉ့်၊ ကဏန်း၊ ကြွက်ကြော်၊ ငါးလေးကြော်၊ ငါးကျည်းကြော်စုံ လှသည်။ အဖြူသောက် အရေ အတွက်များသည်။ ခုံနေရာ လပ်ရှိသော်လည်း ရဲအုပ်ကျော် စိန်လင်းသည် လူရှယ် နှစ် ယောက် သုံးဆောင်နေသည့် စားပွဲခုံတွင် ဝင်ထိုင်လိုက် သည်။

"ထိုင်မယ်နော် ညီ လေး"

"ထိုင်ပါ ထိုင်ပါ လူများလေ စကားပြောကောင်း ဗဟုသုတ ရလေပါပဲ ခင်ဗျာ"

"မှန်တာပေါ့ ညီလေး ရာ အပန်းဖြေစရာ ဒါလေးပဲ ရှိတာ"

"ညီလေး ဂရမ်ဝီစကီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်းပြား၊ ငါးရှဉ့်ခြောက်စပ်တစ်ပွဲပေး၊ ရေခဲပေးကွာ''

''ညီလေးတို့လဲ စားပါသောက်ပါ''

''ဟာ ‥ အစ်ကို ကျွန်တော်တို့က ဂျမ်ဘိုသောက်တာပါအစ်ကို''

''ညီလေး ဂျမ်ဘိုတစ်လုံး''

''အေးအေး ဆေးဆေး သောက်ကြပါ။ ကျွန်တော်ကလဲ အရက် သောက်ရင်အဖော်နဲ့မှ သောက်တတ်တယ်ဗျ၊ စားကြပါ''

ရဲအုပ် ကျော်စိန်လင်းသည် ရဲကျင့်ရဲကြံဖြင့် (အသားလိုလို့ အရိုးတောင်း) ပြုလုပ်ရန် ဇာတ်အိမ် ခင်းနေခြင်းဖြစ်သည်။ ပထမတစ်လုံး၊ ဒုတိယတစ်လုံး သောက်ကြသော လူရွယ်နှစ်ဦးတို့ အတော်ကလေး မူးလာလေပြီ-

''ကျွန်တော့် နာမည်က ကျော်စိန်လင်းပါ''

''ဆရာက ရခိုင်လား''

''ဟုတ်ကဲ့ ကျွန်တော် မင်းပြားသားပါ''

''ကျွန်တော့် နာမည်က လှမောင်ပါ''

၊'ကျွန်တော် နာမည်က ဝင်းနိုင်ပါ''

''ကျွန်တော်တို့ လက်သမား၊ ပန်းရန်၊ အစုံလုပ်ပါတယ်''



''ကျွန်တော်ကတော့ အရောင်းအဝယ်လုပ်ပါတယ်''

''မင်္ဂလာဆောင်လာရင်း ကြုံတဲ့နေရာမှာ အခုလို သောက်တာပါ''

''ဟိုနားအိမ်က လင်မယားစုံတွဲလည်း မင်္ဂလာဆောင်ကို လာကြတယ်။ သူတို့ဝတ်တဲ့ ပိုးဖျိတ်ပုဆိုး၊ ပိုးချိတ်ထဘီတွေဟာ အတော်လှတာပဲဗျာ၊ နတ်သား နတ်သမီးတွေလား အောက်မေ့ရတယ်ဗျာ''

''ဟာ အစ်ကို အထင်မကြီးနဲ့ လုံးဝ(လုံးဝ)အထင်မကြီးနဲ့ ဒီပစ္စည်းတွေက မ,လာတဲ့ ပစ္စည်းတွေဖြစ်မှာသေချာတယ်''

''ဘာဖြစ်လို့လဲဗျာ''

''အစ်ကို အဲဒါဖောက်ထွင်းဝိဇ္ဇာပြောင်ကြီးတဲ့ လက်ရဲဇက်ရဲတော့ အတော်ရှိတယ်၊ မဟုတ်မှလွဲရောအကြံအဖန်ပစ္စည်းတွေဖြစ်မှာသေချာတယ်၊ သူ့ရဲ့တွဲဖက်က ကျားကြီး(ခ)နွားကြီးတဲ့၊ ထောင်ကလွတ်ငြိမ်းချမ်းသာ ခွင့်နဲ့လွတ်လာတဲ့ကောင်တွေ''

''ဒီလူတွေနဲ့ ညီလေးတို့ သိလား''

''တစ်ချိန် တုန်းက လက်သမား၊ ပန်းရန်၊ ပါကေးခင်း၊ စွယ်စုံအတူလုပ်လာခဲ့ကြသူတွေပါ၊ သူတို့က ကြုံရင်ကြုံသလို ဆိုး၊ ခိုး၊ လုယက်၊



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ထွင်းလုပ်တဲ့ လူတွေဆိုတော့ ကျွန်တော့်တို့ ရိုးရိုးသားသား လုပ်စားသူတွေနဲ့ မတူဘူးပေါ့ အစ်ကိုရယ်''

''ကဲ ကဲ ပြောလဲပြော သောက်လဲသောက် စားလဲစား၊ ကျွန်တော်ကတော့ ရေချိန်ကိုက်သွားပြီး ပြန်လိုက်ဦးမယ်''

''ဆည်းယူ-မကြာခဏပေါ့အစ်ကို''

''အစ်ကို ဘိုင့်ဘိုင့်''

ရဲအုပ် ကျော်စိန်လင်းသည် သဲလွန်စများကို တစ်စ၊ တစ်စ ရှာဖွေစုဆောင်းနေသည်။ ပြောင်ကြီး၏ နေအိမ်၊ ကျားကြီး (ခ)နွားကြီးတို့နေအိမ်သို့ အဝင်/အထွက်ရှိသူများကို ကင်းပုံးဝပ်ပြီး စောင့်ကြည့်ခဲ့သည်။ ညိုကြီးဆို သူသည် ပြောင်ကြီး၊ ကျားကြီး (ခ)နွားကြီးတို့အိမ်သို့ အကာလ ညအခါတွင် အဝင်/အထွက်ပြုသည်မှာ မသင်္ကာစရာ။

(၃)

ရဲအုပ် ကျော်စိန်လင်းသည် (ညိုကြီး)၏ အခြေအနေကို ဆားပုလင်းလုပ်ရန် ဆုံးဖြတ်လိုက်သည်။ (သောက်သောက်လဲ) အရက်ဆိုင်လေးသို့ သွားခဲ့သည်။

''ဟာ အစ်ကိုကြီးပါလား''

''လာဗျာ ဒီတစ်ခါတော့ ကျွန်တော်တို့က ပြုစုပါရစေ''

တိုက်တိုက် ဆိုင်ဆိုင် မဟုတ်ပါ။ ရဲလုပ်ငန်းသဘောအရ တိုက်ဆိုင်အောင် သူတို့ ရှိမည့် အချိန်ကို စောင့်ပြီး လာရောက်ခြင်း ဖြစ်ပါသည်။

''ရပါတယ် ကျွန်တော်လဲ အလုပ်အဆင်ပြေလာလို့ပါ''

''ဘာအလုပ်လဲဗျာ''

''ပစ္စည်းဝယ်တာပါ၊ ပစ္စည်းကတော့ အမှန်အကန်တော့မဖြစ်နိုင်ဘူး၊ အကြံအဖန် ဖြစ်ဖို့များတယ်''

''ဘာပစ္စည်းလဲ''

''ရွှေထည်တို့ ကျောက်တို့ပါဗျာ''

''ဒါဆိုရင် အစ်ကို ကိုညိုကြီးဆီမှာ ဒါမျိုးတွေ ရနိုင်တယ်''

''မိတ်ဆက် ပေးပါလား ညီလေး''

''ရပါတယ် အစ်ကိုရာ



သူ့အကျိုး ကိုယ့်အကျိုးပေါ့''

''ပြောင်ကြီးတို့ ကျားကြီးတို့က ဖောက်ထွင်းတယ်၊ ခိုးတယ်၊ ညိုကြီးက ဒိုင်ခံရောင်းတယ်၊ အစ်ကို ဝယ်ရင်လဲ ဝယ်ပေါ့''

ရဲအုပ် ကျော်စိန်လင်းသည် လှမောင်၊ ဝင်းနိုင်တို့၏ မိတ်ဆက်ပေးချက်အရ ညိုကြီးအိမ်သို့ရောက်ခဲ့သည်။ ညိုကြီးနှင့် ယုံကြည်မှု၊ ခင်မင်မှုရရှိအောင် ပူးလိုက်သည်။ အယုံသွင်းလိုက်သည်။ ဘယ်လို လူကြီးတွေ၊ ဘယ်လို ပုဂ္ဂိုလ်မျိုးတွေကို ပိုင်တယ်ဟု ဖြီးလုံးတွေ သွင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုညိုကြီး ကျွန်တော်ကဒီလိုအဆင့်မြင့်တဲ့ပစ္စည်းမျိုးတွေကို လိုချင်တာဗျာ၊ ကျွန်တော်က တစ်ဖက်နိုင်ငံမှာ ဈေးကွက်ရှိတယ်"

ရဲအုပ်ကျော်စိန်လင်းသည် စိန်ဖြင့်ပြုလုပ်ထားသောလက်ကောက် စိန်လက်ကောက်တစ်စုံ(၂)ကွင်းကို ပြလိုက်သည်။

"ဟာ အစ်ကို ဒီပစ္စည်းက ကျွန်တော် လှည်းကူးမှာ ရောင်းပေးခဲ့တဲ့ပစ္စည်း"

"ကျွန်တော် လှည်းကူးကဝယ်လာတာပဲ"

"အစ်ကို ဘယ်လောက်နဲ့ ဝယ်ခဲ့တာလဲ"

"သိန်း (၁၀၀)နဲ့ပါ၊ သိန်း (၂၀၀)ပေါ့"

"ဟာ ကျွန်တော် (၂၅) သိန်းထဲနဲ့ ရောင်းခဲ့တာအစ်ကို"

"ဒါဆိုခင်ဗျား တန်ရာတန်ဖိုး မရဘူးပေါ့ နောက်ဆိုကျွန်တော်နဲ့ ဆက်သွယ်ပါ၊ ဖုန်းနံပါတ်----"

ရဲအုပ် ကျော်စိန်လင်းသည် ညိုကြီးကို ကျုံးသွင်းနေသည်။ ညိုကြီးကို ပြသလိုက်သော ပစ္စည်းမှာ ညိုကြီးကို ပြောင်ကြီး အရောင်းခိုင်းလိုက်သော ပစ္စည်းပင် ဖြစ်သည်။ ပြောင်ကြီး၊ ကျားကြီးတို့ထံတွင် အဆင့်မြင့် အဖိုးတန်စိန်၊ ကျောက်၊ ရွှေ အဖိုးတန်ပစ္စည်းများရှိနေသည်မှာ သေချာနေပေပြီ။

"ဟဲလို ပြောခင်ဗျာ"

"အစ်ကို ကျွန်တော် ညိုကြီးပါ။ အဆင့်မြင့်တန်ဖိုးကြီးပစ္စည်းစိန်နားကပ် တစ်ရန်ရောင်းဖို့ ရှိတယ်။ ကျွန်တော် လာခဲ့မယ် အစ်ကို"

"လာခဲ့ပါ၊ ၃၅-လမ်း ကျွန်တော့်ဆိုင်ကို လာခဲ့ပါ"

ညိုကြီးသည် ကျော်စိန်လင်း ချိန်းသည့် ၃၅-လမ်းဆိုင်သို့ ရောက်ရှိလာသည်။ စိန်နားကပ်တစ်ရန် ပြသသည်။ စိန်နားကပ်မှာ အလွန် အဆင့်မြင့်သည်။ တန်ဖိုးကိုပင် မခန့်မှန်းနိုင်ပေ။

"ညီလေး ဘယ်လောက်ရရင် ရောင်းမလဲ"

"ကျွန်တော် သိန်း (၁၀၀)လောက်လိုချင်တယ် အစ်ကို"

"ဒီလိုလုပ်ဗျာ ဝယ်လက်၊ ကျွန်တော့်လူကိုခေါ်လိုက်မယ်၊ ဈေးညှိပြီး အရောင်းအဝယ် လုပ်ကြတာပေါ့"

ရဲအုပ် ကျော်စိန်လင်းသည် ကြိုတင်အကွက်ဆင်ထားသည့်အတိုင်း ဝယ်ယူမည့်သူ ဒေါ်ဝင်းမင်းထွန်းကို ငွေနှင့်အတူ လာရန် ခေါ်လိုက်သည်။

"လာ အန်တီထိုင်ပါ"

"ဒါက ပစ္စည်းရှင်၊ ကိုညိုကြီးတဲ့၊ ပစ္စည်းကတော့ ဒီဟာပါ"

"သိန်း (၁၀၀)တဲ့ အန်တီ"

"ကျွန်မ တိုရှင်းလိုရှင်းပဲ ပြောမယ်၊ ကျွန်မ သိန်း(၅၀) ပဲ ပေးနိုင်မယ်"

"ပိုနိုင်ရင် ပိုပေးပါလား အန်တီ"

"ဒီလောက် ပါပဲ ကြိုက်ရင်လဲ ရောင်းပေါ့"

ညိုကြီးသည် စိန်နားကပ်တစ်ရန်ကို သိန်း(၅၀)ဖြင့် ရောင်းလိုက်သည်။ ညိုကြီး တစ်ယောက် ငွေကျပ်သိန်း(၅၀) အထုတ်ကြီးကို တက္ကစီကားဖြင့် ပြောင်ကြီးအိမ်သို့ ခွဲတမ်းချရန်



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်ခဲ့သည်။

ရန်ကုန် ရဲတပ်ဖွဲ့ဝင် (ဒန) (စစရ) (မှုးယစ်) ပူးပေါင်းအဖွဲ့ဝင်များသည် ပြောင်ကြီး၏ နေအိမ်ပတ်ဝန်းကျင်တွင် ကြိုတင် စောင့်ကြည့်နေကြသည်။ ညိုကြီး၏ တက္ကစီကားနံပါတ်ကို ကြိုတင် သတင်းပို့ထားသည်။ နေဝင်ရီတရောဖြစ်သော ညနေချမ်း(၆)နာရီကျော်ခန့်ဖြစ်သည်။ ညိုကြီးတက္ကစီကားဖြင့် ရောက်လာသည်။ ခွဲတမ်းချယူရန် ငွေများကို ရေတွက်နေသည်။ တပ်ဖွဲ့ဝင်များက ပြောင်ကြီး၏ နေအိမ်သို့ စီးနင်း ဝင်ရောက်ကြသည်။

''အားလုံး လက်မြှောက်ပါ၊ ကျွန်တော်တို့ တိုင်းရဲ တပ်ဖွဲ့ကပါ၊ လှုပ်ရင် ပစ်ထည့်လိုက်မယ်နော်''

ငွေများကို ဟိုဝှက် သည်ဝှက် အချိန်မီသလောက်ပြုလုပ်ကြသော်လည်း အိမ်ပြင်ပသို့ မရောက်နိုင်တော့ပါ။ ပြောင်ကြီး၊ ညိုကြီးတို့အား လက်ထိတ်ခတ်လိုက်ကြသည်။ သက်သေခံငွေများကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းသည်။ တရားခံများကို တိုင်းရုံးသို့ ခေါ်ဆောင်ကြသည်။

(၄)

(ဒန) စစ်ကြောရေးရုံးခန်းတွင် ဖြစ်သည်။ ပြောင်ကြီးကို တစ်နေရာ၊ ညိုကြီးကို တစ်နေရာစီ ခွဲထားလိုက်သည်။

''ကဲ ကိုပြောင်ကြီး

> **ကဲ ကိုပြောင်ကြီး ကျွန်တော်တို့ အနားယူအပန်းဖြေဘီယာဆိုင် သွားလိုက်ဦးမယ်၊ ခင်ဗျား ခေါင်းအေးသွားအောင် ဟောဒီရေကြည် တစ်ပေါက်ချင်းကျနေတဲ့ ရေအိုးအောက်က ကုလားထိုင်မှာ ခေါင်းအေးအေးနဲ့ အမှန်အတိုင်းပြောဖို့ စဉ်းစားထားပါ**

ကျွန်တော်တို့ အနားယူအပန်းဖြေဘီယာဆိုင်သွားလိုက်ဦးမယ်၊ ခင်ဗျားခေါင်းအေးသွား အောင် ဟောဒီရေကြည်တစ်ပေါက်ချင်းကျနေတဲ့ ရေအိုးအောက်က ကုလားထိုင်မှာ ခေါင်းအေးအေးနဲ့ အမှန်အတိုင်းပြောဖို့ စဉ်းစားထားပါ''

(၄၅)မိနစ်ခန့်အကြာတွင် ရဲအုပ်ကျော်စိန်လင်းတို့အဖွဲ့ စစ်ကြောရေး အခန်းသို့ ပြန်လာ ကြသည်။

''ဆရာ အမှန်အတိုင်း ပြောပြပါမယ်''

''သေချာရဲ့လား ကိုပြောင်ကြီး''

''ကျွန်တော်လုပ်ရဲလို့ ခံရဲပါတယ်ဆရာ''

''ရဲစိတ်ညစ်အောင် လုပ်တာမကောင်းပါဘူးဗျာ၊ ရာဇဝတ်ဘေးဆိုတာပြေးမလွတ်ပါဘူး''

''ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်အမှန်အတိုင်းပြောမှာပါ''

ရဲအုပ် ကျော်စိန်လင်းသည် အသံဖမ်းစက်အဖွဲ့၊ ကွန်ပျူတာစာစီစာရိုက်အဖွဲ့တို့ကို



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြောရေးလုပ်ရန်စီစဉ်လိုက်သည်။

"ကဲပြောကိုပြောင် ကြီး"

"ဆရာ လွန်ခဲ့သော ၆-လလောက်က၊ ရန်ကင်း၊ ဘောက်ထော်၊ သူဌေးတွေ၊ လူကြီးတွေနေတဲ့အိမ်ကြီးကိုသွားပြီး ပါကေးခင်း၊ ကြွေပြားခင်း၊ ကြွေပြားကပ်အလုပ်ကို အကူအလုပ်သမားအဖြစ် လုပ်ခဲ့ပါတယ်။ အဖိုးတန်ပစ္စည်းတွေထားတဲ့ ဗီရိုကြီးအတွင်းမှာစိန်၊ ရွှေ၊ ရတနာပစ္စည်း ထည့်သေတ္တာငယ်တစ်လုံး၊ တန်ဖိုးကြီးအဝတ်အထည် ထုပ်ထားတာကို တွေ့ရပါတယ်။ ဘယ်လို ခိုးယူရင်ကောင်းမလဲ စဉ်းစားခဲ့ပါတယ်ဆရာ"

"ခင်ဗျား တစ်ယောက်တည်းလား"

"လုပ်တဲ့နေ့က ကျားကြီး(ခ)နွားကြီးပါတယ်ဆရာ"

"ကျားကြီး(ခ)နွားကြီး ကသော့ဖွင့်ပါဆရာသူကသံချောင်းကလေးတွေနဲ့သော့မျိုးစုံဖွင့်တတ်တဲ့ ကျွမ်းကျင်သူပါ။ ဒါကြောင့် သူ့ကိုတစ်ရက်တည်း အကူအလုပ်သမားအဖြစ်ခေါ်နိုင်းရင်းက သူဖွင့်ရမယ့်သော့ပုံစံ၊ အမျိုးအစားတွေကို ကြည့်ရှုလေ့လာစမ်းသပ်ခဲ့ပါတယ်"

ရဲအုပ် ကျော်စိန်လင်းသည် ပူးပေါင်း ကပ်ဖွဲ့ဝင်များအား ကျားကြီး(ခ)နွားကြီး၏ အချက်အလက်၊ အခြေအနေများကိုယူပြီး ကျားကြီးကို ဖမ်းဆီးစေသည်။ ကျားကြီး အိတ်တစ်လုံးဖြင့် ထွက်သွားကြောင့် သတင်းရရှိသည်။ ထို့ကြောင့် အောင်မင်္ဂလာအဝေး ပြေးကားဂိတ်ကြီး၊ လှိုင်သာယာအဝေးပြေးကားဂိတ်ကြီးများရှိရဲ တပ်ဖွဲ့ဝင်များနှင့်ဆက်ကြောင်းယူစေသည်။ မော်လမြိုင်၊ ဘားအံဘက်သို့ ထွက်ခွာမည့်ကားဂိတ်တွင်ကျားကြီးကိုဖမ်းဆီးရမိ လိုက်သည်။

"ကဲ ကိုပြောင်ကြီး ဖောက်ထွင်းပုံကိုဆက်ပြောပါဦး"

"( - - )နေ့ ညနေ (၆) နာရီခန့်မှာ ခင်းကြီး ကတော် ဒေါ်စိန်မမနဲ့ သမီး ခင်ပပတို့ မင်္ဂလာဆောင်ကို သွားကြတယ်။ သူတို့သားကြီး ကက်နတ်စိန်ဟာမူးယစ်ဆေးသောက်ပြီး ဗွီစီဒီခွေကြည့်ပြီး ကနေပါတယ်။ အသံအကျယ်ကြီးဖွင့်၊ တံခါးပိတ်ပြီး ကခုန်နေပါတယ်။ ဒီအချိန်ကို အခွင့်ကောင်းယူပြီး ကျားကြီးကသော့ဖွင့်၊ ကျွန်တော်ကမီးခံသေတ္တာငယ်တစ်လုံးနဲ့ အဝတ်ထုပ်တစ်ထုပ်ကိုယူပြီး အရင်ပြန်လာပါတယ်ကျားကြီးကတော့အခြားအလုပ်သမားတွေနဲ့အတူ ပြန်ပါတယ်"

"ဘာ ပစ္စည်းတွေပါသလဲ"

"စိန်၊ ပတ္တမြား၊ ကျောက်စိမ်း၊ ပုလဲပစ္စည်းမျိုးစုံ (၁၂၄)မျိုးနဲ့ ပိုးချိတ်ပုဆိုး၊ ထဘီ၊ တိုက်ပုံ၊ ပဝါ၊ စိန်ကတ္တီပါဖိနပ် (၃)စုံ၊ (၃)မျိုးစီပါ ပါတယ်ဆရာ"

"ဘယ်လို ခွဲဝေယူကြလဲ"

"အမျိုးတူ အရွယ်တူ အရောင်တူပုံပြီး ကြိုက်တာယူ





www.burmeseclassic.com

www.burmeseclassic.com



စနစ်နဲ့ခွဲဝေယူပါတယ်ဆရာ၊ ပိုး ချိတ်ပုဆိုး၊ ထဘီ(၂)စုံကို ကျွန် တော်ကယူပြီး ကျားကြီးက တစ် စုံယူပါတယ် ဆရာ''

''အဲဒီ ခွဲတမ်းရပစ္စည်း တွေ ဘယ်မှာလဲ''

''တချို့အိမ်မှာ ရှိပါ သေးတယ်၊ တချို့ကို ညိုကြီးက ရောင်းပေးပါတယ်ဆရာ''

''ကဲဒါဆိုရင် ကိုပြောင် ကြီး အိမ်မှာကျန်တဲ့ ပစ္စည်းတွေ သွားသိမ်းကြမယ်၊ ရှာဖွေပုံစံနဲ့ သိမ်းရမယ်ပေါ့ဗျာ''


''ဟုတ်ကဲ့ဆရာ ဟုတ် ကဲ့ပါ ဆရာ''

ရဲအုပ် ကျော်စိန်လင်း သည် ပြောင်ကြီး၏ နေအိမ်တွင် ၎င်း၏ဇနီးသိမ်းထားသောပစ္စည်း လက်ကျန်များကို သိမ်းယူသည်။ အထူးအဖွဲ့မှ အခြားတပ်ဖွဲ့တွင် ကျားကြီး (ခ) နွားကြီးကလည်း ပြောင်ကြီးထွက်ချက်အတိုင်းထွက် ဆိုခဲ့သောကြောင့်ကျားကြီးနေအိမ်မှ လက်ကျန်ပစ္စည်းများကိုပါရှာဖွေ ပုံစံဖြင့်တစ်ပါတည်း သိမ်းဆည်း ရမိလေသည်။

(၅)

ရဲအုပ် ကျော်စိန်လင်း သည်ပြောင်ကြီးနှင့် ကျားကြီးတို့ ခွဲတမ်းရပစ္စည်းများကိုထုခွဲရောင်း ချပေးသော ညိုကြီးကိုစစ်ဆေး ဖော်ထုတ်ပြီး ကျန်ပစ္စည်းများကို သိမ်းဆည်းရန်ဆက်လက်ဆောင် ရွက်သည်။

''ကဲ ကိုညိုကြီး ပြောင် ကြီးနဲ့ ကျားကြီးတို့ထွက်ဆိုတဲ့ အတိုင်း ခင်ဗျားရောင်းပေးခဲ့တဲ့ ဆိုင်၊ လူပုဂ္ဂိုလ်၊ နေအိမ်တွေကို တိတိကျကျပြောပါ။ ခင်ဗျားက



ပစ္စည်းရောင်းပေးရတဲ့သူဆိုတော့ ပစ္စည်းတွေပြန်ရရင်ခင်ဗျားအတွက် အဆင်ပြေတာပေါ့''

ညိုကြီးမှာ သူခိုးလက် မှ သူဝှက်လုဆိုသော သူဖြစ်နေ သည်။ ရောင်း၍ရသော သိန်း (၅၀)ရပါက သိန်း(၂၅)သိန်းသာ ရသည်ဆိုပြီး (၂၅)သိန်းကို သူက ဖြတ်စားနေသူဖြစ်သည်။ ထို့ ကြောင့်လည်း ညိုကြီးမှာ တစ် ထပ်တိုက်အိမ်ဖြင့်ချမ်းချမ်း သာသာနေထိုင်လျက်ရှိသည်။

''ဆရာကျွန်တော်ကဖောက်ထွင်းသူ့ မဟုတ်ပါဘူးဆရာ၊သူတို့ပစ္စည်းတွေ ကိုရောင်းပေးရသူပါ''

''ဟုတ်ပါတယ်၊ ဟုတ် ပါတယ်၊ ကျွန်တော်ကလဲခင် ဗျားရောင်းပေးခဲ့တဲ့ပုဂ္ဂိုလ်တွေကို ညွှန်ပြဖို့ ပြသဖို့ပါပဲ၊အဲဒီလူတွေ ဆီကပစ္စည်းပြန်ရရင်ပြီးတာပါပဲ ဗျာ''

ညိုကြီးသည်သူရောင်းခဲ့ သောကုလားသူဌေးအိမ်ကို ညွှန် ပြသည်။ကင်းပုံးချပြီးခေါ်ယူစစ် ဆေးသည်စိန်နားကပ်တစ်ရန်၏ တန်ဖိုးမှာစိန်အကဲဖြတ်များ၏ဖြတ်ဈေး အရငွေကျပ်သိန်း(၆၀၀)တန်သည်၊ ကုလားသူဌေးကငွေကျပ်သိန်း(၅၀)ဖြင့် သာဝယ်ယူခဲ့သည်ပစ္စည်းကိုအပ်နှံ သောကြောင့် ရှာဖွေပုံစံဖြင့် သိမ်းယူခဲ့သည်အခြားသောပစ္စည်း ဝယ်ယူသူများအနေဖြင့်လည်း (သူခိုးလက်ခံ တရားခံ)အပါမခံ နိုင်သောကြောင့်မိမိတို့အသီးသီး ဝယ်ယူခဲ့သောပစ္စည်းများကို ပြန် လည်အပ်ပေးကြသည်။ ပစ္စည်း အပ်နှံသူ (၁၀)ဦးတို့ထံမှ ငွေကျပ်



www.burmeseclassic.com

www.burmeseclassic.com



သိန်းပေါင်း (၁၆၀၀)ဖိုး ဖောက်ထွင်းခိုးယူပစ္စည်းများပြန်လည်ရရှိခဲ့လေသည်။ စိန်ရွှေအကဲဖြတ်နှင့်ဒေါ်စိန်မမတို့ကလည်းပစ္စည်းများမှန်ကန်ကြောင်းထွက်ဆိုသည်။

ရန်ကုန်တိုင်း ဒေသကြီးရဲတပ်ဖွဲ့(ဒန)(စစရ) (မှုးယစ်)ပူးပေါင်းတပ်ဖွဲ့၏ တာဝန်ခံအမှုကိုင် ရဲအုပ် ကျော်စိန်လင်းသည် မိမိ၏လုပ်ငန်းတာဝန်များ ပြီးဆုံးပြီဖြစ်သည်။ မင်းကြီးထံသို့ အစီရင်ခံ တင်ပြသည်။ အမိန့်အတိုင်း မြို့နယ်ရဲတပ်ဖွဲ့တရားစွဲအဖွဲ့မှ တရားစွဲနိုင်ရန် လွှဲအပ်လိုက်လေသည်။

(၆)

မြို့နယ်ရဲတပ်ဖွဲ့မှ အမှုကိုင်အရာရှိဒုရဲအုပ်ဝင်းမြင့်သည် အမှုကိုလွှဲပြောင်းလက်ခံပြီး စစ်ကြောရေးလုပ်ငန်းဆက်လက်ဆောင်ရွက်သည်။ တရားခံ ပြောင်ကြီး၊ ကျားကြီး(ခ)နွားကြီး၊ ညိုကြီးတို့က ဝန်ခံဖြောင့်ချက်ပေး ကြသည်သက်ဆိုင်ရာတရားရုံးတရားသူကြီးထံခေါ်ဆောင်သွားပြီးဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီဖြောင့်ဆိုချက်ကိုလွတ်လပ်စွာဖြောင့်ဆိုချက်ရယူခဲ့သည်။

အမှုမှာ ခရိုင်တရားရုံးတော်သို့ တင်ပို့စွဲဆိုရမည့် ပြစ်မှုအတန်းအစားဖြစ်သည်။ ထို့ကြောင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးသို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀/၁၁၄တို့ဖြင့် တရားစွဲဆိုတင်ပို့သည်။

ရုံးတော်မှ ပြစ်မှုကြီးအမှတ်(၀၀၇/၂၀၁၂)ဖြင့် တရားလို၊ တရားလိုပြသက်သေများ၊ စိန်ရွှေရတနာအကဲဖြတ်များ၏ ထွက်ဆိုတင်ပြချက်များကို စစ်ဆေးသည်။ တရားခံများက မိမိတို့၏ဖြောင့်ဆိုချက်များအပေါ် တစ်စုံတစ်ရာတင်ပြရန်မရှိကြောင်း ဤရုံးတော်ရှေ့တွင် ဆက်လက်ထွက်ဆိုဖြောင့်ဆိုကြသည်။ စွဲချက်တင်မှုအပေါ်တွင် အပြစ်ရှိကြောင်း ဝန်ခံကြသည်။ ရုံးတော်မှအပြီးသတ်အမိန့်ချမှတ်ရန် ချိန်း ဆိုခဲ့သည်။

ဤနေ့သည် ပြောင်ကြီး၊ကျားကြီး(ခ)နွားကြီး၊ညိုကြီးတို့၏အမှုကို အပြီးသတ်အမိန့်ချမှတ်မည့်နေ့ဖြစ်သည်။ တရားခံ(၃)ဦးတို့၏ဇနီး၊ သားသမီး၊ မိဘဆွေမျိုးများသည်လည်း သည်းထိတ်ရင်ဖိုစွာဖြင့် ရုံးတော်ရှေ့တရားခွင်သို့ ရောက်ရှိနေကြသည်။ တရားခွင် စာရေးက အမှုခေါ်သည်။ တရားခံများအား လုံခြုံရေးဖြင့် တရားခွင်သို့ ခေါ်ဆောင်လာသည်။ တရားသူကြီး တရားခွင်သို့တက်ရောက်လာသည်။ အားလုံးအရှိအသေပြုကြသည်။

"အမိန့်"

တရားခံ ပြောင်ကြီးနှင့် တရားခံ ကျားကြီး(ခ)နွားကြီးတို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ၃၈၀ကို ပြုလုပ်ကျူးလွန်ကြောင်းထင်ရှားသောကြောင့် အလုပ်နှင့်ထောင်ဒဏ်(၇)နှစ်စီကျခံစေ။တရားခံညိုကြီးသည် ပြစ်မှုပုဒ်မ ၃၈၀/၁၁၄ အရအပြစ်ရှိသောကြောင့် ထောင်ဒဏ် (၅)နှစ် ကျခံစေ သက်သေခံပစ္စည်းများကို ပိုင်ရှင်သို့ ပြန်လည်ပေးအပ်စေ။

တရားခံများ၏ မိသားစုများ မျက်ရည်ချောင်းစီးမတတ် ငိုကြွေးကြသည်။

(ဘယ်သူမပြု မိမိမှု)

(ရာဇဝတ်ဘေး ပြေးမလွတ်)

မောင်မောင်စိန်လင်း

(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com



ကြီးမြင့်နိုင် (လှိုင်ကော်)

ယုတ်မာတဲ့ပထွေးရဲ့
ဇာတ်လမ်းတစ်ပုဒ်

# မယားပါသမီး



www.burmeseclassic.com

www.burmeseclassic.com



## “မယားပါသမီး”

**ကြီးမြင့်နိုင်**
**(လှိုင်ကော်)**

ဤမြို့၏ အရှေ့ဘက်ထိပ်အစွန်ဆုံးတွင် တည်ရှိသော (၁၂)ပေပတ်လည်ခန့်အကျယ်အဝန်းရှိပြီး သက်ငယ်မိုး၊ ဝါးထရံကာတဲအိမ်အဆောက်အအုံမှာ မိုးမောင်တို့ မိသားစုပိုင်တဲအိမ်အဆောက်အအုံပင်ဖြစ်သည်။ မိုးမောင်၏ မိသားစုဝင်များမှာ မိုးမောင်၊ မိုးမောင်၏ဇနီး ဒေါ်ရွှေကြည်၊ မိုးမောင်၏ မယားပါသမီး (ဒေါ်ရွှေကြည်၏ ယခင်ယောကျ်ားနှင့် ရရှိခဲ့သောသမီး) မမိုးဝါ၊ မမိုးဝါ၏ ခင်ပွန်းလှငွေ၊ မိုးမောင်နှင့်ဒေါ်ရွှေကြည်တို့၏ တစ်ဦးတည်းသော သား မောင်သက်ခိုင်တို့ဖြစ်သည်။

မိုးမောင်၏ အသက်က ဒေါ်ရွှေကြည်၏ အသက်အောက်(၅)နှစ်ခန့်ငယ်သည်။ မိုးမောင်နှင့် ဒေါ်ရွှေကြည်တို့ အကြင်လင်မယားအဖြစ် စတင်ပေါင်းသင်းစဉ်က မိုးမောင်၏ အသက်မှာ (၃၅)နှစ်ခန့် ဖြစ်ပြီး ဒေါ်ရွှေကြည်၏ အသက်မှာ (၄၀)ခန့်ရှိပြီဖြစ်သည်။ ဒေါ်ရွှေကြည်မှာ မုဆိုးမဖြစ်သည်။ ဒေါ်ရွှေကြည်၏ ယခင် ယောကျ်ား ဦးဖိုးလူမှာ ငှက်ဖျားရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ဦးဖိုးလူ ကွယ်လွန်သောအခါ ဇနီးဖြစ်သူ ဒေါ်ရွှေကြည်နှင့်သမီးဖြစ်သူအသက် (၁၆)နှစ်ခန့်အရွယ် မမိုးဝါတို့နှစ်ဦးကျန်ရစ်ခဲ့ကြသည်။ ဦးဖိုးလူ၊ ဒေါ်ရွှေကြည်တို့၏ ပိုင်ဆိုင်ပစ္စည်းမှာ ဖော်ပြပါတဲအိမ်တစ်လုံးနှင့် အဆိုပါတဲအိမ်တည်ဆောက်ထားသော မြေကွက်တစ်ခုတို့သာဖြစ်သည်။

ဦးဖိုးလူ ကွယ်လွန်ပြီး တစ်နှစ်ခန့်ကြာသောအခါ မိုးမောင်နှင့် ဒေါ်ရွှေကြည်တို့ နှစ်ဦး တောထဲတွင်ထင်းခုတ်ရင်း တွေ့ဆုံ ချစ်ကြိုက်မိကြသည်။ တွေ့ဆုံချစ်ကြိုက်ပြီး မကြာမီကာလမှာပင် မင်္ဂလာမဆောင်ဘဲ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြသည်။ မိုးမောင်က ဦးဖိုးလူထားရစ်ခဲ့သော တဲအိမ်ပေါ်တွင် အခန့်သင့်ထက်ရောက်နေထိုင်ခွင့်ရရှိခဲ့သည်။

မိုးမောင်နှင့် ဒေါ်ရွှေကြည်တို့သည် ကြုံရာကျပန်းအလုပ်ဖြင့်ပင် အသက်မွေးဝမ်းကျောင်းပြုကြသည်။တောတက်၍ ထင်းခုဘ်ရောင်းသည့်အခါရောင်းသည်။ ထီးပြင်၊ သော့ပြင်အလုပ်ကိုလည်းလုပ်သည်။ ရေတွင်းတို့၊ အိမ်သာတွင်းတို့ကိုအခကြေးငွေဖြင့်တူးသည့်အခါတူးသည်။ ပိုက်ဆံရလျှင် အကုန်လုပ်သည်ဟု ဆိုနိုင်ပါသည်။

သမီးဖြစ်သူ မမိုးဝါမှာ ကျောင်းမနေခဲ့ရပေ။ စတုတ္ထတန်းနှင့် ကျောင်းမှနုတ်ထွက်ခဲ့ရပြီး မိဘအလုပ်ကိုကူညီလုပ်ကိုင်းပေးနေခဲ့ရသည်။

မိုးမောင်နှင့် ဒေါ်ရွှေကြည်တို့ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ပြီးတစ်နှစ်ခွဲခန့်အကြာတွင် သားဖြစ်သူမောင်သက်ခိုင်ကိုမွေးဖွားခဲ့သည်။ ဒေါ်ရွှေကြည်သည် သားဖြစ်သူမောင်သက်ခိုင်ကို မွေးဖွားပြီးနောက်မကြာမီ ကာလမှာပင် သမီးဖြစ်သူမမိုးဝါကို ယောကျ်ားပေးစားခဲ့သည်။ မမိုးဝါ၏ ခင်ပွန်းမှာ တစ်မြို့တည်းနေ မောင်လှငွေဖြစ်သည်။ မမိုးဝါမှာ မောင်လှငွေနှင့် လက်ထပ်ပေါင်းသင်းခဲ့ရာတွင် အိမ်ခွဲ၍ မနေနိုင်



www.burmeseclassic.com

www.burmeseclassic.com





သေးဘဲ မိုးမောင်၊ ဒေါ်ရွှေကြည် တို့၏ နေအိမ်တွင်သာ ခင်ပွန်းဖြစ်သူနှင့် အတူကပ်၍ နေထိုင်နေသည်။ မောင်လှငွေမှာ မမိုးဝါနှင့် လက်ထပ်ပေါင်းသင်းပြီးနောက် ဗိုက်နာရောဂါမှာ ပြင်းထန်ဆိုးဝါးလာသဖြင့် ဝင်ငွေရရှိမည့်အလုပ်ကို မလုပ်နိုင်သည့်အပြင် ဆေးကုနေရသည်။

"မရွှေကြည်ရာ . . နင် လုပ်လိုက်ပုံကို ကြည့်စမ်းပါဦးဟာ။ သမီးကိုလင်ပေးစားလိုက်တော့ သမက်ကို အားကိုးရမလား မှတ်ပါတယ်။ သမက်ကို ထမင်းကျွေးထားရတဲ့ အပြင် ဆေးဖိုးပါအပိုထပ်ကုန်နေရသေးတယ်။ သမီးကို လင်ပေးစားချင်ဦးလေ၊ မှတ်ပြီမဟုတ်လား"

မိုးမောင်က ဒေါ်ရွှေကြည်ကို အပြစ်တင်စကားပြောသည်။ ဒေါ်ရွှေကြည်မှာ ကိုယ့်အပြစ်နှင့်ကိုယ်မို့ မိုးမောင်အပြစ်ဆိုသမျှကို ခေါင်းငုံခံနေရသည်။

ဒေါ်ရွှေကြည်သည် သမီးဖြစ်သူ မမိုးဝါကို ပထွေးဖြစ်သူ မိုးမောင်နှင့် စိတ်မချသဖြင့် အမြန်ဆုံး လင်ပေးစားခဲ့ရသည်မဟုတ်ပါလား။ ဤအကြောင်းတွေကို ဒေါ်ရွှေကြည်က နှုတ်မှ ထုတ်ပြောနိုင်ခြင်းမရှိဘဲ ရင်ထဲမှာသာ သိမ်းဆည်းထားရသည်မဟုတ်ပါလား။

"မနက်ဖြန် မနက် တောတက်ပြီး ထင်းခုတ်သွားဖို့ရာမှာ ငါ မလိုက်နိုင်တော့ဘူး။ ငါ့ကို ကိုတင်ကိုက သူ့အိမ်မှာ အိမ်သာတွင်းတူးဖို့ပြောထားတယ်၊ နင်နဲ့လှငွေတို့ နှစ်ယောက်ပဲသွားလိုက်ကြပေါ့ဟာ။ ငါ ဟိုဘက်အိမ်က မြင့်အောင်ကိုထည့်ပေးလိုက်မယ်"

ညနေ ထမင်းဝိုင်းတွင် မိုးမောင်က ဒေါ်ရွှေကြည်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောနေခြင်းဖြစ်သည်။

"မိုးဝါကိုကော ထင်းခုတ်ခေါ်သွားရမလား"

ဒေါ်ရွှေကြည်က မိုးမောင်ကိုပြန်မေးသည်။

"မိုးဝါကိုပါ နင်တို့ခေါ်သွားရင် ငါ့ကို ဘယ်သူ ထမင်းချက်ကျွေးမှာလဲ မိန်းမရာ။ ငါ့မှာ အိမ်သာတွင်းလဲတူးရ ထမင်းလဲချက်ရဆိုရင် သေဖို့ပဲရှိတော့တာပေါ့ဟာ"

မိုးမောင်၏ လေသံက မာကျောလာသည်။ ဒေါသသံပါလာသည်။ ဒေါ်ရွှေကြည်တို့မိသားစုက မိုးမောင်ကိုကြောက်ရသည်။ မိုးမောင် ဒေါသထွက်လာလျှင် လက်တွေ ခြေတွေပါပါလာပြီး ဝုန်းဒိုင်းကြဲတတ်လေ့ရှိသည်။

"အေးပါဟယ် ... နင့်သဘောအတိုင်းပါပဲ"

ဒေါ်ရွှေကြည်က သဘောမတူသော်ငြား မိုးမောင်၏ အလိုကို လိုက်လျောရသည်။ မိုးဝါနှင့်လှငွေတို့နှစ်ဦးမှာတော့ မိုးမောင်ကို ခွန်းတုံ့ ပြန်ပြောရန် မဆိုထားနှင့် မျက်နှာကိုတောင် မော်၍ ကြည့်ဝံ့ကြသူများမဟုတ်ပါချေ။ တစ်အိမ်လုံး၏ စားဝတ်နေရေးအတွက် မိုးမောင်သာ ဦးဆောင်လုပ်ကိုင်နေရသည်ကိုး။

"အဖေ သမီး ထမင်းပွဲပြင်လိုက်ရတော့မလား"

ည(၈)နာရီ အချိန်ခန့်တွင် မိုးမောင်မှာ နေအိမ်သို့ ပြန်လည် ရောက်ရှိလာသဖြင့် မမိုးဝါက မေးမြန်းလိုက်သည်။ မမိုးဝါက ပထွေးဖြစ်သူ မိုးမောင်ကို အဖေဟုခေါ်ဝေါ်သည်။

"အေး ငါစားလာခဲ့ပြီဟ။ ကိုတင်ကိုကြီးက ဖွတ်အတင်းကျွေးနေတာနဲ့ အားနာနာနဲ့ စားခဲ့တယ်။ သမီးကော စားပြီးပြီလား။ မစားရသေးရင် စားလိုက်တော့လေ"

"မစား ရသေးဘူး အဖေ။ အဖေ့ကိုစောင့်နေတာ။ ဒါဆို သမီးစားလိုက်တော့မယ်နော်"

"အေးအေးစားစား။ ငါ့သမီးလေး စားလိုက်တော့"

မိုးမောင်က မမိုးဝါ၏ ကျောပြင်ကို ကြင်နာယုယစွာ ပွတ်သပ်လိုက်ရင်း ပြောဆိုလိုက်သည်။ မမိုးဝါလည်း ထမင်းခူးစားလေ၏။ ငါးပိထောင်းနှင့် ချဉ်ရည်ဟင်းမှာ ထမင်းမြိန်လှပေသည်။

"အမေတို့တော့ မနက်ဖြန် ညလောက်မှ ပြန်ရောက်မယ် ပြောတယ်အဖေ"

မမိုးဝါက ထမင်းစားရင်း ပြောနေသည်။

"အေးလေ၊ တောတွေက ပြုန်းကုန်တော့ ထင်းတွေလဲ ရှားကုန်ပြီလေ"

မိုးမောင်က အိပ်ရာထက်တွင် တုံးလုံးလှဲရင်းပြောနေသည်။

မမိုးဝါလည်း ထမင်းစားပြီးနောက် အိုးခွက် ပန်းကန်များ ဆေးကြောပြီးသောအခါ အိပ်ရာထဲဝင်ရန် ဟန်ပြင်သည်။ မိုးမောင်၏ အိပ်ရာနှင့် မမိုးဝါ၏ အိပ်ရာကြားတွင် စောင်ကြမ်းတစ်ထည်ဖြင့် ကာရံထားသည်။

"သမီး အိပ်တော့မလို့လားကွယ်။ အဖေ့ကို နည်းနည်းနင်းနှိပ်ပေးစမ်းပါ။ ညောင်းလွန်းလို့ပါကွယ်"

"ဟုတ်ကဲ့ပါ အဖေ"

မိုးမောင်က မကြာခဏဆိုသလိုပင် မမိုးဝါအား နင်း



www.burmeseclassic.com

www.burmeseclassic.com



နှိပ်နိုင်းတတ်သည်။ မမိုးဝါမှာလည်း မိုးမောင်ကို ကြောက်သဖြင့် နင်းနှိပ်ပေးရလေသည်။

"ငါ့သမီး အိမ်ထောင်ကျတာကံဆိုးလှတယ်ကွယ်။ ဒါဟာ မင်းရဲ့အမေအသုံးမကျတာပဲလေ။ အဖေ့မိတ်ဆွေကိုတင်ကိုကြီးရဲ့သား မောင်ဇော်မျိုးနဲ့သာဆိုရင်ဘယ်လောက်ကောင်းလိုက်မလဲကွယ်။ အခု မောင်ဇော်မျိုးက မုန့်ဟင်းခါးဆိုင်လဲ ဖွင့်ထားတယ်။ ထီဆိုင်လဲ ဖွင့်ထားတယ်ကွယ့်။ အေးပေါ့လေ. ပြီးခဲ့တာတွေလဲ ပြီးခဲ့ပါပြီ။ သမီး ဘာမှ စိတ်မဆင်းရဲပါနဲ့။ အဖေက သမီးကို တစ်သက်လုံး စောင့်ရှောက်သွားမှာပါကွယ်"

မိုးမောင်က အနင်းအနှိပ်ခံနေရာမှ ပြောဆိုနေခြင်းဖြစ်သည်။ မိုးမောင်မှာဘီယာလည်း နည်းနည်းသောက်ထားသည်။ ကိုတင်ကိုက တိုက်လိုက်ခြင်းဖြစ်သည်။ အမဲခြောက်ကြော်နှင့် မြည်းခဲ့ရသည်။

"အဖေ့ ကျေးဇူးကို သမီး ဘယ်တော့မှ မမေ့ပါဘူး အဖေ"

မမိုးဝါက နင်းနှိပ်ပေးနေရင်းမှ ပြောသည်။

"ငါ့သမီး ဒီည အဖေ့နားမှာပဲ အိပ်နော်"


မိုးမောင်က ပြောသည်။ မမိုးဝါမှာ ဖခင်အရင်းအချာ မဟုတ်ဟူသော အသိစိတ်ကြောင့် မျက်နှာနီမြန်းကာ ရှက်သွေး[illegible]ားသေးသည်။ သို့ရာတွင် မမိုးဝါမှာ မိုးမောင်အပေါ် ကြောက်ရွံ့အားကိုးနေရသူပီပီ ငြင်းဆန်ဝံ့သည်မဟုတ်ချေ။

ထိုညက မိုးမောင်၏ တဲအိမ်ထဲတွင် မိုးမောင်နှင့် မမိုးဝါတို့ နှစ်ယောက်သာရှိကြသည်။ သားဖြစ်သူ မောင်သက်နိုင်မှာလည်း ဒေါ်ရွှေကြည်၊ မောင်လှငွေတို့နှင့်အတူ တောသို့ လိုက်ပါသွားခဲ့လေသည်။

"ထင်းခုတ်ရတာ ပင်ပန်းလိုက်တာ မိုးမောင်ရယ်။ ဟိုရောက်တော့မောင်လှငွေကဗိုက်အောင့်လို့ဆိုပြီး အလုပ်မလုပ်နိုင်ဘူးလေ။ နောက်တစ်ခေါက်ဆိုရင်တော့ မောင်လှငွေကိုအိမ်မှာထားရစ်ခဲ့ပြီး မိုးဝါကို တောကိုခေါ်သွားမှဖြစ်မယ် ထင်တယ်"

ဒေါ်ရွှေကြည်က ထင်းချောင်းများကို အိမ်နောက်ဖေးတွင် စုပုံနေရာမှ ညည်းညူရင်း ပြောဆိုလိုက်သည်။ မောင်လှငွေမှာ ဗိုက်အောင့်သဖြင့် အိမ်ပေါ်၌ အိပ်နေသည်။







www.burmeseclassic.com

www.burmeseclassic.com



"လုငွေဆိုတဲ့ ကောင်က ဘာမှအသုံးမကျတော့ဘူးကွာ။ ဆန်ကုန်မြေလေးပဲ။ ဒီကောင့်ကိုအိမ်ပေါ်က နှင်ချရင်နှင်ချ၊ ဒါမှမဟုတ်ရင် မြေကြီးထဲပို့ဖြစ်မှပဲဖြစ်တော့မယ်"

မိုးမောင်က ဒေါသထွက်စွာဖြင့်ပြောနေသည်။ မမိုးဝါမှာ မည်သည့်စကားမျှမဆိုနိုင်အားဘဲ ထင်းချောင်းများကို မိုးမောင်၊ ဒေါ်ရွှေကြည်တို့နှင့်အတူ အိမ်နောက်ဖေးသို့ ကူညီသယ်ပို့ပေးနေသည်။ မောင်သက်ခိုင်လည်း ဝိုင်းလုပ်ပေးနေသည်။ မောင်လုငွေကတော့ ဗိုက်အောင့်သဖြင့် တဲပေါ်တွင် အိပ်နေမြဲတည်း။

"ဟော့ သမီး၊ ငါပြောတာဘယ်လိုသဘောရသလဲ"

မိုးမောင်က မမိုးဝါကို လှမ်းမေးလိုက်သည်။ မမိုးဝါမှာ မည်သည့်စကားမျှမဆိုနိုင်အားဘဲ မျက်နှာငယ်စွာဖြင့် ထင်းချောင်းများကိုသာ သယ်ယူနေလေသည်။

မိုးမောင်နှင့် မောင်လုငွေတို့သည် တစ်ရပ်ကွက်တည်းနေကျော်ဝင်းလှိုင်၊သိန်းစိုး၊စိုးမြင့်၊ဝင်းဖော်လင်းတို့နှင့်အတူညောင်ပင်တိုင်းရွာအရှေ့ဘက်ရှိတောထဲသို့လွှန်ခဲ့သောရက်သတ္တပတ်ခန့်ကထင်းခုတ်ရန်သွားရောက်ခဲ့ကြပြီး ယနေ့ညတွင် ပြန်လည်ရောက်ရှိလာကြသည်။ ၎င်းတို့

**မောင်လုငွေ၏ အစ်မဖြစ်သူ ဒေါ်အုန်းလှက မိုးမောင်အား မသင်္ကာသော မျက်လုံးအစုံနှင့်ကြည့်ကာ မေးနေသည်။**

ပြန်လည်ရောက်ရှိလာသောအခါ မိုးမောင်၊ ကျော်ဝင်းလှိုင်၊သိန်းစိုး၊စိုးမြင့်နှင့်ဝင်းဖော်လင်းတို့သာ နေအိမ်သို့ပြန်လည်ရောက်ရှိလာကြသော်လည်း မောင်လုငွေမှာ ပြန်ပါမလာချေ။

"ဟော့ မိုးမောင်၊ ငါ့မောင်လုငွေကို မမြင်ပါလား။ နင်တို့ဘယ်မှာထားရစ်ခဲ့ကြသလဲ"

မောင်လုငွေ၏ အစ်မဖြစ်သူ ဒေါ်အုန်းလှက မိုးမောင်အား မသင်္ကာသော မျက်လုံးအစုံနှင့် ကြည့်ကာ မေးနေသည်။

"ခင်ဗျားရဲ့ မောင်လုငွေ တောထဲမှာ ကျန်ရစ်ခဲ့တယ်ဗျ။ ဗိုက်အောင့်လို့ဆိုပြီး လမ်းမလျှောက်နိုင်လို့ ကိုမြင့်ကျော်ရဲ့တဲမှာထားရစ်ခဲ့ရတယ်ဗျာ။ အဲဒီနားက ဗိန္ဓော်ဆရာ ဦးသာလှကြီးနဲ့ဆေးကုနေရတယ်။နောက်တစ်ပတ်ဆိုရင် ပြန်ခေါ်ခဲ့မှာပါ"

မိုးမောင်က ပြောသော်လည်း ဒေါ်အုန်းလှက မိုးမောင်ကို မသင်္ကာသောမျက်လုံးများနှင့် တစ်ချက်ကြည့်ပြီး မိုးမောင်၏ ခြံဝင်းထဲမှ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ဒေါ်အုန်းလှက အတူပါသွားကြသူ ကျော်ဝင်းလှိုင်၊ သိန်းစိုး၊ စိုးမြင့်နှင့် ဝင်းဖော်လင်းတို့ကိုလည်း လိုက်လံမေးမြန်းနေခဲ့သည်။ ကျော်ဝင်းလှိုင်၊ သိန်းစိုး၊ စိုးမြင့်နှင့်ဝင်းဖော်လင်းတို့ကလည်း ဒေါ်လှ၏ မေးမြန်းချက်အပေါ် မိုးမောင်၏ ပြောကြားချက်အတိုင်းသာ ထပ်တူထပ်မျှဖြေဆိုကြသည်။

ဒေါ်အုန်းလှ၏ ရင်မှာ



www.burmeseclassic.com

www.burmeseclassic.com



မရှင်းမရှင်းနှင့် သက်ာမကင်း ဖြစ်နေခဲ့သည်။

ညောင်ပင်တိုင်းရွာ အရှေ့ဘက်တောထဲက ဝါးရုံပင်အောက်မှာ အမျိုးသား လူသေ အလောင်းတစ်လောင်းတွေ့တယ်။ ဦးခေါင်းမှာလည်း ဒဏ်ရာ ဒဏ်ချက်တွေနဲ့''

ညောင်ပင်ကိုင်းရွာသား ဦးမောင်လှက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဦးနေဆန်းထံ သတင်းပို့လာသည်။ ဦးနေဆန်းကလည်း ရဲစခန်းသို့ဆက်လက်အကြောင်းကြားသည်။

ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရွာသူ ရွာသားအချို့ အခင်းဖြစ်ရပ်သို့ သွားရောက် ကြည့်ရှုကြသည်။ ၎င်းတို့နှင့်အတူ ဒေါ်အုန်းလှလည်း လိုက်ပါသွားရောက်ကြည့်ရှုသည်။

လူသေ အလောင်းမှာ ပုပ်ပွနေပြီဖြစ်သည်။ ဝါးရုံပင်ခြေရင်းတွင် ဝါးရုံပင်ကို ကျောမှီကာသေဆုံးနေသည်။ ဦးခေါင်းခွံကွဲအက်ဒဏ်ရာမှာအထင်းသားတွေ့ရသည်။

''အမယ်လေး ငါ့မောင်ရဲ့ဖြစ်မှဖြစ်ရလေဟဲ့''

အလောင်းကောင်ကိုတွေ့မြင်ရသည်နှင့် ဒေါ်အုန်းလှမှာရင်ဘတ်စည်တီးဆိုသလို သဲသဲမဲမဲငိုကြွေးလေတော့သည်။ အလောင်းကောင်ကိုပြေးပွေ့မည်လုပ်နေသဖြင့် အနီးမှ လူများက ဆွဲထားရသည်။ သေဆုံးသူမှာ မောင်လှငွေပင်ဖြစ်သည်။

''စိတ်ထိန်းပါ အစ်မကြီး''

စခန်းမှူး ရဲအုပ်လှသိန်းက ဖျောင်းဖျပြောဆိုသည်။

စခန်းမှူး ရဲအုပ်လှသိန်းနှင့်အဖွဲ့က ရဲလုပ်ငန်းများဆောင်ရွက်ပြီးနောက် အလောင်းကို သာလာအိတ်တွင်ထည့်ကာ ဆေးစာထင်မြင်ချက်တောင်းခံနိုင်ရန်အတွက် ထော်လာဂျီနှင့်ဆေးရုံသို့တင်ပို့သည်။ ပြီးတော့ အမှုဖွင့်လှစ်သည်။ စုံစမ်းထောက်လှမ်းမှုများပြုရလေတော့သည်။

''သမီး မိုးဝါရေ နင့်ယောကျ်ား မောင်လှငွေ သေပြီဝဲ့ကွယ်။ နင့်မှာလဲ ကိုယ်ဝန်အရင့်အမာကြီးနဲ့။ ငါတို့တော့ ကိုယ်ကျိုးနည်းကြပြီ ထင်ပါရဲ့ကွယ်။ ငါဟို့ သားအမိမှာလဲ ဘယ်ဘဝက ပဋိကြွေးတွေပါလာပါလိမ့်နော်''

ဒေါ်ရွှေကြည်က သမီးဖြစ်သူ မမိုးဝါကို ပြောနေခြင်းဖြစ်သည်။ ဒေါ်ရွှေကြည်၏ မျက်လုံးအစုံမှ မျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျလျက်ရှိသည်။

မမိုးဝါကား မည်သည့်စကားမျှ မဆိုချေ။ မမိုးဝါ၏ မျက်နှာပေးတွင်ကား အံ့သြသည့် အမူအရာကိုလည်း မတွေ့ရ။ ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်ကိုလည်းမတွေ့ရချေ။ တွေဝေ ငေးငိုင်လျက် မလှုပ်မယှက် ထိုင်နေသည်။

''မိုးဝါ၊ ငါ့ရဲ့ မောင် မောင်လှငွေ သေပြီဟဲ့ သိရဲ့လား။ နင့်ယောကျ်ား သေတာလေ။ နင်ဝမ်းနည်းရကောင်းမှန်း မသိဘူးလားဟင်''

ဒေါ်အုန်းလှ ကလည်း မမိုးဝါ၏ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ကာ အားမ[illegible]အားမရနှင့် မေးမြန်းနေသည်။ ဒေါ်ရွှေကြည်၏ နေအိမ်ရှေ့[illegible] ရပ်ကွက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကလူတွေ စုရုံးရောက်ရှိနေကြသည်။ ယခုဖြစ်ရပ်အပေါ်အတူး စိတ်ဝင်စားနေကြသည်။

မမိုးဝါကား မတုန်မလှုပ် သစ်ငုတ်တိုကြီးလိုပင် ငူငူကြီး ထိုင်နေလေတော့သည်။

"လှငွေသေပြီတဲ့။ ဦးခေါင်းမှာလဲ ဒဏ်ရာတွေနဲ့တဲ့။ ဒါဆိုလူသတ်မှုပေါ့။ ဘယ်သူ့လက်ချက်လဲ မသိဘူးနော်။

လှငွေ
သေပြီတဲ့။
ဦးခေါင်းမှာလဲ
ဒဏ်ရာတွေနဲ့တဲ့။
ဒါဆို
လူသတ်မှုပေါ့။
ဘယ်သူ့
လက်ချက်လဲ
မသိဘူးနော်။

ကိုမြင့်ကျော်ရဲ့ လက်ချက်လား။ ဒါမှမဟုတ် ဗိန္ဒောဆရာဦးသာလှရဲ့ လက်ချက်လား။ ဒီလူတွေ ဒီလောက်ရက်စက်တာ ဘာရန်ငြိုး ရန်စတွေရှိလို့လဲကွာ"

မိုးမောင်၊ ကျော်ဝင်းလှိုင်၊ သိန်းစိုး၊ စိုးမြင့်နှင့်ဝင်းဇော်လင်းတို့အဖွဲ့က ရပ်ကွက်လူထုရှေ့တွင် အာပေါင်အာရင်းသန်သန်နှင့်ပြောဆိုနေကြခြင်းဖြစ်သည်။ သူတို့မှာအရက်မူးနေကြဟန်လည်းရှိကြသည်။

"ဟေ့ကောင် မိုးမောင် မင်းသမက် လှငွေ သေပြီတဲ့။ ဘယ်လိုလုပ်ကြမလဲ"

ကျော်ဝင်းလှိုင်က မိုးမောင်ကိုမေးလိုက်သည်။

"အီးဟီးဟီး ငါ့သမက် လှငွေ သေပြီတဲ့ကွာ။ အီးဟီးဟီး ကံဆိုးလိုက်တဲ့ ငါ့သမက်ကလေးကွာ။ သူ့ မိန်းမမှာလဲ ကိုယ်ဝန်အရင့်အမာကြီးနဲ့ကွာ။ ဒုက္ခပါပဲ။ သူငယ်ချင်းတို့ရာ ငါတို့မိသားစုအဖြစ်ကိုကြည့်ကြပါဦးကွာ... အီး ဟီးဟီးဟ..."

မိုးမောင်က အော်ကြီးဟစ်ကျယ် ငိုနေသည်။

ထိုစဉ် စခန်း...ရဲအုပ်လှသိန်းခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များ ရုတ်တရက်ရောက်လာကာ မိုးမောင်၊ ကျော်ဝင်းလှိုင်၊ သိန်းစိုး၊ စိုးမြင့်နှင့် ဝင်းဇော်လင်းတို့ကို လက်ထိတ်ခတ်၍ ဖမ်းဆီးလိုက်သည်။

"ဟေ့လူတွေ ခင်ဗျားတို့ ဒါဘာလုပ်ကြတာလဲ"

မိုးမောင်က ရဲတပ်ဖွဲ့ဝင်များကို ပြောသည်။

"စုံစမ်း ထောက်လှမ်းချက်တွေအရ မသင်္ကာလို့ ဖမ်းတာပါဗျာ။ ကျွန်တော်တို့ ဆီမှာလဲ သက်သေခံချက်တွေရှိ ပြီးပါပြီ။ တရားရုံးမှာရှင်းကြပေါ့ဗျာ။ ဒီအမှုမှာ ခင်ဗျားတို့ကလွဲပြီး ဖမ်းစရာလူမရှိဘူးဗျ။ ရှင်းပါတယ်နော်"

ရဲတပ်ဖွဲ့များက မိုးမောင်၊ ကျော်ဝင်းလှိုင်၊ သိန်းစိုး၊ စိုးမြင့်နှင့် ဝင်းဇော်လင်းတို့ကို ရဲစခန်းသို့ဖမ်းဆီးခေါ်ဆောင်သွားခဲ့လေသည်။ ၎င်းတို့ (၅)ဦးမှာ စကားပင်မပြောနိုင်ကြတော့ဘဲ ကြက်ကြီးတွေ လည်လိမ်ထားသလို ဖြစ်ကုန်ကြသည်။

စုံစမ်း စစ်ဆေးချက်အရ မိုးမောင်၊ ကျော်ဝင်းလှိုင်၊



www.burmeseclassic.com

www.burmeseclassic.com



သိန်းစိုး၊ စိုးမြင့်နှင့်ဝင်းဖော်လင်းတို့သည် သေဆုံးသူ မောင်လှငွေနှင့်အတူ ညောင်ပင်ကိုင်းရွာအရှေ့ဘက်ရှိ တောထဲသို့ တင်းခုတ်သွားခဲ့ကြကြောင်း၊ တောထဲသို့ ရောက်ပြီးမိုးမောင်၊ ကျော်ဝင်းလှိုင်၊ သိန်းစိုး၊ စိုးမြင့်နှင့် ဝင်းဖော်လင်းတို့ (၅)ဦးမှာထင်းခုတ်နေကြသော်လည်း မောင်လှငွေမှာ ဗိုက်အောင့်သည်ဆိုကာ ထင်းမခုတ်ဘဲ ဝါးရုံပင်အောက်၌အိပ်နေခဲ့ကြောင်း၊ သို့ဖြစ်၍ မိုးမောင်၊ ကျော်ဝင်းလှိုင်၊ သိန်းစိုး၊ စိုးမြင့်နှင့်ဝင်းဖော်လင်းတို့ (၅)ဦးက မောင်လှငွေကိုထင်းခုတ်ရန်ပြောဆိုကြရာမှ မိုးမောင် ကျော်ဝင်းလှိုင်၊ သိန်းစိုး၊ စိုးမြင့်နှင့် ဝင်းဖော်လင်းတို့ (၅)ဦးနှင့် မောင်လှငွေတို့ စကားများကာ ခိုက်ရန်ဖြစ်ပွားခဲ့ကြကြောင်း၊ မိုးမောင်က မောင်လှငွေ၏ ဦးခေါင်းကို ထင်းချောင်းဖြင့် အကြိမ်ကြိမ်ရိုက်နှက်ခဲ့ပြီး ကျန်လူများက ခြေထောက်ဖြင့် ကန်ကျောက်ခဲ့ကြကြောင်း၊ ထိုအချိန်တွင် မိုးမောင်၊ ကျော်ဝင်းလှိုင် သိန်းစိုး၊ စိုးမြင့်နှင့် ဝင်းဖော်လင်းတို့(၅)ဦးမှာ အရက်မူးနေကြကြောင်း၊ မောင်လှငွေမှာရရှိသော ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း မောင်လှငွေ သေဆုံးသွားသောအခါ အလောင်းကို ဝါးဆုံပင်အောက်၌ ထားရစ်ခဲ့ကြကြောင်း၊နေအိမ်သို့ပြန်လည်ရောက်ရှိကြသောအခါ မောင်လှငွေမှာဗိုက်အောင့်နေသောကြောင့် လမ်းမလျှောက်နိုင်သဖြင့်ညောင်ပင်ကိုင်းရွာအရှေ့ဘက် တောစပ်ရှိ ဦးမြင့်ကျော်၏ တဲတွင်ထားကာ ဗိန္ဒောဆရာ ဦးသာလှနှင့် ဆေးကုနေရသည်ဟု လိမ်ညာပြောဆိုခဲ့ကြကြောင်း၊ ဝန်ခံချက်များအရ မိုးမောင်၊ ကျော်ဝင်းလှိုင်၊ သိန်းစိုး၊ စိုးမြင့်နှင့် ဝင်းဖော်လင်းတို့(၅)ဦးသည် ထိုက်သင့်သော ပြစ်ဒဏ်များ ကျခံသွားခဲ့ကြရလေသည်။

"မမိုးဝါရေ သမီးလေး မောင်လှငွေကို မိုးမောင်တို့က သတ်လိုက်တာတဲ့ကွယ်။ အခုတော့ မိုးမောင်တို့လဲ ထောင်ဒဏ် အပြစ်ပေးခံလိုက်ကြရပြီကွယ့်။ သမီးမှာလဲ ကိုယ်ဝန်အရင့်အမာကြီးနဲ့။ အမေတို့ သားအမိရဲ့ ဖြစ်ရပ်က ဆိုးလှချည့်လားကွယ်။ သမီးရေ.. အမေတို့ မိသားစုဘဝ ရှေ့ခရီးကို ဘယ်လို လျှောက်လှမ်းကြမလဲဟင်"

ဒေါ်ရွှေကြည်က ဝမ်းနည်းကြေကွဲစွာနှင့် သမီးဖြစ်သူ မမိုးဝါကိုပြောနေသည်။ မမိုးဝါကား မတုန်မလှုပ် သစ်ငုတ်တိုကြီးလိုပင် ငူငူငေါင်ငေါင်ကြီး ထိုင်နေလေသည်။

"ပြောပါဦး သမီးရယ်၊ အမေတို့ ဘယ်လို လုပ်ကြမလဲဟင်"

ဒေါ်ရွှေကြည်က အားမလို အားမရနှင့် မမိုးဝါ၏ ပခုံးနှစ်ဖက်ကိုကိုင်လှုပ်ကာ မေးနေသည်။

"အဟီး ဟီး .. ဟီး ... ဟီ... သမီးတို့သားအမိကိုက ကံဆိုးတာပါအမေရယ် ... အဟီး... ဟီး. ဟီး."

မမိုးဝါမှာ စိတ်မထိန်းနိုင်တော့ဘဲ တဟီးဟီး ငိုနေလေ ...သည်။

ဗဟိုသတ္တာအဝေရာ ဟောန္တိ။

ကြီးမြင့်နိုင်(လွိုင်ကော်)



www.burmeseclassic.com

www.burmeseclassic.com

မိန်းမလျှာတစ်ဦးက ဓားနဲ့
ထိုးသတ်လိုက်တဲ့ဓာတ်လမ်းတစ်ပုဒ်

# နှုတ် ကြောင့် သေ

တင်ထွန်း (စက်မှု–၂ငြိမ်း)





www.burmeseclassic.com

www.burmeseclassic.com



## နွတ်ကြောင့်သေ

## တင်ထွန်း (စက်မှု–၂ငြိမ်း)

လွန်ခဲ့သော အနှစ်ငါးဆယ်ကျော်ကာလ ခရစ်နှစ် ၁၉၅၇ က လူသတ်မှုဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်ကို စာရေးသူ ကျောင်းနေစဉ်ကာလမှာ တွေ့ကြုံခဲ့ရပါတယ်။ အသတ်ခံရသူက စာရေးသူ၏ ကျောင်းနေဖက် သူငယ်ချင်းဖြစ်သူ "အောင်ငွေ" ဖြစ်ပါတယ်။ ထိုအချိန်ကာလက သူနေထိုင်ခဲ့သည့်နေရာက ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည် လမ်းအနီးရှိ လမ်းတစ်လမ်းမှာ ဖြစ်ပါတယ်။ ၁၉၅၇ ခုနှစ်က စာရေးသူ ဒုတိ ယတန်း၌ ကျောင်းတက်နေသော ကာလလည်းဖြစ်ပြီး စာရေးသူ၏ အတန်းဖော်များမှာ ကွယ်လွန်သူ ရုပ်ရှင်သရုပ်ဆောင်ဖြစ်သူ "စိန်မြင့်" (L.P.') ခေတ်ကတည်းက ဘော့စ် ဂီတာတီးခတ် သူ "ဇော်မိုးကျော် နိုင်" (ကျောင်းသားအမည် 'ခရစ်ရှ နားကူးမား') မြန်မာ့လက်ဝှေ့စင်ကိုး သမားဟောင်း တစ်ဦး ဖြစ်ခဲ့သူ "ကျော်မင်း" (ကျောင်းသားအမည် 'ဂျွန်ရစ်ချတ်') ကွယ်လွန်သူ ဟာသသရုပ်ဆောင် တစ်ဦးဖြစ်သည့် "ဦးသန်းနွဲ့" ၏ သားဖြစ်သူ "ရဲထွန်းနွဲ့" (ခေါ်) အတာတို့ဖြစ်ပါတယ်။

"အောင်ငွေ" အသတ်ခံရပြီး နောက်တစ်နေ့ စာရေးသူ ကျောင်းသို့ ရောက်ရှိလာခဲ့စဉ်မှာ စိတ်မကောင်းစရာသတင်းတစ်ပုဒ်ကို ကြားသိလိုက်ရပါတယ်။ အဲဒါကတော့ စာရေးသူနှင့်အတန်း တစ်တန်းတည်း တက်ရောက်ပညာသင်ကြားနေတဲ့ "အောင်ငွေ" ဖြစ်သူမှာ ကန်တော်ကလေး ရပ်ကွက်ရှိ လမ်းတစ်လမ်း၏ ထိပ်တွင် ဓားထိုးခံရ၍ သေဆုံးခဲ့ရတဲ့ အနိဋ္ဌာရုံသတင်းကို ကြားသိလိုက်ရပါတယ်။ "အောင်ငွေ" ဓားထိုးခံရသည့် အကြောင်းရင်းက ညဘက်ပိုင်းတွင် အောင်ငွေမှာ သူနေထိုင်ရာ လမ်းထိပ်၌ အပေါင်းအသင်းတစ်စုနှင့် ဂီတာတီးခတ်နေကြစဉ် တစ်ရပ်ကွက်တည်းနေသူ တစ်ဦးဖြစ်တဲ့ မိန်းမစိတ်ပေါက်နေသော လူငယ်တစ်ဦးက သူတို့ရှေ့မှ ဖြတ်လျှောက်သွားခဲ့စဉ် ကာလမှာ အောင်ငွေက နောက်ပြောင်ကျီစယ်မိရာမှ ထိုလူငယ်က နေအိမ်သို့ ပြန်သွားခဲ့ပြီး ဓားကို ပြန်လည် ယူဆောင်၍ "အောင်ငွေ" အား ထိုးသတ်ခဲ့ခြင်းဖြစ်ပါတယ်။

"အောင်ငွေ"က ပျော်ရွှင်မှု သက်သက်ဖြင့် နောက်ပြောင်ကျီစယ်ခဲ့သော်လည်း ထိုမိန်းမစိတ်ပေါက်နေသူမှာ ရှက်ရမ်းရမ်းမိရာမှ နောက်ဆုံးတော့ ဓားဖြင့်ထိုးသတ်ခြင်းကို "အောင်ငွေ" ခံလိုက်ရပါတယ်။ "အောင်ငွေ"က သူလုံးဝ မျှော်လင့်မထားခဲ့တဲ့ ဖြစ်ရပ်တစ်ခုကို ရုတ်တရက် ကြုံတွေ့လိုက်ရပြီး အံ့အားသင့်စွာဖြင့် ဓားဖြင့်ထိုးသတ်သူကို စိုက်ကြည့်နေခဲ့ပြီးနောက် သူ၏ ရင်ဘက်ကို လက်ဖြင့် ဖိရင်းနှင့် မြေကြီးပေါ်သို့ လဲကျသွားပါတယ်။ ဓားဖြင့်ထိုးသတ်သူတရားခံဖြစ်သူမိန်းမလျာမှာလည်း ထိုနေရာမှ ရုတ်တရက် တိမ်းရှောင်သွားခဲ့ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



အောင်ငွေနှင့် သူ၏ အပေါင်းအပါတို့မှာ လမ်းထိပ်၌ နွေရာသီရောက်တိုင်း ညဘက်အချိန်ကာလများတွင် သူ၏ အပေါင်းအဖော်တို့နှင့် ဂီတာတီးခတ်လေ့ရှိပါတယ်။ အောင်ငွေ ဓားထိုးခံရခဲ့ရပြီးနောက် ရပ်ကွက်ရှိလူငယ်တို့က သေဆုံးနေတဲ့ အောင်ငွေရဲ့ ရုပ်အလောင်းကို ရန်ကုန်ဆေးရုံကြီး အအေးတိုက်သို့ ပို့ဆောင်လိုက်ကြပါတယ်။ အောင်ငွေ အားသင်္ဂြိုဟ်မယ့်နေ့က ကျောင်းသားများစုပေါင်း၍ ရန်ကုန်ဆေးရုံကြီး အအေးတိုက်သို့ ကျောင်းမှ စီစဉ်ပေးတဲ့ မော်တော်ယာဉ်တစ်စီးဖြင့် ရောက်ရှိလာခဲ့ကြပြီး ရန်ကုန်ဆေးရုံကြီး အအေးတိုက်သို့ ရောက်ရှိလာခဲ့တဲ့ကာလ၌ အောင်ငွေ၏ရုပ်ခန္ဓာအလောင်းကို တွေ့မြင် လိုက်ကြပါတယ်။ သေဆုံး နေတဲ့အောင်ငွေ၏ လက်နှစ်ဖက်ကိုလည်း ပူးတွဲ၍လက်ထိတ်ခတ်ထားသည်ကို တွေ့မြင်လိုက်ကြပြီးနောက် အနားမှာရှိတဲ့ ရဲဝန်ထမ်းတစ်ဦးကို လက်ထိတ်ခတ်ရသည့်အကြောင်းရင်းကို မေးမြန်းတဲ့အခါ ရဲဝန်ထမ်းက ပြောကြားခဲ့သည်က သေဆုံးသူအောင်ငွေ၏ဝိညာဉ်ကို အမိန့်ပြန်၍ ရှောင်တိမ်းနေတဲ့ လူသတ်တရားခံအား အောင်ငွေရဲ့ ဝိညာဉ်ကိုယ်တိုင် ဖမ်းဆီးနိုင်ရန်အတွက် လက်ထိတ်ခတ်ထားခြင်း ဖြစ်ကြောင်းကိုလည်း ကျောင်းသားများအား ရှင်းလင်း ပြောကြားခဲ့ပါတယ်။

**သေဆုံးနေတဲ့ အောင်ငွေ၏ လက်နှစ်ဖက်ကိုလည်း ပူးတွဲ၍ လက်ထိတ် ခတ်ထားသည်ကို တွေ့မြင် လိုက်ကြပြီးနောက်**



ထို့နောက် အောင်ငွေ၏ ရုပ်အလောင်းအား ရန်ကုန်မြို့တာမွေသုသာန်သို့ ပို့ဆောင်ပြီး သင်္ဂြိုဟ်ခဲ့ပါတယ်။ လူသတ်တရားခံကတော့ ဆက်လက်တိမ်းရှောင်လျက်ရှိနေပါတယ်။ အောင်ငွေရဲ့ ဝိညာဉ်က ညစဉ်ညတိုင်း ရှောင်တိမ်းနေသော လူသတ်တရားခံ ကို တစိုက်မတ်မတ်ခြောက်လှန့် ခဲ့ရာနောက်ဆုံးတော့ လူသတ် တရားခံမှာလည်း ကြောက်ရွံ့ ထိတ်လန့်လာခဲ့ရာမှ ရဲစခန်းတွင် ကိုယ်တိုင်ဖြောင့်ချက်ပေး၍ အဖမ်းခံခဲ့ပါတယ်။ လူသတ်တရားခံ၏ ဖြောင့်ချက်၌ ပြောကြားခဲ့တဲ့ စကားများက သူရှောင်တိမ်းနေသော ကာလများ၌ ညစဉ်ညတိုင်း သူအိပ်ပျော်နေတဲ့အခန်းသို့ အောင်ငွေ ရောက်ရှိလာခဲ့ပြီး နောက် သူ၏ လည်ပင်းကို ညှစ်၍ လူသတ်မှုကျူးလွန်ခဲ့ကြောင်းကို ဝန်ခံခိုင်းတဲ့ အိပ်မက်ကိုညစဉ်ညတိုင်း မြင်မက်ခဲ့ကြောင်းကို ဝန်ခံပြောကြားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူသတ်တရားခံကိုယ်တိုင်ကလည်း ဝိညာဉ်လောကသားများကို အလွန်ကြောက်ရွံ့ထိတ်လန့်တတ်သူတစ်ဦးဖြစ်၍ ညဉ့်နက်ပိုင်းသို့ရောက်ရှိလာမယ့်အချိန်ကို စိုးရိမ်ကြောင့်ကြစွာဖြင့် စောင့်မျှော်နေရင်း လူသတ်တရားခံအဖြစ်နှင့် ရောက်ရှိနေတဲ့ကာလများ၌ သူတွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်များကို ဖြောင့်ချက်ပေးရာတွင် ဝန်ခံပြောကြားခဲ့ပါတယ်။ ဝိညာဉ်လောကသားများဆိုသည်မှာလည်းမယုံကြည်၍မရပါ။ ဝိညာဉ်လောကသားဆိုသည်မှာ အသက်ရှင်လျက်ရှိနေကြစဉ်ကာလတွင် လူ၏ခန္ဓာကိုယ်၌ရှိနေသော နာမ်တရားသည် သေဆုံးပြီးနောက် ဘဝသစ်တစ်ခုသို့ မကူးပြောင်းမီကာလ၌ ဝိညာဉ်လောကသားများအဖြစ်နှင့် ရပ်တည်နေကြပါတယ်။ တစ်နည်းအားဖြင့် အသက်ရှင်လျက် ရှိနေကြစဉ်ကာလ၌ နာမ်တရားသည် သေဆုံးပြီးနောက်ဝိညာဉ်ဘဝသို့ ကူးပြောင်းသွားခြင်းသာ ဖြစ်ပါတယ်။

စာရေးသူကိုယ်တိုင်မှာလည်း ဝန်ထမ်းဘဝ၌ ဝိညာဉ်လောကသားများနှင့် သုံးကြိမ်ခန့်တွေ့ကြုံခဲ့ပါတယ်။ တစ်ကြိမ်ကတော့ ဝိညာဉ်တစ်ခုရဲ့ ပုံရိပ်ကို စာရေးသူ တာဝန်ကျခဲ့တဲ့ သိုလှောင်ရုံတွင် ရုတ်တရက်မြင်တွေ့ခဲ့ရပြီးနောက် ပျောက်ကွယ်သွားခဲ့ပါတယ်။ ဒုတိယနှင့် တတိယအကြိမ်မှာတော့ အသံဖြင့် ခြောက်လှန့်ခဲ့ခြင်းကို ကိုယ်တိုင်တွေ့ကြုံခဲ့၍ ဝိညာဉ်လောကသားများနှင့် ဆက်နွယ်သည့် ဖြစ်ရပ်များကို မယုံကြည်၍ မရနိုင်သည်ကို ကိုယ်တွေ့ကြုံခဲ့ရ၍ ပြန်လည်ရေးသားဖော်ပြခြင်းလည်း ဖြစ်ပါတယ်။ စာရေးသူပညာသင်ကြားခဲ့တဲ့ ခရစ်ယာန်သာသနာ ပြုယောကျ်ားလေးအထက် တန်းကျောင်းသည် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း အနီးဝန်းကျင်တွင်ရှိပါတယ်။ အသတ်ခံခဲ့ရတဲ့ စာရေးသူ၏ အတန်းဖော် အောင်ငွေသည် စိတ်နေသဘောထားကောင်းသူတစ်ဦးဖြစ်ခဲ့သော်လည်း နောက်ပြောင်ကျီစယ်ခြင်းတို့ကို အလွန် စိတ်အားထက်သန်သူတစ်ဦးဖြစ်ခဲ့၍ အကျီစားသန်လျှင် ရန်များတတ်ကြောင်းကို သူကိုယ်တိုင် သတိမပြုမိခဲ့လျှင် သူ၏အသက်ကိုအကျီစားသန်မှုကြောင့် ပေးဆပ်ခဲ့ရခြင်းလည်း ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် အောင်ငွေ အသတ်ခံရခြင်းမှာ 'နှုတ်ကြောင့်သေ လက်ကြောင့်ကြေ' ရသလိုလည်း ဖြစ်နေပါတယ်။ 'အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်' ဆိုသလို သူ၏အသက်ကို ဉာဏ်ဖြင့် မစောင့်စည်းမိခဲ့၍ သူ၏ ဘဝတစ်ခုလုံးကိုလည်း အသက်ဖြင့်ပေးဆပ်လိုက်ရခြင်းဖြစ်ပါတယ်။ အောင်ငွေအား သင်္ဂြိုဟ်မယ့်နေ့က ရန်ကုန်ဆေးရုံကြီး အအေးတိုက်တွင် အခြားနာရေးသို့လိုက်ပါပို့ ဆောင်ကြတဲ့ ပရိသတ်များမှာလည်း စိတ်ဝင်တစားဖြင့် အောင်ငွေ၏ ရုပ်အလောင်းကို ဝိုင်းအုံကြည့်ရှုနေခဲ့ကြပြီး မည်သည့်အတွက်ကြောင့် အသတ်ခံခဲ့ရသည်ကို သိချင်ဇောဖြင့် မေးမြန်းနေခဲ့ကြ၍ စာရေးသူက သူတို့အား အသေးစိတ်ရှင်းလင်းပြောကြားခဲ့တဲ့အခါကျမှ သူတို့လည်း ကောင်းစွာ သဘောပေါက်သွားခဲ့ကြပါတယ်။

**တင်ထွန်း(စက်မှု–၂)ငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com



သားသမီးချင်းမစာနာတဲ့ ချစ်သူရဲ့အမေကိုသတ်လိုက်တဲ့
ပန်းခရေဆိုတဲ့ကောင်မလေးရဲ့ဇာတ်လမ်းတစ်ပုဒ်

**သင်းသင့်လှိုင်**
**(တပ်ကုန်း)**

# အပူပေါ် အပူဆင့်



www.burmeseclassic.com

www.burmeseclassic.com



## "အပူပေါ်အပူဆင့်"

သင်းသင်းလှိုင်(တပ်ကုန်း)

"အဟင်း ဟင်း ... မောင်စိန်ဝင်း (ပုတီးကုန်း) ရဲ့ ဝတ္ထု ခေါင်းစဉ်လေးလိုပဲ "ကျွန်မချစ်မိအပြစ်ရှိသည်" တကယ်တော့ ချစ်မိတဲ့ ကျွန်မ အပြစ်လားရှင်"

မိန်းမသား ဆိုတာ အချစ်ခံ ဘဝပါ။ ကိုယ်ကစပြီး ချစ်တယ်လို့ မပြောရတဲ့ဘဝပါ။ သူတို့ကစပြီး ဖွင့်ဟလာမှ ကိုယ်ကတုံ့ပြန်ရတာပါ။ မိန်းမမာယာ သဲကိုးဖြာတဲ့၊ ယောကျ်ားမာယာ ကသဲကိုးဖြာတောင်မကဘူး။ သူတို့မာယာများတာကို ဥပဒေကတောင် လက်ဖျားခါရတယ်။ နောက်ဆုံးတော့ ချစ်မိလို့ အပြစ်ရှိသူက ကျွန်မပါအဖြစ်က ဒီလိုပါ။

မောင်မောင်ကို မြင်ကတည်းက စိတ်ဝင်စားမိပါတယ်။ မိန်းကလေး ဘဝဆိုတော့ ကိုယ်က စလို့ မရဘူးလေ။ အရှက်တရား အကြောက်တရားဆိုတာ ရှိရသေးတယ်။ မွေးမွေးက ကျွန်မသူငယ်ချင်းတစ်ယောက်ပါ။ မွေးမွေးနဲ့ ကျော်အေးက ချစ်သူစုံတွဲတွေ သူတို့ချစ်နေကြတာ နှစ်နှစ်လောက်တောင်ရှိပြီ။ ချစ်သူတို့ သဘာဝအတိုင်း ချိန်းတွေ့တဲ့အခါ မွေးမွေးက ကျွန်မကို အဖော် ခေါ်နေကျ စိန်ကောင်းကျောက်ကောင်းရောင်းဝယ်တဲ့ နေရာမှာ ကန့်လန့်ဖြစ်နေတဲ့ ဆေးရိုးသည်က ကျွန်မရယ်ပါ။ ဪ ... ပြောရဦးမယ် အချစ်စစ်ပွဲကို ဝင်နေတဲ့ မွေးမွေးက ပုစွန်ဆိတ်လေးဘယ်လိုငယ် ပင်လယ်ကူးတတ်တယ် ဆိုတဲ့အတိုင်း၊ မိန်းကလေးငယ်ငယ် အချစ်ကို နွဲတတ်တယ်ဆိုပေမယ့် သူ့အသက်က တစ်ဆယ့်ငါးနှစ်ကျော်ကျော် ကျွန်မနဲ့ ရွယ်တူပဲ ကိုးတန်းကျလို့ ကျောင်းထွက်ပြီး ဈေးရောင်းနေကြတယ်။

မောင်မောင်က ကျော်လေး သူငယ်ချင်းပါ။ မောင်မောင်ကိုလည်း ကျော်လေးက အဖော်ခေါ်လာတယ်။

"ပန်းခရေ ဒါကို ကျော်လေး သူငယ်ချင်း မောင်မောင်တဲ့။ မောင်မောင် ဒါ မွေးမွေး သူငယ်ချင်း ပန်းခရေတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် ကျော်လေးကို ခင်သလို ကျွန်တော့ကိုလဲ ခင်ပါ။ ခင်တတ်ပါတယ်"

ပါးနှစ်ဖက်မှာ ပါးချိုင့်လေး နှစ်ဖက်ခွက်ဝင်အောင် ပြုံးစစနဲ့ မျက်လုံးတောက်ပနေတဲ့ မောင်မောင်ကို ခင်မင်ရင်းနှီးလာပါတယ်။ အစကို ရိုးရိုး၊ နောက်တော့ တစ်မျိုးတိုးလို့ ချစ်ပြန်ဆိုပဲ။ မွေးမွေးတို့က အတွဲဆိုတော့ ပြောမဆုံးပေါင် တောသုံးထောင် စကားတွေ ဖွဲ့လို့ အဖော်လိုက်တဲ့ မောင်မောင်နဲ့ ကျွန်မက ငေါင်စင်းစင်း ကြာတော့ မစွန်းရင်းကရှိ ကန့်စွန်းခင်း ငြိခဲ့ကြပါတယ်။ အဲဒီက စခဲ့တာပါပဲ။

ပန်းခရေသည် ပင်ထက်မှာနေ လန်းဝေနေသော်လည်း တစ်ခါတလေ နွမ်းကြွေကာ မြေသို့ သက်ရသည်။ တန်ဖိုးထားတတ်သူများကတော့ ပင်ထက်မှာနေနေ ပင်အောက်မှာကြွေကြွေ ရနံ့မသုဉ်းအောင် သီကုံး၍လည်း ပန်ဆင်၊ ဘုရား၌လည်း တင်ကြသည်။ တန်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



မထားတတ်သူများကတော့ နင်းကာခြေမွ ရက်စက်တတ်ကြသည်။

ပန်းခရေ ဘဝက ဒီလိုပါပဲ။ မောင်မောင်ရဲ့ နှလုံးသားဆုံမှတ်ကို ယုံမှတ်လို့ ပုံအပ်မိလိုက်ပါတယ်။ တစ်ဆယ်ကျော်ငါးနှစ် ပတ်လည်အရွယ် ပန်းခရေရဲ့ သင်းပျံ့ဝေနေတဲ့ ရနံ့ကို ပျားပိတုန်း မောင်မောင်တစ်ယောက် ဝတ်ရည် စားသုံးခဲ့ပါတယ်။

သမုဒယ ဆိုတာက လည်းအိုးချင်းထား၊ အိုးချင်းထိကြိုး ချင်းထား ကြိုးချင်းငြိရတဲ့ သာမန်အဖြစ်အပျက် မဟုတ်ပါဘူး။ တစ်ခုတော့ရှိတယ် အချစ်ပဒေသာပင် ဖူးပွင့် ရှင်သန်စေရေးအတွက် ထွန်ယက်ရတဲ့ အဆင့် ပျိုးကြဲရတဲ့အဆင့် ပြီးတော့ ခူးဆွတ်ရတဲ့ အဆင့်၊ ရိတ်သိမ်းရတဲ့ အဆင့်ဆိုတာရှိတယ်။ ခက်လက် ဝေဆာဖူးပွင့်လာမှ ရိတ်သိမ်းခွင့် ဆွတ်ခူးခွင့်မရတော့ဘူး ဆိုရင်တော့ ကျွန်မအတွက် ဆုံးရှုံးမှု တစ်ရပ်ပဲ ဖြစ်တယ်။

မောင်မောင်နဲ့ ဒီလိုအဖြစ်ပျက်တွေ ဖြစ်ပြီးမှတော့ မောင်မောင်ကို ပိုင်ဆိုင်ချင်လာတယ်။ မိဘတွေကို အသိပေးပြီးလာရောက်တောင်းရမ်းစေချင်တယ်။ ဒါမှမဟုတ် သူ့နောက်ကို ခိုးရာလိုက်မယ်ပေါ့လေ။

အပြုံးစစ နှလုံးလှမယ်လို့ ထင်လိုက်တာ၊ မာယာများတဲ့ မောင်မောင့် အကြောင်းကို သိလိုက်ရတယ်။ တကယ်တော့ မောင်မောင်ဟာ မိန်းမရပြီး ကလေး တစ်ယောက်နဲ့ဆိုတာ သိရတော့တယ်။ ကလေး မွေးထားတာ မကြာသေးဘူး။ မိန်းမက မိဘရပ်ထံ ဇခွတ္တပြန်နေတာတဲ့။ ကျွန်မ ဘယ်လိုလုပ်ရမလဲ ဆုပ်လဲဆူး စားလည်းရှူးပြီပေါ့။ မတတ်နိုင်ဘူးလေ။ ကမ္ဘာမီးလောင်သားကောင်တောင်ချနင်းရသေးတာ၊ သူ့ဘ ကျွန်မအပေါ် ရက်စက်သေးတာ ကြေးမုံပြင်လိုပဲ ကျင့်သုံးရမှာပေါ့။ သူမှမဲ့ရင် ကိုယ်လည်းမဲ့ရမှာပေါ့။

ကျွန်မ မိဘတွေက သူ့ကို ရဲစခန်းမှာ တိုင်လိုက်တယ်။ ကာမလိမ်ညည်မှုနဲ့ပေါ့။ တကယ်တော့ ကျွန်မ သူ့ကိုချစ်တယ် ရင်နှင့်အမျှပေါ့။ ငှက်ဖြစ်

■ အဲဒီ ကောင်မလေး၊ မိန်းမနဲ့ကလေးရှိမှန်း သိရက်နဲ့ ငါ့သားကို လာကြိုက်တာ၊ ဖြားယောင်းတာ၊ ငါ့သားလေး အချုပ်ထဲမှာ ဆင်းဆင်းရဲရဲနဲ့ ကောင်မ ရည်းစားများပြီး ပျက်နေတဲ့ ကောင်မ ■



www.burmeseclassic.com

www.burmeseclassic.com



**ဒီနေ့ဟာ အားလုံး အတွက်ရော သမီးအတွက်ပါ အဆုံးသတ်ရမယ့်နေ့ပဲ**

ရင်တောင် တစ်ကိုင်းတည်း နားချင်တာ အချုပ်ထဲရောက်နေတဲ့ သူ့ကို ကျွန်မ မကြည့်ရက်ဘူး။ ဒါပေမယ့် သူ့အမေ ကျွန်မတို့ အိမ်ရှေ့ကို လာပြီးတော့ ကျွန်မကို အပျက်မနီးပါးပြောဆိုတယ်။ ပိုက်ဆံရှိတော့ ရှေ့နေကောင်းကောင်းငှားတယ်။ ရှေ့နေကလည်း တော်ပါတယ်ရှင်။ မိန်းမရှေ့နေဖြစ်ပေမယ့် မိန်းကလေး တစ်ယောက်ကို လှည့်ပတ်မေးနေလိုက်တာ ဘယ်နေရာမှ ဘယ်လိုဖြစ်တာ ဘာကြောင့် မအော်တာလဲ ဘာလို့ ငြိမ်ခံနေတာလဲ စသည်ဖြင့် မေးနေလိုက်တာ။ ဩော် မမြင်အပ်သည့် ဆေးသမား၊ မကြားအပ်သည့် တရားသူကြီး ဆိုသလို ကျွန်မမှာ ဟိရိဩတပ္ပတရား လုံးဝ ကင်းမဲ့သွားပြီး ဥပဒေအရ သူနိုင်ကိုယ်နိုင် အပြိုင်ကြရတာပဲ။ မိန်းကလေးတစ်ယောက် အတွက် ကိုယ်ချင်း စာနာစိတ်ကလေး ထားပါဦး ရှေ့နေမကြီးရယ်။ တော်သေးတယ်၊ တချို့ မေးခွန်းတွေကို တရားသူကြီးက ဟန့်တားထားလို့ ကျွန်မက ဖြစ်ခဲ့တဲ့အတိုင်း အမှန်ပြောတာပါ။ ကျွန်မ မိန်းမပျက် တစ်ယောက် မဟုတ်ပါဘူး။ ကျွန်မ ချစ်မိတာ အပြစ်ရှိသလားရှင်။

"အဲဒီ ကောင်မလေး၊ မိန်းမနဲ့ကလေးရှိမှန်း သိရက်နဲ့ ငါ့သားကို လာကြိုက်တာ၊ ဖြားယောင်းတာ၊ ငါ့ သားလေး အချုပ်ထဲမှာ ဆင်းဆင်းရဲရဲနဲ့ ကောင်မ ရည်းစားများပြီး ပျက်နေတဲ့ ကောင်မ"

ရုံးထဲကအထွက် မောင်မောင့် အမေက လူကြားထဲမှာ အဲဒီလို မှိုချိုးမျှစ်ချိုးပြောတယ်။ သူငယ်ချင်း မွှေးမွှေးကလည်း ကျွန်မ ရည်းစား များတယ်လို့ ထွက်ဆိုတယ်။

မိန်းကလေး လှရင် ယောကျ်ားလေးတွေက ကြိုက်ချင်ကြတယ်။ ကိုယ့်ကို လှလို့ ကြိုက်ချင်ကြတာကို သဘောကျတာ မိန်းကလေး သဘာဝ မဟုတ်လား။ ကျွန်မက အချစ်ခံဘဝပါ သူများ သားသမီးကို လိုက်ဖျက်ဆီးနေတာ မဟုတ်ပါဘူး။ အခင်ဆုံး သူငယ်ချင်း မွှေးမွှေးကတောင် သူတို့ဘက်ကပါ သွားပြီ။ ကဲ–ထားပါလေ၊ ကျွန်မ ပျက်စီးနေတယ်ပဲ ထားပါတော့။ သွားပုပ်လေလွင့်ပဲ ပြောပြော ဥပဒေကဘက် လိုက်မှာလား။ ချိန်ခွင်လျှာဟာ တစ်ဖက်စောင်းနင်းလား။ ဒင်းတို့ သေချာစောင့်ကြည့်ထား။

သူ့ အမေက ကျွန်မ မကောင်းကြောင်း ရုံးပြင်မှာ [illegible]ဖြစ်၊ ရုံးချိန်းတိုင်းဖြစ်ဖြစ်၊ [illegible] ဖြစ်ဖြစ်၊ ဈေးထဲမှာတွေ့ဝ[illegible]အမြဲစောင်းမြောင်း ပြောဆိုတာ အပျက်မ၊ ကြေးစားမ၊ ငွေကြေးရလို့ လိုက်လာတာ၊ သူတို့ဘက်က သက်သေရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



■ ဟယ် တရားရုံးထဲမှာတောင် ဖြစ်မှုကျူးလွန်ရတယ်လို့။ ဟိုတရားရင်ဆိုင်နေတဲ့ ကောင်မလေး မဟုတ်လား။ ဒီကောင်မလေး ကတော့ တစ်ပူပေါ် နှစ်ပူဆင့်ပြန်ပြီ ■

အမှုကတော့ ရုံးမှာပဲ စသည်ဖြင့် ပြောဆိုတာတွေ မကြားဝံ့သာအောင်ပါပဲ။ အဖေတို့ အမေတို့ကလည်း ကျွန်မကြောင့် စိတ်ဆင်းရဲနေတာ၊ အဖေဆိုတာ သွေးတိုးပြီး အိပ်ရာထဲတောင်လဲနေတယ်။ အမေကလည်း အိမ်ထဲက အိမ်ပြင်တောင် မထွက် ဝံ့ဘူး။ တစ်ဆယ့်ခြောက်နှစ်အရွယ် မိန်းကလေး တစ်ယောက်ရဲ့ အချစ်ရေးဟာ အဲဒီလောက်တောင် ဒုက္ခ ရောက်ရလားရှင်။

ဒီတစ်ပတ် ရုံးချိန်းပြီးရင် အမှုကို အမိန့်ချတော့မယ်။ သက်သေတွေကော တရားလို တရားခံ အားလုံးကိုပါ စစ်ဆေးပြီးသွားပြီ။ ရုံးချိန်းသွားမှာ အမေတို့ အဖေတို့ မလိုက်ဖို့တားထားခဲ့တယ်။ အစ်မဝမ်းကွဲ တစ်ယောက်ကိုပဲ ခေါ်ထားတယ်၊ ဒီနေ့ မနက် စောစောထပြီး ကျွန်မ ဘုရားရှိခိုးတယ်။ မေတ္တာသုတ်ရွတ်တယ်။ သီချင်းတအေးအေးနဲ့ ကျွန်မဝတ်တဲ့ အဝတ်တွေ ထုတ်လိုက်တယ် ဒီနေ့အပေါ်ဝတ် ဂျာကင် အင်္ကျီတစ်ထည်ပါ ထပ်ဝတ်လိုက်တယ်။ အမေတို့ အဖေတို့ကိုလည်း ကန်တော့လိုက်ကာယ်။ အားလုံးက ကျွန်မကို ငြဲ့ကြည့်ပြီး အံ့ဩနေလိုက်တာ။

"သမီး အမှုက အခြေအနေ ကောင်းလို့လား၊ ဝါသမီး တက်ကြွနေလိုက်တာ"

"ကောင်းပါတယ် အမေ။ ဒီနေ့ဟာ အားလုံး အတွက်ရော သမီးအတွက်ပါ အဆုံးသတ်ရမယ့်နေ့ပဲ"

ကျွန်မ အမေ့အမေးကို ပြုံးပြုံးလေး ပြောပြီး တရားရုံးကို အစ်မ ဝမ်းကွဲနဲ့ ထွက်ခဲ့တယ်။ မျှော်လင့်ထားသလိုပဲ တရားရုံး အဝင်ဝအုတ်ခုံမှာ မောင်မောင့် အမေကို တွေ့လိုက်တယ်။ ကျွန်မကို မြင်ရင်ပဲ ---သယ်မ၊ အပျက်မ၊ လင်တရှူးမ ဘာဖြစ်နေတယ်၊ ညာဖြစ်နေတယ်နဲ့ မကြားဝံ့ မနာသာ စကားအစုံ ပြောတော့တာပဲ။

"ဒီမှာ အန်တီ မိန်းမပျက်တစ်ယောက်ဟာ ယောကျ်ားတစ်ယောက်နဲ့ ပျော်ပါးရင် အခကြေးငွေရတယ်။ တကယ်တော့ အန်တီ့သားဟာ ကျွန်မကို ဖြားယောင်းခဲ့တာပါ။ အခကြေးငွေ



www.burmeseclassic.com

www.burmeseclassic.com



တောင်မရဘဲ နှစ်နာတာ ကျွန်မပါ။ ဒါကို မိန်းမပျက်တဲ့လား။ ကိုယ်ချင်းစာနာစိတ် ထားပါဦး။ အန်တီမှာ သမီး မရှိဘူးလား သမီးချင်း စာနာပါ''

''ဟဲ့ကောင်မ ငါ့သမီးတွေက နင့်လို အဆင့်အတန်းမဟုတ်ဘူး။ သူများယောကျ်ားကိုလုတဲ့ အတန်းအစားမဟုတ်ဘူး။ ကောင်မကိုက အရှက်ကို မရှိဘူး။ ငါ့သားကို သက်သက်မယ့် ထောင်ကျအောင် လုပ်နေတာ''

''ဒီမှာ အန်တီ ပြုလုပ်သူတိုင်းဟာ မိမိရဲ့ လုပ်ရပ်အတွက် ခံစားရမှာပဲ။ တန်ရာတန်ကြေးဆိုတာ ပြန်ပေးရမှာပဲ။ ဘယ်အရာမှ အလကားဆိုတာ မရှိပါဘူး။ အဲဒီလိုလုပ်ကြေးဆိုရင် ဥပဒေဆိုတာကို ဘယ်သူလေးစားတော့မလဲ''

''ဟဲ့ အပျက်မ ငါ့သားက နင့်ကို ပိုက်ဆံပေးပြီး ပြော်ပါးတယ်။ ဘာဖြစ်လဲ နင် အပျက်မပဲ''

''ဟင်း––ဟင်း ကဲ အန်တီ အပျက်မရဲ့ တန်ဖိုးဘယ်လောက်ရှိသလဲဆိုတာ သိပြီလားရော့''

''အင့်''

ကျွန်မ ကြိုတင်ပြီး ဂျာကင်အင်္ကျီထဲ ဖွက်ယူလာတဲ့ ဓားနဲ့ မောင်မောင်အမေရဲ့ ရင်ညွန့်တည့်တည့်ကို ထိုးချလိုက်တယ်။ တစ်ချက်တည်းနဲ့ အဘွားကြီး လဲကျသွားတယ်။

''ဟယ် လုပ်ကြပါဦး။ ဒီမှာ ဓားနဲ့ ထိုးသွားတယ်''

''ဟယ် တရားရုံးထဲမှာ တောင် ပြစ်မှုကျူးလွန်ရတယ်လို့။ ဟို တရားရင်ဆိုင်နေတဲ့ ကောင်မလေး မဟုတ်လား။ဒီကောင်မလေးကတော့ တစ်ပူပေါ် နှစ်ပူဆင့်ပြန်ပြီ''

ဟင်း–ဟင်း သိပ်ပြီးတော့ ယောက်ယက်ခတ်မနေပါနဲ့ လုပ်ရဲရင် ခံရဲပါတယ်။ တစ်ပူပေါ် နှစ်ပူဆင့်တာ မဟုတ်ပါဘူး။ ''အပူပေါ်အပူဆင့်တာပါ။ ကျွန်မရဲ့ နိယာမလိုပဲ သက်ရောက်မှုတိုင်းမှာ တုံ့ပြန်မှုဆိုတာရှိတယ် မောင်မောင့် အမေရဲ့ သက်ရောက်မှုကို တုံ့ပြန်လိုက်တာပါ။

မောင်မောင် ရှင့်ကို ကျွန်မချစ်တယ်။ အခုလည်းချစ်တယ်။ နောင်လည်းချစ်မှာဘဲ။ မဆင်မခြင် ချစ်မိတဲ့ အချစ်က အပြစ်လားရှင်။

ဆရာ မောင်စိန်ဝင်း (ပုတီးကုန်း)ရှင့်။ ဆရာ့ ဝတ္ထုခေါင်းစဉ်လိုပဲ ကျွန်မချစ်မိ အပြစ်ရှိပါတယ်။ အဲဒီ အပြစ်ကိုခံယူပါတယ်။ ဒီခေတ်မိန်းကလေးတွေ ကျွန်မလိုအချစ်မျိုး မကိုးကွယ်ပါနဲ့။ မာယာများတဲ့ ယောကျ်ားတွေရဲ့ အချစ်ကို မယုံပါနဲ့။ ယုံမှတ်လို့ ပုံအပ်မိရင် ကျွန်မလို အမှားမျိုး တွေ့နိုင်ပါတယ်။ စဉ်းစားကြပါ။ တွေးခေါ်ကြပါ။ မိမိရဲ့ အပျိုဂုဏ်ကို ထိန်းသိမ်းကြပါ ''အပူပေါ် အပူမဆင့်ကြပါစေနဲ့''လို့ ဆုတောင်းရင်း ကျွန်မ ခြေလှမ်းများက အကျဉ်းခန်းဆီသို့––။

သင်းသင်းလှိုင်
(တပ်ကုန်း)



www.burmeseclassic.com

www.burmeseclassic.com




# မာယာကွန်ရက်မှ ရုန်းထွက်ခြင်း

မျှော်ဝန်းအုန်းမြတ်



www.burmeseclassic.com

www.burmeseclassic.com



## "မာယာကွန်ရက်မှ ရှန်းထွက်ခြင်း"

မော်ဝန်းအုန်းမြတ်

တင်မောင်မောင်သည် လုပ်သားပြည်သူ့အကျိုးကို သည်ပိုးဆောင်ရွက်လျက်ရှိသော ရုံးတစ်ရုံးမှ အရာရှိကြီးတစ်ဦးဖြစ်၍ မဟာ ရန်ကုန်မြို့တော်တွင် လူသိများသော လက်ဖျားငွေသီးသော ငွေကြေးပစ္စည်းအသုံးအဆောင်က အစ ဂါရဝလက်ဆောင်အများအပြား ရရှိသော ပုဂ္ဂိုလ်ဖြစ်ပါသည်။

လူ့ဘဝ သက်တမ်းတစ်လျှောက်၊ ဒုတိယ အရွယ်တွင် ဥစ္စာရှာဖွေ၍ အကောင်းဆုံးအခြေအနေတွင် အစစအရာရာ ပြည့်စုံ ကုံလုံကြွယ်ဝသည့်ဘဝ။ လိုချင်သည်ကို အကုန်ရမို့ ဘာမျှ မလိုအပ်တော့ပြီ။

\+ + +

တင်မောင်မောင်သည် မိမိ၏ ကျယ်ဝန်းခံ့ညားသော အဲယားကွန်း ရုံးခန်းအတွင်း လက်မှတ်ရေးထိုးစရာ ရှိသည်များနှင့်အလုပ်ရှုပ်နေခိုက်–

"ဆရာ၊ ဆရာ့ကို ညှ်သည် အမျိုးသမီးတစ်ဦးက တွေ့ခွင့် တောင်းနေလို့၊ အဲဒါ သူ့ကို ဝင်ခွင့်ပြုလိုက်ရမလား ဆရာ"

"အင်း အလုပ်ကတော့များတယ်၊ ဘယ်ကအမျိုးသမီးတဲ့လဲ၊ ဘာကိစ္စရှိလို့လဲ"

"ဆရာတို့ဇာတိ ရှမ်းပြည်နယ်၊ တာချီလိတ်ကလို့ ပြောပါတယ်။ အဲဒီ အမျိုးသမီးက ဆရာ့လိုပဲ တိုင်းရင်းသားသံ ဝဲတယ် ဆရာ"

"အေး ကောင်းပြီ၊ ဘယ်သူလဲတော့ မသိဘူး။ ဝင်ခိုင်းလိုက်"

တပည့် ခင်မောင်လေး ပြန်ထွက်သွားပြီး မကြာမီ သူ၏ ရုံးခန်းအတွင်း ဝင်ရောက်လာသူက ခေတ်ဆန်သော အဝတ်အစားများကို ဆင်မြန်းလာသော ချောမောလှပသော မိန်းမရွယ် တစ်ဦး။

"ဝင်ခွင့်ပြုပါ ဆရာ"

"ဪ ထိုင်ပါ ထိုင်ပါ"

သူမ၏ လှပကြော့ရှင်းသော ခန္ဓာကိုယ်မှ သင်းသင်းကလေးမွှေးသော အကောင်းစား ရေမွှေးနံ့ကို အမှတ်မထင် ရှူရှိုက်လိုက်ရသည်။

"ဆရာ၊ ကျွန်မ တာချီလိတ်ဇာတပါ။ ဆရာကို ကျွန်မ မတွေ့ဖူး မမြင်ဖူးပေမယ့် ဆရာ့အကြောင်းကို တာချီလိတ်က သူငယ်ချင်းတွေဆီက ကြားဖူးနေပါတယ်။ ဆရာက အသက်ငါးဆယ်ကျော်လို့ မထင်ရဘူးနော်"

"ဟုတ်လား၊ ကျွန်တော့် အသက်အတိအကျသိနေပြီဆိုတော့ ကျွန်တော့်အကြောင်း တော်တော် စုံစမ်းလာပုံရတယ်။ ဘာပဲဖြစ်ဖြစ်ပါ၊ တစ်နယ်သားချင်းတွေဆိုတော့ အချင်းချင်း ရှိုင်းပင်းရမှာပေါ့။ စောစောက မ . . . ဘယ်သူ . . . . ?"

"ကေသွယ်မိုးမြင့်ပါ ဆရာ"

"အဲ မကေသွယ်မိုးမြင့်က ကျွန်တော့်ကို အသက်ငါးဆယ်လို့ မထင်ရဘူးဆိုတော့ အသက်ခြောက်ဆယ်လို့များထင်နေပြီလားလို့"

"မဟုတ်ပါဘူး ဆရာရယ်၊ ဆရာက အဲယားကွန်းခန်းထဲမှာ အေးအေးလူလူ နေရတော့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ တကယ်ပြောတာပါ၊ အသက် လေးဆယ်ကျော် လောက်လို့ပဲ လူတွေက ပြောမှာ သိလား''

ကေသွယ်မိုးမြင့်က ရုပ်ရည် လှပသလောက် အပြောအဆိုလေယူလေသိမ်းကလည်း အောချလောက်ပါပေသည်။ ညို့ဓာတ်ပါသော အပြုံးဆွဲဆောင်မှုရှိသော အသံလှိုင်းကလေးများက တင်မောင်မောင်၏ ငုပ်လျှိုးနေသော အတွင်းစိတ်ကို လှုပ်နှိုးလိုက်လေခြင်း။

''ကဲ ကျွန်တော် ဘာကူညီပေးရမလဲ မကေသွယ်မိုးမြင့် ပြောပါ''

''ဆရာကလဲ ကျွန်မကို လွယ်လွယ်ကူကူ ကေသွယ်လို့ပဲခေါ်ပါလား၊ တခြားမဟုတ်ပါဘူးဆရာ ပြီးခဲ့တဲ့ အပတ်က ကျွန်မ အဲ ကေသွယ်တို့ တင်ထားတဲ့ လျှောက်လွှာလေးဘယ်တော့လောက် ဆရာလာ စစ်မလဲဆိုတာသိချင်လို့ပါဆရာ''

''သြော် မှတ်မိပြီ မှတ်မိပြီ ကေသွယ်မိုးမြင့်ပါ နှစ်ဦးဆိုတာလား''

''ဟုတ်ပါတယ် ဆရာ၊ အဲဒါ ဆရာ ဘယ်နေ့လောက်လာကြည့်မလဲ၊ ကျွန်မတို့ ဘာတွေ လိုဦးမလဲဆိုတာ ပွင့်ပွင့်လင်းလင်းပြောပါ ဆရာ''

''အင်း၊ ဒီနေ့ ကြာသပတေးနေ့ဆိုတော့ သန်ဘက်ခါ စနေနေ့ကျရင် လာခဲ့မယ်လေ၊ သြော်--ဒါနဲ့ ကေသွယ်မိုးမြင့်ပါ နှစ်ဦးဆိုတော့ နောက်တစ်ဦးက ဘယ်သူလဲဟင်''

သည်တစ်ခါတော့ မိန်းမချောက ခေါင်းကလေးငုံ့ပြီး မပြောချင်သလိုပြောချင်သလိုနှင့်–

''ကျွန်မ ခင်ပွန်းပါ ဆရာ''

''ဟင်''

တင်မောင်မောင် စိတ်ဓာတ်ကျသွားသည်။ ကေသွယ်မိုးမြင့်၏ ဖြိုးလိမ်းပြင်ဆင်မှု၊ ခေတ်မီသော ဖက်ရှင်နှင့် ဆင်ယင် ထုံးဖွဲ့မှုက အပျိုရှုံးလောက် ရက်သားနှင့် သူမတွင် ကာမပိုင် ယောကျ်ားရှိသည်ဆိုတော့ စောစောက စိတ်ဝင်စားမှုများပင် လျှင် မိုးကောင်းကင်ပေါ်က တိမ်တိုက်ကလေးလိုရွေ့လျားသွားချေပြီ။

''ခင်ပွန်း ရှိရက်သားနဲ့

အင်း၊ ဒီနေ့ ကြာသပတေးနေ့ဆိုတော့ သန်ဘက်ခါ စနေနေ့ကျရင် လာခဲ့မယ်လေ၊ သြော်-- ဒါနဲ့ ကေသွယ်မိုးမြင့်ပါ နှစ်ဦးဆိုတော့ နောက်တစ်ဦးက ဘယ်သူလဲဟင်

မိန်းမသား တစ်ယောက်ကို ရုံးလွှတ်ရတယ်လို့၊ ကေသွယ်ယောကျ်ားက ကိုယ်တိုင် ဘာဖြစ်လို့ မလာနိုင်တာလဲ''

''ဒီလိုပါ ဆရာ၊ ကေသွယ့် ခင်ပွန်းက အရင်တုန်းက ဥပဒေအရာရှိကြီး တစ်ဦးပါ။ ဒါပေမယ့် ကားအဲဆီးဒင့်ဖြစ်ပြီး အောက်ပိုင်းသေသွားလို့ ခုတော့ အငြိမ်းစားဘဝနဲ့ အိမ်မှာပဲ ဆရာ။ ဒါကြောင့် ကေသွယ်ကပဲ ရုံးတွေ လျှောက်လိုက်လုပ်နေရတာ''

''အင်း–ကျွတ်–ကျွတ် ဆောရီးနော် အခုလို မေးမိတာ



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ သားသမီးတွေကကော ဘယ်အရွယ်တွေ ရောက်ကုန်ပြီလဲဟင်''

''ကေသွယ်၊ ဘယ်လိုပြောရမလဲဆရာ၊ ကေသွယ်တို့ လင်မယားမှာ သားသမီးရတနာ လုံးဝ မထွန်းကားခဲ့ပါဘူး''

တင်မောင်မောင် စိတ်ဓာတ် တက်ကြွသွားပြန်သည်။ လင်ယောကျ်ားကဒုက္ခိတ၊ သားသမီးလည်း မရရှာသော ကေသွယ်မိုးမြင့်မှာ အအိုဆိုပေမင့် အပျိုရှုံးလောက်အောင် လှချင်တိုင်း လှနေသည်ကိုး။

''ကဲပါလေ၊ ကျွန်တော်တို့က တိုင်းရင်းသားမောင်နှမတွေပဲ အထူးသဖြင့် ရုံးအလုပ်တွေကို မိန်းမတန်မဲ့ လျှောက်လုပ်နေရတဲ့ ကေသွယ်ကို ပိုပြီး ဦးစားပေးရမှာပေါ့။ စောစောက ပြောထားတဲ့အတိုင်း စနေနေ့ကို ဆက်ဆက်လာခဲ့မယ်၊ ဟုတ်လား''

''ဟုတ်ကဲ့ပါ ဆရာ၊ ကေသွယ် ဆရာ့ကို မျှော်နေပါ့မယ်''

''ကောင်း ပါ ပြီ၊ ကောင်းပါပြီ''

\+ \+ \+

တကယ်တော့ တင်မောင်မောင်သည် မိန်းမသားများ အထူးသဖြင့် ချောမောလှပသော ကေသွယ်လိုအမျိုးသမီးများကို တအား စိတ်ဝင်စားပါသည်။ အဘယ်ကြောင့်ဆိုသော် တင်မောင်မောင်၏ ဇနီးသည် ဒေါ်ထားထားရီမှာ သွေးဆုံးကိုင်နေပြီမို့ တင်မောင်မောင်လိုအင်ဆန္ဒကို မလိုက်လျောနိုင်ခဲ့သည်မှာ အတော်ကြာခဲ့ပြီ ဖြစ်ပါသည်။

''ယောကျ်ားတို့ မည်သည်၊ ဖွဲဘစ်ဆုပ်နိုင်သေးသည့်တိုင်အောင် ကိလေသာစိတ်များ မကုန်ခန်းဟုဆိုကြပါသည်။''ဒူး(ဂန့်ဒူး)မဟုတ်ပါက (နှာ)ဘူးဟူ၍ နှစ်မျိုးနှစ်စားသာရှိတတ်ပါသည်။ ခု–ကြည့်လေ ကိုယ်ခန္ဓာတောင့်တင်းခိုင်မာသော သွေးနှင့်ကိုယ်သားနှင့်ကိုယ်ဖြစ်သော ကျန်းမာရေး ကောင်းမွန်သော တင်မောင်မောင်လို ယောကျ်ားအဖို့ ''ကေသွယ်မိုးမြင့်''ကဲ့သို့သော မိန်းမချောကို မြင်မြင်ချင်း တပ်မက်မောမိသည်မှာအဆန်း မဟုတ်ပါ။

ဤတွင် စားနေကျကြောင်ဖားဖြစ်သော တင်မောင်မောင်က ကေသွယ်မိုးမြင့်၏ ကိစ္စမှန်သမျှကို အခမဲ့ကူညီသည်။ ထိုမျှမကသေး၊ ကေသွယ်မိုးမြင့် ပွဲစားလိုက်လုပ်ပေးသည့် ကိစ္စများကိုလည်း အစွမ်းကုန် အကျိုးဆောင်ပေးသည်။ ထို့နောက် လူကိုပါ ယူရုံပဲ ရှိတော့သည်။

သို့သော် ကေသွယ်မိုးမြင့်မှာ ကာမပိုင်လင်ယောကျ်ား ငုတ်တုတ်နှင့်မို့ စိတ်ဆန္ဒကို ချုန်းအုပ်မည်ကြသည်။ ဒု–သ–န–သော ဖြစ်မည်ကို ကြောက်သည်။ သို့အတွက် တင်မောင်မောင်သည် ကေသွယ်မိုးမြင့်ကို မတတ်သာ၍ ခပ်ခွာခွာကလေး နေလိုက်မိသည်။

သို့ရာတွင် ...

မိန်းမသားတို့ မည်သည် ကိုယ်ကလိုက်လျှင် သူကပြေးလေသည်။ ကိုယ်ကပြေးလျှင် သူက လိုက်လေသည် ဆိုသည့်အတိုင်း တင်မောင်မောင်က ကေသွယ်မိုးမြင့်ကို ဖုတ်လေသည် ငါးပိရှိသည်ဟုမအောက်မေ့သည့်အခါ ကေသွယ်မိုးမြင့်



www.burmeseclassic.com

www.burmeseclassic.com



က မနေသာတော့ပေ။

တစ်နေ့တွင် တင်မောင်မောင် ရုံးခန်းတွင်းသို့ ဝင်ရောက်လာသော ကေသွယ်မိုးမြင့်က–

''ဆရာ ခုတလော၊ ကေသွယ်ကို ဘာဖြစ်လို့ရှောင်ရှောင်နေတာလဲဟင်''

''မရှောင်ပါဘူးဗျာ၊ ကေသွယ်ကိစ္စတွေ၊ ကေသွယ်အကျိုးဆောင်ပေးတဲ့ကိစ္စတွေကို တာဝန်ဝတ္တရားအရ ကျွန်တော်က အားလုံး ဆောင်ရွက်ပေးပြီးပြီပဲ။ ရှေ့ဆက် ဘာလုပ်စရာရှိသေးလို့လဲ၊ ကေသွယ် ဘာကူညီရဦးမလဲ ပြောပါ''

''ဩော် ဆရာရယ်၊ ရပါတယ် ဆရာ၊ ကေသွယ့်မှာလဲ အားကိုးအားထားဆိုလို့ ဆရာတစ်ယောက်ပဲရှိတာ၊ ဆရာက ဝတ္တရားအရ ဆောင်ရွက်ပေးတာဆိုတော့ ကေသွယ်ကို ခင်မင်လို့ ညီမအရင်းအချာလို သဘောထားလို့ မဟုတ်ဘူးပေါ့ ဟုတ်လား''

''ဒီလိုလဲ မဟုတ်ပါဘူး။ ကေသွယ်ရယ် ကျွန်တော်လဲ ခုတလော ဘာတွေဖြစ်နေမှန်းကို မသိလို့ပါ။ အလုပ်တွေများပြီး စိတ်ဖိစီးနေလို့ပါ။ ဘယ်လိုပဲဖြစ်ဖြစ်၊ ကျွန်တော် ကေသွယ့်ကို ခင်ပါတယ်။ ဒါပေမယ့် အဲဒီ ခင်မင်တဲ့ အတိုင်းအတာ အဆင့်ကနေ ကျော်သွားရင် မကောင်းဘူး မဟုတ်လား''



'ဘာမကောင်းတာလဲ ဆရာ၊ ရှင်းရှင်းပြောပါလားလို့ ဘာလဲ ဆရာက ကေသွယ့်ကို ဘာဖြစ်စေချင်လို့လဲ၊ အားမနာပါနဲ့ ဆရာရယ်၊ ဆရာ့ကျေးဇူးတွေက ကေသွယ့်မှာအများကြီးရှိတာပဲဥစ္စာ၊ ကေသွယ်ဆရာ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ကျေးဇူးတုံ့ပြန်ရမလဲ ပြော''

ခက်ပြီ။ တင်မောင်မောင် စကားအစကို အထကောက်၍ မရွှေချောက ရေလာ မြောင်းပေးနေချေပြီ။

''ကဲပါ ကေသွယ်ရယ် ဆရာ အလုပ်ကလေးတွေ လုပ်ဦးမယ်၊ နောက်နေ့ကျမှပဲ အေးအေးဆေးဆေးပြောရအောင်နော် ဟုတ်လား''

''ဟင့်အင်း၊ ဟင့်အင်း မရဘူး၊ မရဘူး။ ကေသွယ်ကို အဲဒီလို လိပ်ခဲတည်းလည်း မထားခဲ့နဲ့၊ ဆရာက ဘာဖြစ်ချင်တာလဲ၊ ပွင့်ပွင့်လင်းလင်းသာ ပြောပါ ဆရာ''

''မပြောပါရစေနဲ့တော့ ကေသွယ်ရယ်၊ ဆရာ စိတ်ညစ်နေလို့ပါ။ လာမယ့်စနေ၊ တနင်္ဂနွေကျရင် ဆရာ တစ်ယောက်တည်း ချောင်းသာသွားပြီး ခေတ္တအပန်းဖြေ အနားယူဖို့တောင် စီစဉ်ထားတယ်။ အဲဒီက ပြန်လာမှပဲ ကေသွယ် မေးခွန်းတွေကို ဖြေပါရစေတော့''

''ဆရာ၊ ကေသွယ့်စကားကို အလေးအနက်ထားပြီး သေသေချာချာ နားထောင်နော်၊ ဆရာ အပန်းဖြေ အနားယူဖို့ သွားရောက်မယ်ဆိုတဲ့ချောင်းသာကို ကေသွယ်၊ ဆရာနဲ့အတူ လိုက်ခဲ့မယ် ဆိုရင်ကော ဖြစ်မလားဟင်''

''ဗျာ ဘယ်လို၊ ကေသွယ်က ဆရာနဲ့ အတူ လိုက်မယ်ဟုတ်လား၊ မဖြစ်နိုင်ပါဘူး ကေသွယ်၊ ကေသွယ်မှာက ဟို ဟို--''

''အဲဒီ ဟို ဟိုဆိုတာ ကေသွယ်ရဲ့ ယောက်ျားကြီးကို ဆိုလိုတာ မဟုတ်လား ဆရာရယ်။ ဆရာနဲ့ဆိုရင် သူက နဂိုကတည်းက ခွင့်လွှတ်ပြီးသားပါ။ သူကလဲ ကေသွယ့်အလိုကို ဖြည့်စွမ်းနိုင်တာမှ မဟုတ်တာ၊ သူက ကေသွယ်အတွက်ဆို ဘာမဆို ခွင့်လွှတ်ပြီးသား ဆိုရင်ကော''

ခုမှပင် တင်မောင်မောင် ရင်ထဲမှ အလုံးကြီးကျသွားသည်။ ကေသွယ်မိုးမြင့်နှင့် စတွေ့စဉ်ကတည်းက မျှော်လင့်စောင့်စား လာခဲ့သမျှ ခုတော့ အထာကျခဲ့ပြီ။

''ခွင့်သာစဲမှ၊ မခဲချင်လျှင်၊ အလွဲနှင့်ပြင်ရှိသေးလိမ့်လား'' ဟူသော စကားရှိသည်။ ငါးကြော်မကြိုက်တဲ့ကြောင်မိုက်ဟူ၍ လောကမှာ ရှိရိုးထုံးစံမရှိ။ မုဆိုးရှေ့မှောက်သို့ ဒူးထောက်၍ အခစားဝင်သော သမင်ပျိုမကို ဒူးလေးမြားနှင့်ချိန်စရာပင် မလိုလောက်အောင် ကံကောင်းထောက်မ၍ စားရကံကြုံလေပြီ။ ဘယ်လိုလဲ တင်မောင်မောင် ကံကောင်းခြင်း လက်ဆောင်ရပြီလော။

\+ \+ \+

သို့လိုနှင့် ကြောင်ခံတွင်းပျက် တင်မောင်မောင်နှင့် ဆက်ရက်တောင်ပံ မကျိုးသေးသော ကေသွယ်မိုးမြင့်တို့၏ တိတ်တိတ်ပုန်းအချစ်ဇာတ်လမ်း စခဲ့သည်။ ပုသိမ်၊ ချောင်းသာတွင်တစ်ကြိမ်၊ ရှုံးကိစ္စနှင့်ကြုံ၍ နေပြည်တော်တွင်တစ်ကြိမ်၊ နှစ်ကို[illegible]ယှဉ်တွဲ အပျော်ကြီးပျော်[illegible]ဘော်။ သို့သော် ရန်ကုန်သို့ [illegible]လည်ရောက်ရှိပြီး ဆီဒိုးနားဟိုတယ်တွင် တစ်ရက်တွေ့ဆုံသည်နှင့် တစ်ပြိုင်နက် ကေသွယ်မိုးမြင့် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှပ်ရှင်မင်းသမီး ရှုံးလောက်သည့် အမူအရာဖြင့် ဘီလူးမသွားဖြစ်ပြတော့သည်။

"ကိုကြီး--ကေသွယ်ဟို စီးပွားရေးလုပ်ချင်တယ်၊ အဲဒါ ကိုကြီးက အရင်းအနှီးထုတ်ပေးပါလားဟင် ကိုကြီးကထုတ်ပေးမှာပါလေ"

"ဘယ်လောက်များတုန်း ကေသွယ်ရဲ့"

"သိန်း တစ်ထောင်လောက်ပါ ကိုကြီးရဲ့"

"အလိုလေး သိန်းတစ်ထောင် ဆိုပါလား၊ ကေသွယ်နောက်နေပြန်ပြီ၊ ကိုကြီးမှာ ဘယ်လိုလုပ် သိန်းတစ်ထောင်ရှိမှာလဲ"

"ကိုကြီးကလဲ နောက်တာမဟုတ်ပါဘူး၊ တကယ်ပြောနေတာ။ ကိုကြီးက သိန်းတစ်ထောင်မက ချမ်းသာတယ်ဆိုတာ ကေသွယ်က မပြောဘဲနဲ့ သိပါတယ်နော်"

"ဟာ ကေသွယ်ရယ် ကိုကြီးကို တော်တော်အထင်ကြီးနေတာကိုး ကိုကြီးဆီမှာ အဲဒီငွေပမာဏ ဘယ်လိုလုပ် ရှိမှာလဲ။ တောက်တီးတောက်တဲ့ ဘယ်နှယ့်"

"အမလေး ဆင်းရဲချင်ယောင်ဆောင်နေပြန်ပြီ ချောင်းသာမှာရော နေပြည်တော်မှာပါ ငွေတွေသောက်သောက်လဲသုံးခဲ့တာကျတော့ ဘာပြောဦးမလဲ"

"အဲဒါကျတော့ မင်းကလေးနဲ့ပျော်ခဲ့ရလို့မသုံးမဖြစ်သုံးခဲ့ရတာတွေပဲဟာ၊ စကားထဲထည့်ပြောစရာမလိုပါဘူးကွယ်"

**ပြောကို ပြောရမယ်**
**ကိုကြီးရဲ့၊ ကေသွယ်ရဲ့**
**ဘဝတစ်ခုလုံးကို**
**ပုံအပ်ခဲ့ရတာတွေ၊**
**ကိုကြီးရဲ့ အလိုကို**
**ထပ်တလဲလဲ**
**လိုက်လျောခဲ့ရတာ**
**တွေအတွက်**
**အသွေးအသား**
**ကိုယ်ခန္ဓာကို အရှက်ကို**
**မငဲ့ဘဲ**
**ပေးဆပ်ခဲ့တာတွေအတွက်**
**ကေသွယ်မှာ**
**ရပိုင်ခွင့်တော့ရှိရမယ်လေ**

"ပြောကို ပြောရမယ် ကိုကြီးရဲ့၊ ကေသွယ်ရဲ့ ဘဝတစ်ခုလုံးကို ပုံအပ်ခဲ့ရတာတွေ၊ ကိုကြီးရဲ့ အလိုကို ထပ်တလဲလဲ လိုက်လျောခဲ့ရတာတွေအတွက် အသွေးအသား ကိုယ်ခန္ဓာကို အရှက်ကို မငဲ့ဘဲ ပေးဆပ်ခဲ့တာတွေအတွက် ကေသွယ်မှာရပိုင်ခွင့်တော့ရှိရမယ်လေ"

"ဩော် ကေသွယ်က ကိုကြီးရဲ့ မယားငယ် တစ်ယောက် အနေနဲ့ ထောက်ပံ့စေချင်တဲ့ သဘောပေါ့ ဟုတ်လား ကေသွယ်"

"အဲဒီလိုမျိုးတော့ မဟုတ်ပါဘူး။ ကိုကြီးရယ် ကေသွယ်က ကိုကြီးပြုသမျှနုရမယ့်သူပါ။ ကိုကြီးလဲ ကေသွယ့်ကို ဖွတ်ဖွတ်ညက်ညက်ကြေအောင် မယား လုပ်ထားတာကို အဲဒီလောက်လေးတောင် မကူညီနိုင်ဘူးလားဟင် ကိုကြီး၊ဟင့် ဟင့်"

ကေသွယ်မိုးမြင့်က တင်မောင်မောင် ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ကာ ငိုသံပါလေးနှင့် လာချော့သည်။ တင်မောင်



www.burmeseclassic.com

www.burmeseclassic.com



မောင် ခေါင်းကိုသာ တွင်တွင်ခါ၍ ကြက်ဖကြီးလည်လိမ်ခံရသလို လင်းတမှိုင်မှိုင်နေသည်။

"ဘာလဲ၊ ကိုကြီးက ကေသွယ်ကို အားရပြီဆိုတော့ အိမ်က အစ်မကြီးဆီ ခြေဦးပြန်လှည့်ချင်တဲ့သဘောလား"

"မဟုတ်ရပါဘူးဗျာ၊ အိမ်ကဟာကြီးက ဘာမှ သုံးစားလို့ရတာ မှတ်လို့"

"ကဲ ဒါဖြင့် ကေသွယ့်ကို အရင်းအနှီး ထုတ်ပေးရုံပဲရှိတာပေါ့၊ အင်းလေ သိန်းတစ်ထောင်မတတ်နိုင်ရင်လဲ သိန်းငါးရာပေါ့၊ ဘယ်နှယ့်လဲဟင် ကိုကြီး"

"သိန်းငါးရာလဲ မတတ်နိုင်ပါဘူးကွာ၊ ကေသွယ်ကလဲ လောဘကြီးလိုက်တာ"

ဤတွင် ကေသွယ်မိုးမြင့်က ဝုန်းခနဲ ထရပ်လိုက်ပြီး တင်မောင်မောင်ကို စိတ်မရှည့်ခံပြင်း သည်းမခံနိုင်သော မုန်းတီးသော အကြည့်ဖြင့် ကြည့်ကာ–

"ဘာ ကေသွယ့်ကို လောဘကြီးတယ်၊ ဟုတ်လား၊ ကောင်းပြီ။ ကေသွယ် တောင်းတဲ့ သိန်းငါးရာမှ မပေးနိုင်ဘူးဆိုရင်တော့ ကိုကြီးရဲ့ မိန်းမကို ဖွင့်ပြောလိုက်တော့မယ်၊ ပြီးတော့ ကိုကြီးကို ကာမ လိမ်လည်ရယူမှုနဲ့ တရားစွဲမယ် မှတ်ထား"

တင်မောင်မောင် တစ်ယောက် ကျောချမ်းပြမှန်းသိဆိုသလို၊ ကေသွယ်မိုးမြင့်၏ လှည့်စား ယုတ်မာချက်ကို ဒက်ခနဲ နားလည် သဘောပေါက်သွားလေသည်။

"သြော် မင်းက ငါ့ကို ခြိမ်းခြောက်ငွေညှစ်နေပါပကောလား။ ဥပဒေပညာရှင်ကြီးရဲ့ မယား ပီသပါပေတယ် ကေသွယ်ရယ်၊ မင်းတောင်းတဲ့ငွေငါးရာကို မပေးဘူးမဟုတ်၊ ပေးမယ်။ ဒါပေမယ့် ငါ ရှာဖွေစုဆောင်းဖို့ အချိန်ကလေးတော့ ပေးပါဦးလား"

"တော်ပြီ၊ တော်ပြီ ရှင့်ကို ကျွန်မ တဖြည်းဖြည်း စိတ်ကုန်လာပြီ၊ ရှင်ပြောတဲ့အချိန်လဲ မပေးနိုင်ဘူး၊ ဒါပဲနော်၊ ရှေ့အပတ်ထဲမှာ ရှင်ချိန်းတဲ့ဆီ လာခဲ့မယ်၊ အဲဒီနေ့ကျရင်သာ ငွေအဆင်သင့် ပေးဖို့ လုပ်ထားပေတော့"

"ရက်စက်လိုက်တာ ကေသွယ်ရယ်၊ ကိုကြီးလို့တောင် မခေါ်ရက်နိုင်တော့ဘူးနော်၊ အပြောင်းအလဲက မြန်လိုက်တာ၊ မိန်းမတွေဟာ ဒီလိုမျိုးတွေပဲ ထင်ပါရဲ့လေ၊ ဟုတ်လား ကေသွယ်"

"ရှင် ဘယ်လိုပဲ ထင်ထင် ကျွန်မ ဂရုမစိုက်ဘူး။ အဓိက ကျွန်မ ရှင့်ကို အသုံးတော်ခံခဲ့တာတွေအတွက် မြိုးမြိုးမြက်မြက် ကလေးရချင်တယ်၊ ဒါပဲ ကျွန်မ သွားမယ်"

"ကောင်းပါပြီဗျာ"

\+ + +

တင်မောင်မောင် အဖို့ အခက်ကြီးကြုံရလေပြီ။ ကိုယ်မွေးသောမြောက်က ကိုယ့်ကိုပြန်ခြောက်သည် မဟုတ်ပါလား။ ကေသွယ်မိုးမြင့်နှင့် သုံးကြိမ်မျှသာ နှစ်ကိုယ်ချင်း တွေ့ရပျော်ရသေးသည်။ မချောကအကြောင်းဖြတ်လေပြီ။ ဣတ္ထိဝက်၊ နဒီဝက် ဆိုသည်မှာ မှန်ကန်လှပါဘိ။

အကယ်၍ ကေသွယ်မိုးမြင့်သာ အိမ်က ဇနီးသည်ကို ဖွင့်ချလိုက်လျှင် သားကြီး သမီး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတို့၏ အလယ်၊ သိမ်သိမ်ငယ်ငယ်နှင့်အရှက်တကွဲအကျိုးနည်းရော့မည်။ ပြီးတော့ ကာမလိမ်လည်မှုနှင့် တရားစွဲလျှင် ထောင်ထဲရောက်၍ အလုပ်လည်းပြုတ်မည်။ မည်သို့လုပ်ရပါမည်နည်း?

ည ည ထိုအကြောင်းတွေး၍ လုံးဝ အိပ်မပျော်။ စန္ဒယားလုထွင့်၏"<u>အိပ်၍မပျော်သော ညတစ်ည သံသရာ</u>" ဆိုသည်မှာ တင်မောင်မောင်ကို ရည်စူး၍ ရေးဖွဲ့သီကျူးလေသလားမသိ။

သို့သော် တစ်ရေးနိုးသော်အကြံပေါ်ဆိုသည့်အတိုင်း မိမိနှင့်အလွန်တရာ ခင်မင်ရင်းနှီးသော လုပ်ငန်းချင်းဆက်စပ်လုပ်ကိုင်လျက်ရှိသော အကျိုးဆောင် ရှေ့နေကြီး ဟယ်ရီပြေဇင်ကို ချက်ချင်း သတိရသည်။ ဟုတ်ပြီ။

နောက် တစ်နေ့တွင် ရှေ့နေကြီး ဟယ်ရီပြေဇင်နှင့် လက်ဖက်ရည်အတူသောက်ရင်း တင်မောင်မောင်က ဖြစ်ကြောင်းကုန်စင် ရင်ဖွင့်ပြသည်။

"ဟယ်ရီရေ၊ အဖြစ်ကတော့ ဒါပါပဲကွာ၊ ဒီမိန်းမကြောင့် ငါ ဒုက္ခလှလှ တွေ့ပြီ၊ အဲ့ဒါ ငါ့ကိုကူညီပါဦး။ ငါ ဘယ်လိုဆက်လုပ်ရမလဲ၊ သူတောင်းတဲ့ငွေကို ပေးလိုက်ရမလား"

"မင်း ပြောသလို ဆိုရင် ဒီမိန်းမက ရှစ်စပ်ကလည်တဲ့သူပဲ။ သူတောင်းတဲ့ ငွေကို မင်း ပေးလိုက်တယ်ပဲ ထား၊ နောက်ထပ် မင်းဆီက ငွေထပ်မညှစ်ဘူးလို့ အာမခံနိုင်သလား၊ ပြောပါဦး"

"အေး ဟုတ်တယ်၊ ကျေသွယ်က ဟိုကိစ္စမှာ အလိုချမှက်ကြီးသလို ငွေပေးလိုက်ရပြန်ရင်လဲ ရလေလိုလေအိုတစ္ဆေဖြစ်တော့မှာ၊ လုံးဝ မပေးဘဲနေရင်တော့ ပိုဆိုးမှာ မဟုတ်ဘူးလား"

"ဆိုးလဲ မတတ်နိုင်ဘူးကွာ၊ သိန်းငါးရာဆိုတာ နည်းနည်းနောနော ပိုက်ဆံ မဟုတ်ဘူး။ ရှေ့ဆက်လဲပေးချင်ပေးနေဦးမှာ၊ ဒါနဲ့ မင်းကို တစ်ခု မေးဦးမယ်။ မင်း မိန်းမက ဒီလိုကိစ္စမျိုး ပေါ်လာရင် မင်းကို ခွင့်လွှတ်နိုင်ပါ့မလား။ ဆိုလိုတာက မင်းကို ကျေသွယ်က မိန်းမမာယာနဲ့ ဖြားယောင်းလို့ ထောင်ချောက် ဆင်ခံရတယ်၊ ဘာညာဆိုပြီး ဖွင့်ပြောပြရင် ယုံမလား"

"အေး မင်း ပြောတာဖြစ်နိုင်တယ်။ ထားရီက ရိုးရိုးအေးအေးကြီး၊ ငါ့ကိုလဲ ချစ်ရှာတယ်။ မင်းပြောသလိုသူ့ကို ရှင်းပြရင် သူ လက်ခံနိုင်လောက်တယ်ကွ"

"ဒါဆိုရင် ဒီလိုလုပ် ကျေသွယ်မိုးမြင့်က မင်းကိုလှည့်ဖြားပြီး ခြိမ်းခြောက် ငွေညှစ်ပြီး အမှုဆင်တယ်။ အဲဒီ မိန်းမတောင်းတဲ့ငွေကို တကယ် မဟုတ်ဘဲနဲ့ မပေးချင်လို့ အမှုရင်ဆိုင်မယ်လို့ပြော၊ ရှင်းလား"

"ဟယ်ရီ မင်းပြောတဲ့ပုံစံက ငါ့မိန်းမသဘောတူလက်ခံရင် ကျေသွယ်မိုးမြင့်က တရားစွဲတာကို အမှု ရင်ဆိုင်ရမယ့်သဘောပေါ့ ဟုတ်လား"

"အေး လေကွာ၊ ဒါပဲရှိတာပေါ့၊ မင်း သူ့ကို အရှုံးပေးရင် သိန်းငါးရာကုန်မယ်၊ အမှုရင်ဆိုင်ရင် သိန်းတစ်ရာလောက်ပဲကုန်မယ်၊ ကြိုက်တဲ့လမ်း ရွေးပေတော့ ဘယ့်နှယ်



www.burmeseclassic.com

www.burmeseclassic.com



လဲ''

''ရည်ရွယ်ချက်က–''

''မင်းကို ကေသွယ်က ငွေညှစ်တာကို အသံဖမ်းယူထားဖို့လေ၊ ဒီလောက်တောင် အ,ရ သလား ကေသွယ်ရဲ့ ကိုကြီးက လဲ''

''နောက်မနေပါနဲ့ ဟယ်ရီရယ်၊ ငါ ကေသွယ်ကို ကြောက်လွန်းလို့ပါ၊ အေးပါ၊ မင်းပေးတဲ့ အကြံအတိုင်းလုပ်ပါ့မယ်၊ မင်းကို အားကိုးပါတယ်''

''ဒီမယ်ကိုယ့်လူ၊ ငါက မင်းအားကိုးထိုက်တဲ့ ရှေ့နေမှန်ပေမယ့် ငါ့တစ်သက်မှာ အဲဒီလို အမှုမျိုးကို တစ်ခါမှ မလိုက်ပေးခဲ့ဖူးဘူး၊ မင်းနဲ့ပေါင်းမှပဲ ရှေ့နေကြီး ဟယ်ရီပြေဇင် တစ်ယောက် ကာမရှေ့နေဖြစ်ရပြီ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ ခရုမှာလဲ အဆံနဲ့ လူမှာအကြံရှိပါတယ်။ အဲလောလောဆယ် ငါ့ကို သိန်းငါးဆယ် အရင်ပေး''

**နောက်မနေပါနဲ့ ဟယ်ရီရယ်၊ ငါ ကေသွယ်ကို ကြောက်လွန်းလို့ပါ၊ အေးပါ၊ မင်းပေးတဲ့ အကြံအတိုင်း လုပ်ပါ့မယ်၊**

''ရည်ရွယ်ချက်က''

''လာပြန်ပြီ၊ မင်းငါ့ကို ယုံတယ် မဟုတ်လား၊ ဒီ သိန်းငါးဆယ်က ငါ့အတွက်လဲ မဟုတ်ဘူး၊ တရားသူကြီးအတွက်လဲ မဟုတ်ဘူး၊ ရှေ့နေခတို့ တရားသူကြီးတို့ ကန်တော့ရမှာ တို့က အမှုနိုင်မှရှင်း၊ အခုဟာက လုံးဝသုံးမဖြစ်တဲ့ ကိစ္စမို့ နောက်မှ မင်းကိုရှင်းမယ် ဒါပဲ''

''ကောင်းပါပြီ၊ ရှေ့နေကြီးရယ်''

\+ + +

အကြံကုန် ဂဠုန်ဆားချက်ဆိုသည့်အတိုင်း တင်မောင်မောင်သည် ဟယ်ရီပြေဇင် အကြံပေးသည့်အတိုင်း ကေသွယ်မိုးမြင့်ကို ရုံးခန်းသို့ ချိန်းဆို၍ သိန်းငါးရာအစား သိန်းနှစ်ရာပင်ပေးနိုင်မည်ဖြစ်ကြောင်းဖျောင်းဖျပြောဆို၍ မရမက ဈေးဆစ်သည်။ ကေသွယ်မိုးမြင့်ကမူ သိန်း(၅၀၀)မှ သိန်း(၅၀၀)တစ်ပြားတစ်ချပ်မျှ အလျှော့မခံနိုင်ဟု မာနမျှပြိုင်သည်။ နောက်ဆုံးစကားအချေအတင်ပြောရာမှ ဒေါသအမျက် ခြောင်းခြောင်းထွက်သွားသော ကေသွယ်မိုးမြင့်က ယုတ်ယုတ်မာမာ ပက်ပက်စက်စက်ဆဲဆို ကြိမ်းမောင်းပြီး ထွက်ခွာသွားသည်။ တင်မောင်မောင်က ထိုစကားများအား တစ်လုံးမကျန် ကျကျနန ပိပိရိရိ အသံသွင်းထားလိုက်နိုင်သည်။

မကြာမီ ကေသွယ်မိုးမြင့်က တင်မောင်မောင်ကို တရားစွဲတော့သည်။ တရားရုံးတွင် တင်မောင်မောင်နှင့် ကေသွယ်မိုးမြင့်တို့၏ အမှုကို စစ်ဆေးသည့်နေ့က ကြားနာရသော တရားသူကြီးမှအစ နှစ်ဖက်ရှေ့နေများ၊ ရှေ့ပတ်စာရေးများနှင့် လာရောက်နားထောင်သူ ပရိသတ်များမှာ တဝါးဝါးနှင့် ပွဲကျကြရသည်။

အဘယ်ကြောင့်ဆိုသော် ကေသွယ်မိုးမြင့်က တင်မောင်မောင်နှင့် ဖြစ်ပျက်သမျှ



www.burmeseclassic.com

www.burmeseclassic.com



တစ်တစ်ခွခွ ပြောဆိုသမျှကို တင်မောင်မောင်က လုံးဝမငြင်းဆန်သည့်အပြင် ပိုမိုလေးနက်အောင်ပင် စကားအဆစ်ထည့်ပေးလိုက်သေးသည်။ ဥပမာ စိုင်းတင်မောင်မောင်က မောမောပန်းပန်းနှင့် အနားယူသည့်ကိုပင် အလကား လူဟု ချက်ချင်း လန်းဆန်းအောင် ပြုပေးသူမှာ အခြားသူမဟုတ်ရိုးလားစသည်ဖြင့်။

ဆိုလိုသည်မှာ တင်မောင်မောင်နှင့် ကေသွယ်မိုးမြင့်တို့ မိုးမမြင်လေမမြင်နှင့် အချစ်ပင်လယ်ကြော၌ နစ်ပါးသွားသည့်ကိစ္စများတွင် ကေသွယ်မိုးမြင့်ကပင် ပိုသယောင်မျိုး။ အရှက်နည်းသလိုမျိုး။ ရမ္မက်ကြီးသလိုမျိုး။

နောက်ဆုံးတော့ ကေသွယ်မိုးမြင့်သည် ဂီလာနယောက်ျား မဖြည့်စွမ်းပေးနိုင်သော ကာမဆန္ဒအတွက် သူမကိုယ်တိုင်ကပင် လိုလိုလားလားလိုက်လိုက်လျောလျောနှင့် တင်မောင်မောင်နှင့် စိတ်တူကိုယ်တူ နှစ်ကိုယ်ယှဉ်တွဲ၍ တော်သလင်းပွဲ ဆင်နွှဲခြင်းသည် တင်မောင်မောင်က ကာမလိမ်လည်ခြင်း မမြောက်တော့ပြီ။

ပြီးတော့ တင်မောင်မောင်ကို ခြိမ်းခြောက် ငွေညှစ်သည့် စကားသံများကို အမိအရဖမ်းယူထားသော အသံသွင်းစက်ကလေးကလည်း သူမအတွက် ဆေးခါးကြီး တစ်ခွက်လိုထိုးနှက်လိုက်ချေပြီ။

သို့တွက် ယင်းအမှုကို မြို့နယ်တရားရုံးမှ ပလပ်လိုက်သဖြင့် ကေသွယ်မိုးမြင့်ခမျာ အမှုရှုံးပြီး ဖွတ်မရ ဓားမ ဆုံးတော့သည်။ တရားနိုင်သော တင်မောင်မောင်ကမူ စုစုပေါင်းမှသိန်း(၁၀၀)မျှသာကုန်သည်။ ထိုအမှုကို တင်မောင်မောင်ဘက်မှလိုက်သော တရားခံ ရှေ့နေကြီး ဟယ်ရီပြေဇင်က ရှေ့နေ လောကတွင် သည်တစ်မှုတည်းနှင့် တစ်ဟုန်ထိုးနာမည်ကြီးသွားသည်။

\+ \+ \+

"ကဲ၊ ရှင်းစမ်းပါဦး သူငယ်ချင်း၊ ကေသွယ်မိုးမြင့်က ငါ့ကို တရားစွဲတာကိုတောင် လုံးဝ ကွင်းလုံးကျွတ် လွတ်မြောက်အောင် စွမ်းဆောင်ပေးနိုင်တဲ့ မင်းရဲ့ ရှေ့နေပညာကို ချီးကျူးလို့မဆုံးပါဘူး။ ကျေးဇူးလဲအထူးတင်ပါတယ်။ ပိုက်ဆံ ဒီလောက်ကလေး ကုန်ကျတာကိုယ်မမှုပါဘူး။ ဒါပေမယ့် ငါမရှင်းတာ တစ်ခုက မင်းပထမဦးဆုံး ယူသွားတဲ့ သိန်းငါးဆယ်ကို မင်းဘယ်နေရာမှာ အသုံးချလိုက်သလဲဆိုတာကိုပါ"

အမှု နိုင်သည့်နေ့က တင်မောင်မောင်နှင့် ဟယ်ရီပြေဇင်တို့နှစ်ယောက် ရှစ်မိုင်လမ်းဆုံမှ "ရွှေဘဲ"စားသောက်ဆိုင်၏ သီးသန့်ခန်းတွင် ဘဲကင်နှင့် ဘီယာ မှာယူစားသောက်ကြရင်း တင်မောင်မောင်က မေးခွန်း ထုတ်သည်။

"ဟား ဟား ဟား ဒါက အဓိက လျှို့ဝှက်ချက်ပဲ သူငယ်ချင်းရ၊ ရှေ့နေရှေ့ရပ်ဆိုတာက ဥပဒေကို လက်တစ်လုံးခြား လှည့်စားနိုင်မှ တော်ရုံကျတာ မဟုတ်လား။ ကဲ မင်းကိုပဲ ငါ မေးပါဦးမယ်၊ မင်းကို စွဲထားတဲ့အမှုက ဘာတဲ့လဲ"

"ကာမ လိမ်လည်မှု လေကွာ"

"မင်းတို့ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တရားခွင်မှာ အပြန်အလှန်ပြောဆိုနေကြတဲ့ စကားတွေကို ပြန်စဉ်းစားကြည့်၊ မင်းက သူရဲ့ ကာမကို လိမ်လည်ယူတာလား၊ သူမကိုယ်နှိုက်က သဘောရှိ ကလောဟိ ကြည့်ကြည့်ဖြူဖြူနဲ့ ပေးဆပ်တာလားဆိုတာ''

''အေး ဟုတ်သားပဲ၊ ကေသွယ် ကိုယ်တိုင်က ငါ့ကို လိုလိုလားလား လိုက်လျောခဲ့တာတွေချည်းပဲ၊ ပထမဦးဆုံး ချောင်းသာသွားတုန်းကလဲ ငါက အတင်းခေါ်တာမဟုတ်ဘူး။ သူက ဖွတ်ကို လိုက်လာတာ၊ တကယ်တော့ ကေသွယ်က ယောကျ်ားတွေထက်တောင် တဏှာကြီးသေးတယ်ကွ''

''မင်းက သူစွပ်စွဲသမျှတွေကို ဝန်ခံလေ၊ သူကဒေါသထွက်လေဖြစ်ပြီး အရှက်သိက္ခာမရှိ ညစ်ညမ်းတဲ့စကားတွေကို ဖွင့်ဟ ပြောဆိုတာတွေဟာ ကိုယ့်ပေါင်ကိုလှန်ထောင်းလိုက်တာပဲ၊ မင်းကပိုဆိုးတယ်။ ညစ်တီးညစ်ပတ်တွေ ပြောကြတော့ နားထောင်တဲ့ လူတွေတောင် တဝါးဝါး တဟားဟားနဲ့ တော်တော်ကြီးကို ရယ်စရာကောင်းတယ်ဟေ့''

''ထားပါတော့ ထားပါတော့၊ စောစောက စကားပြန်ဆက်ရအောင် မင်းသိန်းငါးဆယ်ကို ပထမဦးဆုံး သုံးလိုက်ရတဲ့ ရည်ရွယ်ချက်ကဘာလဲ''

''ရည်ရွယ်ချက်က ဘာလဲဆိုတော့ ပြောပြမယ်၊ တကယ်တမ်း ကေသွယ်မိုးမြင့်က မင်းကို ဒုက္ခရောက်စေချင်တယ်၊ ထောင်ကျစေချင်တယ်ဆိုရင် မင်းကိုကာမလိမ်လည်မှုနဲ့ တရားစွဲရမှာမဟုတ်ဘူး။ ဘာပြုလို့လဲဆိုတော့ မင်းနဲ့သူနဲ့က နှစ်ဦး သဘောတူ ပေါင်းသင်းဆက်ဆံကြတယ်ဆိုပေမယ့် သူမမှာက ကာမပိုင်ယောကျ်ားနဲ့ဆိုတော့ မင်းကို မယားခိုးမှု ပုဒ်မ ၄၉၇ နဲ့စွဲရမှာကွ၊ သိရဲ့လား''

'အေး၊ ဟုတ်သားပဲ၊ ငါ့ကိုမယားခိုးမှုနဲ့စွဲလိုက်ရင်တော့ တစ်ချီတည်း ငါ သွားပြီနော်၊ ဘာဖြစ်လို့ မယားခိုးမှုနဲ့ တရားမစွဲတာလဲ မသိဘူးနော်''

''ဟ ငါ့ကောင်ရ မင်းတော်တော် အ,တာပဲ၊ မင်း ကို မယားခိုးမှုနဲ့ တရားစွဲရမှာက ကေသွယ်မိုးမြင့်မဟုတ်ဘူးလေ၊ သူမရဲ့ယောကျ်ားကမှ စွဲနိုင်တာကွ၊ ငတုံးရဲ့''

''ဪ သိပြီ သိပြီ ကေသွယ်မိုးမြင့်ရဲ့ ယောကျ်ားက ငါ့ကို မယားခိုးမှုနဲ့ တရားမစွဲနိုင်အောင် မင်းက ကြိုပြီး ပိုက်ဆံနဲ့ ပါးစပ်ပိတ်လိုက်တယ်ပေါ့လေ။ ဟုတ်လား''

''ဒါပေါ့။ အောက်ပိုင်းသေနေတဲ့ ယောကျ်ား တစ်ယောက်က သူကွယ်ရာမှာရော၊ သူ့မျက်စိရှေ့မှာပါ ဖြစ်ချင်တိုင်း ကမြင်းထနေတဲ့ သူ့ မိန်းမကို မုန်းတီးနေတာ ကြာပြီလေ၊ ပြီးတော့ သူနဲ့ ငါနဲ့က ကျောင်းနေဖက် သူငယ်ချင်းဆိုတော့ မင်းလဲ ဒုက္ခမရောက်ရအောင်၊ ငါလဲ နာမည်ရအောင် သိန်းငါးဆယ်နဲ့ အကျိုးရှိရှိ အသုံးချရတာပေါ့ကွ၊ ကဲ -ရှင်းပြီးလား''

''ရှင်းပါပြီ၊ ရှင်းပါပြီ၊ တော်လိုက်တဲ့ ရှေ့နေကြီး ဟယ်ရီ ပြေဖင်ရယ်''

မှော်ဝန်းအုန်းမြတ်



www.burmeseclassic.com

www.burmeseclassic.com

# ဘွဲ့ဝတ်စုံဝတ်
# အမျိုးသမီးလှလှလေးဓာတ်ပုံက
# ဖော်ပေးသောမှုခင်းများ




**မောင်မောင်မြင့်**
**(ဥဿမြို့သစ်)**





ဓာတ်ပုံတစ်ပုံကြောင့်
ဖောက်ထွင်းမှု ၁၀မှု
ပေါ်ပေါက်လာရတဲ့
ဇာတ်လမ်းတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



**“ဘွဲ့ဝတ်စုံဝတ် အမျိုးသမီးလုလုလေး ဓာတ်ပုံက ဖော်ပေးသော မှုခင်းများ”**

မောင်မောင်မြင့်
(ဥသာမြို့သစ်)

(၁)

“အစ်ကိုရေ ကုန်ပါပြီနဲ့ တူတယ်”ဟု စာတိုက်မှူး ဒေါ်စန်းက ခင်ပွန်းဖြစ်သူ ကိုမင်းအား အိမ်ခြံတံခါးဖွင့်ရန် အိတ်ထဲမှသော့ယူလိုက်ပြီး ခြံတံခါးသော့ကို ကိုင်လိုက်စဉ် ခြံတံခါးခတ်ထားသော သော့မှာပွင့်နေသဖြင့် ပြောလိုက်သော အသံပင် ဖြစ်ပါသည်။ ကိုမင်းကလည်း ဆိုင်ကယ်ပေါ်မှ အမြန်ဆင်းသွားပြီး အာမခံ ခြံတံခါးသော့အား ကြည့်လိုက်စဉ် သော့ကို ကလန့်ဖွင့်ထားသည့် အရာများ တွေ့လိုက်ရသဖြင့် ချက်ချင်းပင် ခြံတံခါးအား ဖွင့်၍ အိမ်ခြံထဲဝင်သွားပြီး အိမ်ပတ်လည်အားလိုက်ကြည့်ရာ အိမ်နောက်ပေါက်တံခါးကို ပိတ်ထားသော အာမခံသော့မှာလည်း ကလန့်ဖွင့်ထားပြီး ပွင့်နေသည်ကို တွေ့လိုက်ရပြန်သဖြင့် –

“အစန်းရေ တကယ် ကုန်ပါပြီကွာ”

ဟုပြောလိုက်ပြီး ဇနီးမောင်နှံ နှစ်ယောက်အိမ်နောက်ဖေး တံခါးပေါက်အားဖွင့်၍ အိမ်ထဲ ဝင်လိုက်ကြပြီး ကြည့်လိုက်သည်နှင့် အိမ်ထဲမှ အဝတ်အစားများ ထည့်ထားသော ဗီရိုမှာ ပွင့်နေပြီး အဝတ်အစားများ ပွနေသည်ကို တွေ့ရ၍ စစ်ဆေးကြည့်ရာ အဟောင်းအနွမ်း ပုဆိုး အင်္ကျီများသာ ကျန်ခဲ့ပြီး၊ ကောင်းသည့် ပုဆိုး(၇)ထည်နှင့် အင်္ကျီ(၇)ထည်တို့ ပျောက်ဆုံးနေသည်ကို စစ်ဆေးတွေ့ရှိလိုက်ရပါသည်။

ဗီရို အောက်ထပ်တွင်ထားသော ဒေါ်စန်း၏ အဝတ်အစားများကို စစ်ဆေးကြည့်ရာတွင်လည်း အဟောင်းအနွမ်း ထဘီ အင်္ကျီများ ကျန်နေခဲ့ပြီး အင်္ကျီအသစ် (၁၂)ထည်၊ ထဘီအသစ်(၁၂)ထည်တို့ ပျောက်ဆုံးနေသည်ကို တွေ့ရသည့်အပြင် ဗီရို အလယ်ထပ်တွင် ထားသော လျှပ်စစ်မီးပူပါ ပျောက်ဆုံးနေသည်ကိုတွေ့လိုက် ရပါသည်။ အိမ်အတွင်းလှည့်လည်ကြည့်ရာတွင် တိုင်ကပ်နာရီတစ်လုံးပါ ပျောက်ဆုံးသွားသည်ကို တွေ့ရပါသည်။ ခြိုးခြိုးခြံခြံနှင့် စုဆောင်းပြီး ရထားသော ငွေလေးနှင့် ဝယ်ယူထားသော အဝတ်အစားများဖြစ်သဖြင့် နှမြော၍ စိတ်မကောင်း ဖြစ်နေကြသော်လည်း ကိုမင်းက ဒေါ်စန်းအား အားပေးစကားပြောသည်။

“အစန်းရယ် ပစ္စည်းသင်္ခါရ လူသင်္ခါရပဲကွာ။ စိတ်မကောင်း ဖြစ်မနေပါနဲ့တော့”

“အစ်ကိုရယ် သင်္ခါရတော့ သင်္ခါရပေါ့။ ဒါပေမယ့် ခဏခဏ သင်္ခါရဖြစ်ပြီး အခိုးခံနေရလို့တော့ မဖြစ်ဘူး၊ ရဲစခန်းတော့ တိုင်ထားမှဖြစ်မယ်”

“အေး ဒီလိုဆိုရင်လဲ ငါ သွားတိုင်မယ်၊ ပစ္စည်းတွေအားလုံး ဘယ်လောက် ဖိုးလောက်ရှိမလဲ တွက်ကြည့်ရအောင်”

ပြောလျက် တွက်ကြည့်ကြရာ ကိုမင်း၏ အဝတ်အစားများက နှစ်သောင်းကျော်ဖိုးခန့်၊ ဒေါ်စန်း၏ အဝတ်အစားများက ရှစ်သောင်းကျော်ဖိုးခန့် လျှပ်စစ်မီးပူနှင့် တိုင်ကပ်နာရီတို့ တန်ဖိုးပါ တွက်ကြည့်လိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



တစ်သိန်းကျော်ဖိုးခန့် (ပျောက်သည့်အချိန်က ကာလတန်ဖိုး) ဖြစ်နေသည်ကို သိလိုက်ကြရပါသည်။

"ကဲ အစန်းရေ ငါ ရဲစခန်း သွားတိုင်မယ်။ ငါ့အဝတ်အစားတွေကတော့ ငါကောင်းကောင်း မှတ်မိတယ်။ မင်း အဝတ်အစားတွေကိုလဲ မင်း မှတ်မိတယ် မဟုတ်လား"

"ကောင်းကောင်း မှတ်မိတယ် အစ်ကိုရယ်၊ တိုင်မှာသာ သွားတိုင်ပါ"

ပြောလိုက်သဖြင့် ကိုမင်းသည်း ရဲစခန်းသို့ အမှုတိုင်ရန် ထွက်သွားပါသည်။

(၂)

ဦးမင်းနှင့် ဒေါ်စန်းတို့ ဇနီးမောင်နှံ နှစ်ဦးစလုံးသည် ယင်းအချိန်က ပဲခူးမြို့၊ မြို့သစ်ရပ်ကွက်ရှိ ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ဝန်ထမ်းများဖြစ်ကြသည်။ ပဲခူးမြို့ ဥသာမြို့သစ်ရပ်ကွက်ကို လွန်ခဲ့သော်အနှစ်(၂၀)ကျော်ကတည်းက တိုးချဲ့ခဲ့ရာ ဌာနဆိုင်ရာ ရုံးအချို့ကိုလည်း မြို့သစ်ရပ်ကွက်၌ပင် ဆက်လက်၍ပြောင်းရွှေ့ တာဝန် ချထားပေးခဲ့ရာ ဆက်သွယ်ရေးနှင့်စာတိုက်ကြေးနန်း ရုံးခွဲကိုလည်း တိုးချဲ့မြို့သစ်ရပ်ကွက်၌ပင် တာဝန်ချထားပေးခဲ့သဖြင့် စာတိုက်မှူးဒေါ်စန်းနှင့်ခင်ပွန်းဖြစ်သူ ဦးမင်းတို့ ဇနီးမောင်နှံလည်း မြို့သစ်ရုံး၌ပင် တာဝန်ကျနေခဲ့ရာ ယခုဆက်သွယ်ရေးနှင့်သတင်းစာ အချက်အလက်နည်းပညာ ဝန်ကြီးဌာန အဖြစ် ပြောင်းလဲလိုက်သည့် အချိန် အထိလည်း တာဝန်ကျနေကြပါသည်။

ပဲခူးမြို့၊ မြို့သစ်ရပ်ကွက်ရှိ ဆက်သွယ်ရေးနှင့် စာတိုက်ကြေးနန်းရုံးသည် တိုးချဲ့ရပ်ကွက်၏ အစွန်တွင် ရှိနေသဖြင့် သားလေးနှင့် သမီးလေးတို့မှာလည်း ငယ်နေသေးသောကြောင့် (ယခု သားကြီးက စစ်ဗိုလ်ကြီး သမီးလေးက ကွန်ပျူတာဘွဲ့ရ) ကျန်းမာရေး၊ လုံခြုံရေးအခြေအနေအရ တစ်ခါတစ်ရံ တစ်ညတစ်လေ ဆက်သွယ်ရေးနှင့် စာတိုက်ရုံးခန်းနှင့် ဝင်းခြံအား အာမခံသေ့ချမျာနှင့် နိုင်လုံစွာ အထပ်ထပ်ခတ်ထားခဲ့ပြီး ပဲခူးမြို့တွင်းရှိ မိဘများအိမ်သို့ ရုံးပိတ်ရက်များတွင် သွားနေကြပြီး ရုံးဖွင့်သည့်ရက်မှ နံနက်စောစော ၆ နာရီခန့်အချိန် ရုံးအရောက် လာကြရာမှ အထက်ပါအတိုင်း နေအိမ်၊ ရုံးခန်းအားအဖောက်ခံရပြီးပစ္စည်းများ အခိုးခံလိုက်ရခြင်း ဖြစ်ပါသည်။

စာတိုက်မှူး ဒေါ်စန်းကလည်း လှလှပပ ငယ်ရွယ်သူဖြစ်နေသေးသဖြင့် အဝတ်အစား အလှအပလေးများကို နှစ်သက်သဖြင့် ဇနီးမောင်နှံ နှစ်ယောက်ရသည့် လခလေးများကို ခြိုးခြံချွေတာ စုဆောင်းပြီး ဝယ်ယူထားသော အလှအပအဝတ်အစားများ အခိုးခံရသဖြင့် နှမြော တ,သစိတ်မကောင်းဖြစ်နေလေရာ ခင်ပွန်းဖြစ်သူ ဦးမင်းက မြို့သစ် ရဲစခန်းသွားရောက်၍ အဖြစ်အပျက်များအားလုံးကို ပြောလျက် အမှုဖွင့်တိုင်ကြားခဲ့ပါသည်။

မြို့သစ် ရဲစခန်းမှလည်း ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညဥ့်အချိန် အိမ်ဖောက်ထွင်းမှု ဖြစ်နေသဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ"၄၅၆"



www.burmeseclassic.com

www.burmeseclassic.com



အရ အမှုဖွင့်ပြီး စခန်းမှူးမှ အမှုစစ်တာဝန်ကို နယ်ထိန်းတာဝန်ခံ ဒုရဲအုပ် တင်မောင်ဝင်းအား တာဝန်ချထားပေးခဲ့ပါသည်။

(၃)

အမှုစစ် နယ်ထိန်းတာဝန်ခံ ဒုရဲအုပ် တင်မောင်ဝင်းလည်း ရဲစခန်းတွင် အသင့်ရှိနေသဖြင့် အမှုအား လက်ခံရရှိပြီးသည်နှင့် တရားလို ဦးမင်း အသက် ၃၀နှစ်၊ စာတိုက်ဝန်ထမ်း၊ မြို့သစ်ရပ်ကွက် ပဲခူးမြို့နေသူအားစစ်ဆေးရာ တိုင်ချက်ပါအတိုင်းပင် အစစ်ခံခဲ့ပါသည်။ တရားလို စစ်ဆေးပြီး အရေးကြီး သက်သေတစ်ဦးဖြစ်သူ ဒေါ်စန်းအား စစ်ဆေးရန် အတွက် အမှုစစ်က ရဲစခန်းတွင် အသင့် ရှိနေသေးသော တရားလို ဦးမင်းနှင့်အတူပင် စာတိုက်သို့လိုက်သွား၍ စာတိုက်ရောက်သည့်အခါတွင်လည်း အရေးကြီး သက်သေ ဒေါ်စန်း အသက် (၂၈)နှစ် စာတိုက်မှူး မြို့သစ်ရပ်ကွက် ပဲခူးမြို့နေသူအား စစ်ဆေး မေးနေရင်း ဒေါ်စန်းက ဒု ရဲအုပ် တင်မောင်ဝင်းအား–

"နင် တင်မောင်ဝင်း မဟုတ်လား ငါ မစံန်းလေ"

ဟု ပြောလိုက်မှ ဒုရဲအုပ် တင်မောင်ဝင်းနှင့် စာတိုက်မှူး ဒေါ်စန်းတို့သည် ကျောင်းနေဖက် ငယ်သူငယ်ချင်းများဖြစ်နေကြသည်ကို သိလိုက်ကြရပြီး တင်မောင်ဝင်းက–

"နင်က စာတိုက်မှူး လုပ်နေတယ်။ ငါကလဲ ရဲလုပ်နေတယ်။ တို့နှစ်ယောက် ဆယ်တန်းအထိ ကျောင်းအတူတက်ခဲ့ကြပြီး ဆယ်တန်း အောင်ပြီး နောက်ပိုင်း ငါလဲ ဘွဲ့ရတဲ့အထိ ကျောင်းဆက်တက်ပြီး ဟို အလုပ်လုပ်၊ ဒီအလုပ်လုပ်နဲ့ နောက်ဆုံးတော့ ဒုရဲအုပ် သင်တန်းတက်ပြီး ဟိုပြောင်းဒီရွှေ့နဲ့ အခု မြို့သစ်ရဲစခန်းကို ရောက်တာ မကြာသေးဘူး။ အခု တို့ သူငယ်ချင်းနှစ်ယောက် ကွဲသွားကြတာ ၇ နှစ်၊ ၈ နှစ်လောက် ရှိပြီနဲ့တူတယ်။ အခုမှ မမျှော်လင့်ဘဲ ပြန်တွေ့ကြတာ။ မစန်း နင်ကရော ဘယ်လိုဘယ်လို ဖြစ်ပြီး ဒီစာတိုက်မှာ တာဝန်ကျနေတာလဲ"

"ငါလဲ ဆယ်တန်း အောင်ပြီး ဘွဲ့ရတဲ့အထိ ကျောင်းဆက်တက်ပြီး စာတိုက်မှာ ဝင်လုပ်နေတာ။ အခုတော့ စာတိုက်မှူးဖြစ်ပြီး မြို့သစ် စာတိုက်မှာ တာဝန်ကျနေရင်း ပစ္စည်းတွေ အခိုးခံရမှ မမျှော်လင့်ဘဲ နင်နဲ့ ပြန်တွေ့ရတာ ဝမ်းသာပါတယ်ဟာ"

အခိုးခံရတဲ့ အိမ်တွေကလဲ အများကြီးပဲ၊
ဘယ်ဧတာ့မှ ပေါ်တယ်လို့လဲ မကြားရဘူး၊
သူခိုးနဲ့နင်တို့ရဲတွေ ပေါင်းစားနေလားလို့တောင်ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



"ကဲ သူငယ်ချင်းတွေ မမျှော်လင့်ဘဲ တွေ့ရလို့ အားရဝမ်းသာပြောနေလို့ မပြီးသေးဘူး။ အမှုက အရေးကြီးနေတော့ နောက်မှပဲ ပြောကြသေးတာပေါ့။ အခုတော့ အမှုစစ်လိုက်ဦးမယ်"

ပြော၍ ဒုရဲအုပ် တင်မောင်ဝင်းမှ စကားအဆက်ဖြတ်ပြီး–

"ကဲ မစန်း အခိုးခံရတဲ့ အကြောင်းလေးပြောပြပါဦး"

ဟု စစ်ဆေးလိုက်ရာ ဒေါ်စန်းကလည်း တရားလို ဦးမင်း တိုင်ချက်ဖွင့်သည့် အတိုင်း အပြင် မိမိအင်္ကျီ ထဘီများအား မှတ်မိကြောင်းနှင့် ခိုးယူခံရသော အဝတ်အစား ၁၂စုံလုံး အတွက် အရောင်အဆင်း အမှတ်အသားများနှင့်တကွ တိတိကျကျ ပြောပြ အစစ်ခံလိုက်ပါသည်။ အမှုစစ်ပြီးသည်နှင့် ဒုရဲအုပ် တင်မောင်ဝင်းက အခင်းဖြစ်အရပ်အား သေချာစွာ စစ်ဆေး၍ အခင်းဖြစ်အရပ်မှ ပြစ်မှုကျူးလွန်သွားသူက တံခါးသော့များအား ကလန့်ဖွင့်သွားပြီး ကျန်ခဲ့သော သော့များကိုလည်း သေချာစွာစစ်ဆေး၍ သက်သေများပါ ခေါ်ယူလျက် သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းလိုက်ပါသည်။



ဒုရဲအုပ်တင်မောင်ဝင်းက ယင်းနှင့်အတူ ပါလာသော နယ်ထိန်း ဒုတပ်ကြပ်ထွန်းထွန်းလင်းအား စာတိုက်နှင့် မလှမ်းမကမ်းတွင် ဖွင့်ထားသော 'သစ်လွင်ဓာတ်ပုံဆိုင်'မှ ဓာတ်ပုံဆရာကိုပါ ခေါ်ခိုင်းလိုက်ပြီး ပြစ်မှုကျူးလွန်သွားသူမှ တံခါးသော့များ ဖျက်ဆီးသွားသဖြင့် ကျန်ရှိသည့် အနေအထားများအတိုင်း ခြံတံခါး၊ အိမ်တံခါးများအား ဓာတ်ပုံရိုက်စေခြင်း၊ ပစ္စည်းများရှာဖွေယူသွားသော ဗီရိုအားလည်း အနီးစပ်ဆုံး အနေအထားရှိ၍ ဓာတ်ပုံရိုက်ယူပါသည်။

အခင်းဖြစ် အရပ်အား စစ်ဆေး၍ လိုအပ်သည့် သက်သေခံပစ္စည်းများသိမ်းဆည်းပြီးသည်နှင့်ဒုရဲအုပ်တင်မောင်ဝင်းက တရားလိုဦးမင်းနှင့်သူငယ်ချင်း မစန်းတို့အား "ပြန်ခွင့်ပြုရန်" နှင့်အမှုအားအမြန်ဆုံးပေါ်ပေါက်အောင် စုံစမ်းဖော်ထုတ်ပေးမည်ဖြစ်ကြောင်းပြောလိုက်ရာ ဒေါ်စန်းက–

"သူငယ်ချင်းနဲ့ ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ တို့မြို့သစ်မှာ သူခိုးတွေ ပေါနေတယ်။ အခိုးခံရတဲ့ အိမ်တွေကလဲ အများကြီးပဲ၊ ဘယ်တော့မှ ပေါ်တယ်လို့လဲ မကြားရဘူး၊ သူခိုးနဲ့ နင်တို့ရဲတွေ ပေါင်းစားနေလားလို့တောင် ထင်တယ်"

ဟု ဒေါ်စန်းက ခံစားချက်လေးနှင့် သူငယ်ချင်းဖြစ်သူအား တွေ့တွေ့ချင်း ဆောက်နဲ့ထွင်းဆိုသလို ပြောမနာ ဆိုမနာ ခင်မင်မှုအရ ပြောလိုက်ရာ ဒုရဲအုပ် တင်မောင်ဝင်းကလည်း အပြုံးမပျက်။

"ပေါ်မှာပါ မစန်းရယ်၊ တို့ ရဲတပ်ဖွဲ့ဝင်တွေဆိုတာကလဲ အမှုတွေ မဖြစ်အောင် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ရွက်နေပါတယ်။ မပေါ်ပေါ်အောင်လဲ ကြိုးစားရပါတယ်။ အမှုတစ်ခု ဖြစ်လာရင် အထက်ကလဲ ကြိမ်းလိုက် ထုလိုက် ထောင်းလိုက်နဲ့ မသက်သာပါဘူးဟာ၊ တရားလိုထက်တောင် အမှုကို ပိုပေါ်စေချင်ပါတယ်။ အမှုတစ်ခုဖြစ်မှာကို သိပ်ကြောက်ပါတယ် မစန်းရယ်၊ တို့ ရဲတပ်ဖွဲ့ဝင်တွေမှာ အမှုမဖြစ်ပွားအောင် ကာကွယ် စောင့်ရှောက်ရတယ်။ ဖြစ်ပွားတဲ့အမှုကိုလဲ အမြန်ဆုံးပေါ်အောင် စုံစမ်းဖော်ထုတ်ပြီး ပြစ်မှုကျူးလွန်သူ တရားခံ ထိုက်သင့်တဲ့ ပြစ်ဒဏ်ကျအောင်လဲ ဥပဒေနဲ့အညီ ဆောင်ရွက်ရပါတယ်၊ တကယ်တော့ဟာ သူငယ်ချင်းသိအောင် ကြီးကြီးကျယ်ကျယ် ပြောရမယ်ဆိုရင်တော့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးဟာ တို့ ရဲတပ်ဖွဲ့ဝင်တွေရဲ့ အဓိက တာဝန် ဝတ္တရားတွေပါ၊ အဲဒီတော့ နင့်အမှုအတွက် ဘာမှ မပူပါနဲ့၊ ငါဒီ ရဲစခန်းရောက်တာ မကြာသေးတော့ အမြန်ဆုံး ပေါ်ပေါက်အောင် ဆောင်ရွက်ပေးပါ့မယ်ဟာ''

''ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်။ ငါက သူငယ်ချင်း အချင်းချင်းမို့ ပြောမိတာကို ပြောမှားဆိုမှားရှိရင်လဲ ခွင့်လွှတ်ပေးပါ''

''သူငယ်ချင်း ပြောတာဆိုတာကိုလဲ ဘာမှ စိတ်ထဲမထားပါဘူး၊ ပြောလဲပြောစရာ ဖြစ်နေပါတယ်။ မြို့ကလဲ မြို့သစ်ရပ်ကွက် ရဲစခန်းကလဲ ရဲစခန်းအသစ်၊ ရဲတပ်ဖွဲ့ဝင်တွေကလဲ အသစ်တွေဆိုတော့ ပြစ်မှုကျူးလွန်သူတွေအတွက် အကွက် ဖြစ်နေတော့ အမှုတွေ အဖြစ်များနေတာပါ၊ ဒါပေမယ့် မကြာခင် စောင့်ကြည့်နေပါ၊ ငါအနေနဲ့ အမြန်ဆုံး ကြိုးစားဖော်ထုတ်ပေးပါမယ်၊ ကဲ မတွေ့ရတာကလဲ ကြာနေတော့၊စကားတွေကလဲ အများကြီး ပြောနေမိတယ်။ အမှုတွေဖော်ထုတ်ဖို့အတွက် ပြန်လိုက်ပါဦးမယ်''

''နောက်လဲ မကြာမကြာ လာလည်ပါဦး၊ အမှုတွေလဲ ဖော်ထုတ်နိုင်ပါစေလို့''

''ကြိုးစားမှာပါ သူငယ်ချင်းရယ်''

ဟု ပြန်ပြောလျက် ဒုရဲအုပ် တင်မောင်ဝင်းကလည်း နှုတ်ဆက်ပြီး စာတိုက်မှပြန်သွားခဲ့ပါသည်။

ဒုရဲအုပ် တင်မောင်ဝင်းလည်းမြို့သစ်ရဲစခန်းရောက်လာသည်မှာ မကြာသေး၊ အမှုများကလည်း ဖောက်ထွင်းမှု ခိုးမှုတွေက မကြာမကြာ ဖြစ်နေသဖြင့်၊ စိတ်ထဲတွင် အောက်သက်သက်နှင့် မခံမရပ်ဖြစ်နေမိသည်။ ငါးပွက်ရာ ငါးစာချ၍ မဖြစ်သည်ကို သဘောပေါက်ပြီး ငါးများများ ရရန်အတွက် ပိုက်ကွန်နှင့် ပစ်ရန် စီစဉ်ရတော့သည်။

ဒုရဲအုပ် တင်မောင်ဝင်းက မိမိဆောင်ရွက်မည့် အစီအစဉ်တို့ကို စခန်းမှူးအား တင်ပြညှိနှိုင်း၍ မိမိရဲစခန်းပိုင်နယ်မြေအတွင်းနှင့် အခြား ရဲစခန်းများနှင့် အဆက်အစပ် နေရာများကိုပါ အဖွဲ့လိုက်နေ့မအိပ်ညမအိပ် သွားလာလှုပ်ရှားလျက် အမှုများအား ဖော်ထုတ်ရန် ဆုံးဖြတ်ချက်ချဆောင်ရွက်ပါတော့သည်။ ဒုရဲအုပ် တင်မောင်ဝင်းက မြို့သစ်ရဲစခန်းတွင် ၎င်းအပါအဝင် နယ်ထိန်း



www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော့်အစ်မ ဓာတ်ပုံလေးပါ၊ ကျွန်တော်တို့က မောင်နှမနှစ်ယောက်တည်းရှိတာဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်ကြတာ၊ ဘယ်သွားသွား အစ်မဓာတ်ပုံ ကျွန်တော့်အိတ်ထဲ ထည့်ထည့်သွားတာပါ**

အဖွဲ့(၇)ယောက်ရှိရာ၊ တစ်ဖွဲ့လျှင်(၂)ယောက် (၃)ဖွဲ့ခွဲ၍ သုံးဖွဲ့လုံးအား ၎င်းက ကြီးကြပ်လျက် ရဲစခန်းအပိုင်များတွင် ရှိနေသော ကားဂိတ်၊ ဆိုက်ကားဂိတ်၊ သင်္ဘောဆိပ်၊ မီးရထား ဘူတာရုံစသည့်နေရာများအား တာဝန်ခွဲဝေ ချထားကာ ဒုစရိုက်သမားများ သွားလာ လှုပ်ရှားမှုကို စောင့်ကြည့်စေခဲ့ပါသည်။

နယ်ထိန်း တာဝန်ခံ ဒုရဲအုပ်တင်မောင်ဝင်းလည်း အဖွဲ့လိုက်ခွဲ တာဝန် ချထားသည့် နေရာများကို အမြဲရောက်ရှိ၍ ကြီးကြပ်နေရာမှ၊ တစ်နေ့ည(၈) နာရီခန့်အချိန် ခရီးသွားမည့်ဟန်နှင့် လွယ်အိတ်တစ်လုံး လွယ်၍ ဘူတာရုံသို့ရောက်ရှိပြီး၊ ကြို့တင် တာဝန်ချထားသောအဖွဲ့နှင့် အဆက်အသွယ်ယူလျက်၊ ည ၉ နာရီအချိန် ဘူတာဆိုက်မည့် မီးရထားအား စောင့်ကြည့်နေသည့် အနေအထားနှင့် ဘူတာရှိ ခုံတွင် ထိုင်၍နေရင်း မသင်္ကာသူများအား အကဲခတ်လိုက်ကြည့်နေခဲ့ရာ ၎င်းရှေ့တွင် လက်ဆွဲအိတ်တစ်လုံးကိုင်လျက် ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည့် အသက် ၂၅နှစ်ခန့်ရှိ၊ အသားညိုညို၊ အရပ်ပုပုနှင့် ကုလားဆင် လူငယ် တစ်ဦးကို တွေ့လိုက်ရသဖြင့် လိုက်ကြည့်နေရာမှ ၎င်းလူငယ်သည် ဘူတာရုံရှိ လက်ဖက်ရည်ဆိုင်သို့ သွားထိုင်နေသည်ကို တွေ့ရသဖြင့် ဒုရဲအုပ် တင်မောင်ဝင်းလည်း ယင်းလူငယ် ထိုင်နေသော စားပွဲခုံနောက်ရှိ စားပွဲခုံတွင် ကျောချင်းကပ်ထိုင်လိုက်ပြီး ''ပေါ့ကျ''လက်ဖက်ရည်တစ်ခွက် မှာလိုက်ပြီး လူငယ်အား တစေ့တစောင်း အကဲခတ်ကြည့်လိုက်စဉ် လူငယ်သည်လက်ဖက်ရည် သောက်ပြီးသွား၍ လက်ဖက်ရည်ဖိုးရှင်းရန်အတွက် အင်္ကျီအိတ်ထဲမှ ပိုက်ဆံများအားနှိုက်ယူလျက် စားပွဲပေါ်ချလိုက်သည်ကို တွေ့ရသည့်အပြင် ပိုက်ဆံများကြားမှ ဘွဲ့ဝတ်စုံဝတ်အမျိုးသမီးလေး ဓာတ်ပုံတစ်ပုံကိုပါ တွေ့လိုက်ရသဖြင့်ကြည့်လိုက်ရာ ၎င်းမြင်ဖူးသော အမျိုးသမီးတစ်ယောက်ဖြစ်ပုံနှင့် တူနေသဖြင့် သေသေချာချာ ကြည့်နိုင်ရန်အတွက် နောက်လှည့်ရင်း မတော်တဆ ထိမိသည့်ပုံမျိုးနှင့် လူငယ်၏ ကျောကုန်းကို မတော်တဆ တိုက်မိသလို တိုက်လိုက်ပြီး–

''ဟာ–ညီလေး ဆောရီးကွာ၊ နောက်လှည့်လိုက်တာနဲ့ ညီလေး ကျောကုန်းကို မတော်တဆ တိုက်မိသွားတယ်၊ ခွင့်လွှတ်ပါကွာ''

ဟု ထိုင်နေရာမှ မတ်တတ်ရပ် ပြောလိုက်ပြီး ဓာတ်ပုံလေးအားကြည့်လိုက်ရာ ၎င်း၏ သူငယ်ချင်းဓာတ်ပုံလေး ဖြစ်နေသည်ကို သေချာစွာ သိလိုက်ရသဖြင့် ဒုရဲအုပ် တင်မောင်ဝင်းက ဆက်၍ မေးလိုက်သည်။

''ညီလေး ဓာတ်ပုံလေး



www.burmeseclassic.com

www.burmeseclassic.com



က တယ်လှပါလား၊ ညီလေးနဲ့ ဘာတော်လဲ''

''ကျွန်တော့် အစ်မ ခါတ်ပုံလေးပါ၊ ကျွန်တော်တို့က မောင်နှမ နှစ်ယောက်တည်းရှိတာဆိုတော့ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြတာ။ ဘယ်သွားသွား အစ်မ ဓာတ်ပုံကို ကျွန်တော့် အိတ်ထဲ ထည့်ထည့်သွားတာပါ''

ဟု ပြောရာ တင်မောင်ဝင်းကလည်း ဓာတ်ပုံလေးကြည့်ရအောင်ပြော၍ လူငယ်ထံမှ အမျိုးသမီးဓာတ်ပုံလေးအား တောင်းယူကြည့်လိုက်ရာ သူ့သူငယ်ချင်း ''မစန်းဓာတ်ပုံမှ မစန်းဓာတ်ပုံအစစ်'' ဖြစ်နေသည်ကို သိလိုက်ရသဖြင့်၊ ဒုရဲအုပ် တင်မောင်ဝင်းမှာ ''မစန်းအိမ်ဖောက်ပြီး အခိုးခံရတယ်၊ ဒီမစန်းဓာတ်ပုံက ဒီသူငယ်ဆီမှာ ရှိနေတယ်။ ဖောက်ထွင်းမှုနဲ့ ဓာတ်ပုံလေးက ဆက်စပ်နေတယ်၊ မစန်းက ဓာတ်ပုံလေးပါသွားတာ မသိလို့ တည့်မပြောတာလား'' ဆိုတဲ့အတွေးများနှင့် ချာချာလည်နေရာမှ လက်ဖက်ရည် စားပွဲခုံ နှစ်ခုံကျော်တွင် ထိုင်နေကြသော နယ်ထိန်းတပ်ကြပ်ကြီး ဝင်းကြိုင်နှင့် တပ်သား မြင့်နိုင်တို့အား ခေါင်းညိတ်ခေါ်လိုက်ရာမှ ရောက်လာကြသဖြင့် တပ်သားမြင့်နိုင်အား သက်သေလူကြီးနှစ်ယောက်ခေါ်လိုက်ပြီး တပ်ကြပ်ကြီးဝင်းကြိုင်နှင့်အတူ လူငယ်အား ထွက်မပြေးနိုင်ရန် စောင့်ကြည့်နေကြပါသည်။

ရဲတပ်သား မြင့်နိုင်နှင့်အတူ သက်သေ နှစ်ဦးရောက်လာသည့်အခါ လူငယ်အား ရဲအုပ် တင်မောင်ဝင်းက–

''ငါက မြို့သစ်ရဲစခန်းက ဒုရဲအုပ်ပါ။ မင်းရှိမှာရှိနေတဲ့ ဓာတ်ပုံလေး ပျောက်သွားတာကို အမျိုးသမီးတစ်ယောက်က တိုင်ပမ်းခိုင်းထားလို့ပါကွာ မင်းကလဲ မင်း အစ်မဓာတ်ပုံ ဆိုတော့ မင်းက မည်းမည်းပုပု၊ ဓာတ်ပုံလေးက ငါ သိနေတဲ့ ဖြူဖြူချောချော အမျိုးသမီး ဓာတ်ပုံလေး ဖြစ်နေတော့ စဉ်းစားစရာတွေ ဖြစ်နေတဲ့အတွက် မင်းကို ရဲစခန်း ခဏခေါ်သွားရမယ်။ အဲဒီတော့ မင်းဆီမှာ ရှိနေတဲ့ ပစ္စည်းတွေ အရင်ရှာကြည့်မယ်''

ဟု ပြောပြီး လက်ဆွဲအိတ်အတွင်း ရှာဖွေရာ ပုဆိုးတစ်ထည်၊ အင်္ကျီတစ်ထည်နှင့်အတူ၊ အရှည် ၁ ပေခန့်လုံးပတ် ၂လက်မခန့်ရှိ တစ်ဖက်အပြားတစ်ဖက်အခွရှိ သံတူရွင်းတစ်ချောင်း ပလာယာအကြီး တစ်ချောင်းတို့အား တွေ့ရှိရသဖြင့် သက်သေခံ ပစ္စည်းများအဖြစ် ဘွဲ့ဝတ်စုံဝတ် ရောင်စုံ အမျိုးသမီးဓာတ်ပုံလေးနှင့်အတူ သိမ်းဆည်းလိုက်ရာ လူငယ်မှာ တုန်တုန်ယင်ယင်နှင့် မျက်နှာပျက်နေပါသည်။ လူငယ်၏အမည်မှာ မောင်ညိုပုဖြစ်ပြီး အသက် ၂၆နှစ် ကျပမ်းလုပ်-- မြို့နေသူဖြစ်ကြောင်းလည်း စစ်ဆေး သိရှိလိုက်ရပါသည်။ မောင်ညိုပု၏ အခြေအနေ ကြည့်ရသည်မှာ ထွက်ပြေးနိုင်သော အခြေအနေရှိနေသဖြင့် လက်ထိတ်ပါ ခတ်လိုက်ပါသည်။

(၅)

နယ်ထိန်း တပ်ကြပ်ကြီး ဝင်းကြိုင်၊ တပ်သား မြင့်နိုင်တို့အား ညိုပုကို ရဲစခန်းသို့ ခေါ်သွားခိုင်းပြီး ဒုရဲအုပ် တင်



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝင်းက မြို့သစ်ရပ်ကွက်ရှိ တရားလို ဦးမင်းအိမ်သို့ ည ၁၀ နာရီခန့်အချိန် သွားရောက်ပြီး ဦးမင်းနှင့် ဇနီးဒေါ်စန်းတို့အား ယခင်အိမ်ဖောက်ထွင်းခံရစဉ်က ပါသွားသော ပစ္စည်းများအပြင် အခြားဘာပစ္စည်းပါသွားသေးလဲ ထပ်မံမေးမြန်းရာ တခြားဘာမှ ပါသွားသည်ကိုမတွေ့ရကြောင်း ပြောသဖြင့် ဒုရဲအုပ် တင်မောင်ဝင်းမှ ဘွဲ့ဝတ်စုံဝတ်အမျိုးသမီးလေးဓာတ်ပုံကို ပြလိုက်မှ ဒေါ်စန်းက –

"အဲ့ဒါ ငါ့ ဓာတ်ပုံပဲ"

ဟုပြောပြီး အိမ်ရှေ့ခန်းတွင် ချိတ်ဆွဲထားသော ဓာတ်ပုံလေး မရှိတော့သည်ကို တွေ့လိုက်ရပါသည်။ ဒုရဲအုပ် တင်မောင်ဝင်းမှ

"ကဲ မစန်းရေ နင့်အမှုတော့ပေါ်နေပြီ။ ရဲနဲ့သူခိုးနဲ့ ပေါင်း မစားပါဘူးဆိုတာ လာပြောပြတာပါ"

ဟု ပြောပြီး ရယ်ရယ်မောမောနဲ့ ဒုရဲအုပ် တင်မောင်ဝင်းလည်း ပြန်သွားခဲ့ပါသည်။

ရဲစခန်း ပြန်ရောက်ပြီးသည်နှင့် ညိုပုအား စစ်ဆေးရာ ညိုပုလည်း ငြင်းမရတော့သည့်အဆုံးတွင် ဦးမင်း၊ဒေါ်စန်းတို့အိမ်အား သုံးလေးရက်လေ့လာပြီးမှ လူမရှိသည့် ညဦးအချိန် သော့များဖျက်၍ ဝင်ရောက်ခိုးယူမိကြောင်း၊ ခိုးယူသွားသည့် ပစ္စည်းများ အားလုံး မရောင်းရသေးကြောင်း အိမ်တွင် ရှိနေကြောင်း ပြောပြအစစ်ခံသဖြင့် ဒုရဲအုပ် တင်မောင်ဝင်းလည်း စခန်းမှူးအား အမှုအခြေအနေ အားလုံးတင်ပြသတင်းပို့ပြီးလိုက်လံ သိမ်းဆည်းရန် အချိန်မရှိတော့သဖြင့် နောက်ရက်မှ ညိုပုနေထိုင်သော မြို့နှင့်အိမ်သို့ သွားရောက်၍ ပစ္စည်းများသိမ်းဆည်းရန် စီစဉ်လျက်အမှုအား စစ်ဆေးခြင်းကို ခေတ္တရပ်နားလိုက်ပါသည်။

(၆)

နောက်တစ်နေ့ နံနက် ၆ နာရီအချိန်တွင် ဒုရဲအုပ်တင်မောင်ဝင်းနှင့်နယ်သိမ်းအဖွဲ့လည်း ကားတစ်စီး စီစဉ်လျက်၊ ညိုပုနေထိုင်ရာမြို့သို့ သွားရောက်ပြီး အပိုင် ရဲစခန်းသို့ အကြောင်းကြားအကူအညီတောင်းလျက် ညိုပုအိမ်အား သက်သေများနှင့်အတူ ဝင်ရောက်၍ ညိုပု ခိုးယူသိမ်းဆည်းထားသော တရားလို ဦးမင်းအိမ်မှ အဝတ်အစားများ အားလုံး တိုင်ကပ်နာရီ၊ လျှပ်စစ်မီးပူတို့ကို ညိုပုက သက်သေခံပစ္စည်းများအဖြစ် သက်သေများရှေ့သိမ်းဆည်းလိုက်ပါသည်။

သက်သေခံ ပစ္စည်းများ သိမ်းဆည်းပြီး ရဲစခန်းပြန်ရောက်ရာ ဒုရဲအုပ် တင်မောင်ဝင်းမှ ညိုပုအပေါ် အခြားမသင်္ကာစရာ အချက်များ ရှိနေသဖြင့် ချော့တစ်ခါ ခြောက်တစ်လှည့်နှင့် ထပ်မံစစ်ဆေးရာ မြို့သစ်ရဲစခန်းအပိုင်အတွင်းမှ ခိုးမှု ဖောက်ထွင်းမှု (၁၀)မှုကိုပါ ထပ်

ကဲ မစန်းရေ
နင့်အမှုတော့
ပေါ်နေပြီ။
ရဲနဲ့ သူခိုးနဲ့
ပေါင်းမစားပါဘူး
ဆိုတာ
လာပြောပြတာပါ



www.burmeseclassic.com

www.burmeseclassic.com



မံ စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများအားလုံးကိုလည်း ရောင်းချထားသော နေရာများမှ လိုက်လံသိမ်းဆည်းနိုင်ခဲ့ပါသည်။

တရားခံ ညိုပုအပေါ် တရားလို ဦးမင်း တိုင်ကြားသော ညဥ့်အချိန် အိမ်ဖောက်ထွင်းမှု (၅)မှုနှင့် ရိုးရိုးခိုးမှု (၆)မှုနှင့် တရားစွဲတင်ရန်အတွက် အမှုတွဲ စာရွက်စာတမ်းများ ပြည့်စုံစွာနှင့် မြို့နယ်မှုခင်းမှတ်တမ်းတာဝန်ခံ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်မြို့နယ်ဥပဒေဝန်ထမ်းတို့ထံ တင်ပြရာ မူလဖွင့်ထားသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၆ မှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၇ အရ တရားစွဲတင်ရန်နှင့် ခိုးမှု (၆)မှုသည် စစ်ဆေးပေါ်ပေါက်ချက်များအရ ရိုးရိုးခိုးမှုများသာ ဖြစ်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ အရသာ တရားစွဲတင်ရန် ပြန်လည် ညွှန်ကြားခဲ့ပါသည်။

(၇)

အမှုစစ် ဒုရဲအုပ် တင်မောင်ဝင်းကလည်း မြို့နယ်မှ ပြန်လည် ညွှန်ကြားပေးသော ညွှန်ကြားချက်များအတိုင်း တရားလို ဦးမင်း အမှုအပါအဝင် ညဥ့်အချိန် အိမ်ဖောက်ထွင်းမှု (၅)မှုအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၇အရ လည်းကောင်း၊ ရိုးရိုးခိုးမှု (၆)မှုအား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၇၉ အရ လည်းကောင်း၊ အမှုတွဲ စာရွက်စာတမ်းများ၊ သက်သေခံပစ္စည်းများ ပြည့်စုံစွာနှင့် တရားခံ ညိုပုအား မြို့နယ် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ပါသည်။

မြို့နယ် တရားရုံးမှလည်း သက်ဆိုင်ရာ တရားခံများက အမှုများအား အချိန်နှင့်တပြေးညီ စစ်ဆေးဆောင်ရွက်ပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၇ အမှု (၅)အတွက် တစ်မှုလျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂နှစ်စီ သီးခြားကျခံစေရန်နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ အမှု (၆)မှုအတွက် တစ်မှုလျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၆-လစီ သီးခြားကျခံစေရန်အမိန့်ချမှတ်ခဲ့ပါသည်။

တရားခံ ညိုပု ဘဝမှာလည်း အမှု (၁၁)မှုအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် စုစုပေါင်း(၁၃)နှစ်ထိုက်ထိုက်တန်တန်ကျခံခဲ့ရပြီး နောက်ပိုင်းမှာရဲဘက်စခန်း ရောက်ခဲ့ရပြီး ရဲဘက်စခန်းမှာပင် ငယ်ငယ်ရွယ်ရွယ်နှင့် ကျန်းမာရေး မကောင်းဖြစ်ခါ ဘဝနိဂုံးချုပ်သွားခဲ့ရပါသည်။

ဘွဲ့ဝတ်စုံဝတ် အမျိုးသမီးလုလုလေးဓာတ်ပုံမှ ဖော်ထုတ်ပေးခဲ့သော ဤပြစ်ရပ်မှန် မှုခင်းမှ ပြစ်မှုကျူးလွန်သူတို့ဘဝအတွက် နောက်ဆုံးဘဝ ရာဇဝတ်ဘေးပြေး မလွတ်တဲ့ ဝမ်းနည်းစရာ ဘဝနိဂုံး ချုပ်သွားရသည်ကို သင်ခန်းစာယူနိုင်ရန် ဖတ်လမ်းတစ်ပုဒ်အဖြစ် ပညာပေးမှတ်တမ်းတင်လိုက်ရပါသည်။

ဤ ပြစ်ရပ်မှန် မှုခင်းအား ပြောပြပေးခဲ့သော စာတိုက်မှ ဝန်ထမ်း ဦးမင်းယဉ်နှင့် ဇနီး ဒေါ်မြင့်မြင့်စန်း (စာတိုက်မှူး)တို့အား အထူးကျေးဇူးတင်ရှိပါသည်။

မောင်မောင်မြင့်
ဥဿာမြို့သစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုး (မှူဓဝယ်)

## ခဘားပုလင်းနေမင်းခေါင်နှင့်
## စုဖုရားလတ်အပျိုတော်ရှင်ညို

သုံးမည့်ရ "ခင်ခင်စိန်" ဆိုတဲ့ လှပတဲ့အမျိုးသမီး
အရုပ်တော်ပုံတစ်ဦးရဲ့ ဇာတ်လမ်းတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



**ဆားပုလင်းနေမင်းခေါင်နှင့် စုဖုရားလတ်အပျိုတော်ရှင်ညို**

စိုး(မှုဆယ်)

တစ်နေ့သ၌ ကျွန်ုပ်နှင့် မိတ်ဆွေကြီး ဆားပုလင်းနေမင်းခေါင်တို့သည် အမှတ်၃၁၈၊ ယုဇန (၁)လမ်းရှိ ဆားပုလင်းနေမင်းခေါင်နေအိမ်၌ ရွှေခြသေ့် တံဆိပ်ကော်ဖီမှုန့်ကို အသုံးပြုပြီး ကော်ဖီကြမ်းတစ်ခွက်စီ သောက်နေကြရင်း လင်မယားဖြစ်ခြင်း အကြောင်း သုံးမျိုးကို ပြောနေကြလေ၏။

"ထိမ်းမြားခြင်း သုံးမျိုးရှိတယ်ဗျ၊ သတို့သားနေအိမ်မှာ ပြုလုပ်တဲ့ အာဝါဟလို့ခေါ်တဲ့ မင်္ဂလာ၊ သတို့သမီးနေအိမ်မှာ ပြုလုပ်တဲ့ ဝိဝါဟလို့ခေါ်တဲ့ မင်္ဂလာနဲ့ သတို့သား သတို့သမီးတို့ရဲ့ နေအိမ်တွေမှာ မဟုတ်ဘဲ အခြားတစ်ပါးသော အဆောက်အအုံမှာ ပြုလုပ်တဲ့ စရလို့ ခေါ်တဲ့ မင်္ဂလာရယ်ပေါ့ဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆားပုလင်းနေမင်းခေါင်က-

"လင်မယားဖြစ်ခြင်း အကြောင်းကလဲ သုံးပါးရှိပါတယ် အိုင်ပီရဲ့။ (တစ်) မိဘပေးစားခြင်းကြောင့် ဖြစ်ခြင်း (နှစ်) နှစ်ဦးသဘောတူ သင့်တင့်စွာနေထိုင်ခြင်းကြောင့် ဖြစ်ခြင်းနဲ့ (သုံး) အသက်ကို ကယ်ယူသော ကျေးဇူးရှိ၍ပိုင်ဆိုင်ခြင်းကြောင့် ဖြစ်ခြင်းတဲ့ဗျ"

ဟုပြောလေ၏။ ထိုအချိန်မှာပင် ဆယ်နှစ် ဆယ့်တစ်နှစ် အရွယ်ခန့်မျှသာ ရှိသေးသော သျှောင်ပေစူးနှင့် ကလေးငယ်တစ်ယောက်သည် အိမ်ပေါ်သို့ တက်လာလေ၏။ ထို့နောက် ၎င်းကလေးသည် ၎င်း၏ မျက်နှာအမူအရာ လက်ပုံသဏ္ဌာန်အမျိုးမျိုးလုပ်၍ ဆားပုလင်းနေမင်းခေါင်အား ပြလေ၏။ ဆားပုလင်းနေမင်းခေါင်ကလည်း ၎င်းသျှောင်ပေစူးနှင့် ကလေးငယ်၏ ပြသသော အသံတိတ် အမူအရာများကို သေချာစွာစိုက်၍ ကြည့်နေလေ၏။ ကျွန်ုပ်အဖို့ နားမလည်နိုင်အောင်ဖြစ်၍ နေလေတော့၏။ ထို့နောက် ဆားပုလင်းနေမင်းခေါင်ကလည်း မျက်နှာအမူအရာ လက်ပုံသဏ္ဌာန် အမျိုးမျိုးလုပ်၍ လှုပ်ရှားပြလိုက်လေရာ သျှောင်ပေစူးနှင့် ကလေးငယ်သည် ဆားပုလင်း နေမင်းခေါင်အား ခေါင်းညိတ်ပြပြီးလျှင် အိမ်ပေါ်မှ ပြန်လည် ပြေးဆင်းသွားလေတော့၏။ ထိုအခါ ကျွန်ုပ်က မေး... သည်။

"အိုင်ဆေး ကိုနေမင်းခေါင်၊ ဘယ်လို အမိပ္ပာယ်တွေလဲဗျာ၊ ကျုပ်တော့ မျက်စိတွေ နောက်နေ ပြီဗျို့"

"စုဖုရားလတ်ရဲ့ အပျိုတော် ရှင်ညိုခေါ် သုံးမည်ရ ခင်ခင်စိန်တို့အဖွဲ့ကို စောင့်ကြည့်ဖို့ ကျုပ်ခိုင်းထားတဲ့ ကောင်လေးပါ။ တရုတ် တန်းရပ်ကွက်အတွင်းက မိုးမခရိပ် ငြိမ်အိမ်ကြီးမှာ ဒီညသူတို့ဆုံမယ်လို့ ကျုပ်ဆီကို သတင်းလာပို့တာပါ"

"သတင်းပို့တာဖြင့် လဲ တစ် ဖက်သား နားလည်အောင် ပြောရောပေါ့ဗျာ။ ခုတော့ လက်တွေရောပဲ မျက်နှာတွေရောပဲ ရှုပ်ယှက်ကို ခတ်နေတာပဲ။ ဒါနဲ့ ဒီကလေးက စကားမပြောတတ်ဘူးလားဗျ"

"အဟုတ် . . ဟား . . ဟား . . မဟုတ်ရပါဘူးဗျာ။ ခင်ဗျားရှိနေလို့ လူစိမ်းသည့်သည် ထင်ပြီး ကောင်လေးက ကမ္ဘာသုံး ဆွံ့အ,နားမကြား သင်္ကေတနဲ့ ပြောသွားတာပါ"

ဟုပြောလေ၏။ ထိုအချိန်မှာပင် အိမ်ရှေ့လမ်းပေါ်တွင် မြင်း ရထားတစ်စီးထိုးဆိုက်လာပြီးနောက် အရပ်မြင့်မြင့်နှင့်သွယ်သွယ် စွာမှ မဟာဆန်ဆန်ချော့မော



www.burmeseclassic.com

www.burmeseclassic.com



လှပသော အမျိုးသမီးကြီး တစ်ယောက်သည် အိမ်ပေါ်သို့ တက်လာလေ၏။ ထိုအမျိုးသမီးကြီးသည် အဖိုးတန် အဝတ်အစားများ ဝတ်ဆင်ထားသော်လည်း သူ့မျက်နှာပေါ်တွင် သောကအရိပ်တို့ဖြင့် ညှိုးနွမ်းနေလေသည်။ ထိုအမျိုးသမီးကြီးမှာ ကျွန်ုပ်တို့ သာလွန်မြို့ကြီး၏ လူကုံထံ အသိုင်းအဝိုင်းများသာ သီးသန့်နေကြသော မင်းမှုထမ်းရပ်ကွက်မှ ဒေါ်ခင်ခင်ကြီးဆို သူဖြစ်လေ၏။

မှတ်ချက်။ မင်းမှုထမ်းရပ်ကွက်သည် ယခု အမှတ် (၃) ရပ်ကွက်ဖြစ်လေ၏။

(စာရေးသူ)

ထိုအမျိုးသမီး ဒေါ်ခင်ခင်ကြီးက . .

"အတော်ပဲ ဦးမင်းစံရေ၊ ကျွန်မ ကွမ်းတောင်ကုန်းဂါတ်ကို တောင် ဝင်ခဲ့သေးတယ်။ ဆားပုလင်းနေမင်းခေါင်နဲ့အတူ အိမ်လည်လိုက်သွားတယ်လို့ အက်ဒိုင်ပီ မောင်ကြီးက ပြောလိုက်တာနဲ့ ဒီကိုလိုက်လာတာ။ ကျွန်မကိစ္စကို ကူညီပါဦးရှင်၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက ဒီခြိမ်းခြောက်စာကြောင့်ပဲ စားမဝင် အိပ်မပျော်နဲ့ စိတ်သောကတွေလဲ ခံစားလွန်းလှပါပြီ။ ဆားပုလင်း နေမင်းခေါင် ကိုတော့ အားလုံးဖြစ်ကြောင်းရယ် ကုန်စင်ပြောပြပြီး ဖြစ်ပေမယ့် လူမှုရေးသိက္ခာပိုင်း ထိခိုက်နိုင်စရာတွေ ပတ်သက်နေလေတော့ အကြီးအကျယ် မငြိမ်းဖွယ်လဲ ဖြစ်သွားမှာလဲ စိုးရိမ်ပါရဲ့ရှင်။ မိသားစုအတွင်းရေးမို့လား"

ဟုပြောလေရာ ကျွန်ုပ်က အနီးရှိ စားပွဲပေါ်မှ လွန်ခဲ့သော တစ်ပတ်က ထုတ်သော နေပြည်တော်ရတနာပုံ သတင်းစာကို ကောက်ယူလိုက်ပြီး . .

"ခဏလေး ခဏလေး . . ဒီသတင်းစာထဲမှာ ဒေါ်ခင်ခင်ကြီးတို့ရဲ့ ကျွန်းသာယာမိသားစုနဲ့ ပတ်သက်တဲ့ သတင်းတစ်ပုဒ် တွေ့ရတယ်။ မြန်မာဘုရင်သီပေါမင်းတရားကြီးရှိစဉ်က မင်းတရားကြီး ကိုယ်တိုင်ချီးမြှင့်ခန့်ထားခံရတဲ့ နေမျိုးမင်းထင် ကျော်ခေါင်ဘွဲ့ရ အဝေးရောက်မင်းခင်မောင်စောမြို့စားကြီးနဲ့ ကျွန်းသာယာခင်ခင်ကြီးတို့ရဲ့ တစ်ဦးတည်းသောသမီး ကျွန်းသာယာခင်ခင်လေးနဲ့ မြင်းစိုင်းမြို့စားကြီးဟောင်တို့ရဲ့သားကြီး မြင်စိုင်းမောင်ဖေသော်တို့နှစ်ဖက်မိဘသဘောတူညီချက်အရ မျိုးနွယ်ထိန်းသိမ်းခြင်းမင်္ဂလာ ပြုလုပ်ကြသည်တဲ့ပါရဲ့။ အဲဒါနဲ့ရောပဲ ပတ်သက်သလား"

"သိပ်ဟုတ်တာပေါ့ရှင်၊ ပတ်သက်ရုံတင် ဘယ်ကမလဲ အသေအချာကို ထိုးနှက်ချက်လို့ ထင်တာပါပဲရှင်"

"ကျုပ် နားရှုပ်လာပြီ ပွင့်ပွင့်လင်းလင်း ဆက်ပြောပါဦး"

ဟုပြောလိုက်ပြီးနောက် ကျွန်ုပ်အာရုံစူးစိုက်နားထောင်နေလိုက်လေ၏။ ဒေါ်ခင်ခင်ကြီးက-

"လွန်ခဲ့တဲ့ သုံးဆယ့်ရှစ်နှစ်လောက်က အဝေးရောက်မင်းခင်မောင်စော(ခေါ်) မိုင်းမောမြို့စားကြီးဟာ ရှင်ညိုလို့ခေါ်တဲ့ စုဖုရားလတ်ရဲ့ အပါးတော်မြဲ နန်းတွင်း အပျိုတော်တစ်ယောက်နဲ့ လက်ထပ်ထိမ်းမြား ပြုခဲ့ဖူးတယ်တဲ့ သူဟာ . ."

ဟု စကားကို ရပ်လိုက်လေ၏။ ထိုအခါ ဆားပုလင်းနေမင်းခေါင်က ဆက်၍-

"သူဟာ တကယ့်ကို ထူးခြားတဲ့ မိန်းမတစ်ယောက်ပဲဗျို့။ သူ့အဖေက မြန်မာဘုရင် ပုဂံမင်းလက်ထက်တုန်းကတော့ ဇေယျာသီရိမြို့ (ယခုစစ်ကိုင်းမြို့) ဝန်ရဲ့ မြို့စောင့်တပ်မှူးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးအိုဆိုတာပေါ့ဗျာ။ သူ့အမေက တော့ ဘဝရှင်မင်း တုန်းမင်း တရားကြီးလက်ထက်တော်တုန်း က အမရပူရမြို့ဟောင်း တောင် မြို့အရပ်မှာ သေရည်နဲ့ ထမင်း



ဆိုင်ဖွင့်ရောင်းတဲ့ မိပန်းမှုံဆိုတဲ့ အမျိုးသမီးပါပဲ။ ရှင်ညိုရဲ့ ငယ် နာမည်က ခင်ခင်စိန်တဲ့ လေ။ သူ့အသက် နှစ်ဆယ် အရွယ် လောက်မှာ ရတနာပုံ (မန္တလေး) နေပြည်တော်က အတွင်းဝန်ကြီး တစ်ပါးရဲ့အိမ်တော်မှာ မထင် မရှားဘဝနဲ့ ခစားရင်း နောက် တော့ ဘယ်လိုအခွင့်ထူးတွေ ရ တယ်မသိဘူး၊ မိဖုရားခေါင်ကြီး စုဖုရားလတ်ရဲ့ အဆောင်တွင်း အပျိုတော်တစ်ဦးအဖြစ် နန်း တွင်းမှာ ခစားခွင့်ရတယ်။ သူ့ ကြောင့် စုဖုရားလတ်ရဲ့အိမ်တော် စောင့်တပ်မှူးတစ်ဦးနဲ့ ရနောင် မောင်မောင်တုပ်ရဲ့ ကိုယ်ရံတော် တပ်မှူးတစ်ဦးတို့ ဓားရေးယှဉ် ခုတ်ကြလို့ နှစ်ဦးစလုံး သေဆုံး သွားကြဖူးတယ်ဗျ။ ဗြိတိသျှ သံအရာရှိ မစ္စတာကရက်ဖို့နဲ့ အဆက်အသွယ် လုပ်ခဲ့သလို ခရစ်ယာန်သာသနာပြု ပြင်သစ် အမျိုးသမီးတွေနဲ့လဲ အပေးအယူ ရှိနေပြန်တယ်လေ။ ပြီးတော့ နေပြည်တော်မှာ မင်းမှုထမ်းနေ တဲ့ ပေါ်တူဂီလူမျိုး စိန်ဘာ ဘာနဲ့ လဲ မကြာခဏဆုံတွေ့လေ့ရှိကြ တယ်တဲ့။ အဲဒါကြောင့် ကောက် ချက်ချရမယ်ဆိုရင် သံကိုသံဖျက် သံချေးတက် ဆိုတဲ့ စကားပုံနဲ့ အကိုက်ညီဆုံးမိန်းမဟာ စုဖုရား လတ်ရဲ့ အပျိုတော်ရှင်ညိုလို့ အမည်ရတဲ့သုံးမည်ရ ခင်ခင်စိန် ပါပဲ အိုင်ပီ"

"ဒီမိန်းမဟာ အမျိုးသား သစ္စာဖောက် စပိုင်ပေါ့ဟုတ်လား ကိုနေမင်းခေါင်"

"ဒီသဘောပဲပေါ့ အိုင်ပီ ရယ်။ စုဖုရားလတ်ရဲ့ အပျိုတော် ရှင်ညိုဟာလဲ သာမန် စပိုင်တွေ ထက် အဆင့်ပိုမြင့်တယ်ဗျ။ သူ့ နောက်ကို ကျုပ်လိုက်နေတာကြာ ပြီ သူဟာ အခုတလော မင်းဝံ ကျားသစ်လို့ခေါ်တဲ့ မြေအောက် တော်လှန်ရေးတပ်ဖွဲ့နဲ့လဲ ပူးပေါင်း လှုပ်ရှားနေတယ်လို့ ကျုပ်စုံစမ်းသိ ရှိရတယ်"

ဟု ဆားပုလင်းနေမင်း ခေါင်က ပြောလေ၏။ ကျွန်ုပ်က . . .

"ဒါဆိုရင်လဲ ဖမ်းထား လိုက်ရုံပေါ့ ကိုနေမင်းခေါင်ရယ်"

ဟုပြောလိုက်ရာ ဆားပု လင်း နေမင်းခေါင်က ခေါင်းကို ယမ်းခါပြပြီးနောက် . .

"ဒီအမျိုးသမီးဟာ ပါးနပ် မှုလဲ ရှိတယ်၊ ရည်မှန်းချက်လဲ ကြီးတယ်။ ပြီးတော့ ရက်လဲ ရက်စက်တယ်။ သူက အခု က နောင်မင်းသားကြီး ဦးဆောင် တည်ဆောက်ခဲ့တဲ့ လက်နက် စက်ရုံနဲ့ ဒေါင်းဒင်္ဂါး စက်ရုံတွေရဲ့ တည်ဆောက်မှုပုံစံ စာရွက်တွေနဲ့ လျှို့ဝှက်နည်းစနစ် ပေလွှာချပ် တွေကို လိုချင်နေတာဗျ"

ဟုပြောလေရာ ဒေါ်ခင် ခင်ကြီးကလည်း . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဦးမင်းစံရေ၊ လွန်ခဲ့တဲ့ ဆယ်ရက်က အဲဒီ ရှင်ညိုလို့ခေါ်တဲ့ စုဖုရားလတ်ရဲ့ အပျိုတော်ကြီးက ကျွန်မဆီကို ခြိမ်းခြောက်စာတစ်စောင် ပို့လာတယ်လေ။ ကျွန်မ ခင်ပွန်း မိုင်းမောမြို့စားကြီးဘ၀ အဝေးရောက်မင်း တာဝန်ထမ်းဆောင်စဉ်ကတည်းက ထိန်းသိမ်းထားရတဲ့ အဲဒီ ပေလွှာချပ်တွေကို ခိုးယူပေးရမယ်တဲ့။ သူခိုင်းတဲ့အတိုင်း မလုပ်ရင် သူဟာ မြို့စားမင်းရဲ့ တရားဝင် သက်ရှိထင်ရှား မယားကြီးသာဖြစ်ကြောင်း လူသိရှင်ကြားလုပ်မယ်လို့ ပြောတယ်။ ကျွန်မတို့ အစဉ်အဆက် ထိန်းသိမ်းလာခဲ့တဲ့ ဂုဏ် သိက္ခာ တရားတွေတော့ သွားပါပြီ ရှင် . . ရှက်ဖွယ်လိလိပါပဲ"

"အဲလောက်ပဲ စိုးရိမ်စရာဖြစ်သလား ဒေါ်ခင်ခင်ကြီးရယ်။ အခု ကိစ္စက မိုင်းမောမြို့စားကြီး ကွယ်လွန်ပြီးလေမှ ပေါ်ပေါက်လာရတာဆိုတော့ မရိုးသားမှုတွေက ပေါ်လွင်နေတာပဲ။ ပြီးတော့ သူတို့တွေဘက်က အထောက်အထား ခိုင်လုံအောင်ပြနိုင်ပါရဲ့လားဗျာ"

"တိုင်းတားမင်းကြီးရဲ့ ရုံးတံဆိပ်တော်ချိပ်တံဆိပ်ရိုက်နှိပ်ထားတဲ့ နှစ်ဦးသဘောတူ လက်ထပ်မင်္ဂလာစာချုပ်တော်အစစ်အမှန်ကို အထောက်အထားအဖြစ် တင်ပြမယ်တဲ့ရှင်"

"ဒါကြောင့်လဲ ဒေါ်ခင်ခင်ကြီး အကူအညီတောင်းတဲ့နေ့က စလို့ ကျုပ်ကောင်လေးတွေရဲ့ အကူအညီနဲ့ သူတို့အဖွဲ့ကို စောင့်ကြည့်နေခဲ့နိုင်တာပေါ့ အိုင်ပီရယ်။ ပေလွှာချပ်တွေကို ရရင် လက်လွှဲရောင်းစားဖို့လဲ တစ်ဖက်အဖွဲ့တွေဖြစ်တဲ့ ပြင်သစ်လူမျိုး မစ္စတာနဲဗရူးတို့နဲ့ ချိတ်ဆက်ထားပြီးဖြစ်ကြောင်းလဲ သိထားပြီးပြီလေ"

ဟု ဆားပုလင်းနေမင်းခေါင်က ပြောပြလေရာ ကျွန်ုပ်က အလိုမကျစွာဖြင့် . .

"ဘယ်လိုလဲ ကိုနေမင်းခေါင်ရယ်၊ ဒီအကြောင်းတွေကို တော့ဖြင့် ကျုပ်ကိုလဲ အစကတည်းက နည်းနည်းပါးပါးတော့ ပြောပြသင့်တယ်လို့ ထင်ပါရဲ့ဗျာ"

"စိတ်မဆိုးပါနဲ့ အိုင်ပီရယ်၊ ခင်ဗျားကို မပြောသေးတာက မယုံကြည်လို့လဲ မဟုတ်ပါဘူး။ ပြဿနာကလဲ ပုဂ္ဂိုလ်ရေးသိက္ခာပိုင်းတွေဖြစ်နေတာမို့ သိုသိုသိပ်သိပ် ဖြေရှင်းနေရတဲ့သဘောပါဗျာ။ အခုတော့ အမှုရဲ့အခြေအနေကလဲ ပြီးဆုံးခန်းရောက်နေပါပြီ။ ဒီနေ့ည အစီအစဉ်မှာ အိုင်ပီလဲ ကျုပ်နဲ့ တစ်ပါတည်း လိုက်ခဲ့ပါ။ ဒေါ်ခင်ခင်ကြီးကတော့ကျုပ် ကြိုတင် ပြောထားတဲ့အတိုင်း မိုးမခရိပ်ငြိမ်အိမ်ကြီးက ဆယ့်တစ်နာရီ မိနစ်နှစ်ဆယ်တိတိမှာ အထောက်အထားထိမ်းမြားလက် ထပ်စာချုပ်ကိုကြည့်ရှုပြီးဖြစ်လို့ ပြန်လည်ထွက်ခွာသွားနိုင်ပါစေ။ ကျန်တာ ကျုပ်တို့အပိုင်းပေါ့ အိုင်ပီရယ်"

ဟု ဆားပုလင်း နေမင်းခေါင်က ပြောလေ၏။ နားမလည်နိုင်စွာဖြင့် ခေါင်းထက်ဆံပင်တို့ကြား လက်ထိုးဖွကုတ်လိုက်ပြီးမှ ကျွန်ုပ်က-

"မိုင်းမောမြို့စားကြီး သေဆုံးပြီးလို့ ဆယ်နှစ်ပဲကျော်မှဗျာ။ သူနဲ့ ပတ်သက်ပြီး အပေးအယူလုပ်ရဦးမယ်လို့ . . ဩော် . . တယ်ခက်တဲ့လူတွေ၊ ကျုပ်တော့ လိုက်မမီတော့ဘူးဗျို့"

ဟုပြောလိုက်မိလေတော့သည်။ ထို့နောက် ကျွန်ုပ်တို့ သုံးဦးသည် မျက်နှာချင်းဆိုင်၍ ထိုညတွင် လှုပ်ရှားမှုအစီအစဉ်များကို သေချာစေရန် ထပ်မံ၍ တိုင်ပင်ကြလေ၏။ ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ကြီးသည် ဦးစွာလူစုခွဲ၍ ပြန်သွားလေ၏။ ကျွန်ုပ်ဆီသို့ လှည့်၍ ဆားပုလင်း နေမင်းခေါင်က-

"ကွန်ဂရက်ကျူး အိုင်ပီ၊ ကျုပ်တို့ ဒီညတော့စွန့်စားရလိမ့်မယ်ဗျို့"

ဟု ပြောလေတော့သည်။

➤➤➤

ထိုညက ဆယ့်တစ်နာရီတိတိတွင် ကျွန်ုပ်နှင့် ဆားပုလင်းနေမင်းခေါင်တို့သည် မိုးမခရိပ ငြိမ်သို့ အတူ လျှောက်လာခဲ့ကြလေ၏။ လူသူရှင်းလင်းနေသည့် ခြံဝင်းပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝိုက် အကဲခတ်ကြည့်လေသောအခါ ငြိမ်သက် တိတ်ဆိတ်နေတာ တွေ့ရပြီး မလှမ်းမကမ်း လမ်းဆုံအရပ်တွင် ထွန်းညှိထားသော လမ်းဘေး ရေနံဆီမှန်အိမ်မီးတိုင်အား မီးကင်းစောင့်ကုလားက ရေနံဆီ လိုက်ဖြည့်နေတာ တွေ့ရလေ၏။ ဆားပုလင်းနေမင်းခေါင်နှင့် ကျွန်ုပ်တို့သည် ခြံရှေ့တွင် မှောင်ရိပ်ခိုကာ အိမ်ကြီးဆီသို့သာ လှမ်းမျှော်ကြည့်နေခြင်း ဖြစ်ကြလေ၏။ ဆားပုလင်း နေမင်းခေါင်က ကျွန်ုပ်အား . . .

"အဲဒါ ဧည့်ခန်းက မီးရောင်ပဲ အိုင်ပီ။ မြို့စားကြီးဟောင်း ကတော်နှစ်ဦးတော့ တွေ့နေကြပြီ ထင်တယ်"

ဟုပြောလေ၏။ ကျွန်ုပ်လည်း လှမ်းကြည့်လိုက်ရာ အိမ်ကြီး၏ ရှေ့မျက်နှာသာသို့တိုင် မီးအလင်းရောင်ဖြာနေသော ပြကင်းပေါက်တစ်ခုကို တွေ့ရလေ၏။ ထိုအခိုက် အိမ်ကြီးရှေ့ လူဝင်တံခါးပေါက်မကြီးမှ ဒေါ်ခင်ခင်ကြီးသည် ထွက်လာလေ၏။ အိမ်ကြီးအတွင်းမှ စုဖုရားလတ် အပျိုတော် ရှင်ညိုက . .

"ပြန်ပေဦးတော့ ခင်ခင်ကြီးရေ"

ဟု ပြောလိုက်သောအခါ ဒေါ်ခင်ခင်ကြီးက-

"ပြန်ဦးမယ် အစ်မတော်ရှင်ညိုရေ"

ဟု ပြန်ပြောလေ၏။ ထိုအခါ စုဖုရားလတ် အပျိုတော်ရှင် ညိုက . .

"မောင်ညိုလေး၊ အိမ်ကမြင်းရထားနဲ့ ခင်ခင်ကြီးကို အိမ်အရောက်လိုက်ပို့ပေးလိုက်ပါ"

ဟု ပြောလေ၏။ ထိုအခါ မြင်းရထားပေါ်မှာ အသင့်စောင့်နေသော မောင်ညိုလေးက-

"ကောင်းပါပြီ"

ဟု ပြန်ပြောပြီး ခင်ခင်ကြီး မြင်းရထားပေါ် ရောက်သည်နှင့် ခြံကြီးထဲမှ စတင် မောင်းထွက်လာလေသည်။ ခပ်လှမ်းလှမ်းသို့ ရောက်သောအခါမှ နှစ်ဦးသား မှောင်ရိပ်ထဲမှ လျှင်မြန်စွာ လှုပ်ရှားလိုက်ကြပြီး ဆားပုလင်း နေမင်းခေါင်က-

"လာဗျို့ အိုင်ပီရေ၊ ခပ်မြန်မြန်ကလေး လှုပ်ရှားလိုက်ကြဦးစို့"

ဟု ပြောပြီး နှစ်ဦးသား အိမ်ကြီးဆီသို့ ပြေးသွားပြီး တံခါးပြန်မပိတ်ရသေးသည့် အိမ်ရှေ့တံခါးပေါက်ကြီးမှပင် အိမ်ကြီးထဲသို့ ပြေးဝင်ခဲ့ကြလေ၏။ ပြေးဝင်လာသော ခြေသံတို့နှင့်အတူ ကျွန်ုပ်နှင့် ဆားပုင်းနေမင်းခေါင်တို့သည် ရုတ်တရက် ဧည့်ခန်းမကြီး အလယ်၌ စုဖုရားလတ် အပျိုတော်ရှင်ညိုနှင့် မျက်နှာချင်းဆိုင် မတ်တတ်ရပ်လျက် တွေ့ဆုံကြလေ၏။ သူမကလည်း ချက်ချင်းပင် လက်ထဲမှ မီးအိမ်ကို ခေါင်းပေါ်သို့ ကိုင်မြှောက်ပြီး ကြည့်လေ၏။ ကျွန်ုပ်သည်လည်း ဆားပုလင်း နေမင်းခေါင်နှင့်အတူ နှစ်ဦး ယှဉ်တွဲ၍ ရပ်လိုက်လေ၏။ မီးအိမ်၏ အလင်းရောင်များကပါ ကျွန်ုပ်တို့နှစ်ဦးပေါ်သို့ တိုက်ရိုက် ကျလေ၏။ သူမသည်



www.burmeseclassic.com

www.burmeseclassic.com





ကျွန်ုပ်တို့ နှစ်ဦးအား စူးရဲစွာ ကြည့်လေ၏။ မိန်းမသားတစ်ဦး ဖြစ်သော်လည်း မျက်နှာပေါ်တွင် ကြောက်ရွံ့ဟန် လုံးဝ မတွေ့ရ တာကိုတော့ ချီးကျူးမိပါသည်။ သူမက . . .

"အလို၊ ကွမ်းတောင်ကုန်း ဂါတ်ကပုလိပ်စုံထောက်ကြီး ဆားပုလင်းနေမင်းခေါင်နဲ့ တွဲဖက် အရာရှိမင်း အိုင်ပီ မင်းစံတို့ကိုယ်တိုင်ပါပဲလား ဘုရားမ . . ပါ"

ဟု အံ့သြစွာ ရေရွတ်လေတော့၏။ ဆားပုလင်း နေမင်းခေါင်ကလည်း သူမ၏ လက်ဝဲလက်ထဲမှာကိုင်ထားဆဲ စာရွက်များကို ညွှန်ပြရင်း . . .

"ကျုပ်တို့ ရည်ရွယ်ချက်ကတော့ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် တိုင်တားမင်းကြီးရဲ့ ရုံးတံဆိပ်တော် ချိပ်တံဆိပ်ရိုက်နှိပ်ထားတဲ့ နှစ်ဦးသဘောတူ လက်ထပ်မင်္ဂလာစာချုပ်ကော် အစစ်အမှန်ဆိုတာကို စစ်ဆေးကြည့်ရှုချင်လို့ပါပဲ"

ဟု ပြောလေရာ သွားဖြူတန်းကလေးပေါ်အောင် မခန့်သော အမူအရာနှင့် ပြုံးလေပြီးမှ စုဖုရားလတ်အပျိုတော်ရှင်ညိုက-

"ရှင်တို့က ဒီဟာကို ရရုံနဲ့ ပြီးသွားလိမ့်မယ်လို့ ထင်နေသလား၊ အဲဒီအချိန်တုန်းက ရှိကြတဲ့ လူ မျက်မြင်သက်သေတွေကိုရောပဲ ရှင်တို့အားလုံးက ဘယ်လိုသုတ်သင်ဖျောက်ဖျက်ကြမှာလဲ၊ မကြံကောင်း မစည်ရာတွေရှင်၊ နာမည်ကြီး ပုလိပ်စုံထောက်မင်း ဆားပုလင်းနေမင်းခေါင် ကိုယ်တိုင် လူသတ်မှုတွေကျူး လွန်ခဲ့ပါတယ်ဆိုတဲ့သတင်းတွေ သတင်းစာထဲမှာ ပါလာခဲ့ရင်ဖြင့် မသင့်တော်စရာ ဆားပုလင်းနေမင်းခေါင်ရယ်"

"ထားပါလေ၊ အသာတကြည်ကြည့်ရှုပါရစေ၊ ပလိစ် . . ပြပါ"

ဆားပုလင်းနေမင်းခေါင်ကလည်းမြွေခနဲပြုံးလိုက်ပြီး လက်ကိုဆန့်ကမ်း၍ ဖြန့်ပြတောင်းခံလေရာ၊သူမကလည်း မထီမဲ့မြင် အမူအရာနှင့် ကမ်းပေးလေ၏။ ထိုအခါ ဆားပုလင်းနေမင်းခေါင်က စာရွက်များကို လက်ပြောင်းယူပြီး အခန်းသောင့် စားပွဲပေါ်၌ တင်ထားသည့် ရွှေရည်စိမ် ကြေးမီးတိုင်ကြီးနှင့် အကျအန ထွန်းညှိထားသော ကျောက်ဖယောင်းတိုင်ကြီး အလင်းရောင်အောက်သို့ နီးကပ်အောင် တိုးသွားပြီး သေသေချာချာ ဖြန့်ကြည့် ဖတ်ရှုနေလေ၏။ အတန်ငယ် ကြာသောအခါမှ အားဖျော့သော အပြုံးတစ်ခုကို ဆားပုလင်းနေမင်းခေါင်၏ မျက်နှာပေါ်၌ ကျွန်ုပ် တွေ့ရသောအခါ စိတ်ဓာတ်များပင် ကျသွားမိလေသည်။ ဆားပုလင်းနေမင်းခေါင်က -

"ဝါကျတည်ဆောက်ပုံကတော့ လွန်ခဲ့တဲ့ သုံးဆယ့်ငါးနှစ်ကျော်ကျော်လောက်က အသုံးအနှုန်းအမှန်ပါပဲ အိုင်ပီရေ၊ စက္ကူအမျိုးအစားကလဲ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်လောက်ကတည်းက ရတနာပုံ နေပြည်တော်ကို ပြင်သစ်ကုန်သည်တွေ တင်သွင်းတဲ့ စက္ကူအမျိုးအစားပါပဲ . . အင်း . . ဒါပေမဲ့ . . ."

ဟု ပြောလက်စ စကားကို ရပ်တန့်ပြီး ဆားပုလင်းနေမင်းခေါင်သည် စာရွက်စာတမ်းများ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖယောင်းတိုင်မီးရောင်ဖြင့် ပိုမို တိုးကပ် ထပ်မံကြည့်ရှုနေပြန်လေ၏။ ကျွန်ုပ်သည်လည်း သူ့အနီးသို့ တိုးကပ်သွားပြီး ပခုံးစွန်မှ ကျော်၍ သူ့လက်ထဲမှ စာရွက်တွေပေါ် လှမ်းကြည့်မိလေ၏။

"အိုင်ဆေး ကိုနေမင်းခေါင်၊ ကျုပ်တော့ ဘာကိုမှ ထူးခြားမှု သတိမထားမိတာ အမှန်ပါပဲဗျာ။ တံဆိပ်တော်တွေ လက်မှတ် ထိုးထားတာတွေ အားလုံး နေရာမှန် အတိအကျပါပဲဗျ"

"ဟုတ်ပြီ၊ မင်အရောင်က ရောပဲ"

"သေချာပါတယ် ကိုနေမင်းခေါင်ရယ်၊ အနက်ရောင်ဆိုပေမယ့် အပြာရောင်ကလေး နည်းနည်းစွက်တာပေါ့ဗျာ။ ရိုးရိုးနက်ပြာရောင် အတိအကျပါပဲ။ ကျုပ် မိန်းမဆီက မကြာခဏ ရေးပို့နေတဲ့ စာတွေမှာလဲ ဒီမင်အရောင်ကိုပဲ သုံးတာပါပဲဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လေရာ ဆားပုလင်းနေမင်းခေါင်က အနီးရှိ နံရံကပ် စာရေးစားပွဲဆီသို့ သွားပြီး ငှက်မွှေးမင်တံနှင့် မင်ခွက်ကို ယူ၍ ပြန်လာ၏။

"ကဲ . . ဟောဒီမင်အရောင်ကရောဗျာ"

ဟု ပြောရင်း ငှက်မွှေးအရင်းကို မင်အိုးထဲစိုက်လိုက်ပြီး စာရွက်စာတမ်းများ၏ အစွန်းအနားများပေါ်တွင် ခြစ်ရာ တစ်ခုစီ ရေးပြလေ၏။

"မင်အရောင်က အတူတူပဲလေ"

ဟု ကျွန်ုပ်က အတည်ပြုပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနေမင်းခေါင်က . .

"ဟုတ်ပါတယ် အိုင်ပီရဲ့၊ ဒီအိုးထဲက မင်အရောင်ကလဲ နက်ပြာရောင်ပဲလို့ ကျုပ်ပြောချင်တာပါ"

ဟု ဆားပုလင်း နေမင်းခေါင်က ပြောလေ၏။ ထိုအခါ ကျွန်ုပ်တို့ နှစ်ဦးစလုံး နောက်ကျောဘက်မှ မတ်တတ်ရပ်ကြည့်အကဲခတ်နေသော စုဖုရားလတ်ရဲ့ အပျိုတော် ရှင်ညိုက လှောင်ပြောင်သလို အမူအရာနှင့် မျက်နှာချင်းဆိုင် ရှေ့သို့ တိုးလာရပ်ပြီး-

"ရှင်ဆိုလိုတာက ဒီစာချုပ်စာတမ်းတွေဟာ ဒီစာရေးစားပွဲပေါ်မှာပဲ ဖန်တီးပြုလုပ်ထားတာတွေလို့ ပြောချင်တာလား။ ရှင်ဟာ အရူးပဲ။ လူတိုင်း ဒီမင်အရောင်ကို သုံးကြတာပဲလေ"

"ယေဘုယျအားဖြင့် ပြောရင်တော့ မှန်ပါတယ်ခင်ဗျာ။ ဒါပေမဲ့ ဒီစာချုပ်စာတမ်းတွေ ပြုလုပ်ခဲ့တဲ့ ခုနှစ် ရက်စွဲတွေက ၁၈၄၈ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့လို့ တူညီစွာ ဒိတ်တပ်ထားပေမယ့် မဲနယ်ပါတဲ့ မင်နက်ပြာအရောင်ဆိုတာ ၁၈၅၆ ခုနှစ်အထိ အနောက်နိုင်ငံတွေမှာတောင် မပေါ်သေးဘူးဗျ။ အဲဒီခေတ်က ကျုပ်တို့ မြန်မာ နိုင်ငံမှာ အသုံးတွင်ကျယ်နေတာက ကံ့ကူဆံနဲ့ ရေးရတဲ့ ပေမူ၊ ဒါမှမဟုတ် ခဲတံနဲ့ ရေးတဲ့ မှိုင်းခံ စက္ကူတွေပဲ အသုံးများကြတယ်လေ"

ဟု အပြုံးမြွေမြွေနှင့် အချက်ပိုင်ပိုင် ပြန်လည်ဖြေကြားလေ၏။ ထိုအခါ စုဖုရားလတ်အပျိုတော် ရှင်ညို၏ လှပသည့် မျက်နှာပေါ်တွင် ဒေါသအသွင် သဏ္ဌာန်တစ်ခုက မီးရောင်နှင့် ပင် ထင်ရှားပေါ်လွင်စွာ တွေ့နေရလေ၏။ မြွေတွန်သံလို လေသံက အေးစက်မာကြောစွာ ပြောတော့သည်။

"**ဒါက** ဘာသဘောလဲ၊ ဆားပုလင်းနေမင်းခေါင် စွပ်စွဲမှုအကွက်နဲ့ ခြိမ်းခြောက်ချင်တဲ့ သဘောလား"

"အပျော်တန်း ခါတ်ခွဲဆရာ တစ်ယောက်တောင်မှ ဒီကိစ္စကို ခွဲခြားဖြေရှင်းပြနိုင်မှာလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဒါပေမဲ့ မခိုင်လုံဘူးလို့ ထပ်မံ ငြင်းချက်ထုတ်ဦးမယ်ဆိုရင်တော့ ရှင်ညို ခေါ် ဒေါ်ခင်ခင်စိန်ရေ၊ ကျုပ် ရန်ကုန်မြို့ အင်းစိန်စိအိုင်ဒီဌာနကို လှမ်းပို့အကူအညီ တောင်းပြီး ထွက်ချက်သက်သေ ပြုလုပ်ရမှာပေါ့ဗျာ"

ဟု ပြောပြီး ဆားပုလင်း နေမင်းခေါင်သည် စာရွက်စာတမ်းများကို သေချာစွာ ခေါက်၍ သူ၏ လောင်းကုတ်အင်္ကျီရှည်ကြီးထဲသို့ အသေအချာ ထည့်သိမ်းလိုက်လေ၏။

"ဒါဟာ ကျုပ် ရှာဖွေသတိပြုမိတဲ့ စေ့စပ်သေချာမှုပါပဲ။ ဒီတော့ အပျိုတော်မကြီး ရှင်ညိုအနေနဲ့ အားကိုးအားထား နည်းပါးနေတဲ့ တော်ဝင်မိသားစုအမျိုးသမီးတစ်ဦးကို ခုလို အတုပြုလုပ် အကျပ်ကိုင် အပေးအယူတောင်းဆိုမှု လုပ်တာကတော့ စက်ဆုပ်စရာ ကောင်းလွန်းတဲ့ သွေးအေး အနိုင်ကျင့်မှုမျိုးမို့ မင်းမှုထမ်း ဖြစ်ခဲ့ဖူးသူ မြန်မာအမျိုးသမီးတစ်ဦးဆိုတဲ့ လူမျိုးရေး သိက္ခာကင်းမဲ့ လွန်းတယ်လို့ ရှုတ်ချရမှာပါပဲခင် ဗျာ"

"ရှင်ကရောပဲ မျိုးချစ်သူရဲကောင်းတစ်ဦးမှ မဟုတ်ဘဲ။ ရှင့်ကိုယ်ရှင် နယ်ချဲ့လက်ကိုင်တုတ် ပုလိပ်စုံထောက်တစ်ဦးဆိုတာ သတိထားမိသေးရဲ့လားရှင်"

"ကိုယ်ကျိုး အတ္တအတွက် ရည်ရွယ်ပြီး သူတစ်ပါးကို ကြံစည်တဲ့ လူတစ်ဦးထက် နယ်ချဲ့လက်ကိုင်တုတ်ဆိုပေမယ့် တရားမျှတစွာ ဥပဒေဘက်တော်သား ဖြစ်နေရတာ ကျုပ်ဂုဏ်ယူတယ်ဗျ"

"ရှင်တို့ နှစ်ယောက်လဲ အခု သူတစ်ပါး ဥပစာအတွင်း ညဥ့်အချိန်မတော်မှာ ကျူးကျော်ဝင်ရောက်လာကြတာပဲ။ အဲဒါကရောပဲ ဥပဒေနဲ့အညီ တရားမျှတတဲ့ ဥပဒေရဲ့ ဘက်တော်သားတွေ လုပ်ရပ်လား"

"မှန်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ပဟ္တရောင် ပုလိပ်တွေကြားအောင် အော်ဟစ် အကူအညီတောင်းလိုက်ပါ၊ ကျုပ်တို့ဘက်ကတော့ ရင်ဆိုင်ဖြေရှင်းဖို့ အသင့်ပဲ၊ ခင်ဗျားလဲ သက်သေအထောက်အထား အတုပြုလုပ်မှု၊ ခြိမ်းခြောက် အကျပ်ကိုင် တောင်းဆိုမှုနဲ့ အင်္ဂလိပ်၊ ပြင်သစ်၊ ပေါ်တူဂီ၊ သူလျှိုလုပ်မှု၊ နိုင်ငံရေးအဖွဲ့အစည်းတွေမှာ ပါဝင် ပတ်သက်နေမှု စတဲ့ ပြစ်ချက်တွေနဲ့ တိုင်ရမှာပဲ။ ဒီတော့ ကျုပ်ဟာ ခင်ဗျားကို မြန်မာနန်းတွင်း မင်းမှုထမ်းအမျိုးသမီး ဖြစ်ခဲ့ဖူးတာကို ထောက်ထားပြီး ဒီမြို့က ပြန်လည် ထွက်ခွာသွားဖို့ တစ်ပတ်တိတိ အချိန်ပေးမယ်၊ နောက်ကျရင်တော့ သက်ဆိုင်ရာ အာဏာပိုင် ဥပဒေဘက်တော်သားတစ်ဦးအနေနဲ့ အရေးယူရပါလိမ့်မယ်၊ စုဖုရားလတ်ရဲ့ အပျိုတော် ရှင်ညို"

ဟု ဆားပုလင်း နေမင်းခေါင်က ပြောလေ၏။ ခေတ္တမျှ နှစ်ဦးနှစ်ဖက် တင်းမာမှုများနှင့် အတူ အခြေအနေက သုံးဦးမျက်နှာချင်းဆိုင်ရှိနေကြသော ဧည့်ခန်းမကျယ်ကြီးအတွင်းမှာ တိတ်ဆိတ်ငြိမ်သက်မှုတို့ စိုးမိုးနေလေ၏။ ကျွန်ုပ်သည်လည်းကောင်း၊ ဆားပုလင်း နေမင်းခေါင်သည်လည်းကောင်း တစ်ဦးကို တစ်ဦး အကဲခတ်စူးစိုက်ကြည့်နေမိကြလေ၏။

ထို့နောက်မှ . . .

စုဖုရားလတ် အပျိုတော် ရှင်ညိုက စကားတစ်လုံး မဆိုတော့ဘဲ သက်မကိုချ ခေါင်းကိုဆတ်ခနဲ ညိတ်၍ ခပ်ယဲ့ယဲ့ အပြုံးတစ်ခုပြုကာ လက်ဝဲလက်တို မြှောက်၍ တံခါးပေါက်ဆီသို့ ကျွန်ုပ်နှင့် ဆားပုလင်း နေမင်းခေါင်တို့အား ညွှန်ပြလေတော့



www.burmeseclassic.com

www.burmeseclassic.com



၏။

➤➤➤

နောက်တစ်နေ့ . . .

မိုင်းမောမြို့စားကြီးဟောင်း ကတော် ကျွန်းသာယာခင်ခင်ကြီး နှင့် စုဖုရားလတ် အပျိုတော် ရှင်ညိုတို့အဖြစ်အပျက်များမှာ လူမသိ သူမသိ ပြီးဆုံးသွားခဲ့ရလေပြီဖြစ်၏။ ကျွန်ုပ်သည် ယခင်နေ့များအတိုင်း တာဝန်ချိန် ရုံးထိုင်ခြင်းကို ပြု၍ အခြားအားလပ်သော အချိန်များတွင်တော့ ဝန်ထမ်း အပေါင်းအသင်းများနှင့် အချိန် ဖြုန်းနေခဲ့လေ့ရှိသည်။

နောက်တစ်နေ့၌ ကျွန်ုပ်သည် အော်စတင်ကား အနက်ရောင်ကလေးကို မောင်းကာ ဆားပုလင်းနေမင်းခေါင် နေထိုင်ရာ အမှတ်(၃၁၈)၊ ယုဇန(၁) လမ်း နေအိမ်သို့ ရောက်ခဲ့လေ၏။

"လာဗျို့ အိုင်ပီ၊ ခင်ဗျား ရောက်လာလိမ့်မယ်ဆိုတာ ကျုပ်သိနေတယ်ဗျ"

ဟု ဆားပုလင်းနေမင်းခေါင်က ကျွန်ုပ်ကို တွေ့တွေ့ချင်း ပြောလေ၏။ ကျွန်ုပ်က . .

"ခင်ဗျားကတော့ နေနိုင်လိုက်ပါပေ့ ကိုနေမင်းခေါင်ရယ်၊ ကျုပ်မှာတော့ ခင်ဗျားဘယ်တော့ လာလေမလဲလို့ မျှော်ရတာ အမောပဲဗျို့။ စုဖုရားလတ်အပျိုတော် ရှင်ညိုရဲ့ ကိစ္စက ပြီးသွားပြီဆိုပေမယ့် ဘယ်လိုများ ဇာတ်သိမ်းသလဲဆိုတာ သိချင်တဲ့စိတ်နဲ့ အိပ်လို့တောင် မရတော့ဘူး။ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ ခန့်မှန်းမိတာကတော့ စုဖုရားလတ် အပျို



တော်ရှင်ညိုဟာ ကွမ်းတောင်ကုန်းဂါတ်နယ်မြေပိုင် သာလွန်မြို့ ဧရိယာအတွင်းက ထွက်သွားလိမ့်မယ်ဆိုတာ . . ."

ဟု ပြောလိုက်လေရာ စကား ဖြတ်၍ ဆားပုလင်းနေမင်းခေါင်က . .

"မထင်နဲ့ အိုင်ပီရေ၊ မိန်းမတစ်ယောက်ပဲဆိုပြီး လျှော့တော့ မတွက်နဲ့ဗျ။ သိပ်ပြီး ကြောက်စရာကောင်းသလောက်၊ အငြိုးအတေးလဲကြီးတဲ့ ငန်းမြွေမ တစ်ကောင်လိုပဲဗျို့။ အခု စမုံမြစ်ကြောင်းကို ဆန်ပြီး တက်သွားကြလေရဲ့၊ ကိုးနဝင်း လှဖေတို့ ညီအစ်ကို လျှို့ဝှက်မြှုပ်နှံထားခဲ့ကြတဲ့ ရတနာပစ္စည်းတွေကို လိုက်ရှာကြမှာဗျ။ ဖိုးတွမ်မိုးကျော်နဲ့ အာဠာဝက ဝင်းမောင် တစ်လမ်းသွား ညိုမောင်၊ လက်ကောက်မားဘာသိန်းတို့လဲ လူစုံ တက်စုံကိုပါသွားကြလေရဲ့ဗျာ"

ဟု ပြောလေ၏။

မှတ်ချက်။ ။ကိုးနဝင်းလှဖေတို့ ညီအစ်ကို ရတနာပစ္စည်းတွေ စမုံမြစ်ဆုံ တစ်နေရာတွင် လျှို့ဝှက်မြှုပ်နှံခဲ့ကြခြင်းအကြောင်းအား ၂၀၀၈ ခုနှစ် ဇူလိုင်လထုတ် မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်း မှုခင်းပဟေဠိ ကဏ္ဍတွင် ဖော်ပြပြီးဖြစ်သည်။

(စာရေးသူ)

မျက်မှောင်ကိုကုပ်၍ အလေးအနက် စဉ်းစားနေရင်းမှ ဆားပုလင်းနေမင်းခေါင်က

www.burmeseclassic.com

www.burmeseclassic.com



"သူတို့တွေ သာလွန်မြို့ပေါ်မှာတော့ ဒီနေ့ မရှိတော့ပါဘူး။ ဒါပေမဲ့ တစ်ချိန်မှာ မလွဲမသွေ သူတို့တွေပြန်လာကြလိမ့်မယ် အိုင်ပီ"

ဟု ပြောလေ၏။ ထိုအချိန်၌ ဆယ့်နှစ်နှစ်အရွယ် ယောကျ်ားကလေးတစ်ယောက်သည် လက်၌ လေးထောင့်စပ်စပ် အိတ်တစ်ခုကို ကိုင်လျက် အိမ်ပေါ်သို့တိုင်တက်လာလေ၏။ ထိုကလေးအား ဆားပုလင်းနေမင်းခေါင်က. .

"ဘာကိစ္စလဲကလေး"

ဟု ပြုံးပြီး မေးလိုက်ရာ သွက်လက်စွာပင် ထိုကလေးက-

"ဆားပုလင်းနေမင်းခေါင် ကို စာပေးခိုင်းလိုက်လို့ပါ"

"ဦးဦးက ဆားပုလင်းနေမင်းခေါင်ကိုယ်တိုင်ပါပဲကွယ်။ ပြစမ်းပါဦးကွ"

မည်သူက ပေးခိုင်းသနည်းဟု ကလေးငယ်အား ကျွန်ုပ်က မေးမြန်းကြည့်ရာ မနေ့ညက စမုံမြစ်ကမ်းမှာ ခရီးသွားအဖွဲ့ငယ် တစ်ဖွဲ့ ရောက်လာကြောင်း၊ ထိုအဖွဲ့တွင် လွန်စွာမှ ခန့်ညားလှပ သော မိန်းမကြီးတစ်ဦးလည်း ပါကြောင်း၊ ထိုမိန်းမကြီးကပင် ပိုက်ဆံသုံးပြား ပေး၍ နောက်တစ်နေ့မှ ခုလိုပေးရန်လည်း မှာရစ်ခဲ့သည် ဆို၏။

ကျွန်ုပ်သည် စမုံမြစ်ဆိပ်



ကမ်းသို့ လိုက်သွားရန် သင့်မသင့် အကြံပြုလေရာ လိုက်သွားလည်း တွေ့နိုင်လိမ့်မည် မဟုတ်ကြောင်း ဆားပုလင်း နေမင်းခေါင်က ရှင်းပြလေ၏။ စာလာပေးသော ကလေးအား ပိုက်ဆံနှစ်ပဲပေး၍ ပြန်လွှတ်လိုက်ပြီးလျှင် ကျွန်ုပ်က -

"အိုင်ဆေး၊ ခင်ဗျားကောင်လေးတွေထဲက မဟုတ်ဘူးလားဗျ"

"ဟော့အေး၊ ဒီကလေးဟာ ကျုပ်လိုပဲ လက်သပ်မွေး သင်တန်း ပေးထားတဲ့ စုဖုရားလတ်အပျိုတော်ကြီးရဲ့ လူဖြစ်နိုင်တယ်ဗျ"

ဟု ပြောပြီး စာအိတ်ကို ဖွင့် ပြီး ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေသည်။

*ပြန်လည်တွေ့ဆုံရပါဦး မည်၊*
*ဆားပုလင်းနေမည်ခေါင်-*
*ဘယ်တော့မှမမေ့ပါ။*
*ရှင်ညို*

ဆားပုလင်းနေမင်းခေါင်က ထိုစာကို ကျွန်ုပ်ထံ ကမ်းပေးလေ၏။ ပြီးနောက် မြွေခနဲ ပြုံးလေ၏။

"ဥပဒေရဲ့ အတွင်းနဲ့ အပြင်ဆိုတာ ရေအိုးနဲ့ ရေမှုတ်လို အမြဲတမ်း ရှိနေကြတာပါပဲလေ"

ဟုပြောပြီး ဆားပုလင်းနေမင်းခေါင်သည် ကုလားထိုင်ပေါ် ပြန်ထိုင်ချလိုက်ကာ သူ့အင်္ကျီအိတ်ကပ်ထဲမှ ကုလားအုတ်တံဆိပ် စီးကရက်ဘူးကို ထုတ်ယူ၍ တစ်လိပ်ကို မီးညှိဖွာရှိုက်နေ လိုက်လေတော့သည်။

**စိုး(မှုဆယ်)**



www.burmeseclassic.com

www.burmeseclassic.com



# အချစ်ဈေး

တက္ကသိုလ်ကိုဌေး(ဖြူး)

www.burmeseclassic.com

www.burmeseclassic.com



# အချစ်ကြွေး

လွန်ခဲ့သော နှစ်ပေါင်း (၇၀)ခန့်က တောင်ဂူဒီစတြိတ် ဖြူးမြို့ ပဲခူးလမ်းမပေါ်တစ်နေရာတွင် အင်္ဂလိပ်ဆေးခန်းတစ်ခု ရှိခဲ့ဖူးလေသည်။ ထိုဆေးခန်း ပိုင်ရှင်ဖြစ်သူမှာ ရဟူဒီလူမျိုး ဘရှူးဝါး ဆိုသူဖြစ်လေသည်။

၄င်း၏ဇနီးမှာ ၄င်းကုသပေးမှုကြောင့် မီးယပ်ရောဂါ ပျောက်ကင်းသွားမှုကို အကြောင်းပြုပြီး လက်ထပ်ပေါင်းသင်းနေသော ရှမ်းဗမာစပ် မနန်းဖြစ်သည်။

ဆောင်းရာသီ ကုန်လုနီး တစ်ရက်တွင် အရပ်မြင့်မြင့်ပြီး အသားဖြူဖြူ၊ နှာတံပေါ်ပေါ်



မျက်လုံးမျက်ခုံး ကောင်းကောင်းနှင့် လုပကြော့ရှင်းပြီး မွန်မွန်ရည်ရည်ရှိ အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးသည် ဒေါက်တာ ဘရှူးဝါး၏ ဆေးဆိုင်သို့ ရောက်ရှိလာလေ၏။

ဘရှူးဝါး၏ ဇနီး မနန်းက နွေးထွေးစွာဖြင့် –

"ညီမ ဘာများအလိုရှိပါသလဲ"ဟု မေးမြန်းလေရာ အမျိုးသမီးငယ်က –

"ARSENIC လိုချင်ပါတယ်"ဟု ပြန်ဖြေလေ၏။ မနန်းမှာ အမျိုးသမီးငယ်ပြောသော အာဆင်နစ်ဆိုသော အင်္ဂလိပ်စကားကို ကောင်းစွာနားမလည်သောကြောင့် ဇဝေဇဝါဖြစ်နေလေရာ –

"ကြွက်သတ်ဖို့ အာဆင်နစ် အဆိပ်ဆေး လိုချင်လို့ပါ"ဟု ထပ်မံပြောဆိုလေ၏။

ထိုစဉ်မှာပင် ဘရှူးဝါး ရောက်ရှိလာပြီး အကျိုးအကြောင်းကို ထပ်မံမေးမြန်းပြန်လေ၏။

"အာဆင်နစ်ဆိုတာ အဆိပ်တစ်မျိုးဖြစ်ပါတယ်။ လူတွေရဲ့ အသက်ကို အန္တရာယ်ပေးနိုင်ပါတယ်။ ဘာလုပ်ဖို့လဲ"

"ကြွက်သတ်မလို့ပါ"

ဟု စိတ်တိုသည့် အမူအရာ လုံးဝမပြဘဲ ရယ်ရယ်ပြုံးပြုံးပင် ဖြေကြားပြန်လေ၏။

မိမိကိုယ်တိုင်က လူ့အသက်ကို ကာကွယ်စောင့်ရှောက်ပေးရမည့် ဆေးဆရာတစ်ဦးဖြစ်နေသည့် အားလျော်စွာ အာဆင်နစ်ကဲ့သို့ လူ့အသက်ကို သေစေနိုင်သည့် အဆိပ်ဆေးကို လူတိုင်းအား လွယ်လင့်တကူ ရောင်းချပေးရန် ဆန္ဒမရှိသူဖြစ်ရကား–

"ကြွက်သတ်ဖို့ဆိုရင် ဒီဆိုင်မှာ တခြားဆေးတွေ ရှိပါသေးတယ်။ အာဆင်နစ်လို အာနိသင်ရှိတဲ့ အဆိပ်မျိုးတွေပါပဲ။ အဲဒီတခြားဆေး တမျိုးမျိုးကို သုံးရင်ပိုပြီး ကောင်းမယ်ထင်ပါတယ်"

ဟု တလေးတစား ရှင်းပြရင်း အကြံပေးကြည့်ပြန်လေ၏။ ထိုအခါ အမျိုးသမီးငယ်က–

"အခုလို ရှင်းပြတာ ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူး။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အာဆင်နစ်အဆိပ် ဆေးမှုန့်ကိုပဲ လိုချင်ပါတယ်။ ကြွက်သတ်တဲ့နေရာမှာ အာဆင်နစ်ဟာ အခြားဆေးတွေထက် ထိရောက်မှုရှိတယ်လို့ သိထားရပါတယ်''

''တစ်ခုတော့ ရှိတယ်။ ဒီဆေးကိုဝယ်ရင် ဝယ်ယူတဲ့သူက ဒီဆေးကို မည်သို့အသုံးချရန် ဝယ်ယူကြောင်း ဝန်ခံလက်မှတ်ကို ကြိုတင်လက်မှတ်ထိုးရပါလိမ့်မယ်။ ဒီလို လိပ်စာနဲ့တကွ ဖော်ပြပြီး လက်မှတ်ရေးထိုးနိုင်ပါ့မလား''

''ဟုတ်ကဲ့ရှင့်၊ ကျွန်မ လက်မှတ် ထိုးပေးနိုင်ပါတယ်။ ကျွန်မရဲ့ နေရပ်လိပ်စာကိုလဲ ရေးပေးခဲ့ပါမယ်''

ဟု တည်ငြိမ်အေးဆေးစွာဖြင့် ဖြေဆိုလေရာ ဘရှူးဝါးလည်း ဆေးကို စနစ်တကျ ချိန်တွယ် ရောင်းချပေးကာ မှတ်တမ်းစာအုပ်တွင် ဆေးဝယ်ယူကြောင်း ဝန်ခံလက်မှတ်ရေးထိုးစေခဲ့သည်။

သို့ဖြင့် နောက်ဆုံးတွင် အမျိုးသမီးငယ်သည် ဆေးရောင်း မှတ်တမ်းစာအုပ်တွင် ခင်လေးနွယ်ဟူသော အရပ်နာမည်အပြင် ဟယ်လင်ဘရောင်းဟူသော ကျောင်းနာမည်ကိုပါ နှစ်မျိုးစလုံး ရေးသားဖော်ပြပြီး မြန်မာနာမည် 'ခင်လေးနွယ်'ဟူသော လက်မှတ်တို ရေးထိုးပြီး ပြန်လည်ထွက်ခွာသွားလေ၏။

နောက် သုံးလခန့်အကြာတွင် အဆိုပါ ခင်လေးနွယ်သည် ရာဇသတ်ကြီး ဥပဒေအရ လူ့အသက်ကို သေစေရန် ကြံစည်အားထုတ်မှုအပြင် လူသတ်မှုတို့ဖြင့် တရားစွဲဆိုခြင်း ခံရပြီး တောင်ငူဒိစတြိတ် စက်ရှင်တရားသူကြီးရုံးတော်သို့ ရောက်လာလေ၏။

တရားစွဲဆိုထားချက်များမှာ ပထမအချက်အနေဖြင့် မောင်ဖိုးချစ်ဆိုသူ လူပျိုလူငယ်အား သေစေလိုသော စိတ်ဆန္ဒဖြင့် အဆိပ်ခတ်တိုက်ကျွေးမှု၊ ဒုတိယအချက်အနေဖြင့် အဆိုပါ မောင်ဖိုးချစ်အား အဆိပ်ကျွေးပြီး သတ်ခဲ့မှုတို့ ဖြစ်လေသည်။

အမှုကို စစ်ဆေးစီရင်မည့်နေ့တွင် ဖြူးမြို့မှ အဆိုပါ အမှုနှင့် ပတ်သက်သည့် တရားလို တရားခံဘက်မှ နီးစပ်ရာ ဆွေမျိုးများနှင့် အပေါင်းအသင်းများသည် နံနက် (၉)နာရီတွင် တောင်ငူသို့ ထွက်ခွာသည့် လော်ကယ်ရထားဖြင့် စုဝေးလိုက်ပါလာကြလေ၏။

တောင်ငူမြို့တွင်လည်း ဤလူသတ်မှုအကြောင်း တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် ဟိုးလေးတကျော် ဖြစ်နေရာ စိတ်ဝင်စားကြသူများသည် နံနက် (၉)နာရီလောက်မှစပြီး တရားရုံးသို့ လာရောက်စောင့်ဆိုင်းကြလေသဖြင့် တရားရုံးဝင်းတစ်ခုလုံး လူများ ရှုတ်ရှုတ်သဲသဲဖြင့် စည်ကားလျက်ရှိလေ၏။ တရားရုံး အနီးရှိ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် မုန့်ဟင်းခါးဆိုင် အားလုံးပင် နံနက် (၁၀) နာရီ မထိုးမီ ရောင်းကုန်သွားလေတော့၏။

ရုံးတံခါးကို ဖွင့်လိုက်သည်နှင့် မြို့သူမြို့သားများသည် အလွန် စိတ်ဝင်စားကြသောကြောင့် ထိုင်ခုံနေရာရရှိရေးအတွက် တရားရုံးခန်းမအတွင်းသို့ သူ့ထက်ငါ ပြေးဝင်ကြလေ၏။

ဤလူသတ်မှုကား ဒေသအတော်များများတွင် ဖြစ်လေ့ဖြစ်ထရှိသော သာမန်နိုက်



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်ပွားရာမှ သို့မဟုတ် မူး ယစ်သောက်စားကြရာမှ ဖြစ်ပွား လေ့ရှိသည့် ဒေါသအလျောက် ဖြစ်ပွားသော လူသတ်မှုမျိုး မ ဟုတ်ပါပေ။

ထိုခေတ်အချိန်ခါက နာ မည်ကြီး ရေပန်းစားနေသော စိတ်ကူးယဉ် ဇာတ်လမ်းများအ တိုင်း အချစ်၊ အကြမ်း၊ အလွမ်း၊ အဆွေးနှင့် ကြေကွဲရခြင်းအပြင် သေကွဲကွဲပြီး ကွေကွင်းရခြင်းတို့ ဖြင့် နိဂုံးချုပ်ရသော ဇာတ်လမ်း မျိုး ဖြစ်လေသည်။

မောင်ဖိုးချစ်နှင့် ခင် လေးနွယ်တို့ကား လူငယ်တို့ သ ဘာဝ အစပိုင်းတွင် နှစ်ကိုယ်တူ ချစ်ရည်မျှခဲ့ကြလေ၏။ ရှင်အတူ သေမကွဲ အချစ်ခရီးလမ်းကို အ တူတူ လက်တွဲလျှောက်ကြမည် ဟု ကတိသစ္စာ အကြိမ်ကြိမ် အ ခါခါ ဆိုထားကြသူများဖြစ်ကြ သည့်အပြင် အချစ်တွင် မျက်စိ မပါဘူးဟူသော အစဉ်အလာ စကားကို နှစ်ဦးစလုံး စိတ်တူ ကိုယ်တူ လက်ခံခဲ့ကြသူများ လည်း ဖြစ်ကြလေ၏။

သို့ရာတွင် ခင်လေး နွယ်သည် မောင်ဖိုးချစ်၏ နောက်ပိုင်းရာဇဝင်ကို ကြားသိ လာရသောအချိန်တွင် အချစ် စိတ်များ လျော့ပါးလာပြီး စံပယ် လိုလို နှင်းဆီလိုလိုဖြင့် ရေးက ထားခဲ့သော ကတိစကားလှလှ လေးများကို တဖြည်းဖြည်းချင်း ချိုးဖောက်စပြုလာ၏။ အချစ် တွင် မျက်စိမပါဘူးဟု ရူးရူးမိုက် မိုက် လက်ခံထားခဲ့ငြားလည်း ဦးနှောက်က တာရှည်စွာ လက် မခံနိုင်တာမျိုး ခံစားလာရ၏။

တစ်ရက်တွင် မောင်ဖိုး ချစ်ကို ချိန်းဆိုပြီး နှစ်ဦးသား တွေ့ဆုံကြရာဝယ် သနားချစ်နှင့် မနှစ်မြို့တော့သော ခံစားချက်တို့ ရောပြွမ်းပြီး ခါတိုင်းထက်ချစ်အား ပိုလေဟန်ဖြင့် ပိုမိုနွေးထွေးစွာ ဆက်ဆံချစ်တင်းနှောရင်း ဘဝ ရှေ့ရေးကို ဆွေးနွေးကြ၏။ မောင်ဖိုးချစ်၏ ဘဝရှေ့ရေးကား ရင်လေးစရာကောင်းလှ၏။

ပွဲရုံကွင်း ကုန်ထမ်းပြီး ကူလီ လုပ်စားရသော လူ့ အောက်တန်းလွှာမှ လူတစ်ဦးကို ဒယ်ဒီကဲ့သို့သော ဗိသုကာ ကန် ထရိုက်တာက လက်ခံနိုင်ပါမည် လား။ မိမိဘဝတွင်းသို့ ဘယ်ပုံ မျိုး ဝင်လာလို့ရပါမှာလဲ၊ မောင် ဖိုးချစ်နှင့် ဆုံတွေ့လေတိုင်း –

"နွယ့်ကို မောင် အ သက်ပေးချစ်မှာပါ။ နွယ့်ကိုသာ မောင် လက်လွှတ်ဆုံးရှုံးရမယ် ဆိုရင် မောင်တော့သေမှာပဲ။ မောင် နွယ့်ကိုချစ်တယ်ဆိုတာ ဟာ မောင့်ရဲ့ ဖြူစင်တဲ့ အသည်း နှလုံးနဲ့ ချစ်တာပါ။ ဒါကို မောင် ကျမ်းကျိန်ပြီး ပြောရဲတယ်။ နွယ် ဟာ အထက်တန်းလွှာက ဓန ရှင်၊ ဂုဏ်ကြီးရှင်တစ်ဦးရဲ့ သမီး ဆိုတာကို အစက မသိရိုးအမှန် ပါကွယ်"

ထပ်ခါတလဲလဲ ပေးခဲ့ သော ကတိစကားလှလှများကို ခင်လေးနွယ်၏ နားဝယ် ပျားသ ကာနှယ် ချိုသာခဲ့လေ၏။

"နိုးနိုး၊ ဒက်ဒီသိရင် ဒုက္ခပါပဲ။ ငါ အချိန်မီအောင် ရပ် တန်းကရပ်မှ ဘယ်လိုများလုပ်ရ ပါ့၊ ကိုင်းပါလေ လူတောင်မှတစ် နေ့ကျရင် သေရသေးတာ၊ အခု ရှုပ်မှ နောင်ရှင်းဆိုတယ် မဟုတ် လား။ ရေရှည်မှာ နှစ်ယောက် လုံး ကောင်းသွားမယ့်ကိစ္စမျိုး ဖြစ်လာမှာပါ"

ကြံစည် စိတ်ကူးရသည် မှာ အလွန်မခက်ခဲလှပေ။ သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီး အတူတူ လက်မတွဲနိုင်တော့လို့ ယခင်ပေးမိခဲ့တဲ့ ကတိတွေကို ဒီနေ့ကစပြီး ပယ်ဖျက်လိုက်ပါပြီ။ နောက်ထပ် နွယ့်ကို တွေ့ဖို့မလိုတော့ပါဘူးပေါ့။ ဒါလောက်ကလေး ပြောလိုက်ရုံပဲ မဟုတ်လား။ ဤကား ခင်လေးနွယ်၏ စိတ်ကူးဖြစ်၏။ သို့တိုင်အောင် ဒီကနေ့ ချစ်သူမောင့်ကို တကယ်တမ်း ပြောလိုက်ရတော့မည့် အခါတွင်မူ မလွယ်ကူကြောင်း သိလာရသည်။

ရှေ့တွင်ထိုင်ပြီး မိမိအား ရွှန်းရွှန်းစားစား ကြည့်နေသော မောင်ဖိုးချစ်ရဲ့ မျက်နှာကိုပင် ရဲရဲမကြည့်ရဲ။ မကြည့်ရက်တာလည်း ဖြစ်နိုင်ပေသည်။

''ကိုင်းလေ မထူးပါဘူး ပြောမှဖြစ်မှာမို့ ပြောရတော့မှာပဲ''

ခင်လေးနွယ်သည် စိတ်ကို တင်းထားပြီး တည်ငြိမ်မှု ရအောင် အားယူလိုက်သည်။ ပြီးမှ–

''မောင်နဲ့ နွယ်တို့ရဲ့ အချစ်ရေးကိစ္စတွေကို ဒီကနေ့မှာပဲ နောက်ဆုံးထားပြီး ရပ်လိုက်ကြပါစို့ မောင်ရယ်။ တစ်နေ့မဟုတ် တစ်နေ့ဆိုသလို ဒက်ဒီ သိလာတော့မှာ အမှန်ပဲ။ နွယ် ဒက်ဒီကို ရင်မဆိုင်ရဲဘူး။ မနေ့ညက ဒက်ဒီ ရန်ကုန်က ပြန်လာပြီ။ ဧည့်သည်တွေလဲ ပါလာတယ်။ ဒက်ဒီလုပ်ဖော်ကိုင်ဖက်တွေပဲ''

ဒီမျှသာ ပြောပြီး ခင်လေးနွယ်က စကားကို ရပ်ထားလိုက်၏။ မောင်ဖိုးချစ်က–

''မောင် နားမလည်ဘူး နွယ်ရယ်၊ ဒက်ဒီလာတာ၊ ဧည့်သည်လာတာတွေနဲ့ မောင်တို့က

''ဒီလို ရုပ်ရည်နဲ့ မိန်းကလေးက ကိုယ့်ချစ်သူကို အဆိပ်ကျွေး သတ်တယ် ဆိုတာများ

--------

''

ဘာဖြစ်လို့ ရပ်လိုက်ရမှာတဲ့လဲ။ ဘာလဲ နွယ်ရဲ့ဒက်ဒီက ကိုယ်တို့ နှစ်ဦးကို သဘောမတူဘူးလို့ ပြောလိုက်ပြီလား''

မောင်ဖိုးချစ်က ခင်လေးနွယ်၏ နဖူးကိုတိုက်ပြီး အားမလိုအားမရဖြင့် မေးပြန်လေ၏။

''မဟုတ်ဘူး''

ခင်လေးနွယ်သည် မဟုတ်ဘူး ဟူသော စကားတစ်ခွန်းသာ ပြောနိုင်၏။

''ဒါဆိုရင် ဘာဖြစ်သေးလဲ။ မောင်တော့ နွယ်ကို လက်လွှတ်ပြီး အဆုံးအရှုံးလဲ မခံနိုင်ဘူး။ နွယ့်ကို လက်လွှတ်ရမှာကို သိပ်ကြောက်တယ်။ နွယ့်ရဲ့ ဒက်ဒီ သဘောမတူဘူးဆိုရင် နွယ့်ကို မောင်ခိုးပြေးမယ်။ နွယ်တို့လို မချမ်းသာပေမယ့် နွယ့်ကို မောင် ကျွေးနိုင်ဆင်နိုင်ပါတယ်။ ဖြူးအရှေ့ဘက် ခုနစ်မိုင်အကွာလောက်မှာ မောင့်ရဲ့ဇာတိရွာရှိတယ်။ မောင့်မိဘတွေပိုင်တဲ့ လယ်တွေ ရွာမှာရှိသေးတယ်။ ဟိုမှာ လယ်လုပ်စားမယ်။ မောင် တောင်သူအလုပ်တွေကို လုပ်တတ်ပါတယ်။ ဘာမှပူစရာ မရှိပါဘူး။ ဟိုမှာ နွယ်မပျော်ဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် တစ်နှစ်လောက်နေပြီး မြို့ပေါ်ကို ပြန်လာကြတာပေါ့။ မကောင်းဘူးလား''

မောင်ဖိုးချစ်ပြောသည့် တောရွာသို့ ခိုးပြေးမည်ဆိုသော စကား၊ လယ်လုပ်စားမည်ဆိုသော စကားများကို ကြားရသောအခါ ခင်လေးနွယ်၏ မျှော်မှန်းထားချက်များနှင့် ပို၍ပင် အလှမ်းကွာသွားလေ၏။

''မောင် ပြောသလို ခိုးရာလိုက်ပြေးဖို့၊ ရွာပြန် လယ်လုပ်စားကြဖို့ဆိုတာမျိုးက နွယ့်အဖို့ ဘယ်လိုမှ မဖြစ်ပါဘူး မောင်ရယ်။ ထားပါတော့လေ၊ နွယ် လာနေတာ အချိန်တော်တော် ကြာသွားပြီ။ ဒက်ဒီနဲ့ ညှိသည်တွေ မျှော်နေကြလိမ့်မယ်။ နွယ် ပြန်တော့မယ်နော်''

လမ်းမပေါ်သို့ ရောက်သောအခါ လမ်းမပေါ်တွင် လူရှင်းသလောက် ဖြစ်နေလေသည်။ ထင်သည့်အတိုင်းပင် ခင်လေးနွယ်၏ ဒက်ဒီဆိုသူနှင့် ရန်ကုန်မှ လိုက်လာသော ညှိသည်များက ခမ်းနားလှသော အိမ်ကြီး၏ အိမ်ရှေ့ဘက်ရှိ ညှိခန်းမှ စောင့်ကြိုရင်း စကားပြောလျက်ရှိသည်ကို တွေ့ရလေ၏။

ထိုနေ့တွင် ဒက်ဒီမိတ်ဆက်ပေးသော ဆန်နီဆိုသူ ထိုညှိသည်နှင့် ချစ်သူမောင်ဖိုးချစ်တို့၏ ရုပ်ပုံလွှာ ဟန်အမူအရာနှင့် ပြောစကားဆိုစကားများကို မြင်ယောင်ရင်း မိမိကိစ္စကို မည်သို့ ဆုံးဖြတ်ရမည်ကို စဉ်းစားတွေးတောရင်း အိပ်ရာထက်တွင် လူးလွန့်နေရာမှ နောက်ဆုံးတွင် ဘယ်သောအခါမှ ပြင်မရသော ဆုံးဖြတ်ချက်ကို ချလိုက်ပြီးမှ အိပ်ပျော်သွားလေတော့၏။

❋ ❋ ❋ ❋ ❋

တ ရား ရုံး သို့ လာရောက် နားထောင်နေကြသော ပရိသတ်မှာ အမှုစတင် စစ်ဆေးမည့်အချိန်ကို စောင့်စားမျှော်လင့်လျက်ရှိလေ၏။ နံနက် (၁၀)နာရီ ထိုးသည်နှင့် တရားသူကြီး၏ ရှေ့ဖတ်စာရေးက တရားသူကြီးမင်း ကြွရောက်လာပြီဟု တစ်ခန်းလုံး ကြားလောက်အောင် သတိပေးလိုက်ရာ ရုံးခန်းမကြီး တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

ထိုအချိန်မှာပင် တရားသူကြီး သုံးဦးတို့သည် ခမ်းနားစွာဖြင့် ရှေ့နောက်စီတန်းလျက် ခန်းမအတွင်းသို့ ဝင်ရောက်လာလေရာ ပရိသတ်အားလုံးတို့သည် မတ်တတ်ရပ်လိုက်ကြလေ၏။ တရားခွင်တွင် အထူးအစီအစဉ်ဖြင့် သီးသန့် စီစဉ်ပေးထားသည့် ကုလားထိုင်အမြင့်ကြီးများပေါ်တွင် အသီးသီး ဝင်ရောက်ထိုင်လိုက်ကြပြီးနောက်မှ ပရိသတ်အားလုံးက လိုက်၍ထိုင်ကြလေ၏။

ထိုအချိန်မှာပင် ပရိသတ် အားလုံးတို့၏ မျက်လုံးများသည် တရားသူကြီး သုံးဦးတို့ထံမှ တစ်ဆင့် တရားခံ ဝင်လာမည့် ဝက်ခြံပေါက်ဆီသို့ ပြောင်းရွှေ့ကျရောက် သွားလေ၏။ အရပ်အမောင်းမြင့်မားပြီး ခန္ဓာကိုယ် ထွားကျိုင်းသန်မာပုံရသော ပုလိပ်အမှုထမ်းတစ်ဦးနှင့် ၄င်း၏နောက်မှ တရားခံဆိုသူ အမျိုးသမီးတစ်ဦး ဝင်ရောက်လာကြလေ၏။ တစ်ချိန်တည်းမှာပင် ပရိသတ်များထံမှ ဝေါခနဲဟူသော တီးတိုးစကားသံများ ပျံ့ထွက်လာလေ၏။

''အလိုလေး တရားခံသာ ပြောတယ်။ ချောလိုက်လှလိုက်တဲ့ မိန်းကလေးပါလား။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လို ရုပ်ရည်နဲ့ မိန်းကလေးက ကိုယ့်ချစ်သူကို အဆိပ်ကျွေးသတ်တယ်ဆိုတာများ နားရှိလို့ သာ ကြားရတယ်။ ဘယ်လိုမှ မယုံနိုင်စရာပဲ''

''ကိုယ့်လူ တွေ့ပြီမဟုတ်လား။ ရုပ်ကလေး သနားကမားနဲ့ စိတ်က ဘီလူးစိတ်၊ ကိုယ့်ရည်းစားကို ကြွက်သတ်ဆေးကျွေးသတ်တယ်ဆိုတာများ ရက်စက်မှုအပေါင်း သရဖူဆောင်းတယ် ဆိုထိုက်ပါရဲ့။ ယုတ်မာချက်ကဖြင့် ကမ်းကုန်ပါပေတယ်။ ဒါကြောင့် လောကနီတိ ကျတ္တိယကဏ္ဍမှာ မြစ်အားလုံးဟာ ကောက်ကွေ့သလို မိန်းမမှန်သမျှဟာ ဆိတ်ငြိမ်ရာအရပ်ကိုရရင် မကောင်းမှုကို ပြုတတ်တယ်လို့ ဆိုတာပေါ့။ ဒါတင် ဘယ်ကလိမ့်မတုန်း မာယာတစ်သိန်း အပလိန်း အနန္တ ဉာဏ်ဝက်န္တဆိုတာ သူဘို့ပေါ့ဗျာ။ နောက်ပြီး လေ့နဲ့မြင်းလိုပဲ စီးကဲ့သူနောက် ကောက်ကောက်ပါတတ်တယ်လို့ ဆိုထားသေးတယ် မဟုတ်လား''

ပရိသတ်များထဲမှ ထိုသို့ တစ်ယောက်တစ်မျိုး ဝေဖန်ပြောဆိုနေကြစဉ်အတွင်းမှာပင် တရားခံအမျိုးသမီးသည် ဝက်ခြံအတွင်းရှိ တရားခံအတွက် ချထားပေးသော ကုလားထိုင်တွင် ကလန့်ရစွာဖြင့် ထိုင်ချလိုက်လေ၏။

သူမအပေါ် စွဲဆိုထားသော ပြစ်မှုများနှင့် ပတ်သက်၍ စွဲချက်တစ်ခုချင်းအလိုက် တရားသူကြီးက ဖတ်ကြားပြသောအခါ အဆိုပါ စွဲချက်တစ်ခုချင်းကိုပင် တရားသူကြီးနှင့် ပရိသတ်အားလုံးကြားလောက်အောင် စိတ်အေးတည်ငြိမ်စွာနှင့် ပြန်လည် ရှင်းလင်း လျှောက်ထားလေ၏။

နောက်ဆုံး အမှုနှင့် ပတ်သက်ပြီး အပြစ်ရှိမရှိ တရားသူကြီးက မေးမြန်းသောအခါတွင် ၎င်းတွင် အပြစ်မရှိကြောင်း ငြင်းဆိုလေ၏။ ထိုအခါ ပရိသတ်များထံမှ အမျိုးမျိုးတီးကိုးဝေဖန်ပြောဆိုသံများ ထွက်လာပြီး ရုံးခန်းတစ်ခန်းလုံးကို ဖုံးလွှမ်းသွားလေ၏။

ဤသို့ဖြင့် ဘိုကပြားမလေး မခင်လေးနွယ်နှင့် သေဆုံးသူ မောင်ဖိုးချစ်တို့၏ အချစ်



ဇာတ်လမ်းမှာ ဖြူးမြို့တွင်သာမက တောင်ငူ ခရိုင်မြို့ကြီးတွင်ပါ တစ်စတစ်စဖြင့် ဟိုးလေးတကျော်ဖြစ်သွားလေတော့၏။

မောင်ဖိုးချစ်ဆိုသူမှာ ဖြူးမြို့အရှေ့ဘက် ခုနစ်မိုင်ခန့်အကွာ ကျော်လှရွာမှဖြစ်ပြီး ငယ်စဉ်ကပင် မိဘနှစ်ပါးလုံး ကွယ်လွန်သွားခဲ့ရာ သားချင်း ဆွေမျိုးတော်စပ်သူ ဖြူးမြို့ ဒက္ခိဏာရုံကျောင်းတိုက်နေ ဦးပဥ္စင်းတစ်ပါးက ကျောင်းထိုင်ဆရာတော်ကြီး၏ ခွင့်ပြုချက်ဖြင့် ကျွေးမွေးစောင့်ရှောက်ခဲ့ရပြီး သင်ပုံးကြီး၊ မင်္ဂလသုတ်၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီးအထိ ဘုန်းကြီးကျောင်းစာပေ တတ်မြောက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငှင်း ဆယ်နှစ်သား အရွယ်ရောက်မှ ဖြူးမြို့အုတ်ဖြတ်လမ်း ဆရာဦးဖိုးထိုက်၏ မူလတန်း ကျောင်းသို့ ဆက်လက်ပညာသင်ကြားခွင့်ရပြီး စတုတ္ထတန်းကို အောင်မြင်ခဲ့လေ၏။ သို့ရာတွင် ကျေးဇူးရှင် ဦးပဋ္ဌင်းမှာ စာချတန်း အောင်မြင်ပြီးနောက် ဆက်လက်ပညာသင်ကြားရန် မန္တလေးမြို့ စာသင်တိုက်တစ်ခုသို့ ရွှေ့ပြောင်းသွားရလေရာ မောင်ဖိုးချစ်၏ ပညာရေးမှာ ရပ်ဆိုင်း သွားခဲ့ရလေတော့သည်။

တစ်နှစ်ခန့် ယောင်လည်လည် ဖြစ်နေစဉ် စားဝတ်နေရေး အခက်အခဲရှိလာသော ကြောင့် ဖြူးမြို့ ပဲခူးလမ်းတောင်ပိုင်းနေ ငါးပိ၊ ငါးခြောက်ပွဲရုံပိုင်ရှင် ဦးမောင်ကို၏ ပွဲရုံတွင် ဝင်ရောက် အလုပ်လုပ်ရလေ၏။ ပွဲ

**တရားလို ရှေ့နေကြီး ဖတ်ကြားလျှောက်ထားသော စာတစ်စောင်ထဲတွင်**

**"**

ရုံတွင် နံနက် (၆)နာရီ ဈေးဖွင့်သည်နှင့် ပွဲရုံဖွင့်ပေးရပြီး ကုန်ပစ္စည်းများ ခင်းကျင်းပေးခြင်း၊ ကတ္တားချိန်ခြင်း၊ စာရင်းမှတ်ခြင်း၊ ဖောက်သည်ဆိုင်များသို့ ငါးပိအိတ်ပို့ရခြင်းအပြင် ပွဲရုံက လက်တိုလက်တောင်း ခိုင်းသမျှ ညနေဈေးပိတ်သည်အထိ လုပ်ရလေ၏။ ဘဝချင်း နေချင်း ကွာခြားလှသည့် သူတို့နှစ်ဦး မည်သို့ဆုံစည်းခဲ့ကြသည်ကို မည်သူမျှ မသိခဲ့ကြပေ။

သို့ရာတွင် ချစ်သူတို့ဘဝ ရောက်ရှိလာပြီးနောက်ပိုင်း ရောက်မှ ဖြူးမြို့မြောက်ဘက်ရှိ ဖြူးချောင်းတံတားသို့ လည်းကောင်း၊ ချောင်းဘေးဝဲယာတွင် စိုက်ပျိုးထားသည့် စိမ်းလန်းစိုပြည်လှသော ပဲစင်းငုံ၊ မြေပဲနှင့် ယာခင်းများတွင်လည်းကောင်း ဖြူးမြို့ အနောက်ဘက် လေးမိုင်ခန့်အကွာ မှိုင်းပြာရီဝေနေသော ပဲခူးရိုးမတောင်တန်းတစ်ခုပေါ်ရှိ မြသိန်းတန်ဘုရားသို့ သွားရောက်ကြရာတွင်လည်းကောင်း မောင်ဖိုးချစ်နှင့်အတူ လိုက်ပါရင်း ပျော်ရွှင်ကြည်နူးခဲ့ကြလေ၏။

သို့တိုင်အောင် အချစ်စစ် အချစ်မှန်တို့၏ လမ်းခရီးသည် အမြဲတစေ ဖြောင့်ဖြူးနေလေ့ မရှိနိုင်သည့်အတိုင်းပင် နောက်နှစ်ဆောင်းကုန်၍ နွေကူးလာသောအခါ လူချင်းတွေ့ခွင့်နည်းပါးလာခဲ့ပြီး ကမ္ဘာကြီးခြားသကဲ့သို့ ခံစားလာရလေ၏။ အောင်သွယ်တော်မှတစ်ဆင့် စာဖြင့်သာ ဆက်သွယ်ရသည့်အခါများ ရှိလာခဲ့လေ၏။

အဆိုပါ ချစ်သဝဏ်လွှာများသည် နောက်ပိုင်းတွင် တရားရုံးသက်သေခံ စာရွက်စာတမ်းများ ဖြစ်လာခဲ့တော့သည်။

အဆိုပါ စာများကို တရားသူကြီး ရှေ့မှောက်တွင် တရားလို ရှေ့နေက ဖတ်ကြားတင်သွင်း လျှောက်ထားလေ၏။ ထိုစာများထဲတွင် ခင်လေးနွယ်၏ ခံစားချက်များကို ရင်ဖွင့်ရေးသားထားရာ ချစ်သူ မောင်ဖိုးချစ်နှင့် ခင်လေးနွယ်ကိုယ်တိုင်သာ ခံစားနိုင်မည့် အတွင်းရေးများ ဖြစ်ကြလေ၏။

ငှင်း စာများကို '၏သည်'မရွေး တရားလိုရှေ့နေဘက်မှ ဖတ်ကြားလျှောက်ထားနေချိန်တွင် ခင်လေးနွယ်မှာ ရင်



www.burmeseclassic.com

www.burmeseclassic.com



တမမနှင့် နားထောင်နေရလေသည်။ ခင်လေးနွယ်ဘက်မှ လိုက်ပါ လျှောက်ထားသော တရားခံ ရှေ့နေကြီးက စာပိုဒ်အချို့ကို ချန်လှပ်ပေးရန် ကန့်ကွက်လျှောက်ထားသောအခါမှ တရားသူကြီးက တားမြစ်ရာ ထိုအခါမှပင် ခင်လေးနွယ် သက်ပြင်းချနိုင်လေတော့သည်။

တရားလို ရှေ့နေကြီး ဖတ်ကြားလျှောက်ထားသော စာတစ်စောင်ထဲတွင်

"ပြီးခဲ့တဲ့ ညက မောင်နဲ့အတူရှိနေခဲ့ပြီး ဒီညမှာတော့ နွယ်တစ်ကိုယ်တည်း အထီးကျန်ဖြစ်နေရပါပြီ။ နွယ်ဖြင့် မောင်နဲ့ပဲ အတူတူနေချင်လှပါပြီ မောင်ရယ်၊ နွယ်ဖြင့်လေ မောင့်ကိုပဲ တစ်နေ့ထက်တစ်နေ့တိုးလို့ ချစ်မိနေပါပြီ။ မောင်ဟာ နွယ့်အတွက် တစ်မိုးအောက် တစ်ယောက်တည်းသာ ချစ်သူပါ" ၍ လည်းကောင်း၊

တခြား စာတစ်စောင်ထဲတွင်မူ-

"ယောကျာ်း တွေထဲမှာ မောင်ဟာ အကောင်းဆုံးချစ်ဦးသူ ဖြစ်ပါတယ်"

ဟူ၍လည်းကောင်း ဖွင့်အံ့ ဖော်ပြထားလေသည်။

၄င်း အနေဖြင့် ဘယ်သောအခါမျှ မခွဲနိုင်ပါဟု ပြောခဲ့သော ချစ်သူခင်လေးနွယ်သည် ၄င်းနှင့် ဂုဏ်ရည်တူ အလွှာမှ အင်္ဂလိပ်မြန်မာ ဘိုကပြား စီးပွားရေး လုပ်ငန်းရှင်တစ်ဦး၏ သားဆန်နီဆိုသူနှင့် စေ့စပ်ကြောင်း လမ်းသွားပြီဆိုသော သတင်းကို ကြားသိလိုက်ရသောအခါတွင် အချိန်ကြာမြင့်စွာ မျှော်လင့်ထားခဲ့ချက်များမှာ ခဲလေသမျှ သဲရေကျဘိအလား ကိုယ်ရောစိတ်ပါ ဖော်မပြနိုင်လောက်အောင် ချုံးချုံးကျပြီး ပြိုကွဲပျက်စီးရလေတော့၏။

ပို၍ ခံစားရသည်မှာ ခင်လေးနွယ်ကိုယ်တိုင်ကပါ ယခင် ၄င်းတို့နှစ်ဦး ကတိသစ္စာပြုထားချက်များကို ယနေ့မှစပြီး လုံးဝ ဖျက်သိမ်းကြောင်း ရေးသားထားသည့် ခင်လေးနွယ်၏ ဖြတ်စာကို လက်ခံရရှိလိုက်ခြင်းပင် ဖြစ်လေ၏။

အချစ်စိတ်ဖြင့် အရူးတစ်ပိုင်းဖြစ်သွားရှာသော မောင်ဖိုးချစ်က ဤကိစ္စမှာ ခင်လေးနွယ်၏ ဖခင်လက်ချက်ကြောင့်ဟုယူဆကာ မောင့်အနေဖြင့် နွယ်ကို လုံးဝမပြတ်နိုင်ကြောင်း၊ ယခင် ကတိများကိုလည်း လုံးဝ မဖျက်နိုင်ကြောင်း၊ နွယ်ရဲ့အဖေကို စာရေးပြီး အသနားခံမည် ဖြစ်ပါကြောင်း၊ မောင် ကိုယ်တိုင် ရှင်းလင်း တောင်းပန်ရမည်ဆိုပါကလည်း တောင်းပန်မည်ဖြစ်ပါကြောင်း အောင်သွယ်တော်မှ တစ်ဆင့် စာရေးအကြောင်းပြန်လေ၏။

မောင်ဖိုးချစ်ထံမှ စာကို ဖတ်ရသောအခါ ခင်လေးနွယ်မှာ အလွန်အမင်း တုန်လှုပ်သွားပေရာ ချက်ချင်းပင် အကြောင်းပြန် စာရေးလေ၏။

"ကျွန်မ ဒီစာကို ရေးသားပြီး ဒူးထောက်တောင်းပန်လိုက်တာဖြစ်ပါတယ်။ မောင့်ရဲ့ အသနားခံစာအတွက် အဆုံးအဖြတ်ပေးမယ့် စာမျိုးကို ကျွန်မထံမှ နောက်ထပ် လုံးဝမမျှော်လင့်ပါနဲ့။ ကျွန်မဆီကိုလည်း နောက်ထပ် ဘာစာမျိုးမှ မရေးပါနဲ့တော့။ ကျွန်မနဲ့ ဒက်ဒီဆီကိုပဲဖြစ်ဖြစ်၊ ကျွန်မနဲ့ပတ်သက်တဲ့ ဘယ်သူ့ဆီကိုပဲဖြစ်ဖြစ် လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



စာမရေးပါနဲ့။ ကျွန်မကိုလဲ လူပုံအလယ်မှာ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ဘာမှမလုပ်ပါနဲ့.''

ဟု ပြတ်သားစွာ အကြောင်း ပြန်လေ၏။

ထို ပြန်ကြားစာကို ရသောနေ့သည် မောင်ဖိုးချစ်အဖို့ ကမ္ဘာကြီး ပျက်သုဉ်းလေပြီဟု ထင်ရသော နေ့တစ်နေ့ ဖြစ်လေ၏။ ထိုကာလအတွင်းမှာပင် လွန်ခဲ့သော လပိုင်းလောက်ကစပြီး ဗိုက်အောင့်ဝေဒနာ ကိုယ်ပူ ရှိန်တက်ပြီး မကြာခဏ အဖျားတက်နေသော ရောဂါဝေဒနာများ ခံစားလျက်ရှိနေရာမှာ အစားအသောက်ပါပျက်ပြီး အားအင် ဆုတ်ယုတ်လာလျက်ရှိလေ၏။

ယခု ခင်လေးနွယ်ထံမှ ဖြတ်စာ ရောက်လာသောအခါတွင် မြွေပူရာကင်းမှောင့်၊ ဘူးလေးရာ ဖရုံဆင့်အဖြစ်မျိုးသို့ ရောက်ရပြီး ပို၍ဆိုးလာလေတော့သည်။ မောင်ဖိုးချစ်မှာ စိတ်ထောင်း ကိုယ်ကြေ ဖြစ်ပြီး အိပ်ရာထက်တွင် ဘုံးဘုံးလဲတော့လေ၏။ မောင်ဖိုးချစ် နေထိုင်မကောင်း ဖြစ်ကြောင်း သတင်းကြားရသောအခါ အောင်သွယ်တော် စောကျော်မြင့်နှင့် ဖနီးနော်မူမူတို့ လင်မယားသည် တာကြားရပ်နေ မောင်ဖိုးချစ် အိမ်တန်းလျားသို့ လူမမာမေး သွားရောက်ကြလေသည်။

မောင်ဖိုးချစ် ဖျားနာဗိုက်အောင့်ရခြင်းနှင့် ပတ်သက်ပြီး စောကျော်မြင့်နှင့် နော်မူမူတို့၏ သက်သေထွက်ချက်များမှာ တရားခံအပေါ် ပြေးမလွတ်အောင် ထင်ရှားပေါ်လွင်လှ၏။

လွန်ခဲ့သော တစ်လလောက်ကစပြီး မောင်ဖိုးချစ် တစ်ယောက် အပြင်းအထန် မူးဝေ အော့အန်ပြီး အိပ်ရာထဲမှ မထနိုင်တော့ဘဲ ဝေဒနာခံစားနေရသည်ဟု ဆို၏။ ဤမျှသော ဝေဒနာခံစားနေရပါလျက် အကူအညီတောင်းရန် စောကျော်မြင့်တို့ ဖနီးမောင်နံ့ကို အဘယ့်ကြောင့် မခေါ်ပါသလဲဟု မေးကြည့်ကြောင်း၊ ထိုအခါ မောင်ဖိုးချစ်က –

''ငှင်း၏ ဗိုက်ထဲတွင် အလွန်အမင်း အောင့်ပြီး ဖော်မပြနိုင်သော ဝေဒနာမျိုးကို ခံစားနေရကြောင်း၊ အဝတ်အစားလဲ ရုံကိုပင် အဝတ် သေတ္တာဆီ ရောက်အောင် မှောက်လျက်တွားသွားရကြောင်း လူကိုယ်တိုင် လာပြောရန်မဆိုထားနှင့် ပါးစပ်ဟပြီး စကားပြောလျှင်ပင် ပါးစပ်တွေ လေးနေကြောင်း၊ တစ်ကိုယ်လုံးမှာလဲ မလှုပ်ချင် မသယ်ချင်အောင် လေးလံထိုင်းမှိုင်းနေကြောင်း ပင်ပန်းကြီးစွာ အားစိုက်ပြီး ရှင်းပြလေ၏။ သို့ဖြင့် ထိုမှနောက်ပိုင်းတွင် မောင်ဖိုးချစ် တစ်ယောက် ဖျားပြီးရင်း ဖျားရင်း ဖြစ်နေသောကြောင့် အလုပ်မဆင်းနိုင်တော့ဘဲ အိပ်ရာထဲတွင် လဲနေခဲ့ကြောင်း၊ ပွဲရုံပိုင်ရှင် ဦးမောင်ကို ကြားသိရသဖြင့် လာရောက်ကြည့်ရှု ဆေးကုသမှုခံနိုင်ရန် စောကျော်မြင့်တို့ ဖနီးမောင်နှံနှစ်ဦးထံ ငွေ ၁၅ကျပ်ပေးအပ်ခဲ့ကြောင်း သိရလေသည်။

နော်မူမူက အသုတမေးလာသူများကို ရှင်းပြရာတွင်–

''သူ့ကို သတိထားမိတာ တစ်ခုရှိတယ်။ သူ့ကောင်မလေးနဲ့ အပြင်ထွက် လည်ပတ်ပြီး ပြန်လာတိုင်း မကြာခဏ နေမကောင်းဖြစ်တာကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဘာဖြစ်တာလဲလို့ ကျွန်မ မေးကြည့်ဖို့ပါပဲ။ ဒါပေမဲ့ ကျွန်မ မေးမကြည့်ခင် တစ်ရက်အလို တပေါင်းလပြည့်နေ့ ညဥ့်သန်းခေါင်အချိန်လောက်မှာ သူဆုံးသွားခဲ့ပါတယ်''

ဟု ဆိုလေ၏။

မောင်ဖိုးချစ် သေဆုံးကြောင်းကို မန္တလေးရှိ ဦးပဥ္စင်းကို အကြောင်းကြားရာ နောက်နှစ်ရက်တွင် ဦးပဥ္စင်းကြွလာပြီးမှ အသုအကို ဖြူးမြို့ဆေးရုံကြီး မြောက်ဘက်ရှိ သုသာန်တွင် မြေမြှုပ်သင်္ဂြိုဟ်ရန် စီစဥ်ကြလေ၏။ မောင်ဖိုးချစ် အသုဘကို ပွဲရုံပိုင်ရှင် ဦးမောင်ကိုနှင့် အိမ်နီးချင်းများ၊ စောကျော်မြင့်၊ နော်မူမူ အပြင် မိန်းကလေး အပေါင်းအသင်းအချို့နှင့်အတူ ခင်လေးနွယ် လိုက်ပါပို့ဆောင်ခဲ့လေသည်။

ဆေးရုံ ရင်ခွဲခန်းတွင် ဓာတုဗေဒပါရဂူ ဆရာဝန်က မောင်ဖိုးချစ်၏ အလောင်းကို ပြန်လည်ဟူးဖော်ပြီး ခွဲစိတ်စစ်ဆေးသောအခါ ၎င်း၏ အစာအိမ်ထဲတွင် အာဆင်နစ်အဆိပ် (၈၀) ဂရမ်ကို တွေ့ရှိကြောင်း၊ အာဆင်နစ် လေးဂရမ်မှ ခြောက်ဂရမ်အထိသည် ယေဘုယျအားဖြင့် လူတစ်ယောက်၏ အသက်ကို သေဆုံးစေရန် လုံလောက်ကြောင်း ဖော်ပြပြန်ကြားလေ၏။

နော်မူမူက ၎င်း၏ ပကတိကောင်းမွန်သော စိတ်ထားဖြင့် ကျမ်းကျိန်ထွက်ဆိုရာတွင် ၎င်းသည် တနင်္ဂနွေနေ့ ဘုရားဝတ်ပြုလေ့ရှိကြောင်း၊ ခင်လေးနွယ်နှင့် မောင်ဖိုးချစ်တို့နှစ်ဦးကို အောင်သွယ်လုပ်ပေးခဲ့ရသူဖြစ်ကြောင်း၊ မောင်ဖိုးချစ်



သည် ခင်လေးနွယ်ထံ လာရောက်တွေ့ဆုံရာတွင် အားအင်ပြည့်ဖြိုး စိတ်ကြည်လင်လန်းဆန်းစေရန် ခင်လေးနွယ်က ကော်ဖီနှင့် ချောကလက်မုန့်တို့ကို မကြာခဏ တိုက်ကျွေးလေ့ရှိသည်ကို တွေ့ရပါကြောင်း ထိုကော်ဖီနှင့် မုန့်တို့ကို စားပြီးနောက်ပိုင်းတွင်မှ ယခုကဲ့သို့ မောင်ဖိုးချစ် ဖျားနာခြင်း၊ ဗိုက်အောင့်ခြင်းတို့ ဖြစ်လာကြောင်း၊ ယခင်က ထိုသို့ဖြစ်သည်ဟု မကြားသိရကြောင်း အစစ်ခံလေ၏။

နောက်ပိုင်းတွင် မောင်ဖိုးချစ်ကိုယ်တိုင် ဤကိစ္စကို သတိထားမိပုံရကြောင်း၊ နော်မူမူက စူးစမ်းလိုသော သဘောဖြင့် မေးမြန်းကြည့်သောအခါ သူ့ကို အဆိပ်ခတ်လုပ်ကြံသူဟာ ခင်လေးနွယ်ကိုယ်တိုင်ကသာဆိုရင် ခွင့်လွှတ်မှာဖြစ်ကြောင်း ပြောဆိုပြီး ဘာကြောင့် မောင်ဖိုးချစ်အား ယခုလို အလုပ်မျိုးကို ရက်ရက်စက်စက် လုပ်ရက်မှာလဲဟုမေးသောအခါ သေရင်တောင်မှ ဝမ်းနည်းစရာ မလိုတော့လောက်အောင် ကျွန်တော့်ကို မုန်းတီးသွားလို့ဖြစ်မှာပေါ့ဟု ဖြေကြားခဲ့သည်ဟု ဆိုလေ၏။

ဒေါက်တာ ဘရူးဝါးနှင့် မနန်းတို့တင်ပြသော သက်သေမှာ တရားခံဘဝဖြင့် ကရားရုံးတော် ရှေ့ရောက်နေသော ခင်လေးနွယ် ကိုယ်တိုင်ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## “ မဟာဌာနမှူး၏ တရားခံဘက်မှ လျှောက်ထားချက်များမှာ ဥပဒေပိုင်းဆိုင်ရာတွင် ပိုင်နိုင်ကျွမ်းကျင်မှု ရှိလှကြောင်း သိသာ ထင်ရှားလှပေ၏ ”

ခင်လေးနွယ်သည် တစ်ချိန်က ရဟူဒီဆေးဆိုင်ပိုင်ရှင် ရဟူဒီဆရာဝန်နှင့် မနန်းတို့ထံမှ အာဆင်နစ်အဆိပ်မှုန့် ဝယ်ယူခဲ့သူ ဖြစ်လေသည်။

ရုံးတော်၏ တောင်းဆိုချက်အရ အမှုတွဲကို အကြိုအပြတ် သက်လက်ဆောင်ရွက်နိုင်ရန် စဉ်းစားဆင်ခြင်ပြီးနောက် –

“ခင်လေးနွယ်သည် မောင်ဖိုးချစ်နှင့် စကားများကြရာမှ စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သောအခါ အများအမြင်တွင် အမြင်ကောင်းအောင် မောင်ဖိုးချစ်အား ချစ်နေဟန်ဆောင်ထားသော်လည်း နောက်ဆုံးတွင် အဆိပ်ဖြင့် လုပ်ကြံ သတ်ဖြတ်ခဲ့သည်ဟု ကောက်ချက်ချခဲ့လေ၏”

ဤသို့ဖြင့် အမှုမှာ သက်သေခိုင်မာသော အမှုအဖြစ်သို့ ရောက်ရှိလာလေတော့၏။ ထို့နောက် ခင်လေးနွယ်တွင် အပြစ်ရှိကြောင်းနှင့် ခင်လေးနွယ်ကိုယ်တိုင်ရေးသားသည့် မောင်ဖိုးချစ်သို့ ပေးစာများကို ဖတ်ကြားလေ၏။ အဆိုပါစာထဲတွင်–

“မောင် သိပ်ဆိုးတာပဲ၊ တနင်္ဂနွေနေ့ည တစ်ညလုံးနဲ့ တနင်္လာနေ့ နံနက်တစ်ချိန်လုံးပဲ၊ အိမ်လာရင် သိပ်နောက်မကျစေနဲ့နော်၊ နေမကောင်းပြန်ဘူးလား။ ဒီတစ်ခါ မောင်လာရင် စားရအောင် ပေါင်မုန့် လုပ်ထားလိုက်မယ်”

ဟု ရေးသားထားလေ၏။

တစ်မုံတစ်ယောက်သည် တစ်ဦးတစ်ယောက်အပေါ် အဆိပ်ဖြင့် လုပ်ကြံသတ်ဖြတ်မည်ဆိုပါက သွေးအေးအေးဖြင့် ကိုယ်တိုင်ကိုယ်ကျ စီမံဆောင်ရွက်နိုင်ရပေလိမ့်မည်။ ဤ အတိုင်း မှန်ပါက ခင်လေးနွယ်သည် အမှန်တကယ်ပင် သွေးအေးနိုင်လွန်းသူ ဖြစ်လေသည်။

၎င်းအား ပြစ်ဒဏ်စီရင်ရန် အမှုတည်ဆောက်နေစဉ်မှာပင် လုံးဝအေးဆေးတည်ငြိမ်နိုင်သူ ဖြစ်လေသည်။ သူမ၏ ပေးစာများကို ဖတ်ကြားလျှောက်ထားစဉ် တရားရုံးလွှတ်တော်ရှေ့နေကြီးက ဝန်ချုံ့စာပိုဒ်များကို ချန်လှပ်ပေးပါရန် ကန့်ကွက်လျှောက်ထားသည့် ထိုတစ်ကြိမ်တည်းမှာသာ စိတ်လှုပ်ရှားသည့် လက္ခဏာမျိုးကို တွေ့ရလေသည်။

တရားလို ရှေ့နေကြီးက အပြန်လှန် မေးခွန်းထုတ်ရာတွင် အာဆင်နစ်အဆိပ်ကို သူမကိုယ်တိုင် ဝယ်ယူခဲ့ခြင်းမှာ မှန်ကန်ပါကြောင်း ရဲဝံ့စွာ ဝန်ခံထွက်ဆိုလေ၏။

သို့ရာတွင် လူသတ်ရန် အကြံအစည်ရှိသူတစ်ယောက်အနေဖြင့် ထိုသို့ မိမိဝယ်ယူကြောင်းကို အမည်နာမနှင့် နေရပ်လိပ်စာ အပြည့်အစုံကို ဖော်ပြပြီးမှ ပြောင်တင်းတင်းလက်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ရေးထိုးပေးပါမည်လား။ ထိုသို့ ပြုလုပ်ပါက နောင်တစ်ချိန်တွင် ထိုဝန်ခံချက်လက်မှတ်များကို ခြေရာခံပြီး အမှုကို ဖော်ထုတ်နိုင်မည်ဆိုခြင်းကို သာမန်အားဖြင့်ပင် သိတန်ကောင်းရာ၏။

အမှုလိုက် ပုလိပ်က ခင်လေးနွယ်အား မည်သို့ အသုံးပြုရန်အတွက် အဆိပ်ကို ဝယ်ယူပါသလဲ မေးသောအခါ ကြွက်သတ်ရန်မဟုတ်တော့ဘဲ ဆံပင်အလှပြုပြင်ရန် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအဆိပ်မှုန့်ကို ရေဖြင့် ဖျော်စပ်ပါက အလှဆီဖြစ်လာပါကြောင်း၊ ၎င်းနည်းကို ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်က နည်းပေးခြင်းဖြစ်ကြောင်း မူလ ထွက်ဆိုချက်ကို ပြောင်းလဲပြီး ထွက်ဆိုခဲ့လေ၏။ သို့ရာတွင် ၎င်း၏သူငယ်ချင်းဟောင်းဆိုသူအား မေးမြန်းသောအခါ ထိုသို့ မပြောခဲ့ရကြောင်း ကျမ်းကျိန် ထွက်ဆိုခဲ့လေသည်။

အမှုသွား အမှုလာ အပေါ် သုံးသပ်ချက်အရ ခင်လေးနွယ်သည် ငယ်ရွယ်သူပီပီ ရှေ့နောက် မစဉ်းစားဘဲ ချစ်သူ မောင်ဖိုးချစ်အား စိတ်လိုက်မာန်ပါ ပြစ်တင်ပြောဆို ရေးသားခဲ့ရသည့် အကြောင်းမှာ သူမ၏ ဖခင်ဆန္ဒအရ သဘောတူထားသော ဆန်နီဆိုသူနှင့် လက်ထပ်ပွဲ မပျက်စေရန်အတွက်လည်းကောင်း၊ သူမ၏ ဖခင်နှင့် သူမ၏ ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက်လည်းကောင်း ဆောင်ရွက်ခြင်းဖြစ်ပြီး နောက်ဆုံးတွင် အဆိပ်ဖြင့် လုပ်ကြံခြင်း ဖြစ်နိုင်ပေသည်။ အဆိပ်မှုန့် ဝယ်ယူခဲ့ခြင်းကိစ္စနှင့် ပတ်သက်၍ မူလကပင် မောင်ဖိုးချစ်အား သတ်ဖြတ်ရန် အကြံအစည်ရှိပြီးသားမှန်သော်လည်း အဖြစ်မှန်ကို ဖုံးကွယ်ရန် အလို့ငှာ နောက်ပိုင်းတွင် ပြောင်းလဲ ထွက်ဆိုခဲ့ခြင်း ဖြစ်လေ၏။

တရားရုံးချုပ် ရှေ့နေကြီးက ထိုအမှုနှင့် ပတ်သက်ပြီး အပြီးသတ်ဆုံးဖြတ်ရန် တစ်ချက်သာ ရှိတော့ကြောင်း ထိုတစ်ချက်မှာ တရားခံတွင် အပြစ်ရှိကြောင်း ဆုံးဖြတ်ချက် ချမှတ်ပေးနိုင်ပါရန် နောက်ဆုံးလျှောက်လဲလေ၏။

ဤအမှု ဖြစ်နေစဉ်ကာလတွင် မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီ လက်အောက် ကျရောက်နေစဉ် အခါသမယ ဖြစ်နေသည့် အားလျော်စွာ တရားစီရင်ရေး စနစ်မှာလည်း အင်္ဂလိပ်နှင့် စကော့လူမျိုးတို့၏ တရားစီရင်ရေး စနစ်မျိုးနှင့်ရောထွေးလျက်ရှိလေ၏။

ဤလူသတ်မှုနှင့် ပတ်သက်၍ ခင်လေးနွယ်၏ ဖခင်သည် အင်္ဂလန်မှ အကောင်းဆုံး ရှေ့နေတစ်ဦးကို ၎င်း၏ သမီးဘက်မှ လိုက်ပါဆောင်ရွက်နိုင်ရန် ငှားရမ်းထားလေ၏။ ၎င်းရှေ့နေမှာ အင်္ဂလန်နိုင်ငံ ရှေ့နေများအသင်းမှ မဟာဌာနမှူး (Advocate) တစ်ဦး ဖြစ်လေသည်။ ထိုခေတ်အခါက ရှေ့နေ (Advocate)နှင့် ဝတ်လုံတော်ရ (Barrister) ဆိုသူတို့မှာ အင်္ဂလန်နိုင်ငံတွင် အထူးပင် လူကြိုက်များပြီး နာမည်ဂုဏ် သတင်း ကျော်ကြားသူ ဖြစ်လေ၏။

မဟာဌာနမှူး၏ တရားခံဘက်မှ လျှောက်ထားချက်များမှာ ဥပဒေပိုင်းဆိုင်ရာတွင် ပိုင်နိုင်ကျွမ်းကျင်မှု ရှိလှကြောင်း သိသာ ထင်ရှားလှပေ၏။

ခင်လေးနွယ်သည် ဗိုလ်ကောင်းဖခင်တို့၏ တစ်ဦးတည်း



www.burmeseclassic.com

www.burmeseclassic.com



သော သမီးဖြစ်ပါကြောင်း၊ မောင်ဖိုးချစ်နှင့် မတွေ့ခင်က အတင်းအဖျင်း စကားကို မဆိုထားဘိ သာမန်စကားကိုပင် ကျယ်ကျယ်လောင်လောင် ပြောဆိုတတ်သူမဟုတ်ပါကြောင်း၊ သို့ရာတွင် မောင်ဖိုးချစ်ဆိုသူနှင့် တွေ့ဆုံပြီး နောက်ပိုင်းတွင်မူ မိန်းကလေးတစ်ယောက်၏ ကိုယ်ရေးကိုယ်တာ ပြုမှုပြောဆိုခဲ့မှုများသည် ရိုးသားဖြောင့်မတ်မှု မရှိတော့ဘဲ ငယ်ရွယ်သူ မိန်းကလေးတစ်ယောက်နှင့် မလိုက်အောင် အောက်တန်းကျလာခဲ့ပါကြောင်း လျှောက်လဲလေ၏။

နောက်ပိုင်းရောက်မှ ယခုကဲ့သို့ ပြောင်းလဲလာခဲ့ရသည်မှာ ကောက်ကျစ်ယုတ်မာသူ တစ်ဦးက နည်းပေးလမ်းပြလုပ်နေသောကြောင့် ဖြစ်ပါကြောင်း၊ နည်းပေးလမ်းပြသူဆရာမရှိဘဲ ဤမျှလောက်ထိ အောက်တန်းကျသည့် အောက်ဆုံးအစွန်သို့ မည်သည့်နည်းဖြင့်မျှ မရောက်နိုင်ကြောင်း၊ နုနယ်သော မိန်းကလေးတစ်ဦးကို လမ်းမှားရောက်အောင် သြဇာပေးသည့် နေရာမှာလည်း တစ်နေရာတည်းမှသာဖြစ်ကြောင်း၊ ထိုနေရာသည် မောင်ဖိုးချစ်တည်းဟူသော လူငယ်ထံမှသာ ဖြစ်ပါကြောင်း ထောက်ပြပြောဆိုသည့်ပြင် မောင်ဖိုးချစ်အား လေလွင့်သူ၊ အခြေအနေမဲ့သူ၊ မည်သည့်နေရာတွင်မျှ အသုံးမကျသူအဖြစ် နှိမ်ချပြောဆိုပြီး ခင်လေးနွယ်၏ ဘဝထဲသို့ အချစ်ရေးကို ဖန်းပြပြီး ခင်လေးနွယ်၏ ခနဂုဏ် ပစ္စည်းဂုဏ်တို့ကို မက်မောမှုဖြင့် တိတ်တခိုး ဝင်ရောက်လာသူ သိုက်တူးသမား တေလေကြမ်းပိုးတစ်ယောက်သာဖြစ်ပါကြောင်း လျှောက်လဲလေ၏။

ထို့အပြင် မောင်ဖိုးချစ်သည် ခင်လေးနွယ်နှင့် မတွေ့ရခင်ကပင် ဗိုက်အောင့်ရောဂါရှိသူဖြစ်၍ အာဆင်နစ်ကို မှီဝဲနေရသူဖြစ်ကြောင်း ကြွားဝါပြောဆိုခဲ့ဖူးသည်ဟု သက်သေထွက်ချက်လည်းရှိနေပါကြောင်း၊ ထို့အပြင် ခင်လေးနွယ်နှင့် မောင်ဖိုးချစ်တို့ နောက်ဆုံး မည်သည့်နေ့ရက်က တွေ့ဆုံပြီး အတူတကွရှိခဲ့သည်ကို သက်သေ ထွက်ဆိုရန် ပျက်ကွက်ခဲ့ကြောင်း အပြီးသတ် လျှောက်လဲလေ၏။

တရားသူကြီးသည် အမှုတွဲဆိုင်ရာ အချက်အလက်များကို နောက်ဆုံး အပြီးသတ်လိုက်ပြီးနောက် ဂျူရီလူကြီးများနှင့် တန်းစီထွက်ခွာပြီး စဉ်းစားခန်းဝင်ကြလေ၏။ နာရီဝက်ခန့်ကြာပြီးမှ တရားခွင်သို့ ပြန်လည် ဝင်ရောက်လာကြပြီး–

"ခင်လေးနွယ်အပေါ် စွဲဆိုထားသော ပထမအမှုနှင့် ပတ်သက်၍ ခင်လေးနွယ်သည် မောင်ဖိုးချစ်အား အဆိပ်တိုက်ကျွေးပြီး သေကြောင်းကြံစည်အားထုတ်ကြောင်းကို သက်သေမပြနိုင်၊ အလားတူပင် ဒုတိယအမှုတွင်လည်း မောင်ဖိုးချစ်အား အဆိပ်ကျွေးပြီး သတ်သည်ဆိုသည့်အချက်တွင်လည်း သက်သေ မပြဆိုနိုင်သောကြောင့် တရားသူကြီးက ခင်လေးနွယ်အား အမှုမှ တရားသေလွှတ်ကြောင်း စီရင်ချက် ချမှတ်လေ၏။ ထိုကာလက တရားစီရင်ရေးစနစ်အရ တရားစွဲဆိုခြင်း ခံထားရသူအပေါ် အပြစ်ရှိကြောင်း သက်သေ မပြနိုင်လျှင် မည်သို့ပင် ဆက်စပ်အကြောင်းအရာများအရ အပြစ်ရှိသည်ဟု ယူဆသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း တရားလိုဘက်မှ ရှုံးနိမ့်ရလေ၏။

တရားသူကြီး၏ စီရင်ချက်ကို ကြားရသော ပရိသတ်များထံမှ တီးတိုးစကား ဝေဖန်ပြောကြားသံများ ထွက်လာပြီး ရှုတ်ရှုတ်သဲသဲ ဖြစ်သွားလေ၏။ ခင်လေးနွယ်သည် တစ်စုံတစ်ရာ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း၊ စိုးရွံ့ထိတ်လန့်ဖြစ်ခြင်းမျိုး မရှိဘဲ ပကတိ ငြိမ်သက်စွာဖြင့် နားထောင်နိုင်လေ၏။

ထိုအမှုနှင့် ပတ်သက်၍ ခင်လေးနွယ်သည် အမှန်တကယ် ရိုးသားဖြောင့်မတ်မှုရှိသည်ဟု ယူဆသူများက ဝမ်းသာကြောင်း ပြောကြားလာသူများကို ဣန္ဒြေရရပင် ကြိုဆိုလက်ခံသကဲ့သို့ လူသတ်သမားအဖြစ် ယူဆထားသူများက တရားသူကြီးအား လှောင်ပြောင်သရော်ကြပြီး ငွေနှင့်ပေါက်သည်၊ ဂုဏ်နှင့် မတရားသဖြင့် အနိုင်ယူသည်ဟု အမျိုးသားရေး စိတ်ဓာတ်ရှိသူ မြန်မာလူငယ်အချို့က အင်္ဂလိပ်အစိုးရ ကျဆုံးပါစေ၊ ကိုလိုနီဝါဒ ကျဆုံးပါစေဟု အော်ဟစ်သူပူပြီး တရားရုံးအတွင်းမှ ထွက်ခွာသွားကြလေ၏။

အဆိုပါ လှောင်ပြောင်သရော်သူများ အားလုံးကိုလည်း ခင်လေးနွယ်သည်မကျေနပ်သော၊ စိတ်ဆိုးဒေါသထွက်သော အမူအရာမျိုး လုံးဝမပြဘဲ ဥပေက္ခာပြုနိုင်သည်ကို တွေ့ရလေ၏။

ခင်လေးနွယ်တွင် အမှန်တကယ် အပြစ်ရှိမရှိနှင့် ရိုးသားဖြောင့်မတ်ခြင်း ရှိမရှိဆိုခြင်းနှင့် ပတ်သက်၍ ဤအမှုကို စိတ်ဝင်စားသူများအတွက် တစ်သက်တာ အမှတ်တရ ရှိနေမည်ဖြစ်လေသည်။ မောင်ဖိုးချစ်ကို မည်သူ သတ်သည်ဆိုသည်ကိုမူ ဘယ်သောအခါမျှ သိနိုင်တော့မည် မဟုတ်ပေ။

အမှုပြီးဆုံးပြီး နောက်တစ်လအကြာတွင် ခင်လေးနွယ်သည် ၄င်း၏ ဖခင်ဆန္ဒအရ ဆန်နီဆိုသူ အင်္ဂလိပ်လူငယ်နှင့် လက်ထပ်လိုက်လေ၏။ နောက်နှစ်တွင် ခင်လေးနွယ် သားယောက်ျားလေး မွေးဖွားခဲ့လေ၏။ ထိုကလေး မွေးဖွားလာခဲ့ခြင်းသည် ခင်လေးနွယ်တို့ ဇနီးမောင်နှံ၏ ဘဝလမ်းခရီးကို ကြိုဟ်ဆိုး ကျရောက်ဘိအလား ကြီးစွာသော အနှောင့်အယှက် ဖြစ်စေခဲ့လေသည်။ အကြောင်းမှာ ထိုကလေး အခါလည်သား အရွယ်ခန့် ရောက်လာသောအခါ ထိုကလေး၏ အသားအရောင်နှင့် ရုပ်ဆင်းသဏ္ဌာန်မှာ ဖခင်ဖြစ်သူ ဆန်နီနှင့်မတူဘဲ မြန်မာရုပ်ပေါက်ပြီး သေဆုံးခဲ့သူ ခင်လေးနွယ်၏ ရည်းစားဟောင်း မောင်ဖိုးချစ်နှင့် တူနေသောကြောင့် ဖြစ်လေသည်။

သို့ဖြစ်ရာ ခင်လေးနွယ်အပေါ် သံသယရှိနေသော ဆန်နီသည် ခင်လေးနွယ်နှင့် မကြာခဏ စကားများရန်ဖြစ်ရသည်များ ပေါ်ပေါက်လာခဲ့ရာမှ ဆန်နီ၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို မခံနိုင်သော ခင်လေးနွယ်သည် ဆန်နီနှင့် တရားဝင် ကွာရှင်းပြတ်စဲ လိုက်လေတော့သဖြင့် အချစ်ကံခေသော ခင်လေးနွယ်မှာ သားတစ်ယောက်နှင့် တစ်ခုလပ်ဘဝရောက်ရလေတော့၏။


*တက္ကသိုလ်ကိုဒွေး (ဖြူး) မှီငြမ်း၊ **ALICE MONAGHAN** ၏ **Madeline Smith** ကို မှီငြမ်းပြီး မြန်မာမှု ပြုပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

သေနတ်ဖြင့်ပစ်သတ်ခံရအောင်ပြောမိသူရဲ့နောက်ဆုံးဖြစ်ရပ်



သိန်းဇော်ဦး
(ရွှေလီဦး)

# ကျီစယ်စကား၏ အမှားတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



# "ကျီစယ်စကား၏ အမှားတစ်ချက်"

■ သိန်းဇော် (ရွှေလီဦး) ■

(၁)

လွန်ခဲ့သော နှစ်ပေါင်း (၃၅) ကျော်ကာလ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်စပ် မြို့တစ်မြို့။ ထိုကာလက ဥပဒေစိုးမိုးမှု အားနည်းသဖြင့် လူတချို့မှာ လိုင်စင်မဲ့သေနတ်တွေ ဆောင်ထားလို့ ရသည့်အချိန် ဖြစ်သည်။ ထိုလူအချို့ထဲတွင် ထွန်းလူ တစ်ယောက် အပါအဝင် ဖြစ်သည်။ ဘာရယ်လို့တော့ မဟုတ် ထွန်းလူမှာ လိုရမည်ရ ကိုင်ဆောင်ထားခြင်းသာ ဖြစ်သည်။ ထိုသေနတ်ကိုတော့ ထွန်းလူ နေရာတကာ ထုတ်မကိုင်၊ ညဥ့်နက်သန်းခေါင် အိမ်အပြင်ထွက်မှသာ ကိုင်ဆောင်လေ့ရှိသည်။ ထို့ကြောင့် သူ့တွင် လိုင်စင်မဲ့ သေနတ်ရှိမှန်း လူတိုင်းမသိ။

''ထွန်းလူရေ---ဒီညနေ ငါတို့ ဆုံကြမယ်ဟေ့---အားလုံး ညနေ (၆) နာရီ ချယ်ရီဖြိုးမှာ ဆုံကြမယ်--- နောက်မကျစေနဲ့ဟေ့၊ မှောင်လာရင် ချမ်းတယ်ဟေ့''

''အေးပါ--အိုက်ပေါင်းရာ၊ မင်းတို့သာ (၆)နာရီ ချယ်ရီဖြိုးမှာ စောင့်''

ထွန်းလူနှင့် အိုက်ပေါင်းတို့သူငယ်ချင်းများမှာ ကျောင်းတက်တော့လည်း အတူတူ တတွဲတွဲဖြစ်ခဲ့သလို၊ ကျောင်းကထွက်ပြီး အရောင်းအဝယ် လုပ်သူလုပ်၊ ကားမောင်းသူမောင်း၊ ကျပန်းလုပ်သူလုပ်ဆိုကြပေမယ့် မကြာခဏ ညနေတိုင်းလိုလိုတော့ ဆုံဖြစ်ကြသည်။ ပြောမနာ ဆိုမနာ ငယ်သူငယ်ချင်းတွေ ဖြစ်သလို ချစ်ချစ်ခင်ခင်ရှိကြသည်။ ယခုအခါတွင် အချို့သူငယ်ချင်းများမှာ အိမ်ထောင်ကျသွားကြပေမယ့် သူငယ်ချင်းတွေ တစ်ဦးနှင့် တစ်ဦး မကင်းကွာကြ။ ပျော်ပျော်ရွှင်ရွှင်၊ သောက်သောက် စားစား၊ အလှည့်ကျစရိတ်ခံကာ ဆုံနေကျ။

''ဒီနေ့ အိုက်ပေါင်း၊ နောက်တစ်ပတ်ကို အလှည့်ကျတာက ထွန်းလူနော်---ဟုတ်ပြီလား''

သောက်စားရင်း အရှိန်ရလာတော့ မင်းဇော်က နောက်တစ်ပတ်ဆုံဖို့ ဒကာရွေးနေပြီ။

''အေးကွ---ဒီကောင် ထွန်းလူကို အလှည့်မပေးတာ ကြာပေါ့---ဘယ်လိုလဲ ထွန်းလူ''

ကျော်ခေါင့် အမေးကို ထွန်းလူက ခပ်ပြုံးပြုံးဖြင့် အရက် ခွက်ကို မြှောက်လိုက်ရင်း

''အလှည့်ကျ မနွဲ့စတမ်းပေါ့ကွာ---ဟဲ---ဟဲ''

ဟု ပြောကာ အားလုံးနှင့်ခွက်တိုက်လိုက်သည်။

''အိုကေ---နောက်တစ်ပတ်အတွက် ငါနေရာ ရွေး



www.burmeseclassic.com

www.burmeseclassic.com




ထားမယ်---အိုကေ---ဂွတ်နိုက်''

''ဂွတ်နိုက်'' ''ဂွတ်နိုက်''

အားလုံး လူစုခွဲလိုက်ကြသည်။

(၂)

သို့ဖြင့် တစ်ပတ်တာ မဆုံဖြစ်သော သူငယ်ချင်းများအတွက် ဆုံရန်ရက် (၂)ရက်သာ လိုတော့သည်။ ထွန်းလူမှာ သူငယ်ချင်းများနှင့် ဆုံဖို့ စဉ်းစားထားသည့် ဆိုင်မှာ နာမည်ကြီးဆိုင် တစ်ဆိုင် ဖြစ်သည်။ အစားအသောက်ကောင်းသဖြင့် နေ့ခင်းပိုင်းတွင် လူစုံလေ့ ရှိသည်။ ညနေပိုင်းတော့ မြို့နှင့် အလှမ်းဝေးပြီး လုံခြုံမှုမရှိသဖြင့် လူပြတ်သည်။ သို့သော် သူတို့ သူငယ်ချင်း တစ်သိုက် ဆုံလျှင် (၅) ဦးထက် မနည်း ရှိနိုင်သဖြင့် သိပ်ကိစ္စတော့ မရှိ။ ထို့ကြောင့် မြို့နှင့် (၂)မိုင်ကျော် ဝေးသော ခမ်းသီ စားသောက်ဆိုင်ကို ရွေးလိုက်သည်။



''အားဟုတ်ပြီ ဒီနေရာပဲ ကောင်းတယ်---သွားမှာက ညနေပိုင်းဆိုတော့ အပြန်မှောင်သွားမယ်၊ အဲဒီတော့ လိုလိုမည်မည်---သေနတ်ယူသွားမှ ဖြစ်မယ်။ ပြင်ဆင်ထားသင့်တာ ပြင်ဆင်ဦးမှ''

ထွန်းလူ တစ်ကိုယ်တည်း ပြောနေမိသည်။ ထို့အတူ သူမကြာခင်က ဝယ်ထားသော သေနတ်ကို ထုတ်လိုက်သည်။ ပြီးလျှင် ကျည်ဆန်ကို စစ်ကြည့်သည်။ ဒါပေမယ့် သူသေနတ်ကို အပြင်သို့ တစ်ခါမှလည်း ထုတ်မကိုင်ဘူး၊ ပစ်လည်း မပစ်ဖူး ဖြစ်နေသည်။

''အင်း ဒါဆို ရွှေလီကမ်းလေ့ဆိပ်က သေနတ်ပစ်အတွေ့အကြုံရှိတဲ့ ကိုသောင်းညွန့်တို့ အဖွဲ့ဆီသွားပြီး လိုရမည်ရ သင်ထားဦးမှ''

ထွန်းလူ ဆုံးဖြတ်လိုက်ရင်း နောက်ရက်တွင် ရွှေလီမြစ်ကမ်းသောင်ပြင်ဘက်သို့ ဆင်းခဲ့သည်။ ကိုသောင်းညွန့်ကို အကျိုးအကြောင်း ပြောပြလိုက်သည်။

''ဒိုင်း---ဒိုင်း---ဒိုင်း''

''သေနတ်ဆိုတာ ဒီလိုဒီလို---ဒီလိုပေါ့ကွာ---ဟား----ဟား''



www.burmeseclassic.com

www.burmeseclassic.com



ထွန်းလူ တစ်ယောက် ကိုသောင်းညွန့်တို့ အဖွဲ့ဆီမှ ပြန် လာတော ဘာရယ်တော့မဟုတ် စိတ်ခတ် တက်ကြွနေပြီး သေ နတ်ကို မကြာခဏ ထုတ်ကြည့် နေမိသည်။ ဟိုရက်ဟိုလတွေက တော့ ထွန်းလူ တစ်ယောက် သည်လို မဟုတ်ပါ။

(၃)

တစ်ဖက်တွင် တောင် ကမ်းပါးယံ မိုးနေသည့် နေရာ၊ တစ်ဖက်က လယ်ကွင်းနှင့် ရှု ခင်းကျယ်ကျယ်တွင် လှမ်းမြင် နေရသော ဝင်လုလုနေမင်းကြီး၊ နေမင်းကြီး ကွယ်ခါနီးလေ ချမ်း စိမ့်စိမ့် ဖြစ်လာလေလေ ဖြစ် သည်။

"ကဲ သောက်ကြကွာ- ---အေးလာပြီဟေ့"

အိုက်ပီးက ဆော်သြ လိုက်သလို၊ ထွန်းလူ တစ် ယောက်မှာ ခပ်အေးအေးဖြင့်

"အေးအေးဆေးဆေး သောက်ကြစမ်းပါကွာ၊ ဒီနေ့ငါ ဒကာပါကွာ ဟဲဟဲ---

"ဟေ့ ဒီနေ့ကြားသား မိုးကြိုးပါလားကွာ အရင်ကဆို ဒီကောင်ကပဲ လူစုခွဲကြဖို့ ပြော နေကျ၊ မိုးချုပ်မခံတဲ့ကောင် အ ခုတော့ ထူးနေပါလားကွ"

မင်းဇော်က ပြောလိုက် ထွန်းလူက

"အခုဟာက ငါစီစဉ် တဲ့ ပွဲလေကွာ၊ မင်းတို့ အေး အေးဆေးဆေး သောက်ရ စား ရအောင် လုံခြုံဖို့ ဟောဒီမှာ ပါတယ် ကဲ-- အေးအေးဆေး ဆေးသာ သောက်ကြ"

ထွန်းလူ တစ်ယောက် မတ်တတ် ရပ်လိုက်ရင်း ခါး နောက်ပိုင်း ဂျာကင် အင်္ကျီကို လှန်ပြလိုက်သည်။

"ဩော်---ဒီကောင် ဒါကြောင့်ကိုး--ဟဲဟဲ"

အားလုံး သူငယ်ချင်း တွေ ပြောလိုက်ချိန်မှာ ထွန်းလူ အပေါ့သွားရန် အပြင်ထွက်သွား သည်။ ထွန်းလူ အပေါ့သွားချိန် တွင် အိုက်ပေါင်းက အားလုံးကို ခပ်တိုးတိုးဖြင့် တိုင်ပင်လိုက် သည်။ အားလုံးကလည်း သ ဘောတူ လက်မ ထောင်လိုက် ကြသည်။

"ဒီကောင် ဘယ်တုံး က သေနတ် ကိုင်ဖူးလို့လဲ၊ ပစ်ဖို့ ဆိုတာ ပိုခက်ဦးမယ်"

မင်းဇော်က မှတ်ချက် ပြုလိုက်သည်။ သို့ဖြင့် ထွန်းလူ ဆိုင်ထဲ ပြန်အဝင်တွင် အိုက် ပေါင်းက သူ့ခါးကြားထဲက သေ နတ်ကို စားပွဲပေါ် တင်လိုက် ရင်း-

"ဟေ့ သူငယ်ချင်းတို့ သေနတ်ဆိုတာ ပစ်တတ်မှ၊ ပစ် ဟတ်ရင်လဲ ပစ်မှတ်ကို ထိ အောင် ပစ်နိုင်မှ ကိုင်တာ အဓိပ္ပာယ်ရှိကယ်ကွ--မပစ်ရဲ၊ မပစ်တတ်ဘဲကိုင်ရင် အလကား ပဲ၊ ရှိတဲ့ သေနတ်က လေးခွ လောက်တောင် အသုံး မဝင် တော့ဘူးကွ"

"ဟာ မင်းပြောတာ သိပ်မှန်တာပေါ့ကွာ ဒါကြောင့် ငါတော့ သေနတ်မပြောနဲ့ ပါးစပ်နဲ့တောင် သေနတ် မပစ် ရဲဘူးကွ ဟဲဟဲ---"

မင်းဇော်က မူးသံနှင့် ပြောနေသလို ဝိုင်းထဲရှိ သူငယ် ချင်းများကလည်း

"ဒါအမှန်ဆုံးပေါ့--- သတ္တိရှိတဲ့လူ ကိုင်ပေါ့ကွာ"

သူတို့အားလုံးမှာ ထွန်း လူ အကြောင်းအစင်း သို့နှံ့



www.burmeseclassic.com

www.burmeseclassic.com





နောက်ပြောင်နေကြခြင်း ဖြစ်သည်။ ထွန်းလူမှာ သူတို့အထဲတွင် ခပ်ပျော့ပျော့၊ ခပ်အေးအေး သမား၊ အားလုံးနှင့် အဆင်ပြေအောင် နေတတ်သလို သဘောလည်း ကောင်း၏။

''ဘာကွ---သတ္တိရှိရင် ကိုင်ဆိုတော့ မင်းတို့ဘာပြောတာလဲ။ ဒါ--အကာအကွယ်သဘောနဲ့ ဆောင်လာတာကွ။ မလိုတာတွေ မပြောပါနဲ့ကွာ''

ထွန်းလူမှာ အရက်ရှိန်ရသဖြင့် ပထမစိတ်တိုသယောင်ဖြစ်သွားပြီးမှ အကျိုးအကြောင်း ရှင်းပြလိုက်သည်။

''အကာအကွယ် အတွက် ဆိုလဲ အကာအကွယ်မှာ အသုံးပြုရမယ့်အချိန် ကာကွယ်တတ်မှ ပစ်ကတတ်မှ ပစ်ရဲမှ အဲဒါပြောတာပါ။ သူ့ရဲကော ်ငး်သူငယ်ချင်းကြီးရယ်''

အိုက်ပေါင်းက ထွန်းလူစရိုက်ကိုသိသဖြင့် တမင်တကာစနေခြင်းဖြစ်ာလို မူးနေသဖြင့် သူစကားက ထွန်းလူဒေါသကို ဆွပေးသလိုဖြစ်နေသည်။

''ဟော့ကော ်င် အိုက်ပေါင်း ဘော်ကွာ---အဲဒါ ပြောမနေနဲ့ သောက်စရာရှိတာ မြန်မြန် သောက်၊ ပြီးရင် ပြန်ကြမယ်။ တော်ကြာ အများကြီး မှောင်လာရင် လူ ပြတ်မယ် မကောင်းဘူး''

ထွန်းလူက ပြောလိုက်သဖြင့် အိုက်ပေါင်းက-

''လူ ပြတ်မယ် မကောင်းဘူး၊ ဘာ မကောင်းရမှာလဲကွ၊ လူပြတ်လို့ တို့ကို အန္တရာယ်ပြုမယ့်လူရှိရင် ငါ့သူငယ်ချင်း သူ့ရဲကောင်းကြီးပဲ မင်းက ရှင်းပေါ့''



www.burmeseclassic.com

www.burmeseclassic.com



အိုက်ပေါင်း စကားကို အားလုံးက တိုင်ပင်ထားကြသလို ခေါင်းတညိတ်ညိတ် လှုပ်ရင်း အစားအသောက်မပျက်။ ထွန်းလူနှင့် အိုက်ပေါင်းတို့ အချေအတင် ပြောဖို့သာ လမ်းကြောင်းပေး နေသလိုလို---

''ဟေ့ကောင် အရေးကြုံရင်တော့ ရှင်းရမှာပေါ့ကွာ''

''ဟား---ဟား---ဟား မင်းက လူတစ်ယောက်ကို ပစ်ရဲလို့လား ဟား--ဟား--ဟား''

အိုက်ပေါင်းမှာ ပြောရင်း ပြောရင်း မူးလာသည့် အရှိန်နှင့် ထွန်းလူကို ဆွပေးသလို ဖြစ်လာသည်။

''ဟေ့ကောင် အိုက်ပေါင်းတော်ကွာ၊ ဘာလို့ မပစ်ရဲရမှာလဲယောက်ျားကွယောက်ျား''

''ဟား---ဟား---မင်းပစ်ရဲရင် ပစ်ကြည့်စမ်း။ မင်းဘယ်သူ့ကို ပစ်ရဲသလဲ၊ စမ်းကြည့်စမ်း။ မင်း ပစ်ရဲရင် တို့အားလုံးရင်ကော့ထားရဲတယ်။ မပစ်လဲ မပစ်ရဲဘဲနဲ့ကွာ၊ မင်းအကြောင်း ငါတို့သိပါတယ် ထွန်းလူရယ်၊ ဟဲ---ဟဲ မပစ်ရဲဘူး မဟုတ်လား ထားလိုက်စမ်းပါကွာ''

''တော်ကွာ---အိုက်ပေါင်း၊ မပြောနဲ့တော့ကွာ--မပြောနဲ့တော့''

ထွန်းလူမှာ မူးလာသည့် အရှိန်ကြောင့် လည်းကောင်း၊ ဒေါသဖြစ်လာတာကြောင့် လည်းကောင်း ပင်ကိုယ်စိတ် ပျောက်နေပြီး အိုက်ပေါင်းနှင့် သူငယ်ချင်း များလည်း မူးသည့် အရှိန်က တက်နေကြသည်။

''မပြောတော့ပါဘူး၊ ပါးစပ်သေနတ်ကြီးရယ် မပစ်ရဲတဲ့ သူရဲကောင်းကြီး နောက်တို့က ရင်ကော့ပြီး ဟောဒီလို--ဟော ဒီလို''

''ဒိုင်း---ဒိုင်း---ဒိုင်း''

အိုက်ပေါင်း စကားမဆုံးလိုက်။ သေနတ်သံသုံးချက်ထွက်သွားပြီး ထွန်းလူသေနတ်ကိုင်ပြီး လက်တွေတုန်နေသလို မျက်လုံးကြီးပြူးပြီး မျက်ဖြူလန်ကာ လဲကျသွားသည့် အိုက်ပေါင်းကို သူငယ်ချင်းတွေ ကြောင်ကြည့်ပြီး ပြေးပွေ့လိုက်ကြသည်။ ရင်ဘတ်က သွေးတွေ ပါးစပ်ကသွေးတွေကြားမှာ အိုက်ပေါင်း အသက် မရှိတော့သလို ထွန်းလူ တုန်နေသည့် လက်ထဲက သေနတ် ပြုတ်ကျသွားလေသည်။

သို့ဖြင့် ထွန်းလူ၊ အိုက်ပေါင်း သူငယ်ချင်းတစ်စုမှာ အသက်တစ်ချောင်း ဆုံးရှုံးခြင်းနှင့် အတူ ရင်ဆိုင်ရတော့မည့် လူမှုဒုက္ခသောကများစွာနှင့် လဲလိုက်ရသည့် ညမှာတော့ အများအတွက် သင်ခန်းစာ ယူရမည့် ဖြစ်ရပ်တစ်ခုအဖြစ် ထိုဒေသမှာ ယခုထက်ထိ ပြောမဆုံးတော့။

**မှတ်ချက်။** နှစ်ပေါင်း (၃၅) နှစ်ကျော်ကာလက ဖြစ်ရပ်မှန်ကို အတော်လေး ဖွဲ့ထားခြင်း ဖြစ်ပါသည်။

**သိန်းဇော်**

**(ရွှေလီဦး)**



www.burmeseclassic.com

www.burmeseclassic.com



# ညီလေးဖတ်ဖို့ရေးတဲ့စာ

## သူစိမ်းတွေပြောတဲ့ သူတို့အကြောင်း(၂)

ဆူးသစ်

ညီလေးရေ ---

စင်ကာပူက ဘေးအန္တရာယ်ကင်းရှင်းရေး ဝန်ထမ်းတစ်ယောက်ဖြစ်တဲ့ အစ်ကို့အနေနဲ့ အစ်ကိုနဲ့ အလုပ်ခွင်တူ၊ ရာထူးတူ ဝန်ထမ်းပေါင်းစုံကို တွေ့ခဲ့ဖူးပါတယ်။ လူမျိုးလည်း ပေါင်းစုံပဲပေါ့။ မြန်မာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ မလေးရှား၊ စင်ကာပူတရုတ်၊ မလေးတရုတ် စုံလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို စုံတဲ့လူတွေကြား အပြုအမူတွေက လည်း အစုံပဲပေါ့။ အဲဒီကြားကမှ တကယ့်ကို မှတ်သားစရာကောင်းတဲ့ လူနှစ်ယောက်ကို အစ်ကိုတွေ့ခဲ့ရပါတယ် ညီလေးရေ။

ပထမတစ်ယောက်ကတော့ စင်ကာပူနိုင်ငံမှာ Permenant Residence (PR) ရထားတဲ့ အိန္ဒိယလူမျိုးတစ်ယောက်ပါ။ အစ်ကိုလက်ရှိ လုပ်နေတဲ့ ပရောဂျက်ကို ပရောဂျက်ပြီးခါနီးမှာ ရောက်လာတာပါ။ ပြီးခါနီးဆိုပေမယ့် လေးငါးလလောက် လိုပါသေးတယ်။

သူရောက်လာတော့ အစ်ကိုတို့ ကုမ္ပဏီက အစ်ကို့လို ဘေးအန္တရာယ်ကင်းရှင်းရေး ဝန်ထမ်းနှစ်ယောက် ထွက်သွားပါပြီ။ စင်ကာပူနိုင်ငံသား တရုတ်နဲ့ စင်ကာပူနိုင်ငံသား မလေးရှားပါ။ တရုတ်က အစ်ကိုတို့ ဘေးကင်းရေးဝန်ထမ်းအဖွဲ့ ခေါင်းဆောင်ပါ။ သူထွက်သွားပြီးနောက်မှာ အစ်ကို့ကို ဘေးကင်းရေးအဖွဲ့ရဲ့ ခေါင်းဆောင်အဖြစ် တာဝန်ယူဖို့ သူဌေးက ပြောပါတယ်။ အဲဒီအချိန် သူရောက်လာတာပါ။

တကယ်တော့ သူရောက်လာချိန်မှာ စလုံးမလေးပါ ထွက်သွားလို့ အစ်ကိုတစ်ယောက်ပဲ ကျန်ခဲ့တဲ့ အချိန်ပါ။ ဒီတော့ သူ့လုပ်အားကို လိုပါတယ်။ အစ်ကို့ကို ဘေးကင်းရေးဝန်ထမ်းခေါင်းဆောင်လို့ ပြောပေမယ့် အစ်ကိုက သူ့ကို အပေါ်စီးက မဆက်ဆံခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူရထားတဲ့ Certificate က အစ်ကို့ထက် တစ်ဆင့်မြင့်ပါတယ်။ ပြီးတော့ သူက အစ်ကိုလုပ်ခဲ့ဖူးတဲ့ အရင် Project တစ်ခုတုန်းက အဲဒီ ပရောဂျက်ကိုလာတဲ့ သူတွေကို Safety Induction Course (SIC)ပေးရတဲ့ သင်တန်းဆရာ Trainer ဖြစ်ခဲ့ဖူးတယ်။ ဒါပေမဲ့ လက်ရှိလုပ်နေတဲ့ Project မှာတော့ အစ်ကိုက အလုပ်စလုပ်ကတည်းက လုပ်ခဲ့တဲ့သူဆိုတော့ သူဌေးက အစ်ကို့ကို ဘေးကင်းရေးဝန်ထမ်း အားလုံးရဲ့ ခေါင်းဆောင်အဖြစ် သတ်မှတ်ထားခဲ့တာပါ။

ညီလေးရေ---

အဲဒီတစ်ယောက်ဟာ သင်တန်းဆရာလုပ်ခဲ့လို့လား မသိပါဘူး။ အင်မတန် စကားများပါတယ်။ တော်ရုံတန်ရုံများရင် တော်ပါသေးတယ်။ သူများပုံက အံ့အားသင့်စရာကောင်းအောင် များတာပါ။ စကားပြောဖို့ လူကို အရင်ရှာတယ်။ တွေ့ရင် တွေ့တဲ့လူကို စပြောတယ်။ အဲဒီလူ အလုပ်ရှုပ်နေရင် ရပ်စောင့်တယ်။ ထိုင်စောင့်တယ်။

တကယ်လို့ သူနဲ့ ပြောနေတဲ့သူ ထသွားပြီးနောက်တစ်ယောက် ထပ်လာရင် ကျန်တဲ့ ဟူသာပြောင်းသွားတယ်။ သူမပြောင်းဘူး ဆက်ပြောနေရော။ အဲဒီအတွက် စကားပြောချိန် ကြာရင် ကြာသလို အလုပ်ကိုပါ ထိခိုက်လာတယ်။ သူက စကားပြောချင် နားနေဆောင်မှာ သွားပြောတာကိုး။ ဒီတော့ စကားပြောနေရရင် လုပ်ကွက်ထဲကို မလာတော့ပါဘူး။ ဘေးအန္တရာယ်ကင်းရှင်းရေး ဝန်ထမ်းတစ်ယောက်က လုပ်ကွက်ထဲကို မလာမှတော့ အလုပ်သမားတွေ လုပ်ချင်သလို လုပ်တော့မှာပေါ့ ညီလေးရေ။ အဲဒီလို လုပ်ခွင့်မရအောင် အစ်ကိုက လုပ်ကွက်ထဲ ပို့ပတ်ပါတယ်။ သူ့ကိုတော့ စကားမပြောပါနဲ့လို့ အစ်ကို မပြောခဲ့ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ အရွယ်အရ အစ်ကိုနဲ့ မတိမ်းမယိမ်းဖြစ်နေတာရယ်၊ အလုပ်ထဲမှာ စကား



www.burmeseclassic.com



ပြောတာ မပြောတာ၊ အလုပ်လုပ်တာ မလုပ်တာကို လိုက်ပြောနေရမယ့် အနေအထားမျိုး မဟုတ်တာရယ် ကြောင့် သူ့ဘာသာ နားလည်လာမလားလို့ စောင့် ကြည့်နေခဲ့တယ်။

အဲဒီလို စကားများတာ သူ့ဘာသာဆို ကိစ္စ မရှိပေမယ့် ရံဖန်ရံခါ အစ်ကို့ကိုပါ ထိခိုက်တတ်ပါ သေးတယ်။ အစ်ကိုက မနက်ဘက်ဆို လူဦးရေစာ ရင်းကို Main Contrector ရဲ့ ဘေးကင်းရေး ခေါင်း ဆောင်ဆီ သတင်းပို့ရပါတယ်။ အဲဒီလို သတင်းမပို့ ခင် လူဦးရေကို ရုံးနဲ့တိုက်ပြီး စစ်ရပါတယ်။ အဲဒီလို တိုက်နေတုန်းမှာပဲ သူက အစ်ကို့ကို ဖြတ်မေးပါတယ်။ 'ဒီနေ့ ဘယ်နှစ်ယောက်လဲ' တဲ့။ အစ်ကိုလည်း 'မင်း ငါ လူရေနေတာ မြင်လား၊ မပြီးသေးဘူး၊ စောင့်နေ' လို့ ပြောတော့ ငြိမ်သွားပါတယ်။ အမှန်က စကား မပြောရရင် မနေနိုင်တဲ့ရောဂါပါ။

နောက်တစ်ခုက အလုပ်ကို သေသေချာချာ မလေ့လာချင်ဘူး။ စရောက်ရောက်ချင်း ဘာသိလဲ မေးရင် ဘာမျှမသိတာ လက်ခံနိုင်ပေမယ့် ရောက်ပြီး သိပ်မကြာခင်မှာ လေ့လာရတော့မယ်ဆိုတာ အလုပ် သစ်ကို ရောက်တဲ့သူတွေ နားလည်ထားရမှာပါ။ သူ့ကို အစ်ကို သိသလောက် ပြောပြတယ်။ မမှတ်ဘူး။ ပြီး တော့ အစ်ကိုရှင်းပြတဲ့ အချက်တွေအပေါ်မှာ လုပ် ကွက်ထဲက လုပ်နေတာတွေနဲ့ လိုက်ကြည့်ပြီး သေ သေချာချာ နားလည်အောင် မလုပ်ဘူး။ တည့်တည့် ပြောရရင် အလုပ်ကို စိတ်မဝင်စားဘူးပေါ့။ စကား များဖို့နဲ့ နားဖို့ပဲ စိတ်ဝင်စားတာ သိသာပါတယ်။

ပြီးတော့ သူဟာ သူ့အကျိုးအတွက်ဆို အမြဲကြည့်ပါတယ်။ မနက်ဘက် အလုပ်ချိန်အဝင်မှာ လက်ဗွေနှိပ်ရင် အစ်ကိုတို့ ရုံးမှာ နှိပ်ရပါတယ်။ အပြန် ဆိုရင်လည်း ဒီလိုပါပဲ။ အဲဒါကို သူက အဝင်မှာ အစ်ကို တို့ရုံးမှာပဲ လက်ဗွေနှိပ်ပြီး အပြန်ကျတော့ အစ်ကိုတို့ ကုမ္ပဏီရဲ့ ပိုက်လိုင်းဘက်က ရုံးမှာသွားနှိပ်ပါတယ်။

အကြောင်းက ပိုက်လိုင်းရုံးမှာက ပြန်ချိန်ကို ဆယ်မိနစ်စောပေးထားပါတယ်။ သူတို့က ကော်ဖီချိန် မနားဘဲ ညနေကို စောပြန်ပါတယ်။ အစ်ကိုတို့

**သူ့အကျိုးအတွက်ဆို အမြဲကြည့်ပါတယ်။ မနက်ဘက် အလုပ်ချိန်အဝင်မှာ လက်ဗွေနှိပ်ရင် အစ်ကိုတို့ရုံးမှာ နှိပ်ရပါတယ်။ အပြန်ဆိုရင်လည်း ဒီလိုပါပဲ။ အဲဒါကိုသူက အဝင်မှာ အစ်ကိုတို့ ရုံးမှာပဲ လက်ဗွေနှိပ်ပြီး အပြန်ကျတော့ အစ်ကိုတို့ ကုမ္ပဏီရဲ့ ပိုက်လိုင်းဘက်ကရုံးမှာ သွားနှိပ်ပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်ရုံးဘက်က ကော်ဖီချိန်နားပြီး ညနေကို ပုံမှန်ချိန် ပြန်ပါတယ်။ အဲဒီအတွက် ငွေရတာလည်း အတူတူပါပဲ။ အဲဒါကို ပြန်ချိန်ဆို သူက စောပြန်ရအောင် ဆယ်မိနစ်စောပေးထားတဲ့ ပိုက်လိုင်းရုံးမှာ သွားနှိပ်ပါတယ်။ အချိန်က ပုံမှန်အချိန်ရအောင် ညှိထားပေးပြီး သားဆိုတော့ ဘယ်မှာ နှိပ်နှိပ် အချိန်က စက်ပေါ်မှာ တူပါတယ်။ တကယ့်အပြင်က အချိန်က ဆယ်မိနစ် စောပါတယ်။

တကယ်ဆို သူမလာခင်ကတည်းက အလုပ်သမားလေးတွေကို အစ်ကိုတို့က ကိုယ့်ရုံးမှာ ကိုယ်နှိပ်ဖို့ ပြောပြီးသားပါ။ ဒါကို သူက တခြားရုံးမှာ သွားနှိပ်တော့ အလုပ်သမားလေးတွေက အစ်ကို့ကို အဲဒီလို နှိပ်လို့ရလား မေးလာကြပါတယ်။ အဲဒီမှာပဲ အစ်ကိုက လက်ထောက်ပရောဂျက် မန်နေဂျာကို ပြောပြီး သူ အဲဒီလို နှိပ်နေတာကို အသိပေးရပါတော့တယ်။ ဒီတော့ မန်နေဂျာက ခေါ်ပြောမှ ကိုယ့်ရုံးမှာ ကိုယ် လက်ဗွေနှိပ်ပါတယ်။

နောက်တစ်ခုက အစ်ကိုတို့ ရုံးတွေဆီကနေ ဘတ်စ်ကားစီးပြီး လုပ်ကွက်ထဲသွားရင် သူက မီတဲ့ကားကို မလိုက်ပါဘူး။ နောက်ကျခံပြီးမှရတဲ့ ကားနဲ့ လိုက်ပါတယ်။ အဲဒီအတွက် အစ်ကိုက လုပ်ကွက်ထဲမှာ အမြဲရှိနေတော့ သူခံသာပါတယ်။ ဒါပေမဲ့ မနက်ဘက် အလုပ်သမားတွေနဲ့လုပ်တဲ့ အစည်းအဝေးကိုတော့ မီလေ့မီထ မရှိပါဘူး။ နေ့ခင်းဆို အစ်ကိုက လုပ်ကွက်ထဲက နားနေဆောင်မှာ အိပ်တော့ သူက ရုံးမှာ ပြန်အိပ်တာပါ။ အဲဒီအတွက် အလုပ်ထဲကို သူ ထမင်းစားပြီးလာချိန်ဟာ မွန်းလွဲနှစ်နာရီဝန်းကျင်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူက တစ်နာရီကားနဲ့ ဘယ်တော့မှ မလိုက်ဘဲ တစ်နာရီခွဲကားနဲ့ လိုက်ခဲ့ပြီး တစ်နာရီလေးဆယ်၊ လေးဆယ့်ငါးမှာ လုပ်ကွက်ထဲရောက်၊ အလုပ်ထဲမလာသေးခင် နားနေဆောင်သွား၊ ပြီးတော့ တွေ့တဲ့လူနဲ့ စကား..ပြောသေးတာ။ အဲဒါပြီးမှ လုပ်ကွက်ထဲလာတာ။ အဲဒီလိုလာပြီး သုံးနာရီဆို ကော်ဖီချိန်ဆိုတော့ သူ့ရဲ့အလုပ်ချိန်ဟာ အင်မတန်ကို နည်းလှပါတယ်။

ဒါပေမဲ့ သူက အချိန်ပိုဆို သူကချည်းပဲ လိုချင်တော့တာ။ အဲဒီလောက်တော့လည်း အဇကာင်းချည်းပဲ သူဘယ်ရနိုင်မလဲ ညီလေးရေ။ အစ်ကို သူ့ကို မတရားလည်း မလုပ်ပါဘူး။ အချိန်ပိုကို သူဆင်းရမယ့်အလှည့် သူဆင်း၊ ကိုယ်ဆင်းရမယ့်အလှည့် ကိုယ်ဆင်းပါပဲ။ တစ်ခုပဲ။ တချို့ ကြီးကြပ်ရေးမှူးလေးတွေ သူနဲ့ဆို အလုပ်မလုပ်ချင်ကြတော့တာပါ။ အဓိကအကြောင်းက သူက အလုပ်လုပ်နေတဲ့သူတွေနားမှာလည်း စကားတွေ သွားများနေတော့တာကိုး။ လုပ်ကွက်ထဲမှာလည်း မနေချင်၊ နေပြန်တော့လည်း အလုပ်လုပ်နေတဲ့သူတွေကို စကားလိုက်ပြောဆိုတော့ တချို့ကြီးကြပ်ရေးမှူးလေးတွေဆို ညကိုးနာရီအထိ ဆင်းရတဲ့အခေါက်တွေမှာ အစ်ကို့ကိုပဲ နေစေချင်ကြတယ်။ အဲဒီစကားများတဲ့ သူနဲ့ဆို အနှောင့်အယှက်ဖြစ်လို့ပါတဲ့။ ပြီးတော့ သူက အလုပ်ကို မလေ့လာဘဲ လျှောက်ပြောနေတော့ တချို့ကိစ္စတွေမှာ သူပြောတာတွေက မလိုတဲ့ဟာတွေဖြစ်နေတယ်။ ဒီတော့ ဘယ်သူက အတူတွဲလုပ်ချင်ပါတော့မလဲ။

ညီလေးရေ---

အဲဒီလို အတူတွဲလုပ်နေကြဘုန်း စင်ကာပူနိုင်ငံသား အိန္ဒိယတစ်ယောက် ထပ်ရောက်လာပါ



www.burmeseclassic.com

www.burmeseclassic.com



**တစ်ရက်ဆို တစ်နေ့ခင်းလုံး ပျောက်သွားတာ။ ရုံးကိုရော၊ မန်နေဂျာကိုရော အစ်ကိုက အဲဒီ ဘေးကင်းရေး ဝန်ထမ်းအသစ်လုပ်ကွက်ထဲ မလာဘူးလို့အသိပေးလိုက်မှ လိုက်ရှာတာ ကင်တင်းန်မှာ သွားတွေ့တယ်။ ကော်ဖီသောက်ပြီး ဖုန်းကစားနေတယ်တဲ့။**

---

တယ်။ သူက ပိုဆိုးပါတယ်။ ဘာမှုမသိ၊ မေးဖို့လည်း စိတ်မဝင်စား၊ အလုပ်ထဲလည်း မလာချင်၊ သက်သာသလိုနေပြီး ဖုန်းလည်း ကလိချင်တာပါ။ အစ်ကိုတို့ ရုံးနားမှာပဲ ဖုန်းသုံးလို့ရပြီး လုပ်ကွက်ထဲဆို ဖုန်းသုံးလို့ မရတော့ ဖုန်းသုံးဖို့ပဲ ချောင်းနေတာလေ။

တစ်ရက်ဆို တစ်နေ့ခင်းလုံး ပျောက်သွားတာ။ ရုံးကိုရော၊ မန်နေဂျာကိုရော အစ်ကိုက အဲဒီ ဘေးကင်းရေး ဝန်ထမ်းအသစ် လုပ်ကွက်ထဲ မလာဘူးလို့ အသိပေးလိုက်မှ လိုက်ရှာတာ ကင်တင်းန်မှာ သွားတွေ့တယ်။ ကော်ဖီသောက်ပြီး ဖုန်းကစားနေတယ်တဲ့။ အစ်ကိုတို့ သူ့ဌေးကိုယ်တိုင် အစ်ကို့ကို ဖုန်းခေါ်လို့ ရှင်းပြခဲ့ရသေးတယ်။

အဲဒီနောက် ရောက်တဲ့တစ်ယောက်က ရှေ့က စကားများတဲ့သူ ဦးဆောင်တဲ့နောက်ကို ပါ ပါသွားလို့ လက်ဗွေနှိပ်တာပါ တခြားရုံးကို သွားနှိပ်ပါတယ်။ နောက်ပိုင်း စကားများတဲ့သူ မနှိပ်တော့မှ သူလည်း တခြားရုံးကို သွားမနှိပ်တော့ပါဘူး။

ပြီးတော့ အစ်ကိုတို့ သဘော်စီးရင် ညှပ်ဖိနပ်လုံးဝ မစီးရဆိုတာကို ခြေထောက်နာလို့ပါဆိုပြီး ရဲကို လိမ်ပြီးစီးတယ်။ ဘာကြောင့် လိမ်တာသိလဲဆိုတော့ လုပ်ကွက်ထဲမှာ တစ်နေကုန် Safety Boot လို့ခေါ်တဲ့ လေးပြီးတင်းကျပ်နေတဲ့ ဖိနပ်ကြီးတောင် စီးနိုင်သေးတာ။ ပေါ့ပေါ့ပါးပါး ညှပ်ဖိနပ်ကို ဘာကြောင့် စီးရသလဲဆိုတာ လိမ်ပြီးစီးတယ်ဆိုတဲ့ ကောက်ချက်ချနိုင်တာပါပဲ။ သူက စင်ကာပူနိုင်ငံသားမို့ အင်္ဂလိပ်စာကို ပေါ်ပတ်လည်အောင် ရှင်းနိုင်တာမှန်ပေမယ့် စည်းကမ်းဟာ စည်းကမ်းပါပဲ။ အစ်ကိုကတော့ သူ့ကို တည့်တည့်ကိုမေးတာ။ 'မင်း ဘာလို့ ညှပ်ဖိနပ်စီးလဲ'ပေါ့။ သူက ခြေထောက်နာတာရယ်၊ ရဲကို ရှင်းပြထားတာရယ်ပါ ပြောပြတယ်။ အစ်ကို မပြောတော့ပါဘူး။ ရဲတောင် ခွင့်ပြုထားမှကိုး။

နောက်တစ်ခုက လုပ်ကွက်ထဲလာရင် သူ လက်အိတ် မဆောင်ဘူး။ လက်အိတ်ဆိုတာ အလုပ်သမားလေးတွေကို လုပ်ကွက်ထဲသွားရင် အမြဲဝတ်ဖို့ အစ်ကိုတို့လို ဘေးကင်းရေးဝန်ထမ်းတွေကတောင် ပြောနေရတာ။ သူ့လို ဘေးကင်းရေးဝန်ထမ်း တစ်ယောက်က လက်အိတ်ပါမလာဘူးဆိုတာ တော်တော်ကို ရုပ်ပျက်လွန်းပါတယ်။ အစ်ကိုက မေးတယ်။ 'မင်း လက်အိတ်ဝတ်ရမှာ' ဆိုတော့ 'ငါ့ကို ရုံးက ထုတ်မပေးသေးဘူး'တဲ့။ 'မင်းရအောင်တောင်း။ မရရင် လုပ်ကွက်ထဲ မလာနဲ့'ဆိုမှ ရအောင် သွားထုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဒီလိုအခြေအနေတွေနဲ့ လုပ်ကွက်ထဲ မလာဘဲ ရုံးနားက ကင်တင်းနိမှာ ဖုန်းကလိချင်နေတာနဲ့။ နောက်ဆုံးတော့ အစ်ကိုတို့ရဲ့ Safety Manager ကိုယ်တိုင် အစ်ကိုတို့ လုပ်ကွက်ထဲရောက်လာပြီး အဲဒီ ဘေးကင်းရေးဝန်ထမ်း နှစ်ယောက်ကို တစ် ယောက်စီ ဆုံးမပါတော့တယ်။

**ညီလေးရေ ---**

အဲဒီ ဝန်ထမ်း နှစ်ယောက်စလုံးမှာ တစ်ယောက်က PR၊ တစ်ယောက်က စင်ကာပူနိုင်ငံသား။ အစ်ကိုက S pass။ အစ်ကို့ကို ကြီးကြပ်ရေးမှူးလေးတွေက ပိုင်းပြောတယ်။ အစ်ကို ဘယ်ပြောလို့ရပါ့မလဲတဲ့။ သူတို့က PRနဲ့ စလုံးလေတဲ့။ အစ်ကိုလည်း တည့်တည့်ပဲ ပြောလိုက်ပါတယ်။ PRဖြစ်ဖြစ်၊ စလုံးဖြစ်ဖြစ် ထမင်းမစားဘဲ ဟိုဟာစားနေလို့လားလို့။ ထမင်းစားရင် အလုပ်တော့ လုပ်ရမှာပဲလို့။ အလုပ်မလုပ်ရင်တော့ ပိုက်ဆံရမှာ မဟုတ်ဘူး။ မလုပ်ချင်ထွက်၊ တခြားသူ ရှာခိုင်းလို့ရတယ်လို့။

တကယ်တော့ သူတို့အမြင်က အစ်ကိုက S pass နဲ့ PR၊ စလုံးကို ပြောလို့ရမှာ မဟုတ်ဘူး။ PRတို့၊ စလုံးတို့ဆိုတာ စင်ကာပူမှာ အလုပ်ရှာရလွယ်တာပဲလို့ သိနေကြတာကိုး။ အစ်ကိုကလည်း အဆုံးထိ တွေးပြီးသား။ ငါလည်း မှန်တယ်ထင်ရင် ပြန်ဆိုလည်း ပြန်ဝံ့တယ်လို့။ အဲဒီ ဝန်ထမ်းနှစ်ယောက်စလုံးကိုလည်း ငါ ဘယ်အချိန်ဖြစ်ဖြစ် ပြန်နိုင်တယ်လို့ ပြောပြီး သူတို့ဘက်က ဘောင်တွေ လွတ်လာရင် ပြောစရာရှိတာကို ပြောရတော့တာ။ သူတို့ကို မပြောရင် သူ့ဌေးနဲ့ အစ်ကို့အထက်က ဘေးကင်းရေးဝန်ထမ်းတွေက အစ်ကို့ကို ပြောတော့မယ်လေ။

**ညီလေးရေ----**

ဟိုတုန်းက 'သူစိမ်းတွေပြောတဲ့ သူတို့အကြောင်း' ဆိုတဲ့ ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးလို့ အခု ဆောင်းပါးကို နံပါတ် (၂) [illegible]ိုက်ပါတယ်။ ဒီလိုလူမျိုးတွေဟာ စင်ကာပူမှာမှ မဟုတ်ပါဘူး။ အစ်ကိုတို့ နိုင်ငံမှာလည်း ရှိမှာပါပဲ။ ဘယ်လိုရှိရှိ အားလုံးဟာ အမှန်တရားပေါ်မှာ သွားနေကြတာပါ။ အခု ဝန်ထမ်းနှစ်ယောက်ကို လာပြော၊ လာဆူတဲ့ Safety Manager ဆိုတာ စလုံးတစ်ရုတ်ပါ။ စလုံးက PR ကို စလုံးက စလုံးကို အမှားတွေပြင်ဖို့ ဘာလို့ လာပြောရပါသလဲ။ ရှင်းပါတယ်။ အလုပ်မလုပ်လို့၊ အလုပ်အပေါ် ထိရောက်မှုမရှိတဲ့ လုပ်အားနှုန်းတွေကို ပြုပြင်ပြီး မြှင့်တင်ချင်လို့ပါ။ ရာထူးကြီးလို့ မဟုတ်ပါဘူး။ အလုပ်လုပ်တဲ့သူချင်းဆို နိုင်ငံခြားသားဖြစ်ဖြစ်၊ စလုံးဖြစ်ဖြစ်၊ PRဖြစ်ဖြစ် အားလုံးဟာ တစ်သားတည်းပါ။

ဒီတော့ အစ်ကိုပြောတဲ့ သူစိမ်းတွေ အကြောင်းကနေ ညီလေး ရသလောက် ယူကြည့်ပါ။ ကိုယ်ကိုယ်တိုင် အဲဒီအထဲမှာ မပါဘူးဆိုတာသိရင်တောင် ကိုယ်နဲ့ လုပ်ဖော်ကိုင်ဖက်၊ ကိုယ့်အောက်က ဝန်ထမ်းတွေမှာ သူတို့လို အကျင့်စရိုက်တွေ ရှိနေလားဆိုတာကို ချိန်ထိုးကြည့်ပါ။ ပြုပြင်သင့်တာကို ပြုပြင်၊ ကိုယ့်ထက် ရာထူးကြီးသူတွေကို တင်ပြသင့်တာ တင်ပြ၊ ဒါမှလည်း အလုပ်က အဆင်ပြေမှာပါ။

ဒီဆောင်းပါးကနေ ညီလေးအတွက် တွေးဆစရာတွေ ရတယ်ဆိုရင် အစ်ကို ကျေနပ်ပါပြီကွာ။


**ဆူးသစ်**

**(၁၉-၁၂-၁၂)**



www.burmeseclassic.com

www.burmeseclassic.com




အချစ်ဆိုတာ လူကို လောင်မြိုက်တတ်တဲ့ မီးမှန်း ကိုယ်တိုင် လောင်ကျွမ်းခံရမှ သိလိုက်ရတယ်။ ငါတို့နှစ်ယောက်ကို ဝေးကွာစေခဲ့တဲ့ အရာတွေဟာ ဘာတွေလဲလို့ ငါ စဉ်းစားခဲ့ပေမယ့် စဉ်းစားလို့ မရခဲ့ဘူး။ တကယ်ဆိုရင် ငါတို့ ချစ်ခဲ့ကြတယ်လို့ ထင်တာပဲ။ ဒါကတော့ ငါ့ဘက်က အထင်ပဲဖြစ်နေမလား။ ငါကတော့ နင့်ကို အဲဒီအချိန်တုန်းက တကယ်ကို ချစ်ခဲ့တာပါ။ ငါက လူတွေရဲ့စိတ်ကို ဆန်းစစ်တတ်တာ၊ စိတ်ဝင်စားတာ၊ အရင်းခံ ရိုးသားတဲ့စိတ်နဲ့ လိုက်လိုက်လှဲလှဲ ခင်မင်တတ်တာကိုလည်း နင် မကြိုက်ခဲ့ဘူးနော်။ နင်က ပြောရရင် သိပ်သဝန်တိုလွန်းတယ်။ ငါကလည်း ယောကျ်ားကြီးတန်မဲ့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက် သဝန်တိုတတ်တာကိုလည်း မကြိုက်ခဲ့ဘူး။

နင်နဲ့ ငါနဲ့က ငယ်ငယ်ကတည်းက အတူတူ ကြီးပြင်းခဲ့ကြတာပါ။ နင်က ငါ့ထက် တစ်နှစ်ငယ်တာ လွဲလို့ ငယ်ဘဝတွေက သိပ်မကွာခဲ့ပါဘူး။ နင်က ငါ့ မောင်လေးနဲ့ အတွဲများသလို ငါကလည်း ငါ့ရဲ့ ရွယ်တူအဖော်တွေနဲ့ ပိုတွဲခဲ့တာက လွဲလို့ပေါ့။ ငါ့ရဲ့ စရိုက်ကိုလည်း နင် သိတာပဲ။ ငါက ယောကျ်ားလေး ဆန်ဆန် ကြီးပြင်းခဲ့တာ၊ မနွဲ့နှောင်းဘူး၊ မပျော့ပျောင်းဘူး။ မိန်းကလေးတွ ကစားတတ်တဲ့ အကတို့ ဈေးဝယ်တန်းတို့ အိုးပုတ်တို့နဲ့ မကစားခဲ့သလောက်ပဲ။ ငါ့ရဲ့ ကစားဖော်ထဲမှာ ရှားရှားပါးပါး မိန်းကလေးဆိုလို့ သော်တာတစ်ယောက်ပဲ ရှိခဲ့တာ။ ယောကျ်ားလေး သူငယ်ချင်းအဖော်တွေနဲ့ ကြီးပြင်းလာခဲ့တဲ့ ငါ၊ မိန်းကလေးဆန်ဆန် မနွဲ့တတ်ခဲ့တာလည်း နင်အသိပဲလေ။

ငါတို့ရဲ့ ငယ်ဘဝမှာ အမှတ်တရတွေလည်း များခဲ့သလို ချစ်သူဘဝမှာလည်း အမှတ်တရတွေ ရှိခဲ့တာပဲလေ။ မြို့အရှေ့က ရွှေဘုန်းပွင့်တောင်ပေါ်တက်၊ တောင်ချွန်းပေါ်တက်ပြီး စွန်တွေလွှတ်ကြ၊ ဂစ်တာတီးပြီး သီချင်းတွေဆိုကြ၊ တောင်ခြေက မီးရထားလမ်းမှာ လမ်းလျှောက်ပြီး ကဗျာတွေရွတ်ကြ၊ မိုးသည်းသည်းမှာ နှစ်ယောက် လက်ချင်းတွဲပြီး ပြေးဆော့ခဲ့တာ နင် မှတ်မိဦးမယ် ထင်ပါရဲ့။ မီးတားလမ်းပေါ်မှာ သီချင်းတွေအော်ဆို၊ မြေနီလမ်းမှာ ရွက်ခြောက်ကြွေသံတွေ နားထောင်ရင်း ငါတို့ ချစ်တဲ့ ကဗျာတွေ ရွတ်ခဲ့ကြတယ်လေ။ ငါတို့နှစ်ယောက်က ချစ်စကား ကြိုက်စကားပြောတာထက် ကဗျာတွေ ပို ရွတ်ပြခဲ့၊ စာအုပ်တွေအကြောင်း ဆွေးနွေးခဲ့နဲ့ တစ်ယောက်နဲ့တစ်ယောက် အမြင်တွေ ဆွေးနွေးခဲ့တာ ပိုများပါတယ်။ သူများရည်းစားတွေနဲ့ မတူခဲ့တာတော့ အမှန်ပဲလေနော်။

ငါတို့နှစ်ယောက်က သိပ်ရင်းနှီးတဲ့ သူငယ်ချင်းတွေလို ထင်ရပေမယ့် တကယ်တမ်းချစ်သူတွေ ဖြစ်လာတော့ ထင်သလောက် နားမလည်ခဲ့ပါဘူး။ နားလည်တယ်လို့ ထင်ထားတဲ့အရာတွေအားလုံး တစ်လွဲတွေချည်းပဲ။ ဒါပေမယ့် နင့်ကို အံ့ဩစရာကောင်းလောက်အောင်ကို ငါ ချစ်ခဲ့တာပါ။ အဲဒါကို နင်သိရက်နဲ့ အကြိမ်ကြိမ် ငါ့ကို သွေးတိုးစမ်းခဲ့တယ်။ မှတ်မိဦးမှာပါနော်။ ဒါတွေဟာ အတိတ်တွေပါလို့ ပြောနိုင်ပေမယ့် အဖြစ်အပျက်တွေက အိပ်မက်မဟုတ်





www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာတော့ အမှန်ပဲ။ ငယ်ငယ်တုန်းက မချစ်တတ်ခင်က ကြားဖူးခဲ့တဲ့ အချစ်သီချင်းတွေ နားထောင်ရင် ပိုရန်ကောလို့ ငါ ထင်ခဲ့ဖူးတယ်လေ။ အချစ်ကြောင့် စာမကျက်နိုင်၊ မအိပ်နိုင်၊ မစားနိုင်ဖြစ်နေတာတွေကို မသိခင်တုန်းက 'ဟုတ်ကောဟုတ်ရဲ့လား၊ ငါကတော့ ဘယ်တော့မှ မဖြစ်ဘူး'လို့ ခပ်ကြွားကြွားလေသံလေးနဲ့ ပြောခဲ့တာ တကယ်လည်း ကြုံရကော အသံတောင် မထွက်နိုင်လောက်အောင် တိတ်တိတ်လေး ကြေကွဲခဲ့ရတာ။ နင့်ကြောင့်ပဲ ငါဟာ အလွမ်းစာတွေ ရေးတတ်၊ အချစ်ကဗျာ၊ အလွမ်းကဗျာတွေ အသက်ဝင်အောင် ဖွဲ့ဖြစ်ခဲ့တယ်လေ။ ပြောရရင် ပီပီပြင်ပြင်ကို အသည်းကွဲခဲ့တာပေါ့။

နင်က သိပ်အူတိုတတ်မှန်း၊ သဝန်ကြောင်တတ်မှန်း၊ ထင်ရာမြင်ရာ စွပ်စွဲတတ်မှန်း ကိုယ်တွေ့ကြုံရမှ ငါ စိတ်တော်တော်လေသွားခဲ့တာ အမှန်ပဲ။ ငါသိတဲ့လူနဲ့ ငါချစ်တဲ့သူက မတူမှန်း အဲဒီအခါကျမှ သိတယ်။ နင်က အရွယ်ရောက်တာနဲ့ ကောင်မလေးတွေနဲ့ ရှုပ်တာပဲ။ သူငယ်ချင်းမှန်းမသိ၊ ရည်းစားမှန်းမသိတဲ့သူတွေ အများကြီး။ ထူးဆန်းတာက အဲဒါကိုပဲ ငါကလည်း သိသိကြီးနဲ့ ဘာလို့ချစ်ခဲ့မှန်းကို မသိဘူး။ နင်က 'ပြင်ပါ့မယ်'ဆိုတဲ့စကား၊ 'နင့်ကိုအချစ်ဆုံးပဲ'လို့ဆိုတဲ့စကားကို ငါ ယုံကြည်ခဲ့မိတာကြောင့်လို့ပဲထင်တယ်။ ငါဟာနင့်အတွက် အချစ်ဦးမဟုတ်ခဲ့ပေမယ့် နင်ဟာ ငါ့အတွက်တော့ အချစ်ဦးဖြစ်ခဲ့တာတော့ အမှန်ပဲ။ နင်ဟာ ငါ့ရဲ့ အချစ်ဦးလို့သိရတဲ့အချိန် နင်အလွန်ပျော်နေတာ မြင်ရတော့ နင့်ရဲ့အတ္တကို ငါ နည်းနည်းပါးပါး မြင်ခွင့် စရလိုက်တာပဲ။ ငါဟာ နင့်ရဲ့ အချစ်ဦးမဖြစ်ခဲ့ရလို့ စိတ်အနှောင့်အယှက်မဖြစ်တာကိုပဲ နင့်မှာ နေမထိထိုင်မသာ ဖြစ်နေလိုက်တာ။ ငါက လူတွေရဲ့ သဘောသဘာဝကို နားလည်တယ်လို့ ပြောတာနဲ့ 'ဟုတ်ကဲ့ပါ ကျောင်းအစ်မရယ်' ဆိုတဲ့ စကားနဲ့ ငေါ့ထွက်သွားခဲ့တာ။ ငါလည်း ပြုံးပြီး ထိုင်နေခဲ့တယ်လေ။ ကိုယ့်ကို အရင်မချစ်မိဘဲ တခြားသူကို ချစ်ပြီးမှ ကိုယ့်ကိုလာချစ်တဲ့သူကို ဘယ်လိုလုပ် ကိုယ်က ရန်ထောင်ရမှာတုန်း၊ သိပ်ကလေးဆန်လွန်းရာကျမှာပေါ့။ ဖြစ်ပြီးသား အဖြစ်အပျက်ကို ဖွတ်ကြီး လက်မခံရအောင်ကလည်း ငါက ဦးနှောက်ပျက်နေတဲ့သူလည်းမဟုတ်။ နင် ရည်းစား သက်စေ့တွဲခဲ့တာလည်း ငါကအသိပဲကိုး။ အဲဒီမှာ နင့်စကားကို ငါ ယုံစားခဲ့တာကိုက ငါ့အမှား။ နင့်ရဲ့အချစ်ကို တကယ်ထင်ပြီး တန်ဖိုးထားမြတ်နိုးခဲ့တာကိုက ငါ့အမှား။ ငါ ချစ်တာကို မယုံကြည်သလို သံသယတွေနဲ့ စကားဖွခဲ့တာကို 'သူသိပ်ချစ်လို့ပါ'လို့ ရူးနှမ်းနှမ်းအတွေးနဲ့ ခွင့်လွှတ်ပစ်ခဲ့တာကလည်း ငါ့အမှား။ နင့်ရဲ့ 'လက်ထပ်ပါ့မယ်'ဆိုတဲ့ စကားကို ယုံကြည်ပြီး နင့်ကို သံသယတစ်စက်ကလေးမှ မဝင်ခဲ့တဲ့ ငါ့ရဲ့ အသိဉာဏ်ကိုလည်း ခပ်နာနာ ရိုက်ပစ်ချင်တယ်။ ငါဟာ နင့်ကို အဲသလောက်တောင် ချစ်ခဲ့ရသူပါ။ ငါဟာ နင့်ကို အကြိမ်ကြိမ် ခွင့်လွှတ်ပြီးချစ်ခဲ့တာပါ။ ဒါကို နင်က အခွင့်ကောင်းယူတယ်။ ငါ့အချစ်ကို အလေးမထားဘူး။ ငါက လူတွေရဲ့ စိတ်ကို စိတ်ဝင်တစားလေ့လာတတ်တဲ့သူဆိုတာ နင်က မေ့ထားတာကိုး။ နင် ငါ့အပေါ်မှာ ထားတဲ့သဘောထားကို သိလိုက်ရတဲ့အချိန်မှာ ငါ စိတ်မကောင်းဖြစ်သွားတယ်။ ဝမ်းနည်းသွားတယ်ဟာ။

နင် မှတ်မိမှာပါ။ သူငယ်ချင်းတွေနဲ့ ရွှေလည်



www.burmeseclassic.com

www.burmeseclassic.com





တိုင် လက်ဖက်ရည်ဆိုင်၊ ငွေတောင်လက်ဖက်ရည်ဆိုင်၊ ငွေခရ လက်ဖက်ရည်ဆိုင်တွေကို တစ်ဆိုင်စီ ပြောင်းထိုင်ရင်း ကဗျာအကြောင်း၊ စာအကြောင်း ဆွေးနွေးကြတဲ့အခါ ငါက စကားပြောတဲ့ သူငယ်ချင်းကောင်လေးကို ငေးကြည့်နားထောင်နေရင် နင်က စိတ်တိုပြီး ခေါင်းကိုက်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ငါ့ကို ဖွတ်ဆွဲခေါ်ခဲ့တာတွေ။ ကျန်တဲ့ သူငယ်ချင်းတွေနင့်ကို မကျေမနပ်နဲ့ ပိုင်းအော်တော့ 'လုံးဝနော်' ဆိုပြီး နင် ငါ့ကို ဖွတ်ခေါ်ပြန်တဲ့အချိန်တိုင်း ငါ စိတ်တိုခဲ့ရတယ်။ ငါ စိတ်တိုတော့ နင်က အကြောင်းပြချက်ကောင်းတယ်နော်။ 'ဒီကောင်တွေ နင့်ကိုကြည့်ပြီး စကားပြောမနေတာ ငါကတော့ နည်းနည်းမှ မရှုဆိတ်ဘူး' တဲ့။ ဒါ နင် ငါ့ကိုစော်ကားတာပဲလေ။ ငါက နင့်အပေါ်လည်း သစ္စာမဖောက်၊ ဒီသူငယ်ချင်းတွေကို ငါ တန်ဖိုးထား ခင်မင်ရတဲ့သူတွေမှန်း နင်သိရက်နဲ့ နင့်အတ္တစိတ်တစ်ခုကိုပဲ ရှေ့တန်းတင်တယ်။ ငါ ပြောလိုက်ရင် နင်ရှုးချင်ယောင်ဆောင်လိုက်တယ်။ ငါ နင့်ကို ရင်မောစွာနဲ့ ချစ်ခဲ့ရတာပါ။ နင်ငါ့ကို အလျော့ပေးခဲ့သလိုနဲ့ တစ်ဖက်လှည့်နဲ့ နင် ဖြစ်ချင်တာတွေပဲ လုပ်ခဲ့တယ်လေ။ ငါ ဒီလောက်အ,တဲ့ မိန်းကလေး တော့မဟုတ်ပါဘူး။

"လွမ်း မောင့်ကို ဘယ်လောက်ချစ်လဲလို့" နင် မေးတုန်းက ငါ အလွန်သဘောကျပြီး ရယ်ခဲ့တာ နင် မှတ်မိဦးမှာပါ။ 'မောင်လို့ မပြောစမ်းပါနဲ့ ငါ အူယားလွန်းလို့ပါ ရှင်းထက်ရယ်' လို့ ငါဆိုတော့ နင် ရှက်ပြီး ဒေါကန်သွားတဲ့ ပုံလေးက အလွန် ရယ်ဖို့ကောင်းလွန်းလို့ ငါ ဟက်ဟက်ပက်ပက် ရယ်နေခဲ့တာ။ နောက်တော့ နင်လည်း မနေနိုင်ပါဘူး။ ငါနဲ့အတူ လိုက်ရယ်ဖြစ်ပြီး 'အင်း နည်းနည်းတော့ ငပေါဆန်တယ်နော် လွမ်း' လို့ နင်ပြောခဲ့တယ်လေ။ နင်နဲ့ ငါလို့ ပြောရတာလောက် လွတ်လပ်ပေါ့ပါးပြီး ရင်းနှီးတာလောက် မရှိဘူးလို့ ငါဆိုတော့ နင် ငါ့ကို ဆလံပြခဲ့တယ်လေ။ လွမ်းစရာကောင်းတဲ့ ပုံရိပ်လေးတွေပါ။ တန်ဆောင်တိုင်ပွဲတော်ညတိုင်း မီးပုံးပျံ ညမီးကြီးတွေ၊ စိန်နားပန်တွေ နေ့လျှော်အမှုပ်တွေကို မက်မက်စက်စက် ကြည့်ခဲ့ကြတယ်နော်။ ငါက ညတိုင်းကောင်းကင်ကို မော့ကြည့်နေကျဆိုတော့ နင်က 'ငါလေ ညကောင်းကင်ကြီးကို ကြည့်ဖြစ်တိုင်း နင့်ကိုလွမ်းမိနေမယ် ထင်တယ်။ နင်က ကြယ်ငေးသူ၊ ကြယ်ချစ်သူကိုး' လို့ ပြောခဲ့တဲ့စကားတွေ ပဲ့တင်ထပ်နေတုန်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ တန်ဆောင်တိုင်ပွဲတော်ည အိပ်ချင်ငေ့ငိုက် ကစားဝိုင်းတွေနားသွား၊ ဂလုပ်ဂလုပ်သွားဆွဲ ရှူးရင် ငါ မျက်နှာမည်းနေတာကို ကြည့်ပြီး နင်အော်ရယ်ခဲ့တာ၊ နင် ပိုက်ဆံစိုက်ပြီး ငါ့ ရှူးကြေးပြန်ပေးခဲ့တာ မြားပစ်ပြီး ဝက်ဝံရုပ်ကြီးယူပေးခဲ့တာ။ အညိုရောင်မွေးပွဝက်ဝံရုပ်ကြီးကတော့ ငါ့အနားကနေ ဘယ်မှမသွားဘဲ အမြဲရှိနေခဲ့တယ်။ နင်ကသာ ခြေမှာဗွေပါခဲ့သူပါ။

ငါကျောင်းတက်နေတုန်း နင်ကျောင်းနားပြီး မိုင်းရှူးတက်သွားတယ်။ ကျောက်အရောင်းအဝယ်လုပ်မယ်ဆိုပြီး သွားတဲ့အချိန်ကစ နင် ငါအပေါ် သွေးအေးလာခဲ့တာပါ။ သွားစက စာတွေအတန်တန်ရေးခဲ့ပေမယ့် နောက်ပိုင်း စာအလာကျဲခဲ့တယ်။ သတင်းစကားတွေ အမှောင်ချထားခဲ့တယ်။ နှစ်နှစ်လောက်နေပြီး နင် ပြန်ရောက်လာတယ်။ နင်အလုပ်များတယ်ပြောပြီး ပေါ်မလာခဲ့ဘူး။ မျက်စောင်းထိုး ရှိနေတဲ့ အိမ်တောင်မှ နင့်အတွက် ခေးလာခဲ့ပြီလေ။ ငါ ဘာမှ မပြောခဲ့ပါဘူး။ နင် ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်လို့ သတင်းကြားတဲ့ အချိန်ပေါ့။ အလုပ်တွဲလုပ်နေတာလားမှ မသိတာလို့ပဲ ငါ ဖြေတွေးပြီး နေခဲ့တယ်။ နင် အစိမ်းဖြတ်ဖြတ်ပြီး တော်တော်ကြာ ပျောက်သွားခဲ့တယ်။ ငါလေ နင် လာနေကျ ညနေစောင်း အချိန်တိုင်း အချိန်မှန် မျှော်တတ်၊ လွမ်းတတ်ခဲ့တာ အကျင့်ကြီးတစ်ခုလို ဖြစ်ခဲ့တယ်။ နင် သုံးနေကျ ရေမွှေးနံ့လေးရရင် နင့်ကို အတော်လွမ်းခဲ့မိတာပဲ။ ငါကတော့ နင့်ကို သနပ်ခါးရနံ့လေး ပေးရုံကလွဲလို့ ငါ ဘယ်အမွှေးရနံ့မှ မသုံးခဲ့ဘူး။

နင် ငါ့ကို အသိပေးဝန်ခံလိုက်တဲ့ အချိန်ကို သတိရမှာပါ။ ငါ ကျောင်းထဲက 'ကံကော်မြိုင်'ဆိုင်မှာ ထိုင်နေတုန်း နင့်ကောင်မလေးနဲ့ ဘိုချစ်ဆိုင်မှာ လာထိုင်တယ်လေ။ ငါ့ သူငယ်ချင်း နွယ်နီနဲ့ တင်တင်က နင့်ကိုကန်းတွေ့တယ်။ 'သမိုင်း ဒုတိယနှစ်က ကောင်မလေး အိသဲဖြူကွဲ့'။ ငါလေ အတော်ရှက်သွားတယ်။ အဲဒီအချိန်မှာ ငါ့ကိုနှစ်ယောက် လမ်းခွဲစကားမပြောရသေးပါဘူး။ 'ဘာသဘောလဲ'ဆိုတဲ့ သူငယ်ချင်းတွေရဲ့ အမေးကို ငါ မဖြေနိုင်ခဲ့ဘူး။ ငါ မြတ်နိုးတဲ့ 'ရှင်းထက်'ဆိုတဲ့ လူတစ်ယောက်ဟာ ဘာလဲဆိုတာ အဲဒီအချိန်မှာ ငါ ကိုယ်တိုင်တောင် မသိခဲ့ပါဘူး။ သူငယ်ချင်း ညီမဆိုပေမယ့် ပုံစံတွေက အသိသာကြီးပါ။

သူနဲ့ပြတ်သွားတော့ ဘာမှမဖြစ်ခဲ့သလို နင် ပြန်လာတယ်။ ငါ နင် အဖြေခက်မှာစိုးလို့ ဘာတစ်ခွန်းမှ မမေးခဲ့ဘူး။ ငါ နင့်ကို အချိန်တိုင်း သတိရသလို ချစ်လည်းချစ်နေတုန်းမို့လေ၊ နင် ပျောက်သွားပြန်ရော၊ ကောင်မလေးတစ်ယောက်နဲ့ တွဲပြန်ရော၊ အိမ်က ဆိုင်အလုပ်တွေအကြောင်းပြပြီး ပျောက်ပြန်ရော၊ နောက် နင် ရုတ်တရက်ရောက်လာပြီး ငါ့ ရင်ကို အစိမ်းလိုက် လာခွဲတယ်။ 'ငါ သူ့ကို တာဝန်ယူရမှာမို့ ခွင့်လွှတ်ပါ'ဆိုတဲ့ စကားနဲ့ အနီးကပ် တိုက်ခိုက်ခဲ့တာ၊ ငါ ဘာမှတောင် ပြန်မပြောနိုင်ခဲ့ဘူး။ ဘာတွေဖြစ်ကုန်တာလဲဆိုတဲ့ အတွေးနဲ့ ရင်ထဲမှာ ဗြောင်းဆန်နေခဲ့တာ၊ ငါ ချစ်မိတဲ့ လူတစ်ယောက်က 'စောင့်စည်းမှု' မရှိတဲ့ လူတစ်ယောက်ယောက်လားဆိုပြီး ကြေကွဲခဲ့ရတယ်။ ငါ နှမြောလိုက်တာ။ နင့်ကို အဲဒီလို ပုံစံမျိုးနဲ့ ငါ မမြင်ချင်ခဲ့ဘူး။ တည်ကြည်တဲ့ ယောကျာ်း ရဲရင့်ဖျတ်လတ်တဲ့ လူတစ်ယောက်အဖြစ် အမြဲမြင်ချင်နေတဲ့ ငါ့ကို မားသွားတုံးနဲ့ထိုးစိုက်ပစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်။ ငါ ကြေကွဲဝမ်းနည်းမဆုံး ဖြစ်ခဲ့ရတယ်။ ငါ့ ခံစားချက်တွေ တမြည့်မြည့် လောင်မြိုက်တုန်းပေါ့။ စိတ်ပြေလက်ပျောက် သူငယ်ချင်းတွေနဲ့ ပုဂံကို ဘုရားဖူးသွားရင်း ခရီးထွက်ခဲ့တယ်။ တစ်လတောင် မပြည့်ခဲ့ပါဘူး။ နှင်ကောင်မလေး တခြား တစ်ယောက်နဲ့ လိုက်ပြေးသွားတဲ့သတင်းကြားရရော နှင်နဲ့ ပတ်သက်လို့ အဲဒီအချိန်ကစ ငါဟာ ဘေးထိုင်ပွဲကြည့် ပရိသတ်ဖြစ်လာခဲ့တယ်။

နှင်က ကြိုးတွေတော်တော် ရှုပ်နေတဲ့အချိန်၊ ငါကလည်း အသည်းကွဲခဲ့တဲ့ ခံစားချက်တွေ ခံစားရင်း ကဗျာတွေ စာတွေဘက်လှည့်ဖြစ်ခဲ့တယ်။ နှင်နဲ့ဝေးရာဆီကို ထွက်ခဲ့တယ်။ နှင့်ရဲ့ ကဗျာတွေ စာတွေ မဖတ်ပေးဖြစ်တော့ဘူး။ ငါ့ဆီမှာ ကျန်နေတဲ့ စာအုပ်တွေ နှင့်အစ်မနဲ့ ပြန်ထည့်ပေးလိုက်တယ်။ ဝါသနာတူ သူငယ်ချင်းတွေနဲ့ တွဲရင်း အလွမ်းတွေကို ဖော့ပစ်ခဲ့တယ်။ 'အချိန်ဆိုတာ အကောင်းဆုံးမေ့ဆေးပါ'ဆိုတဲ့ စကားဟာ မှန်ကန်တယ်ဆိုတာ တဖြည်းဖြည်းနဲ့ နားလည်လာတယ်။ တိုက်ဆိုင်မှုလေး ကြုံရမှ လွမ်းတတ်လာခဲ့တယ်။ နှင့်ကို တမင် မမေ့သလို ဖွတ်ကြိတ်မှိတ်ပြီးလည်း မမုန်းခဲ့ပါဘူး။ ငါ့ရင်ထဲက ဝေဒနာတွေ ပေါ့ပါးသွားအောင် နှင်ပဲ ပြန်လုပ်ခဲ့တာပါ။ ငါ ယုံကြည်တဲ့ ငါ မြတ်နိုးတဲ့ လူတစ်ယောက်မဟုတ်ဘူးဆိုတာ နှင်ကိုယ်တိုင်ပဲ အကောင်အထည်ဖော်ပြခဲ့တာပါ ရှင်းထက်။ ပြီးတော့ နှင်က ငါ့အချစ်ကို တန်ဖိုးမထားဘူးဆိုတာလည်း ငါ သိခဲ့ရတယ်လေ။

နှင် ထင်ရာတွေ စိုင်းခဲ့ပြီးမှ ငါ့ရဲ့ မေတ္တာရင်ခွင်ရိပ်မှာ ပြန်ခိုလှုံခွင့်ပေးပါတဲ့လား။ နှင်ဟာ တော်တော် မတရားတဲ့သူပဲ။ ငါ ခုချိန်ထိ နှင်ထားခဲ့တဲ့အတိုင်း ရှိနေခဲ့လို့ အချိန်မရွေး ပြန်ကောက်လိုက်ရုံပဲလို့များ ဘက်လိုက်ပြီး တွေးထားမိသလား။ နှင်မှားသွားမှာပေါ့။ ငါ့ ရင်ထဲမှာ နှင်နဲ့ ပတ်သက်လို့ ခံစားချက်တွေ အေးခဲသွားခဲ့တာ ကြာပေါ့။ အချစ်ကို အယုံအကြည်မဲ့သွားအောင် နှင်လုပ်ခဲ့လို့ ဒီအတိုင်းကျန်နေခဲ့တာ။ 'မုန်းတယ်'ဆိုတဲ့ စကား တစ်ယောက်မှ မဆိုဖြစ်ပေမယ့် နှင့်ရင်ထဲမှ ငါမရှိခဲ့တာကြာပြီလို့ ယုံကြည်နေခဲ့တာ အမြစ်တောင် ခိုင်မာနေမှုပဲ။ ငယ်သံယောဇဉ်ကိုတောင် နှင်ဖြတ်ပြီး တစ်ဖက်ကမ်းကိုတောင် ကူးခဲ့ဖူးပြီပဲ။ နှင် အချိန်မရွေး ပြန်လာနိုင်အောင် ငါ့ရင်ခွင်တံခါးကို ဖွင့်ထားရလောက်အောင် ငါ့ရဲ့ အချစ်က အပေါစားမဆန်ပါဘူး။ ဟိုအရင် ခံစားချက်တွေ နက်ရှိုင်းတုန်းက နားလည်နိုင်ပေမယ့် နှင် အကြိမ်ကြိမ် ငါ့အသည်းကို ခွဲခဲ့မှတော့ ငါ နှင့်ကို နားလည်ခဲ့ပြီလေ။ "နေပါစေတော့ ဒီဘဝ ဒီမျှနဲ့ ပြီးစေတော့"ဆိုတဲ့ သီချင်းလေးအတိုင်းပဲ 'ရှင်းထက်' ရယ်။ ဒီဘဝ ဒီမျှနဲ့ပဲ ပြီးချင်တယ်။

ငယ်စာရင်းဖျက်လိုက်တဲ့ လွမ်း

**ဟန်နီ (တောင်ကြီး)**

ကဲ **"ဟန်နီ(တောင်ကြီး)"**ရဲ့ **" အဆုံးသတ် အိပ်မက်"**ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက **'လွမ်း'**ရဲ့ ခံစားချက်တွေကို **'ရှင်းထက်'**က ဘယ်လို ပြန်ဖြေရှင်းမလဲ။ **'ရှင်းထက်'**ရဲ့ ကိုယ်စားကိုယ်ပွား ခံစားပြီး ၁၁-၃-၂၀၁၃ ရက်နေ့ နောက်ဆုံးထားကာ ရေးသား ပေးပို့ကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

**မောင်ငြိမ်းသူ (ကြို့ပင်ကောက်)**


**တာဝန်ခံအယ်ဒီတာ**

**ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



# ပဏာမ ရွေးချယ်စိစစ်ချက်

၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလထုတ် မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ **'ခင်နှင်းဦး (ဘူးဘကန်)'** ရဲ့ **'အိပ်မက်မဟုတ်ဘူး အချစ်ဦးရယ်'**ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက **'ချို (ခ) အိသက်ချို'** ရဲ့ ခံစားချက်တွေ ကို **'ကို (ခ) ချမ်းငြိမ်းအောင်'**ရဲ့ ကိုယ်စားကိုယ်ပွားခံစားပြီး ဖြေရှင်းပေးထားသူတွေထဲက ပဏာမရွေးချယ်ထားတဲ့ (၁၀)ဦးရဲ့ စာရင်းကို ဖော်ပြလိုက်ပါတယ် --

| | | |
|---|---|---|
| (၁) | ကိုကိုအောင် | ''နာကြည်းမုန်းတီးနိုင်ပါစေ'' |
| (၂) | ချစ်ဦးမောင် | ''အချိန်နှင့်အမှု'' |
| (၃) | ခင်မောင်ကျော် | ''ချိုရယ်----'' |
| (၄) | ဇော်ဝင်းကို | ''ချိုနဲ့ထပ်တူ'' |
| (၅) | မြင့်မောင်မောင်မြင့် | ''စာနာပေးပါချို'' |
| (၆) | ထွန်းထွန်းနိုင် | ''မလွဲသာလို့ပါ'' |
| (၇) | ဝင်းမြင့်စိုး | ''ကိုယ့်အပြစ်တွေပါ'' |
| (၈) | လှသန်း | ''ရုပ်သေးရုပ် ကိုယ့်ဘဝပါချို'' |
| (၉) | ဟန်နီ (တောင်ကြီး) | ''အနာတရ ပန်းကလေးသို့'' |
| (၁၀) | မိုးစက် (ဥပဒေ) | ''မွှေးတဲ့ပန်းနဲ့ ဝေးခဲ့ရတဲ့ ဆွေးကြမ္မာ'' |



www.burmeseclassic.com

www.burmeseclassic.com



## ပြန်လည်စိစစ်သုံးသပ်ချက်

(၁) **ကိုကိုအောင် "နာကြည်းမုန်းတီးနိုင်ပါစေ"**

ကျိုးကြောင်းဖော်ပြချက် သင့်ပေမယ့် အရေးအသားမှာ ပြေပြစ်မှု အားနည်းနေပါတယ်။

(၂) **ချစ်ဦးမောင် "အချိန်နှင့်အမှု"**

အချိန်နှင့်အမှု ချို့ကို သတိရနေတာကို လှလှပပ ဖော်ပြထားပေမယ့် ကျိုးကြောင်းဖော်ပြချက်မှာ အားနည်းနေပါတယ်။

(၃) ခင်မောင်ကျော် "ချိုရယ်-----"

အရေးအသားကော၊ ကျိုးကြောင်းဖော်ပြချက်ပါ သင့်ပါတယ်။

(၄) ဖော်ဝင်းကို **"ချိုနဲ့ထပ်တူ"**

နှလုံးသား ရှုထောင့်တဲ့ပါ အကြောင်းအရာတွေ အစုံထည့်ရေးထားတော့ ကျိုးကြောင်းဖော်ပြချက်မှာ ပေါ့သွားပါတယ်။

(၅) **မြင့်မောင်မောင်မြင့်** "စာနာပေးပါချို"

ရင်နင့်စရာလေး ရေးသားထားပေမယ့် စိတ်ကူးယဉ် ရုပ်ရှင်ဆန်နေပါတယ်။

(၆) **ထွန်းထွန်းနိုင်** "မလွှဲသာလို့ပါ"

စကားပြေ အရေးကောင်းပေမယ့် ကျိုးကြောင်းဖော်ပြချက်မှာ ပေါ့ပြက်ပြက် သရော်သလို ဖြစ်နေပါတယ်။

(၇) **ဝင်းမြင့်စိုး "ကိုယ့်အပြစ်ပေါ့ပါ"**

ကျိုးကြောင်းဖော်ပြချက် သင့်ပေမယ့် သီချင်းတွေနဲ့ စကားပုံတွေများလွန်းနေပါတယ်။ လိုရင်းမှေးမှိန်သွားပါတယ်။

(၈) လှသန်း **"ရုပ်သေးရုပ် ကိုယ့်ဘဝပါချို"**

မူလဇာတ်ကောင်က 'ယွန်းနုဒီဦး'ပါ။ ခင်သူဇာ မဟုတ်ပါ။ သေသေချာချာ ဖတ်ရှုပါ။ ကျိုးကြောင်းဖော်ပြချက် သင့်ပေမယ့် တာဝိဒ်တွေကို ခွဲရေးပါ။ ဆက်လက်ကြိုးစားပါ။

(၉) ဟန်နီ (တောင်ကြီး) "အနာတရ ပန်းလေးသို့"

ကျိုးကြောင်း ဖော်ပြချက် သင့်ပေမယ့် မာဆတ်ဆတ် ဒေါသသံတွေ လွှမ်းမိုးနေပါတယ်။

(၁၀) မိုးစက် (ဥပဒေ) **"မွှေးတဲ့ပန်းနဲ့ ဝေးခဲ့ရတဲ့ ဆွေးကြမ္မာ"**

ကျိုးကြောင်း ဖော်ပြချက်က စိတ်ကူးယဉ်ဆန်ပေမယ့် ယုတ္တိတန်ပြီး ဆွဲဆောင်မှု ရှိပါတယ်။

## အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်

ဒီလအတွက် အကြိုက်ဆုံးဖြောင့်ချက် နှလုံးသားပိုင်ရှင်အဖြစ် **"မိုးစက်(ဥပဒေ)"**ကိုပဲ ရွေးချယ်လိုက်ပါတယ်။ ကဲ--- **"မိုးစက်(ဥပဒေ)"** ရဲ့ **"မွှေးတဲ့ပန်းနဲ့ ဝေးခဲ့ရတဲ့ ဆွေးကြမ္မာ"**ဆိုတဲ့ ဖြောင့်ချက်နှလုံးသားကို ခံစားကြည့်ကြပါစို့။

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**တာဝန်ခံအယ်ဒီတာ**

**ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com




အချိန်တွေဘယ်လိုပြောင်းပေမယ့် ရင်ထဲက ဒဏ်ရာက မပျောက်ခဲ့ပါဘူး။ ဟုတ်လားချို---။ တကယ်ဆို ဘဝမှာ လိုချင်တာမရ ရတာမလိုဆိုတဲ့ ပိုရိုးစကားလေးက ကိုနဲ့ချိုအတွက် မှန်ကန်တဲ့ စကားတစ်ခွန်းဖြစ်ခဲ့ပြီပေါ့။ ဘဝမှာ လုပ်ချင်တာထက် လုပ်သင့်တာ ရွေးရသလို ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ ရွေးချယ်ရတယ်ဆိုတာ ဘဝနာဖူးတဲ့သူတွေနဲ့ ကျေးဇူးတရားသိတတ်သူတွေပဲ ရွေးချယ်တယ်ဆိုရင် ချို လက်ခံနိုင်လား။ ခုတော့လည်း ချို တူးဆွတဲ့အတိတ်က အရိပ်တွေက မေ့ထားချင်ပေမယ့်လည်း မရတော့ပါလား ချိုရယ်။

မန္တလေး ၈၄လမ်းက 'နိုင်' အီလက်ထရော နစ်ဆိုင်က အရောင်းစာရေးမလေး အိသက်ချို၊ ကို



www.burmeseclassic.com

www.burmeseclassic.com



စပြီးဝယ်တဲ့အချိန်မှာ ချို့ကို သတိမထားမိပေမယ့် နောက်တစ်ခေါက် ဝယ်တဲ့အခါမှာတော့ ချိုဆိုတဲ့ စာရေးမလေးကို သတိထားမိတယ်။ ရိုးရိုးယဉ်ယဉ် လေး မြင်လိုက်တာနဲ့ မြင်တဲ့သူ ရင်ထဲ အေးချမ်းသွား စေတဲ့ မျက်နှာပိုင်ရှင်လေး 'ချို့'ကို အဲဒီအချိန်ကတည်း က စွဲလမ်းချစ်မိခဲ့တာပါ။

တစ်နေ့ အဲဒီတစ်နေ့ကို ချိုလည်း မှတ်မိ မှာ ဖြစ်သလို ကိုလည်း မှတ်မိနေဆဲပါ။ 'ချို'တို့ရဲ့ မန်နေဂျာလေ 'ချို့'ကို အော်ဟောက်မာန်မဲနေတာ မြင်ရတော့ ချို့ကိုသနားလည်း သနား၊ ပိုပြီးတော့ လည်း ချစ်မိသွားတယ် ချိုရယ်။ တကယ်ပါ။ အဲဒါ ကြောင့်လည်း ချို့ရဲ့ သူငယ်ချင်းဆီက ဖုန်းနံပါတ် မရမက တောင်းခဲ့တာပေါ့။ အဲဒီနောက်မှာတော့ ကို နဲ့ ချို အမြဲကြည်ဖြူတဲ့ အသည်းတူတွေ ဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ ကို့ဘဝမှာ အမှားကြီးတစ်ခုကို ကျူး လွန်မိပြီလားလို့ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ဆန်းစစ်မိ တယ်။ ဒါပေမယ့်လည်း ချိုရယ် အချစ်စစ်နဲ့ ချစ်တဲ့သူ တွေအတွက် အမှားဆိုရင်တောင် ကို ကောင်းဖို့မ ဟုတ်တဲ့ အမှားတစ်ခုပဲ ဖြစ်မှာပါ။ ကို့အတွက်နဲ့ ချို့ဘဝ မှာ ဝေဒနာတွေ တစ်ပွေ့တစ်ပိုက်နဲ့ ကျန်ခဲ့ မှာကို တွေးပြီး ပူဆွေးနေရသူပါ။ ကို့ဘဝ ကို့အ ကြောင်းတွေကို ချိုသိရင် ချို ကို့ကို မုန်းသွားမှာ နာကြည်းသွားမှာ စိုးလို့ ရှင်းမပြခဲ့တာ ခုတော့ ချိုက စွပ်စွဲခဲ့ပြီပေါ့။ ဖြေရှင်းခွင့် တောင်းခဲ့ပြီပေါ့။

ချိုရယ်၊ ချိုရဲ့ ဖြေရှင်းခွင့်တောင်းတာတွေ စွပ်စွဲချက်တွေက မှန်ပါတယ်။ မှားတာက ကိုပါ ချို။ မှားတယ်ဆိုတာထက် ကံကြမ္မာမှန်တိုင်း ပတ်လည် ဝိုင်းလို့ ပန်းရိုင်းမျက်ရည်ကြွေခဲ့ရတာကိုတော့ ဘယ် သူမှ မသိခဲ့ပါဘူး ချိုရယ်။ အပြုံးကိုပန်၊ တစ်သက်စံဖို့ ဝန်ခံကတိတွေ ပေးခဲ့ပေမယ့်လည်း နောက်ဆုံး ကို့မှာ ဝေဒနာတွေကို ရင်မှာပိုက်လို့ နွေလယ်ကောင်မှာပဲ ငိုမိတယ်။

ကဲ ဒါတွေ ထားလိုက်ပါ ချို။ ချို့ကို မပြော ပြရသေးတဲ့ (တမင်ထိန်ချန်ထားတာ မဟုတ်ပါဘူး။ ပြောမထွက်လို့ မပြောခဲ့တာပါဆိုတာ ချို ယုံကြည် ပေးပါ) ကို့ဘဝ ကို့အကြောင်းနဲ့ ခုနောက်ပိုင်းဖြစ်





www.burmeseclassic.com

www.burmeseclassic.com



ပျက်နေတဲ့ အကြောင်းအရာတွေကို ရှင်းပြပါရစေ ချို။ ချမ်းငြိမ်းအောင်ဆိုတဲ့ ကို့ဘဝ ကို့အကြောင်းနဲ့ ယွန်းနဒီဦးဆိုတဲ့ ကို ခုလက်ထပ်လိုက်တဲ့ ဇနီးအကြောင်း ချိုသိစေဖို့ ဖွင့်ဟရှင်းပြမှာပါ။ (တစ်ခုတော့ ရှိပါတယ်။ ကို့အတွက် မဟုတ်ပေမယ့် ယွန်းနဒီဦး ဂုဏ်သိက္ခာအတွက် ဒီအကြောင်းအရာတွေကို ချိုတစ်ယောက်ပဲ သိထားပေးပါလို့၊ ကို ကြိုတင်ပြီး တောင်းပန်ထားပါရစေ ချို)

ကိုတို့ဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်အတွင်းမှာရှိတဲ့ ရွာလေးတစ်ရွာမှာ အခြေချနေထိုင်ခဲ့သူတွေပါ။ ယွန်းနဒီဦးနဲ့ ကိုယ်တို့ဟာ ဆွေမျိုးသားချင်းတွေလို နေထိုင်ခဲ့ပါတယ်။ ကို့ဘဝဟာ ငယ်စဉ်ကတည်းက ဆင်းရဲခဲ့တဲ့သူပါ။ ယွန်းနဒီဦးကတော့ ချမ်းသာတဲ့ မိသားစုက မွေးဖွားလာတဲ့ တော်ဝင်သဇင်ပန်းကလေးပေါ့။ ငယ်စဉ်ကတည်းက ခုချိန်ထိ ကိုနဲ့ ယွန်းနဒီဦးတို့ဟာ မောင်နှမ သံယောဇဉ်နဲ့ မောင်နှမလိုပဲ ဆက်ဆံနေထိုင်လာခဲ့သူတွေပါ။ ကို ရှစ်နှစ်သားအရွယ်လောက်မှာ အဖေနဲ့အမေဟာ မြို့သွားရင်း ကားမတော်တဆမှုကြောင့် ဆုံးပါးခဲ့ရတယ်။ အဲဒီလိုဖြစ်ပြီးတဲ့နောက်မှာ ဦးဝင်းလွင် + ဒေါ်ထိပ်ထား (ဦးဝင်းလွင်နဲ့ ဒေါ်ထိပ်ထားဟာ ယွန်းနဒီဦးရဲ့ မိဘတွေဖြစ်သလို ကိုရဲ့ ကျေးဇူးရှင်မွေးစားမိဘတွေပါ) တို့ မြို့ပေါ် ပြောင်းရွှေ့နေထိုင်ဖို့ သူတို့နှင့်အတူ ကို့ကိုပါ မွေးစားဖို့ ခေါ်သွားတယ်။

မြို့ပေါ်မှာ ပွဲရုံလုပ်ငန်း လုပ်ကိုင်ရင်း ကို့ရဲ့ ကြိုးစားမှု၊ ရိုးသားမှုတွေကြောင့် သားအရင်း တစ်ယောက်လို ဦးစားပေးခြင်းခံရသလို ယွန်းနဒီဦးနဲ့လည်း လက်ထပ်ပေးဖို့ လူကြီးတွေက စီစဉ်ထားခဲ့တယ်။ ဒါပေမဲ့ ကိုနဲ့ ယွန်းနဒီဦးတို့ဟာ မောင်နှမ သံယောဇဉ်နဲ့ နေထိုင်ခဲ့လို့ မဖြစ်နိုင်တဲ့အကြောင်း ယွန်းနဒီဦးမှာလည်း ချစ်သူရှိနေတဲ့အကြောင်းတွေကို ဖွင့်ပြောခဲ့ပေမယ့် လူကြီးတွေက ခွင့်မပြုခဲ့သလို ယွန်းနဒီဦးကို သူ့ချစ်သူနဲ့လည်း သဘောမတူခဲ့ဘူး ချို။ ဒီလို ပြဿနာတွေ လိပ်ခဲတည်းလည်း ဖြစ်နေတဲ့ အချိန်မှာ ကို့ရဲ့ အချစ်ဆုံး ချစ်သူချိုနဲ့ ဆုံစည်းခဲ့ကြတာပါပဲ။ ကိုနဲ့ချို့အကြောင်းတွေကို မွေးစားမိဘတွေက ခွင့်မပြုမှန်းသိလို့ ကို ဖွင့်မပြောခဲ့ဘူး ချို။ ဒါပေမဲ့ ချိုနဲ့ တွေ့ဆုံအချိန်တွေမှာ ချိုက ချို့ဘဝနဲ့ ကို့ဘဝ ကွာခြားလွန်းတဲ့အကြောင်းပြောတော့ ကို့ရင်ထဲက စကားတစ်ခွန်းဖြစ်တဲ့ ချို့ဘဝထဲကို ဝင်လာမယ်။ လက်ခံမယ် မဟုတ်လားလို့ ပြောခဲ့တာပေါ့။ ဒါပေမဲ့ ချိုရယ် ကံကြမ္မာက တစ်ဖက်စောင်းနင်း နိုပ်စက်လာတဲ့အခါမှာ ကိုနဲ့ချို မခွဲမခွာနေချင်ပေမယ့် မလွဲသာတဲ့ အခြေအနေတွေကြောင့် အတိတ်ပဟောင်းတွေ ကို စွန့်လွှတ်ခဲ့ရပြီပေါ့ ချိုရယ်။

တစ်နေ့ အဲဒီတစ်နေ့ကိုလည်း ကို မေ့မရဘဲ မှတ်မိနေဆဲပါ။ ချို့ကို ရွှေရောင်လက်ပတ်နာရီလေး လက်ဆောင်ပေးပြီး အိမ်ပြန်တဲ့နေ့--။ အိမ်ပြန်ရောက်တော့ ညီမလေး ယွန်းနဒီဦး ဖုန်းပြောနေရင်းနဲ့ မူးမေ့လဲကျသွားလို့ ဆေးခန်းပို့ စစ်ဆေးကြည့်တော့ ညီမလေးမှာ ကိုယ်ဝန်နှစ်လရှိနေပြီဖြစ်တဲ့အကြောင်း၊ ညီမလေး ချစ်သူက ဆင်းရဲလို့ နယ်စပ်ဘက်ကို အလုပ်သွားလုပ်ရာက အလုပ်သမားချင်း ရန်ဖြစ်ရင်းသေဆုံးသွားတဲ့ အကြောင်းတွေကို ရင်နှင့်မဆံ့အောင် သိခဲ့ရတယ်။ အဲဒီအကြောင်းတွေကြောင့်ပဲ မွေးစားအဖေဟာ heart attackနဲ့ပဲ ဆုံးပါးသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သလို မွေးစားအမေကလည်း လောကဓံရဲ့ ရိုက်ခတ်မှု စိတ်ဝေဒနာရှင်တစ်ယောက်ဖြစ်ခဲ့ရပြီ၊ ညီမလေးလည်း သူ့ကြောင့် ဒီလိုဖြစ်ရတာပါဆိုပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ကြံစည်နေတာကြောင့်ကို့မှာသူနားမှာရော မွေးစားအမေနားမှာပါ အချိန်ပြည့်နေပေးခဲ့ရ တယ်။ နောက်ဆုံးတော့လည်း အဲဒီအကြောင်း ကြောင်းတွေကြောင့်ပဲ ရင်နာနာနဲ့ပဲ ပြောရတော့မယ်။ ညီမလေး ယွန်းနဒီဦးကို လက်ထပ်လိုက်ရတာပါ။ မွေးစားအမေရဲ့ ဝေဒနာ၊ ညီမလေးရဲ့အရှက်နဲ့ ဂုဏ်သိက္ခာအတွက်ဆို တာ ချိုယုံကြည်ပေးပါ။ နောက်ပြီး မွေးစားအမေပြော တဲ့ စကားတစ်ခွန်းကိုကြားရင် ချို နားလည် လက်ခံ လိမ့်မယ်လို့ထင်ပါတယ်။ ''သားတဲ့သားကို အမေတို့ က ကိုယ့်သားအရင်းတစ်ယောက်လို ချစ်ခဲ့တာပါ။ ဒီလို ချစ်ခဲ့တာကြောင့်လည်း သားကို အတတ်ပညာ အသိ ပညာတွေပေးရုံမက စီးပွားရေးလုပ်ငန်းတွေကိုပါ လွှဲ ပေးလုပ်ကိုင်စေခဲ့တာပေါ့။ သားနဲ့ သမီးလေးယွန်းကို လည်း လက်ထပ်ပေးဖို့ အမေတို့ စီစဉ်ထားပြီးသားပါ။ သားမှာ မန္တလေးကချစ်သူကောင်မလေးတစ် ယောက် ရှိတယ်ဆိုတာ အမေတို့သိပါတယ်။ သား ညီမလေးကို မသတီဘူးလက်မယပ်ချင်ဘူး။ သူ့ကိုပဲ လက်ထပ် ချင်ပါတယ်ဆိုရင်လဲ လက်ထပ်ပါ။ အမေ မကန့်ကွက် ပါဘူး။ အမေတို့ဘဝ အမေတို့အကြောင်း နဲ့ပဲရှိပါ စေတော့ သားစိတ်ချမ်းသာသလို ဆုံးဖြတ်ပါတဲ့''

ချိုရယ်၊ ကိုလေ ချိုနဲ့အမေ၊ ညီမလေးတို့ ကြားထဲမှာ စိတ်ကို လွန်ဆွဲနေခဲ့ရတာ အကြိမ်ကြိမ် ပါ။ ချို့ကို လက်ထပ်ရင် ဒီဘက်က အကြောင်းအရာ အဖြစ်အပျက်တွေကို ဂရုမစိုက်၊ ကျေးဇူးမသိတတ် သလို ဖြစ်မယ်။ ဒီဘက်ကို ဦးစားပေးရင်လည်း ချိုနဲ့ ဝေးကွာရတော့မယ်ဆိုတဲ့ အတွေးတွေနဲ့ပဲ စဉ်းစား တွေးတောရင်း မနက်ဆို မိုးချုပ်ပါတော့၊ ညသို မိုး လင်းပါတော့ဆိုတဲ့ ဂါထာနှစ်ပုဒ်နဲ့ပဲ ဝေဒနာရက်တွေ ကို ဖြတ်သန်းခဲ့ရတယ်။ နောက်ဆုံးတော့လည်း ချို ရယ် ကျန်စစ်သားထုံး နှလုံးမူပြီး ကျေးဇူးတရားတွေ အကြောင်းကြောင်းတွေကြောင့်ပဲ ညီမလေး ယွန်း ကို လက်ထပ်ပြီး နှလုံးသားကို ပေးဆပ်ခဲ့ရပါပြီ။ ကျန်စစ်သားတောင် ကျေးဇူးတရားအတွက် မဏိစန္ဒာ ကို စွန့်လွှတ်ခဲ့ရသလို ကိုလည်း ငယ်စဉ်ကတည်းက ကျွေးမွေးပြုစုစောင့်ရှောက်ပြီး သားအရင်းနဲ့မခြားတဲ့ သံယောဇဉ်တွေကြောင့် ချို့ကို စွန့်လွှတ်ခဲ့ရပြီ။ ချို့ ကို မချစ်လို့ မဟုတ်ပါဘူး ချို၊ ကို့ဘဝမှာ အချစ်ဦး ဟာ ချိုပါပဲ၊ အချစ်ဆုံးဟာလည်း ချို ဖြစ်သလို မွေးပျံ နေတဲ့ အချစ်ပန်းကလေးဟာလည်း ချိုပါပဲ။

ခုတော့လည်း ချိုရယ် 'မွှေးသော ပန်းနဲ့ ဝေးခဲ့သည့်အကြောင်း'ဆိုတဲ့ သီချင်းလေးလို ကိုနဲ့ ကို့ရဲ့ မွှေးသောပန်းကလေးချိုနဲ့ ဝေးခဲ့ရတဲ့ အကြောင်း တွေကို ချို သိစေဖို့ ဒီ''မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်း နှလုံးသားပြောင့်ချက်''ကနေ ရှင်းပြပြီး ဖြောင့်ချက် ပေးလိုက်ပါတယ်။ ဒီအဖြစ်အပျက် ဒီအကြောင်းတွေ ကို ချို နားလည်လက်ခံခွင့်လွှတ်ပေးတယ်ဆိုရင် ကို ကျေနပ်ဝမ်းသာမိမှာပါ ချို။ ခုတော့ မဖြစ်နိုင်ခဲ့တဲ့ ဘဝမှာ ချစ်နိုင်ခဲ့သော တစ်ခဏနဲ့ပဲ ကျေနပ်ခဲ့ရုံပေါ့ မွှေးသောပန်းကလေး ချိုရယ်။


တစ်ချိန်က ချိုရဲ့ချစ်သူ

ကို (ခ) ချမ်းငြိမ်းအောင် (စစ်ကိုင်း)

**မိုးစက် (ဥပဒေ)**

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## ဝဋ်ကြွေးရုပ်ရှင်ဇာတ်ကား

ကျော်ဇောဟိန်း–ဒေါ်ပုံ

အကယ်ဒမီ ထူးချွန်ဆုများ ဆွတ်ခူးခဲ့တဲ့ "ကြောင်ကမ္ဘာ" ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ စတုတ္ထကြိုးပမ်းမှုအဖြစ် ဦးခင်ဆိုင်က စီစဉ်ပေးပါတယ်။

ဒါရိုက်တာ ခင်မောင်ဦးနဲ့ စိုးသိမ်းထွဋ်တို့က ခင်ဆိုင် (ကြောင်ကမ္ဘာ)ရဲ့ ဝတ္ထုကို ဇာတ်ညွှန်းရေးခဲ့ပြီး "ဝဋ်ကြွေး"လို့ အမည်ပေးကာ ပုံဖော်ခံစားရိုက်ကူးတင်ပြထားကြပါတယ်။ ကင်မရာမင်း နိုင်နုရှိန် (ဖထီး) ဇော်မင်း (ဟံသာမြေ)က ဇာတ်ကားကို တည်းဖြတ်ပြီး ဂီတမှူး ထက်ရှိန်က နောက်ခံသံစဉ်များ ဖန်တီးဖြည့်ဆည်းပေးထားပါတယ်။ ဇာတ်ဝင်တေးကိုတော့ လာဇရက ရေးဆိုပေးထားပါတယ်။

ဇာတ်လမ်း အကျဉ်းကတော့ ဆယ်ကျော်သက်အရွယ် အာကာဇော်(ခ) မိုးညိုနဲ့ ဖိုးငိုတို့က စတင်ခဲ့တယ်။ အရွယ်ရောက်လာတော့ အိမ်နီးချင်း ဒေါ်တင်မြရဲ့သမီး စုသက်နဲ့ ခင်မင်ခဲ့ကြတယ်။

ဖိုးငိုက အငှားကားမောင်းတယ်။ စုသက်က အထည်ချုပ်စက်ရုံမှာ အလုပ်လုပ်တယ်။ မိုးညိုကတော့ ဝပ်ရှော့တစ်ခုတွင် လုပ်သော်လည်း ပိုင်ရှင်နဲ့



မတည့်လို့ အလုပ်မှထွက်လိုက်ရတယ်။ သူ့ဒေါ်ဝါးလေး ကိုသန်းထိုက်က သူ့ရဲ့ဂိုဒေါင်မှာ ညစောင့်ခန့်ထားလိုက်သည်။ ကိုသန်းထိုက်က နောက်ကွယ်မှာ ဒုစရိုက်အလုပ်များကို လုပ်ကိုင်နေသူဖြစ်တယ်။ အရွယ်ရောက်လာတော့ ဖိုးငိုနဲ့ စုသက်ကို ချစ်သွားကြတယ်။

အငှားကားမောင်းတဲ့ ဖိုးငိုမှာ တစ်နေ့ မိမိကားကို ငှားစီးတဲ့ နှင်းကေရီရဲ့ ပိုက်ဆံအိတ်ကားပေါ်မှာ မေ့ပါလာလို့ မိုးညိုကို ပိုက်ဆံအိတ်မှာပါတဲ့ လိပ်စာအတိုင်း သွားပေးစေခဲ့ရာမှ မိုးညိုနဲ့ နှင်းကေရီရဲ့ မိဘနှစ်ပါးဖြစ်တဲ့ ဦးသိန်းနိုင်နဲ့ ဒေါ်ယုယုမော်တို့ကို တွေ့ဆုံကြတယ်။ ဒီကတစ်ဆင့် နှင်းကေရီနဲ့လည်း ဆုံရတယ်။ နှင်းကေရီတို့ မိသားစုက မိုးညိုကို မမှတ်မိသော်လည်း မိုးညိုက ဦးသိန်းနိုင်နဲ့ ဒေါ်ယုယုမော်ကို မှတ်မိတယ်။ ဒါ့အပြင် နှင်းကေရီကိုပါ သိနေတယ်။ မိုးညိုက ဖွင့်မပြောပြခဲ့ဘူး။

BURMESE CLASSIC .com

ဒီလိုနဲ့ ဦးသိန်းနိုင်နဲ့ ဒေါ်ယုယုမော်တို့ အိမ်မှာ နှင်းကေရီအတွက် မိုးညိုက လခနဲ့ ကားမောင်းပေးခဲ့တယ်။ မိုးညိုမှာ နှင်းကေရီရဲ့ အလိုလိုက် အကြိုက်ဆောင်ကာ ဝမ်းပန်းတသာနေရင်းနဲ့ နှင်းကေရီတို့မိသားစုနဲ့ သူ့ရဲ့အလုပ်ရှင် ကိုသန်းထိုက်တို့ ရင်းနှီးခဲ့ရာမှ ကိုသန်းထိုက်က နှင်းကေရီကို တစ်ဖက်သတ်ချစ်ကြိုက်နေကြောင်း သိရတယ်။ တစ်ဆက်တည်း ကိုသန်းထိုက်ရဲ့ ဒုစရိုက်လုပ်ငန်းများကိုပါ သိရှိသွားပြီး နှင်းကေရီအတွက် စိုးရိမ်စိတ်ဝင်ခဲ့တယ်။

ဒီအချိန်မှာ ဖိုးငိုနဲ့ စုသက်တို့က နှင်းကေရီအပေါ်မှာ စေတနာပိုလွန်းတဲ့ မိုးညိုကို အကျိုးအကြောင်း အတင်းအကျပ်မေးတဲ့အခါ လွန်ခဲ့တဲ့ (၁၀) နှစ်ကျော် ကာလက နှင်းကေရီအပေါ်မှာ အနိုင်ကျင့်ခဲ့ပုံ၊ နှင်းကေရီရဲ့ မိခင်အား မလိုမုန်းတီးခဲ့ပုံများကို



www.burmeseclassic.com

www.burmeseclassic.com



မိုးညိုက ပြောပြခဲ့တယ်။

တစ်ညတွင် ကိုသန်းထိုက်က တပည့်များနဲ့ နှင်းကေရီကို မေ့ဆေးပေးကာ မိမိတို့စခန်းချရာ တိုက်ပျက်တစ်လုံးသို့ ခေါ်ဆောင်သွားတယ်။ အဖြစ်ကို သိသွားတဲ့ မိုးညိုက မေ့မြောနေတဲ့ နှင်းကေရီကို ဝင်ရောက်ကယ်တင်ရင်း ဒဏ်ရာများ ရရှိသွားတယ်။ ကိုသန်းထိုက်နဲ့အဖွဲ့ကို ရဲများဖမ်းတယ်။ ဒီအချိန်မှာ မေ့ဆေးပြယ်သွားတဲ့ နှင်းကေရီက မိမိရှေ့မှာ တွေ့ရတဲ့ မိုးညိုကို အကြံပက်စက်တယ်လို့ ထင်ကာ နစ်နစ်နာနာ ပြောဆိုပြီး ပါးချလိုက်တယ်။ မိုးညို စိတ်မကောင်းဖြစ်သွားတယ်။

ကျန်ဇာတ်လမ်းတွေကိုတော့ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများမှာ ရုံတင်ပြသတဲ့အခါ ကြည့်ရှုခံစားရတော့မှာ ဖြစ်ပါတယ်။

ဒီဇာတ်ကားမှာ ခန့်စည်သူက ဦးဇော်ထွန်း၊ အာကာဇော် (ခ) မိုးညိုအဖြစ်၊ သက်မွန်မြင့်က ဒေါ်နှင်းပွင့်၊ နှင်းကေရီအဖြစ်၊ စရိုက်နှစ်မျိုးစီ ကျော်ဇောဟိန်းက ကိုသန်းထိုက်၊ ထူးခန့်ကျော်က ဖိုးငိုအဖြစ်၊ ခိုင်နှင်းဝေက စုသက်အဖြစ်၊ ထွန်းအိန္ဒြာဗိုက ဒေါ်သူဇာအဖြစ်၊ ထွန်းထွန်းဝင်းက ဦးသိန်းနိုင်အဖြစ်၊





အောင်ခိုင်က ဦးလှမိုးအဖြစ်၊ ဝါဝါအောင်က ဒေါ်ယုယုမော် အဖြစ်၊ ကိုကိုဦးက ဦးသာဟန်အဖြစ်၊ ကလေးသရုပ်ဆောင် အိစိကွေးက အာကာဇော် ငယ်ဘဝအဖြစ်၊ အိန္ဒြာမိုးမြင့်က နှင်းကေရီ ငယ်ဘဝအဖြစ် အဓိကဦးဆောင်ပြီး ဇာတ်ပို့ဇာတ်ရန်များစွာတို့လည်း ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

**ကျော်ဇော်ဟိန်း–ဒေါပုံ**





www.burmeseclassic.com

www.burmeseclassic.com



## စာအုပ်စင်ရှုထောင့်

ကိုကြီးထူး



### "ဘိုးဘိုးအောင်၏ သမိုင်းဖြစ်ရပ်မှန်နှင့် ထူးဆန်းအံ့ဖွယ်တန်ခိုးသဒ္ဓိများ"

''ဆရာသုတေသီဆရာဇော်'၏ ဤစာအုပ်တွင် ဘိုးဘိုးအောင်ကို ယုံကြည်ကိုးကွယ်ကြသူတိုင်း သိရှိထားသင့်သည်များပါရှိရာ လက်ဝယ်ဆောင်ထားသင့်သည်။ ရွှေသစ္စာစာပေဖြန့်ချိရေး ဖုန်း ၀၉၅၃၆၀၇၃၆ မှ တစ်အုပ်လျှင် ၁၀၀၀ိ/–နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။



### "စာဖတ်ခြင်းဖြင့် ကြီးမြင့်ပါစေ"

"ဆရာချစ်နိုင် (စိတ်ပညာ)"၏ ဤစာအုပ်တွင် ဆောင်းပါး (၁၁)ပုဒ်ပါရှိရာ မှတ်သားဖွယ်ရာစုံလင်သည်။ ပရိသတ်ကို ဟောပြောနည်း သံခိပ်ပါသလို လူ့လို့ချမ်းသာ၊ ချမ်းသာလို့လူ ဆောင်းပါးများကို ဖတ်ရှုအတုယူသင့်ကြသည်။ နိုင်စာပေမှ တစ်အုပ်လျှင် ၁၀၀၀ိ/–နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။



### "ကလေးတွေကိုယ်တိုင်ရေးတဲ့ ဆုရကမ္ဘာ့ကလေးကဗျာများ အချစ်ဦး"

"ဆရာ ဦးညွန့်ဝေ"ဆိုသူမှာ အထက်တန်းပြ အငြိမ်းစားဆရာဖြစ်ပြီး စာရေးဆရာလည်းဖြစ်သည်။ ဆရာက The First Loveဟူသော ဆုရကမ္ဘာ့ကလေးကဗျာများကို ဘာသာပြန်ဆိုထားရာ နှစ်သက်ဖွယ်ကောင်းလှသည်။ ပန်းရွှေပြည် စာအုပ်တိုက်မှတစ်အုပ်လျှင် ၇၀၀ိ/–နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com






## "ခေတ်မြင်ကွင်း၊ ခေတ်ရှုခင်း သုတရသစာစုများ (၁)"

"ဓနုတ် ကိုကိုဇော်" စီစဉ်၍ "မှူးခန့်စံ" ၄ ဒ်းမ်ံတည်းဖြတ်သည့် ဤစာအုပ်တွင် အမျိုးသား စာရေးဆရာကြီးငယ် (၃)ဦး၏ ဆောင်းပါး မျိုးစုံပါရှိရာ မှတ်သားဖွယ်စုံလင်လှသည်။ စာကြည့်တိုက်တိုင်းတွင် ထားရှိသင့်သည်။ တစ်အုပ်လျှင် ၂၀၀၀/- နှုန်းဖြင့် လမင်းသစ်စာပေ ၀၉၄၅၀၀၄၃၆ရရမှ တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။



## "ခေတ်အမြင် ခေတ်အတွေးစာစုများ"

ဤစာအုပ်တွင် အမျိုးသမီး စာရေးဆရာမ ကြီးငယ် (၂၄)ဦး၏ အမျိုးသမီးတို့သိရန်အတွက်ဆောင်းပါးမျိုးစုံပါရှိရာ မှတ်သားဖွယ်စုံလင်သဖြင့် စာကြည့်တိုက်တိုင်းတွင်ထားရှိသင့်သည်။ ရွှေပြည်သာစာပေမှ တစ်အုပ်လျှင် ၁၅၀၀/–နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။



## "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီနှင့် အခြားဝတ္ထုတိုများ"

"စာရေးဆရာ သတင်းစာဆရာ မောင်တွေးထက်"၏ ဤစာအုပ်တွင် အတိုဆုံးဝတ္ထုတို (၂၆)ပုဒ်၊ ဝတ္ထုတို (၁၁)ပုဒ်ပါရှိရာ ဘဝဒဿနမျိုးစုံပါသည်။ဘဝဒဿနဆိုရာ၌ ခံစားချက်မျိုးစုံကို စာပေရသပြည့်ဝစွာ ခြယ်မှုန်းထားရာ စာချစ်သူတိုင်းလက်လွတ်မခံကြဘဲ ဖတ်ရှုသင့်ကြသည်။ ရာသမယ လိုဒီစာပေ၊ ဖုန်း–၀၉၄၉၂၅၀၀၄၄မှ တစ်အုပ်လျှင် ၂၀၀၀/–နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။



## "မသေခင်က ပြိတ္တာဖြစ်ခဲ့သူနှင့် ကံ,ကံ၏ အကျိုး"

"ဆရာ ဓနုတ်ဟိတ်ဇော်"၏ ဤစာအုပ်တွင် ဗုဒ္ဓရှင်တော်ဘုရားလက်ထက်က ပေတများနှင့် ဆန်းကြယ်ဖြစ်ရပ်ဆန်း (၁၂)ရပ်ကို အကိုးအကားအထောက်အထားများနှင့် စုစည်းရေးသားထားရာ နောင်လာနောက်သားများ မှတ်သားသင်ခန်းစာရယူဖွယ်ရာများ ပါဝင်သည်။ အိမ်တိုင်းတွင် ထားရှိသင့်သည်။ တစ်အုပ်လျှင် ၁၀၀၀/–နှုန်းဖြင့် သုခဘုံစာပေ ၀၉၄၂၁၀၂၃၈၄၃၊ ၀၉၄၂၁၀၂၀၉၃၀မှ တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။

ကိုကြီးထူး



www.burmeseclassic.com

www.burmeseclassic.com



# တစ်လတာသင့်ကံကြမ္မာ

တက္ကသိုလ်စိုးမိုးနိုင်

## တနင်္ဂနွေ



အောင်မြင်မှု သမီးပျိုနှင့် လက်တွဲခွင့်ရသော ကာလဖြစ်သည်။ လုပ်ငန်းနယ်ပယ်မှာ သင်၏ လုပ်ရည်ကိုင်ရည် အစွမ်းအစများကို ပြသခွင့်ရမည်။ ဝင်ငွေကောင်းများ ရရှိ၍ ဂုဏ်သိက္ခာကို တိုးတက်မည်။ အိမ်၊ ခြံမြေ ရောင်းဝယ်မှု အကျိုးဖြစ်ထွန်းမည်။

ကြယ်များစုံသည့် အချစ်ညချမ်းကို မှတ်မှတ်ရရ ပိုင်ဆိုင်ခွင့်ရမည်။ အစားထိုးမရသည့် အချစ်စစ်စစ်တစ်ခု ရင်မှာဖြစ်ထွန်းပေလိမ့်မည်။ ကြာခြေအပြည့်နှင့် ဟိတ်ကြီးဟန်ကြီးလုပ်တတ်သူကို သူမတူအောင်ပင် ချစ်မိနေပေလိမ့်မည်။ အချစ်ကံကောင်းမည်။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး၊ စနေ။

**အကျိုးပေးဂဏန်း** – (၇ ၈ ၁) (၂ ၈ ၄)

**ယတြာ**– အောင်မြင်မှုများ တည်တံ့စေရန် ထန်းလျက်ဆွမ်း ကပ်လှူပြီး လိုရာဆုတောင်းပါ။

## တနင်္လာ



မဖြစ်မနေ ကြိုးစားလုပ်ကိုင်နေသော ကာလဖြစ်သည်။ လုပ်ငန်းနယ်ပယ်မှာ ဖွဲကောင်းသူ၊ ဝီရိယထက်သန်သူအဖြစ် အသိအမှတ်ပြုခံရမည်။ တစ်ကြိမ်တစ်ခါမျှ မသွားဖူးသော အရပ်ဒေသသို့ ခရီးထွက်ရမည်။ ခရီးသွားပြီး ကြီးပွားလမ်းပွင့်သွားပေလိမ့်မည်။

သင့်ကို ပတ်ဝန်းကျင်က သံယောဇဉ်ရှိနေရသည့် သူငယ်ချင်းနှင့် စနောက်ကျီစယ်နေပေလိမ့်မည်။ သံယောဇဉ်ရှိသည့် သူငယ်ချင်းနှင့် အခင်အမင်ပိုတိုး၊ အကြင်နာများ ပိုတိုးနေမည်။ အချစ်ပန်းများပွင့်ဖူးနေပြီး သူငယ်ချင်းဘဝမှ အပြောင်းအလဲ ဖြစ်ပေလိမ့်မည်။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ ဗုဒ္ဓဟူး။

**အကျိုးပေးဂဏန်း** – (၉ ၈ ၃) (၆ ၈ ၅)

**ယတြာ**– အိပ်ရာထထချင်း ဂုဏ်တော်ကိုးပါး ကိုးခေါက် ရွတ်ဆိုပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ



ငုပ်လျှိုးနေသော သတ္တိနှင့် ဝီရိယထူးများကို ထုတ်သုံးခွင့်ရသော ကာလဖြစ်သည်။ လုပ်ငန်းနယ်ပယ်မှာ မီးခဲပြာဖုံးဖြစ်နေသော သင့်အစွမ်းအစများကို ထုတ်ဖော်ခွင့်ရမည်။ စွမ်းရည်ထူးများ တောက်ပပြီး အောင်မြင်မှု နှစ်ထပ်ကွမ်းရရှိမည်။ ယာဉ်၊ စက်ပစ္စည်းကြောင့် ဝင်ငွေနှစ်ဆတိုးမည်။

ချစ်သူပြောလာသည့် ပုံပြင်များကို ယုတ္တိမရှိမှန်းသိသိကြီးနှင့် ခေါင်းညိတ်နေမိမည်။ ချစ်သူကရည်းစားများမှန်း သိသိကြီးနှင့် ဖွတ်မှိတ်ချစ်နေမိမည်။ သင့်နှလုံးသားကို သင်ကိုယ်တိုင်ပင် နားမလည်နိုင်အောင် ဖြစ်နေမည်။

**ထီထိုးရမည့်နေ့** – ကြာသပတေး၊ စနေ။

**အကျိုးပေးဂဏန်း** – (၇ ၈ ၂) (၆ ၈ ၉)

**ယတြာ**– အိမ်ရှိ ဘုရားတွင် မုန့်လုံးရေပေါ် (၂၇)လုံး ကပ်လှူပြီး သမ္ဗုဒ္ဓေဂါထာကို ကိုးခေါက်ရွတ်ဆိုပါ။

## ဗုဒ္ဓဟူး



ကြိုးစားမှုကြောင့် အောင်မြင်မှုများ ကြုံမည်။ ဆရာသမားကျေးဇူးကြောင့် အကျိုးပေးမြင်သည်။ မနာလိုသူ ရန်သူများရှိနေသည်ကို သတိပြုပါ။ ခရီးဝေး ကံကောင်းသည်။ ပြီးပြည့်စုံသော မိသားစုဘဝ တည်ဆောက်ခွင့် ရရှိမည်။

ကဗျာလည်း မဆန်၊ ကာရန်လည်း မလှသော သင့်ဘဝထဲကို အချစ်က တိတ်တခိုး ဝင်ရောက်လာမည်။ သင့်ကို ချစ်စကားများ မှိုင်းမှိုင်းသားသား ဖွင့်ဟလာသူနှင့် ကြုံမည်။ အချစ်ကြောင့် သင့်ဘဝ အဓိပ္ပာယ်ရှိလာပေမည်။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ ကြာသပတေး။

**အကျိုးပေးဂဏန်း** – (၁ ၈ ၇) (၁ ၈ ၅)

**ယတြာ**– အောင်သင့်အောင်ထိုက်သော မင်္ဂလာအပေါင်း ပြည့်ဝလာစေရန် တစ်နေ့တည်း ဘုရားသုံးဆူဖူးပါ။

## ကြာသပတေး



ထိပ်တန်းဘဝသို့ ရောက်ရှိသော ကာလဖြစ်သည်။ တိကျသေသပ်သော ဆုံးဖြတ်ချက်ကြောင့် သင့်ဘဝထူးခြား တောက်ပမည်။ ဗုဒ္ဓဟူးနံပစ္စည်းကြောင့် စကား အချေအတင်ပြောရသော်လည်း ဝင်ငွေ ထူးထူးခြားခြား ရရှိမည်။ မိသားစုအတွက် အကျိုးပြုမည့် နည်းလမ်းကောင်းများကို ရှာဖွေတွေ့ရှိမည်။

တစ်ဘဝတာအတွက် စွဲစွဲမြဲမြဲ ချစ်သွားရမည့် ချစ်သူကို ရှာဖွေတွေ့ရှိမည်။ အချစ်၏ သီချင်းသံများကို နားဆင်ခွင့်ရမည်။ အဖြူရောင် နှလုံးသားမှာ အချစ်ကြောင့် အရောင်စုံနေမည်။ ချိုမြိန်သော အချစ်နေ့ရက်များကို ပိုင်ဆိုင်ခွင့်ရပေမည်။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ စနေ။

**အကျိုးပေးဂဏန်း** – (၇ ၈ ၂) (၂ ၈ ၈)

**ယတြာ**– မိသားစုနှင့်အတူ ဘုရားဖူးသွားပါ။



www.burmeseclassic.com

www.burmeseclassic.com



## သောကြာ



အတွေးအာရုံ မှုန်ဝါးနေတတ်သော ကာလဖြစ်သည်။ လုပ်ငန်းနယ်ပယ်မှာ သင့်အတ္တမာနကြောင့် အဆင်မပြေ ဖြစ်ရတတ်သည်။ သင့်မာနကို လျှော့ချနိုင်မှသာလျှင် သင့်ဘဝ အဆင်ပြေချောမွေ့လိမ့်မည်။ နိုင်ငံရပ်ခြား သွားလာရေးကိစ္စ ယခု ကာလတွင် ကြန့်ကြာနေပေမည်။

သင့်အပေါ် အနွံတာခံပြီး ကောင်းလွန်းသော သူငယ်ချင်းကို ရင်မှာတမ်းတလွမ်းမောနေမိမည်။ အနေဝေးနေသော သူငယ်ချင်းလေးအပေါ် အချစ်စိတ်တို့ ပြောင်းလဲသွားမည်။ အချစ်ရေးမှာ အကျည်းမတန်သော်လည်း အထီးကျန်နေရပေမည်။

BURMESE CLASSIC .com

**ထီထိုးရမည့်နေ့** – တနင်္လာ၊ သောကြာ။

**အကျိုးပေးဂဏန်း** – (၃ ၈ ၆) (၇ ၈ ၂)

**ယတြာ**– မိတ်ဆွေသူငယ်ချင်းများကို ကြာဖံချက်နှင့် ကော်ဖီတိုက်ကျွေးကာ ဒါနပြုပါ။

## စနေ



သွက်လက် တက်ကြွနေသော ကာလဖြစ်သည်။ မထင်မှတ်သူတစ်ဦးထံမှ အကူအညီရရှိတတ်သကဲ့သို့ မမျှော်လင့်သူတစ်ဦး၏ မာယာအလှည့်အပတ်နှင့်လည်း ကြုံရတတ်သည်။ အင်္ဂါနံ ရောင်းဝယ် ငွေရမ်းမှု အဆင်ပြေမည်။

အချစ်အတွက် အဆိပ်သင့်နေသော နာကျင်ခြင်းများနှင့် ကြုံရမည်။ နှလုံးသားမှာ အချစ်ကြောင့် ဒဏ်ရာပြင်းထန်နေမည်။ သို့သော်လည်း ချစ်သူကို မုန်းမေ့မရနိုင်အောင် ဖြစ်နေမည်။ အချစ်ကံခေနေမည်။ အချစ်မြားနတ်မောင်က သင့်ကို မျက်နှာသာမပေးပါ။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ ကြာသပတေး။

**အကျိုးပေးဂဏန်း** – (၇ ၈ ၁)၊ (၉ ၈ ၆)

**ယတြာ**– သံဃာတော်များကို သစ်သီး၊ စတုမဓုတို့ဖြင့် ဆွမ်းလောင်းလှူပါ။

တက္ကသိုလ်စိုးမိုးနိုင်



www.burmeseclassic.com